# အရုဏ်ဦး ခရီးသည်



(ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)

ဒုတိယပိုင်း

ရဲဘော်ငွေ

(မကြည်လေး)



ရဲဘော်ငွေ

**(မကြည်လေး)**

# အရက်ဦးခရီးသည်

**(ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)**

**ဒုတိယပိုင်း**

နှင်းဆီလွင်ပြင် စာပေက ထုတ်ဝေသည်။

၂၀၀၇ ခုနှစ် ဇူလိုင်လ

# အရှက်ဦးခရီးသည် ဒုတိယပိုင်းစာအုပ်အတွက်
# ဒေါက်တာ လှကျော်ဇော၏ အမှာ

၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ ပါတီနေ့အလွန်ရက်မှာ ကျွန်မတို့တတွေ အရှေ့ မြောက်စစ်ဒေသ ဌာနချုပ်ရုံးစိုက်ရာ ပန်ဆန်းကို ရောက်လာခဲ့ပါတယ်။ ကျွန်မတို့ တတွေ ဆိုတာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုရုံးချုပ်က လူအားလုံးကို ဆိုလိုပါတယ်။ ဗဟိုရုံးချုပ်က ခေါင်းဆောင်များ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းရဲဘော်အားလုံး လွတ်မြောက် ဒေသကို ရောက်ရှိလာကြတာပါ။ ကျွန်မတို့တတွေကို အရှေ့မြောက် စစ်ဒေသပါတီ ကော်မတီက ဦးစီးပြီး၊ ဌာနအသီးသီးက ကေဒါများ လာရောက်ကြိုဆိုခဲ့ ပါတယ်။

အဲဒီနေ့ကကျွန်မကို အရှေ့မြောက်စစ်ဒေသ ထောက်ပံ့ရေးတာဝန်ခံ ရဲဘော် ကျော်စိန်က အရှေ့မြောက်စစ်ဒေသ စစ်ဆေးရုံကြီးက ဒုနိုင်ငံရေးမှူးရဲဘော်ဇွေနဲ့ မိတ်ဆက် ပေးခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ကျွန်မနဲ့ဆရာမကြီး (ရဲဘော်ဇွေကို ကျွန်မတို့ရဲဘော် အားလုံးက ခေါ်သည့်အခေါ်) စတင်သိရှိခဲ့ကြပြီး တောက်လျှောက်ရင်းနှီးခဲ့တာဟာ ယနေ့ အထိပါပဲ။ ကာလတပိုင်းမှာ အတူနေ၊ အတူစား၊ အတူအလုပ်လည်း လုပ်ခဲ့ဖူးပါတယ်။ စည်း ရုံးရေးအရတော့ မတူပါဘူး။

ကျွန်မတို့ရဲ့အဲသလောက်ရှည်ကြာခဲ့တဲ့ ဆက်ဆံရေးခရီးလမ်းမှာ ဘာမှပြောပ လောက်တဲ့ပြဿနာ မပေါ်ခဲ့ ဖူးပါဘူး။ တကယ်တော့ ကျွန်မတို့နှစ်ယောက်ရဲ့ ဆက်ဆံရေး ဟာ မျိုးဆက်ဟောင်း–မျိုးဆက်သစ် သို့မဟုတ် ရဲဘော်ဟောင်း–ရဲဘော်သစ်ဆက်ဆံရေး ပုံစံရဲ့ နမူနာကောင်းတရပ် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

× × × ×

ကျွန်မတို့ရဲဘော်သစ်များဟာ တော်လှန်ရေးထဲရောက်လာတဲ့အခါ စိတ်ဓာတ် တွေတက်ကြွပြီး၊ ဘာမဆို အလွန်သန့်ရှင်းချင်၊ ဘာကိစ္စမဆိုချက်ချင်းဖြေရှင်းချင်နှင့် စိတ် လောကြီးတတ်ပါတယ်။ တကယ့်အခိုင်အမာ အခြေအနေတွေလည်း မဆုပ်ကိုင်မိဘဲ ကိုယ့်

သိကိုယ်တတ်ပဲလုပ်ကာ၊ နိမ်ချမှုလည်း မရှိတတ်ပါဘူး။ ဒ့ါအပြင် မိမိတို့ရဲ့ မသိ စိတ်ထဲမှာ တော်လှန်ရေးကြီး ဒီလောက်ကြာတာတောင် အောင်မြင်အောင်မလုပ်နိုင်သူများဆိုပြီး ရဲဘော်ဟောင်းကြီးများအပေါ် အထင်သေးစိတ်အနည်းအပါးလောက်တော့ အခြေခံ ရှိနေတတ်ပါတယ်။ ငါတို့လုပ်ပြလိုက်မယ်ဆိုတဲ့ မာနစိတ် ကလေးကလည်း တထောင်ထောင်နဲ့ပါ။ ဒါကြောင့်ပဲ ကျွန်မတို့တတွေမှာ အိုးနင်းမိခွက်နင်းမိနဲ့ ဆန္ဒစွဲအမှားတွေ တသီကြီး ဖြစ်တတ် ပါတယ်။

ဒီလိုအချိန်မျိုးမှာ ကျွန်မတို့ရဲဘော်သစ်များရဲ့ အားကောင်းချက်များကို တန်ဖိုးထားပြီး ကျွန်မတို့ရဲ့ အားနည်း ချက်များကိုလည်း နားလည်စာနာမှုရှိစွာနဲ့ ကူညီဖြေရှင်းပေး တတ်တဲ့ တာဝန်ခံရဲဘော်ဟောင်းများရဲ့ ပညာပေးမှုဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ ဒီလိုနည်း များနဲ့ ရဲဘော်သစ်များဟာ တိုက်ပွဲတွေမှာ ပါဝင်ဖြတ်သန်းပြီး မိမိအတွေ့အကြုံ အဆိုး အကောင်းများထဲက သင်ခန်းစာထုတ်ပြီး အတွေးအခေါ်ရင့်ကျက်တဲ့ ရဲဘော်ကောင်းများ ဖြစ်လာအောင် လေ့ကျင့်ရပါတယ်။

× × × ×

ကျွန်မနဲ့ဆရာမကြီးတို့ရဲ့ဆက်ဆံရေးဟာ အဲသလိုပါပဲ။ ရဲဘော်သစ်ဖြစ်တဲ့ ကျွန်မကို ဆရာမကြီးဟာ တောက်လျှောက်လက်တွဲပြီး ကူညီပံ့ပိုး ထောက်မပေးခဲ့ပါတယ်။ ကျွန်မလုပ်ငန်းတွေလုပ်ရာမှာ သိပ်စိတ်လောကြီးနေရင် ဆရာမကြီးက ဘယ်တော့မှတိုက်ရိုက် ပြောဆိုဆွေးနွေးခြင်း မပြုပါဘူး။ သူကသွယ်ဝိုက်စွာနဲ့ပဲ "ကျွန်မမှာ နိုင်ငံရေး မှူးရဲဘော်စိုးသိမ်း(ဗဟိုကော်မတီ၊ အရှေ့မြောက် စစ်ဒေသ၊ ဒု–နိုင်ငံရေးမှူး)ရဲ့ ဟောပြောချက်စာစောင် တစောင်ရှိတယ်။ ဖတ်ကြည့်ပါလား"ဆိုပြီး စာစောင်တမျိုးမျိုးကို ပေးတတ် ပါတယ်။ အဲဒီစာစောင်တွေကိုဖတ်ရင်း ကျွန်မက ကိုယ့်ချို့ယွင်းချက်ကိုတွေ့တတ်ပါတယ်။ ရှေ့ဆက်လုပ်ရမယ့်လုပ်ငန်းအတွက်လည်း အစအနရတတ်ပါတယ်။ ဆရာမကြီးဟာ ပါတီလက်နက်ကိုင်တော်လှန်ရေးစကတည်းက ပါခဲ့သူဆိုတော့ သူ့အတွေ့အကြုံကမနည်းလှပါဘူး။ အထူးသဖြင့် ပါတီတွင်းရောက်လာတဲ့ ပညာတတ်ရဲဘော်များအကြောင်းကို သူကောင်းကောင်းသိပြီး ကောင်းကောင်း ကိုင်တွယ် တတ်ပါ တယ်။

ပညာတတ်များဟာ ကိုယ်ကသာဆရာလုပ်ချင်ပြီး၊ သူများကဆရာလုပ်လာရင် ကြိုက်လှတာမဟုတ်ပါဘူး။ ဒါကြောင့်ဆရာမကြီးက ကျွန်မကိုသွယ်ဝိုက်စွာနဲ့ သူပြောချင်တဲ့ စကားကို စာစောင်များကတဆင့် ကျွန်မကို ပြောပြ ကူညီတာပါ။ နည်းနည်းကြာလာတော့ ကျွန်မကပဲ စစပြီး၊ ဆရာမကြီးဆီက လုပ်ငန်းအကြံဉာဏ်များ တောင်းလာ ပါတယ်။ အဲဒီ တော့မှသာ ဆရာမကြီးက ကျွန်မကို ပညာပေးစရာရှိပေး၊ အကြံပေးစရာရှိပေး၊ ဝေဖန် စရာရှိဝေဖန်နဲ့ တိုက်ရိုက်ဆက်ဆံလာပါတော့တယ်။

တကယ်တော့ ကျွန်မတို့နှစ်ယောက်အစောပိုင်းက တယောက်နဲ့တယောက် ယုံကြည်မှု တည်ဆောက်ကြ တာပါ။ တယောက်နဲ့တယောက် အပြန်အလှန်ယုံကြည် ရင်းနှီးလာကြတဲ့အခါ ကျွန်မတို့ဆက်ဆံရေးဟာ တဆင့်တက် သွားပြီး၊ ပိုမိုပွင့်လင်းလာပြီး တယောက်အကျိုးတယောက် ထောက်ထားကူညီတဲ့ အဆင့်ဖြစ်သွားပါတယ်။ အဲသလိုမျိုး ဆက်ဆံရေးဟာ အလွန်တန်ဖိုးရှိပြီး အလွန်ပျော်စရာလည်း ကောင်းပါတယ်။ တယောက်ရဲ့ အောင်မြင်မှုကို တယောက်က ထပ်တူဝမ်းမြောက်ပြီး မုဒိတာပွားနိုင်တဲ့ စိတ်ဓာတ်ပါ။

ဒီလိုမျိုးဆက်ဆံရေးကသာလျှင် အဖွဲ့အစည်းအကျိုးစီးပွား၊ တော်လှန်ရေး အကျိုးစီးပွား၊ တိုင်းပြည် အကျိုးစီးပွား၊ လူမျိုး အကျိုးစီးပွားကို အထောက်အကူပြုနိုင်ပါတယ်။

ရဲဘော်ဟောင်းကြီးများအနေနဲ့ တော်လှန်ရေးစိတ်ဓာတ်မြင့်မားတာကလွဲလို့ တော်လှန်ရေးလုပ်ငန်း အတွေ့အကြုံတစုံတရာ မရှိတဲ့ ရဲဘော်သစ်များကိုလက်တွဲ ခေါ်ဆောင်ရာမှာ ငါတို့ရဲ့ မပြီးသေးတဲ့လုပ်ငန်းတွေ လုပ်ရရှာဦးတော့ မယ်ဆိုတဲ့ ကရုဏာစိတ် အခြေခံပြီး နည်းပရိယာယ်ကြွယ်ကြွယ်ဝဝနဲ့ (ပညာပေးမှန်းမသိပေးတဲ့ အတတ်ပညာ) လုပ် ဆောင်တတ်ဖို့ လိုပါတယ်။ ဒီနေရာမှာဆရာ မကြီးဟာ စံပြုထိုက်သူပါ။

ရဲဘော်သစ်များအနေနဲ့ကလည်း ဒီရဲဘော်ဟောင်းကြီးများ လိန်ပိန်တွယ်ကပ် ထားလို့သာ တို့တတွေ ပြေးလာစရာ၊ ခိုအောင်းစရာတော်လှန်ရေးတွေ ရှိနေပါ လားဆိုတဲ့ ကျေးဇူးတင်စိတ်ကလေးသွင်းနိုင်ရင် ကျွန်မတို့ အကြား မကြာခဏပေါ်တတ်တဲ့ မကျေလည် မှုတွေ၊ ပဋိပက္ခတွေနည်းသွားနိုင်ပါတယ်။

ဒီလို အပြန်အလှန်ထောက်ထားကူညီပြီး စည်းလုံးညီညွတ်စွာနဲ့ လုပ်ငန်းတွေ ကိုလုပ်ဆောင်နိုင်မှသာ တော်လှန်ရေးကို ရှေ့တွန်းတင်နိုင်ကြမှာ ဖြစ်ပါတယ်။

× × × ×

ကျွန်မအနေနဲ့ကတော့ ရဲဘော်သစ်ဘဝမှာ ဆရာမကြီးနဲ့အတူနေ၊ အတူစား၊ အတူအလုပ်လုပ်၊ ပြဿနာတွေအားလုံး အတူ ဖြတ်သန်းခဲ့ရတာဖြစ်လို့ အတော်ကံကောင်း တယ်လို့ဆိုနိုင်ပါတယ်။ အဲဒီကာလအတွင်းက ဆရာမကြီးရဲ့ ကူညီပံ့ပိုးမှုသာမရခဲ့ရင် ကျွန်မအနေနဲ့ ပါတီကပေးအပ်တဲ့တာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင် နိုင်မှာ မဟုတ်ပါဘူး။ ဒီအတွက် ဆရာမကြီးကို အမြဲ ကျေးဇူးတင်သွားမှာပါဆိုတာကို ကျွန်မဒီ နေရာကနေ ပြောချင်ပါတယ်။

အခုလည်း ဆရာမကြီးက သူ့အတွေ့အကြုံတွေကိုသူရေးပြီး၊ နောင်မျိုးဆက်သစ်တွေကို ပညာပေးနေတာပါ။ သူတို့ မျိုးဆက်ဟောင်းတွေရဲ့ မပြီးဆုံးသေးတဲ့တာဝန်ကိုထမ်းဆောင်ဖို့

မျိုးဆက်သစ်တွေမွေးမြူရာမှာ သူနိုင်တဲ့ကလောင် တချောင်းနဲ့ ကြိုးစားအားထုတ်နေမှု တွေကို ကျွန်မအနေနဲ့လေးစားအသိအမှတ်ပြုရင်း သူတို့လျှောက်ခဲ့တဲ့လမ်းအတိုင်း ဇွဲမလျှော့တမ်း ဆက်လက်လျှောက်လှမ်းပါ့မယ် ဆိုတာကို ကတိပြုလိုက်ပါတယ်။ ဆရာမကြီး ကျန်းမာရွှင်လန်းစွာနဲ့ ပါတီတွင်းပညာပေးစာစောင်များ နောက်ထပ် ဆက်လက်ရေးသား ထုတ်ဝေနိုင်ပါစေ။ ။

**လှကျော်ဇော**

**၂၀၀၇၊ မေလ ၅ ရက်။**

## အရုဏ်ဦးခရီးသည် ပထမပိုင်းမှ အခဆုံးသတ်–

မွေးမိခင်ဇာတ်လမ်း ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းက ဒီလိုပါ။ ဟိုတချိန် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်လ်ရှီဗစ်) **ဃ့ဏ္ဍ(၂)**ထဲမှာ ရဲဘော် (ကွန်မြူနစ်) များကို ခေါင်းဆောင်ကြီးစတာလင်က ဒီလိုပညာပေးခဲ့ဖူးတယ်။ စတာလင်က သူရေးခဲ့တဲ့ ဆိုဗီ ယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်လ်ရှီဗစ်) သမိုင်းရဲ့ နိဂုံးချုပ်မှာ ခေါမဒဏ္ဍာရီမှာပါတဲ့ အန်တီးရား(စ်)နဲ့ ဟာကျူလီအကြောင်းကို ရေးခဲ့တယ်။ သူက ဒီဒဏ္ဍာရီကို ကိုးကားပြီး ***"အန်တီးရား(စ်)လို မဖြစ်ရလေအောင် ကွန်မြူနစ်တွေဟာ မိခင်မြေကြီးနဲ့တူတဲ့ လူထုနဲ့ ဘယ် တော့မှ မကင်းကွာရဘူး။ လူထုနဲ့ကင်းကွာရင် အန်တီးရား(စ်)လိုပဲ ရှုံးလိမ့်မယ်"*** လို့ သတိပေးခဲ့တယ်။ ပညာပေးခဲ့ပါတယ်။ ဒါကို အခြေခံ မြန်မာမှုပြုပြီး ဇာတ် ညွှန်းတခု ရေးလိုက်တော့… **မွေးမိခင် (ဆိုမှုဟန်သဘင်)** ဆိုတဲ့ ဇာတ်ညွှန်းတခု ပေါ်လာ ခဲ့တယ်။ ဇာတ်လမ်းကတော့ ဒီလိုပါ။

### ဒဏ္ဍာရီအခန်း … ဇာတ်လမ်းစပေတယ်(အဖွင့်သီချင်း)

*× × ×(ကျွန်တော် ကြားဖူးခဲ့တဲ့ ဒဏ္ဍာရီဝယ်၊ တို့ရဲဘော်များ သိမှတ် စေဖွယ် × ဥပမာကလေးနဲ့ သတိပေးချင်ပါတယ်)၂ (ဘယ်သူမဆိုကွယ်… ခိုင်မြဲ စွာလည်း တည်တံ့ဖို့ရယ် × ရှေ့ရေးမှာလည်း အောင်ကြဖို့တကယ် ×အမျိုကောင်း တခုတော့ လိုပေမယ်၊ အမှီနဲ့ကင်းရင် ပျက်ယွင်းနိုင်တယ်)၂ × ရှေးအခါက ပုံပြင်တပုံဝယ် × မိခင်နဲ့ ကင်းခဲ့လို့ရယ် × ပျက်စီးယိုယွင်းရတဲ့ × မင်းသားတပါးရဲ့ သနားစရာ အခြေကိုကွယ် × × × (တခုသော ကျောက်ဆောင်တန်းနဲ့ သောင်ကမ်း ခြေဝယ်)၂ ပင်လယ်လှိုင်းတွေ× ဆိတ်ငြိမ်ကာရယ်… သာယာကြည်နူး ရှင်မြူး ဖွယ်… ဒီလိုအချိန်× ကလေး…ဝယ်၊ ဒဏ္ဍာရီအခန်း ဇာတ်လမ်း… စယ ပေတယ်… ။*

(ဒါကို တီးဝိုင်းက ဆိုပေးပါတယ်)။

**အခန်း(၁)**

… … … တောင်တန်းတွေနဲ့ ပင်လယ်ပြာအနီး တောရိပ်ညိုတခုမှာ ပန်းပေါင်းစုံတဲ့ မြိုင်ရဂုံအတွင်း နွယ်ဒန်းလေးတခုအပေါ်မှာ သီချင်းဆို ညည်းနေတဲ့ နတ်သမီး လေးတပါး ရှိခဲ့တယ်။

***× × × (သေလာမြေ ဘုမ္မိနန်းဝယ် × × ခမ်းနားလှတဲ့ ဘုန်းကံသင္ဂြာနွယ် … သို့ပေမယ့်ကွယ် ပန်းစံပယ်ငုံသို့နွယ် ပန်ဆင်သူကို စောင့်မျှော်ကာ… ဒေး × ဆွေးမိတယ်)၂ လေယူတိမ်းရင် ယိမ်းနွဲ့ချင်တယ်၊ ဖူးစာရှင်ရယ် × ပေါ်လာခဲ့တယ် × မျှော်ပါလည်းကွယ် ဖော်မပါဘဲနဲ့… ပင်တိုင်မြင့်နန်း… ဝယ်… ကျွမ်း ကြွေလုပေါ့ကွယ်… ဒေဝီပျို နတ်မျိုးနွယ် × × ×***

***ဘုရားမြတ်နဲ့ × သိကြားနတ်တွေကိုသာရယ် × တိုင်တည်ကာ လျှောက်ကြားချင်တယ်… ချစ်တဲ့သူ လာပါတော့… မောင်… ရယ်။***

ဒီအချိန်မှာ နတ်သားလေးတပါး ရောက်လာပြီး သီချင်းသံလေးကို နှစ်သက် မြတ်နိုးစွာ နားထောင်နေခဲ့တယ်၊ သီချင်းသံလေးလည်း ဆုံးရော… …

နတ်သားလေးက ခွန်းတုံ့ပြန်လှယ် သီချင်းဆိုပြန်တယ်။

***× × × (သူ… ဇာ… နွယ်… လွန်ကြော့ရှင်းတယ်၊ ဝင်းဝင်းပပ လှရက်တဲ့သူရယ် ခင့်အမည်လေးကို သိချင်ပါလှတယ် × ရေရေလည်လည် ပြော စမ်းပါလား… လှနတ်မယ်/ လှနတ်သက်ထားမယ်)၂ × ရေစက်ပေါင်းရယ် ပေါင်းကြဖို့ ဖန်တယ် × ဖူးစာရှင် ရယ် မြင်မြင်ကတည်းကွယ်… ဘဝင်အသဲဝယ် … ခင့်ကိုသာစွဲလို့ × ဒီမောင်ကြုံရတယ်… ချစ်မိပြီအလှရယ်… ဆယ်ကမ္ဘာတိုင် ရည်မှန်း ရွယ်။***

***× × ×(မောင့်အသက်ကို အပ်ပါရစေ × ဒေဝီနွယ် ကြည်ဖြူရင် ခင့်သဘော အမှန်တကယ်… လှသက်လယ်…ချစ်စကား ပြန်ပါတကယ်)၂***

သီချင်းအဆုံးမှာ နတ်သမီးလေးရဲ့ ပခုံးကို အသာအယာ ကိုင်လိုက်တော့–

(နတ်သမီး)– ***(အလို… ဘယ်သူလဲ × အသဲဖိုဖွယ်… ဘုန်းကံရှင်ရယ်… ဇာတိမျိုးရိုးနဲ့ တန်ခိုးသတင်းကို လင်းတော်မူကွယ်… ပျို တောင်းပန်တယ်)၂ × × ×***

(နတ်သား)– ***(မောင့်ကိုဆိုသလား… ထိပ်ထားပျိုရယ်… မြစ်ချောင်းအင်းအိုင်… သမုဒ္ဒရာမှန်… သမျှဝယ်… စိုးစံပိုင်သတဲ့ ရေနတ်သား… မှန်ပေတယ်)၂***

(နတ်သမီး)– ***(မောင်တော် ရေနတ်သားရယ်၊ ပျိုတပါးမသိလို့ မေးချင်ပါတယ်။ အချစ်ကိုယုံစား... နောင်များမှာ... စိုးရိမ်စရာရယ် မိန်းမသားမို့... စိတ် – အား – တော် – ငယ်...)***

(နတ်သား)– ***(စိတ်ချပါကွယ် – ခင်ကလွဲရင်... ဖွဲဆန်ကွဲတမျှ × မောင်က ထင်ပါတယ်၊ မောင့်အသွေးရယ်... မောင့်အသားရယ်... မောင့် အသဲရယ်... မောင့်နှလုံးရယ်၊ အသုံးပြုဖို့... လိုရာကို ယူ... ကွယ်)၂***

(နတ်သား)– ***(လှ–ဒေ–ဝီ–နွယ်× × မောင်တော်စံရာနန်း... ကို – လှမ်းစို့အတူပဲ... အော် × မြန်းစို့အတူ–ပဲ... ယုံပါမေ–ရယ်... ဆထက် တိုးလို့ ထမ်းပိုးချစ်ပွဲ... မယ် × × ×)***

(နတ်သမီး) ***(လှမ်း–လှမ်း–ပါ့... မောင်–ရယ်... နောက်တော်ထံပါးက... ဖဝါးမျှမခွာဘဲ... သွားကြရာ–မယ်... ယုံယုံကြည်ကြည်... မောင်တော်မြတ်ကို... ကိုယ်လုံး အပ်–ပါ့–မယ်× × ×)၂***

(နတ်သား)– ***ချစ်–ချစ်ဇနီး... ချစ်ဇနီး... ချစ်စနီးလေးရယ် ... ခရီးက အလွန် ကြမ်း... တယ်... × ချစ်ဇနီး... ရှုမငြီး... ချစ်ဇနီးလေး... ရယ်... ခရီးက × အလွန် ကြမ်း... တယ် × ×***

(နတ်သမီး)– ***(အမြင်စခန်း... အစဉ်လှမ်း... မပင်ပန်းလှတယ်... လှမ်း– ပါ့– မောင် ဘုရားရယ် × ×)၂***

(နတ်သား)– ***ခရီး–မဝေး... အနီးလေး... ခရီးမဝေးတော့တယ်... ( ချွေးစို့ရင်... ... မောင်တော်... ချီ–ပါ့–မယ်...)၂***

(နတ်သမီး)– ***(သည်းခံပါ... မောင်တော်ဘုရား... ရယ်... နှမတော်...သွားဖို့ဝန် မ လေး ...တယ် × × ×)၂***

(နတ်သား)– ***နန်းတော်–ကြီး–ကို... ရောက်လုပြီကွဲ့ ဒီမောင့်အချစ်ဦး... မပစ်ဘူး ... မင်းယုံ... ... ...ကွယ် × နန်းတော်ကြီးကို ... ရောက်လာပြီကွဲ့ × ဒီမောင့် –အချစ်ဦး... မပစ်ဘူး... မင်းယုံကွယ် ×***

## အခန်း(၂)

ဇာတ်ဝင်ခန်းမှာ မြေနတ်သမီးနဲ့ ရေနတ်သားတို့ နှစ်ပါး မေတ္တာတုံ့လှယ် နေကြတဲ့ပုံနဲ့ နှစ်ရှည်လညောင်းလာတဲ့အခါ သားတော်တပါး ဖွားမြင်ခဲ့တယ်။ မိဘနှစ်ပါးက သားတော်ကလေးကို အရိပ်တကြည့်ကြည့်နဲ့ ချစ်မြတ်နိုးခဲ့ကြတယ်။ အရွယ်ရောက်လာတဲ့အခါ သားတော်လေးကို ***"သမုဒ္ဒရဘုမ္မာ"***လို့ အမည်တော်ပေးပြီး**"သားတော်**

**ရန်သူနဲ့တွေ့ရင် မယ်တော်ကိုသာ တ,လိုက်ပါ။ ဘယ်လို ရန်သူမျိုးကိုမဆို နိုင်အောင် မယ်တော် ကူညီမယ်”**လို့ မှာကြားရှာတယ်။

(အောက်ပါ သီချင်းကို တီးဝိုင်းက ဆိုပေးပါတယ်။)

× ×***(နှစ်ပါးတူစုံ… မောင်မယ် မေတ္တာမိုးတွေ ဖြိုးဝေဆဲဝယ်… နှစ်တွေ လတွေ ကြာညောင်းလို့ရယ် × သားတယောက်ကို × ဖွားမြောက်ကာ × မျက်စိအောက်က × အပျောက်တော့ မခံနိုင်… တယ်)၂× (အချိန်တန် အရွယ် ရောက်လို့× လူလား မြောက်လာပြန် ရင်ကွယ် × သမုဒ္ဒရာဘုမ္မာ × အမည် တော်ပေးလို့× ချစ်ရင်သွေးကို လေးစားရှာတယ်)၂×ရန်မျိုးဟူသမျှ မိခင်ကူမယ် × အရေးကြုံရင်× မယ်တော်ကို တ,လိုက်ပါတော့… လာရောက်ဖို့ရာ ကတိ စကားကို × မိန့်ကြား ပြန်ပေတယ်။***

## အခန်း(၃)

(သားတော်)–***(တကာယ်စွမ်းရည် × အာဇာနည် × ရှာမှရှားတော့သည် × ဖခမည်းတော်… မယ်တော်တွေ… ရေမြေအစိုးရ တော့သည်×ဖွားမြင်မြောက်ခါ × အရွယ်တော် ရောက်ခဲ့ပြီ × ယောက်ျားမှန်ရင်အတည်… ဗိုလ်မထားချင်ပြန် × သည် × အားအင်စွမ်းရည် × သူရသတ္တိချင်းမတော့ × ပြိုင်စမ်းချင်သည် × ဆိုင်စမ်းချင်သည် × မြတ်မယ်တော် × အကူအညီရလို့ × မုချအောင်နိုင်မည် × ပော့ × သမုဒ္ဒရာဘုမ္မာ အတည်× × ကျော်ကြားလို့သာ × ရန်တကာကို ဖြို× နိုင်သည်)၂***

(နဂါး)–× × ***×(ရယ်စရာ… ဒီစကားကို × မကြားဝံ့သင့်ပါတော့သည် × ရန်တကာကို ဖြိုခွင်းမယ့်… နဂါးမင်းသား… ငါမှန်သည်)၂ တချီတပွဲ × နွဲကြဖို့ × အသဲ ချင်း ပေါက် မလို့× ငါလာသည် × တွေ့သမျှကို ဗိုလ်မထားပြီ×ရန်သူမှန်ရင် × ယှဉ်ရန်× ထွက်ခဲ့ အတည်…***

**သားတော်နဲ့နဂါးစစ်တိုက်ခန်း**

(သားတော်)–***(သယ်… ငါ့လိုလူ × တူနိုင်ရိုးလား… ယောက်ျား ဇာနည်× စွမ်း အား ပြတော့… မည်***

(နဂါး)–***ဟယ် … လောကမှာ × ဗိုလ်မထားပြီ × ငါ့အစွမ်းကိုသာ … မုချသိရမည်)၂***

(သားတော်)–***(ဟောဒီလို… ကိုင်ကာ×ကိုင်ကာ× လက်နဲ့ ရမ်းလို့ × အစွမ်းသိစေမည်***

(နဂါး)–***ဒါလောက်များတော့ × ရယ်ချင်ပါသည်… သတိထားပါ × ကြွားတဲ့ × လူပလီ)၂***

(သားတော်)–***ကိုင်း× ဒီလိုဆို × ခံနိုင်ရိုးလား × သွားရော့… ဟာ… ချာချာ လည်စေမည်***

သားတော်နဲ့ နဂါးစစ်တိုက်ကြတော့ အားချင်းတူမျှနေပြီး၊ အရှုံးအနိုင် မရှိဖြစ်နေတယ်။ ဒါကြောင့် မယ်တော်ကို တ,လိုက် တယ်။

(သားတော်)–***x x မယ်တော်... (မိခင်မြေနတ်သမီးရယ် ကြွရောက်ခဲ့ပါ ... အချိန်မီ) ၂ x x x သားတော်မောင် x စွမ်းရည်ကိုသာ x အကူအညီ x ပေးလို့ x ခုမနေး x မ,ပါအတည် x နဂါး... ရန်ကို ဖြိုနိုင်ဖို့ရာ x ကြံ့လာပါတော့သည်။***

(မီးတောက်ကြီးထဲမှ မယ်တော်ကြွရောက်လာစေ)။

(မယ်တော်)–***(မယ်တော် မြေနတ်သမီးက x သားကြီးအတွက်ကို x ကူညီ x အားတွေ x အစွမ်းတွေ x ဆင်ပြောင်ဆယ်စီး မက x တကယ်ပြည့်ဝစေမည်) ၂ x အလိုရှိသမျှ x ခွန်အားစည် x သားတော်မောင် x အနိုင်ရဖို့ x မုချပဲ x မလွဲတော့သည် x မယ်တော်ရောက်လာပါပေ့ါအတည် x သားတော်မောင် x ရန်အောင်ကြောင်းကို x မယ်တော် x စောင်မယ မည် x***

(မယ်တော် ပြန်ကြွသွားစေ)။

## သားတော်နဲ့နဂါးပြန်လည်စစ်တိုက်ခန်း

(သားတော်)–***(သယ်... ငါ့လိုလူ x တူနိုင်ရိုးလား x ယောကျ်ားဇာနည် x စွမ်းအား ပြတော့မည်***

(နဂါး)–***ဟယ်... လောကမှာ x ဗိုလ်မထားပြီ x ငါ့အစွမ်းကိုသာ x မုချသိရမည်) ၂***

(သားတော်)–***(ဟောဒီလို x ကိုင်ကာကိုင်ကာ x လက်နဲ့ရမ်းလို့ x အစွမ်းသိစေမည်***

(နဂါး)–***ဒါလောက်များတော့ x ရယ်ချင်ပါသည် x သတိသာထားပါ x ကြွားတဲ့ လူပလီ) ၂***

(သားတော်)–***ကိုင်း x ဒီလိုဆို ခံနိုင်ရိုးလား x သွားရော့ဟာ x ချာချာလည်စေမည် x x x***

(နဂါးကို ကိုင်ပေါက်လိုက်လို့ ပင်လယ်ထဲသို့ ကျသွားစေ)။

(သားတော်)–***(မိခင်ဝသုန် ဤမြေကြီးဟာ ကျေးဇူးကြီးလှပါပေသည် ရန်တကာကို ဖြိုကာခွင်း ရှင်းနိုင်ခဲ့ပြီ၊ ယောကျ်ားဇာနည် x ကမ္ဘာတလွှား ရှာမှရှား တကယ်ခွန်အားစည်) ၂***

သမုဒ္ဒရာဘုမ္မာ တယောက်တည်း အားမာန်အပြည့်နဲ့ ကြွားလို့နေစဉ်မှာပဲ ရန်သူတော်ဘီလူး ရောက်လာပါတယ်။

(ဘီလူး)–***ဤကမ္ဘာတလွားမှာ ခွန်အားချင်း ယှဉ်ပြိုင်ခဲ့ရင် မုချပင် ကျုပ်က နိုင်ပေမည် ... ပြိုင်ချင်သည်***
(သားတော်)–***(ဟယ် – ဘီလူး... ရယ် နင်ရူးများ နေသလား အတည် သွားစမ်းပါ ဝေးရာ ဟိုဌာနီ... ရှောင်ပါအတည်)၂***
(ဘီလူး)–***(ကိုင်း – ဒါဖြင့်ရင် စိန်လိုက်စမ်းပါ ခုအစွမ်းပြမည်***
(သားတော်)–***စမ်းချင် စမ်းပါ ငါ့အစွမ်းကို မင်းအံ့သြစေမည်)၂***
(ဘီလူး)–***(ကြွားလှလို့ × × မခံချင်ပါသည်***
(သားတော်)–***စကားမများနဲ့ × နှံချင်ပါသည်) ၂***
(ဘီလူး)–***(မင်းအသက်ကို မနှမြော... ရင်ဖြင့် သဘောအတိုင်းပ ခုမဆိုင်းပင် ပြိုင်မည်***
(သားတော်)– ***× × ငါ့လိုလူ... ကမ္ဘာတလွားမှာ... ရှားသည်၊ ယောကျ်ားတို့ဇွဲ ခုပဲ အနိုင်ယူမည်) ၂***

## သားတော်နဲ့ ဘီလူးစစ်တိုက်ခန်း

သမုဒ္ဒရာဘုမ္မာနဲ့ ဘီလူးစစ်တိုက်ကြတော့ အားချင်းတူမျှနေတယ်။ အနိုင်အရှုံးမရှိဖြစ်နေပါတယ်။ ဒါကြောင့် မယ်တော်ကို တယ လိုက်ပါတယ်။
(သားတော်)– ***× × မယ်တော် ... (မိခင် မြေနတ်သမီးရယ် ကြွရောက်ခဲ့ပါ အချိန်မီ)၂ × × × သားတော်မောင် ———***
***——— ခုမနေ့ မယ ပါအတည်၊ ဘီလူးရန်ကို ————— ကြုံလာပါတောသည် × × ×***

(မီးတောက်ကြီးအတွင်းမှ မယ်တော်ပေါ်လာစေ)။
(မယ်တော်)–***× ×( မယ်တော် မြေနတ်သမီးက သားကြီးအတွက်ကို ကူညီ ————)၂ မယ်တော်ရောက်လာ ပါပေ့အတည်၊ သားတော်မောင် ——— မယ်တော်စောင်မမည်၊***

(မယ်တော် ပြန်ကြွသွားစေ)။

## သမုဒ္ဒရာဘုမ္မာနဲ့ ဘီလူး ပြန်လည်စစ်တိုက်ခန်း

(သားတော်)–***× ×(သယ် ...ငါ့လိုလူ တုနိုင်ရိုးလား ယောကျ်ား ——————— စွမ်းအားပြတော့မည်၊***
(ဘီလူး)–***× × ဟယ်... လောကမှာ ဗိုလ်မထား ပြီ ————————ငါ့အစွမ်းကိုသာ မုချ သိရမည်)၂***

(သားတော်)–***(ဟောဒီလို ကိုင်ကာ ကိုင်ကာ ————————— အစွမ်းသိစေမည်***
(ဘီလူး)–***ဒါလောက်များတော့ ရယ်ချင်ပါသည် ————————ကြွားတဲ့လူပလီ)၂***
(သားတော်)–***ကိုင်းဒီလိုဆို ခံနိုင်ရိုးလား သွားရေ့ဟာ ———— ——ချာချာ လည်စေမည်။***

ဘီလူးကို ကိုင်ပေါက်ပစ်လိုက်ပြီး စစ်နိုင်လိုက်တဲ့သမုဒ္ဒရာဘုမ္မာဟာ မိခင်ရဲ့ စွမ်းအား ကြောင့် မိမိအနိုင်ရတာကို မေ့လျော့ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွားတယ်။ ဒီတကြိမ် ရန်သူနဲ့ တိုက်ရင် မယ်တော်ကို တယ စရာမလိုတော့လို့ ထင်မှတ်ပြီး တဦးတည်း ကြွားဝါလို့ နေပါတယ်။

(သားတော်)–***× ×(အားချင်းပြိုင်ရင် ဘယ်သူနဲ့မဆို ကျုပ်က နိုင်ရမည်။ သမုဒ္ဒ ယဘုမ္မာ တေဇာတန်ခိုး ဟိုးဟိုး ကျော်ခဲ့ပြီ။ နဂါးနဲ့ ဘီလူးကို × × အထူးပင် × × အောင်မြင်လာခဲ့ပြီ)၂***

***(လက်ရုံးရည် မတထောင် တကောင်ဘွားမို့ ယောကျ်ားပီ၊ ဩော် – သတ္တိ လက်ရုံးရည် မတထောင် တကောင်ဘွားမို့ ယောကျ်ားပီ ထူးတဲ့ ငါ့စွမ်းရည် × အကူအညီတွေ မလိုဘူး စွန့်တော့မည်)၂ × × မယ်တော်ဒေဝီ အကူအညီ ပေးတောင် သွေရှောင် ရှား တော့မည်။ ငါဟဲ့... ယောကျ်ား ခွန်အားဝေဝေစည်။***

အဲဒီအချိန်တုန်းက အင်မတန် အင်အားကြီးမားတဲ့ ဟတ္ထိဗလ(ဟာကျူလီ)ဆိုတဲ့ မင်းသားတပါးလည်း ရှိခဲ့တယ်။ ဟတ္ထိ ဗလဟာ သမုဒ္ဒရာဘုမ္မာမင်းသားရဲ့ ချည့်နဲ့ချက်ကို လေ့ လာ သိရှိထားတယ်။

## သမုဒ္ဒရာဘုမ္မာနဲ့ ဟတ္ထိဗလ စစ်တိုက်ခန်း

(ဟတ္ထိဗလ) ***× × (သမုဒ္ဒရာဘုမ္မာ ဖန်လာတဲ့အရေး ... မင်း ကံဇာတာ မှေးပြီလို့... တွေးမိသလားအတည် ... ဩော် ... မေးချင်လှသည်။***
(သမုဒ္ဒယဘုမ္မာ) × × ***တဘက်သား... အပေါ် မှာ... မော်ကာကြွားလို့ရယ်... မင်းစော် ကားလို့ အကြွားမပိုသင့် ပြီ၊ စကားမဆိုသင့်ပြီ )၂***
(ဟတ္ထိဗလ) ***(မိခင်အားနဲ့ ကြွားလို့ နေပြန်သည် × × မင့်အကြောင်းကို ကောင်း ကောင်းသိခဲ့ပြီ)၂ (× ဟောဒီဝသုန်... ဤ မြေကြီးနဲ့ ကင်းကွာနေဆဲမို့ ဟတ္ထိ ဗလက သတ္တိပြချင်သည် × ဤမြေကြီးနဲ့ ကင်းကွာစေပြီးတော့ ဟတ္ထိဗလက သတ္တိပြ ချင်သည်)၂***

ဟတ္ထိဗလဟာ သမုဒ္ဒရာဘုမ္မာနဲ့ စစ်ထိုးရင်း အင်အားချည့်နဲ့နေတဲ့ သမုဒ္ဒရာဘုမ္မာကို အနိုင်တိုက် ကိုင်ပေါက်ကာ ပင်လယ်ပြင် ထဲကို လွှင့်ချလိုက်ပါတော့တယ်။

## အခန်း(၄)
## မွေးမိခင် ဇာတ်လမ်းအဆုံး

*× × ×(သောတဆင်... ခေါမပုံပြင် ဥပမာတင်... တို့ရဲဘော်များတွေ... သတိပေးလို့သာ နှိုးဆော်ပါသည်... အစဉ်... သေသေချာချာ ဇာတ်ကွက် ဇာတ် လမ်း မှတ်တမ်းတင်စေချင်)၂*

*× × ×(မြေနတ်သမီးနဲ့ ရေနတ်သားတို့ စုံမက်ချစ်ခင် သားတယောက်ကို ဖွားမြောက်ကာ အရွယ်ရောက်လာပြန်ရင်... မိခင်ဝသုန် ဤမြေကြီးနဲ့ မကင်း ကွာသမျှ ရန်တကာကို အောင်မြင် နဂါးနဲ့ဘီလူးကို... အထူးပဲ အောင်ပွဲဆင်)၂ သို့ရာတွင် မိခင်မြေကြီးနဲ့ပင် ကင်းကွာနေဆဲ ခဏတွင် မရှုမလှနဲ့ ကျဆုံးရသည်ပင်*

*(ဤအသွင်... ငါတို့တွင် လူထုပဲ မွေးမိခင် လေးစားချစ်ခင် × မကင်း ကွာအောင်ပင် လူထုအကျိုးကို သည်ပိုးနိုင်ရင်)၂ ဘယ်တော့မှ မရှုံးနိုင်... အဆုံး တိုင်အောင်ပင် ငါတို့မိခင်... တာဝစဉ်... လူထု... ပင်)၂*

မွေးမိခင် ဇာတ်လမ်းမှာ ပါဝင်တဲ့ ဇာတ်ကောင်အားလုံး အထက်ပါသီချင်းကို ညီညီညာညာ သံပြိုင်သီဆိုရင်း ကြွရောက်ရှုစား နေတဲ့ ပရိသတ်ကို အလေးပြု နှုတ်ဆက်ကာ ဇာတ်သိမ်းလိုက်ပါတယ်။

## ဖွဲ့သတ္တိရှိကြသည် သွေးသားနဲ့ ရင်းလို့ အတည် ပြည်သူအတွက်ဆို အသက်ကိုပင်စွန့်မည်

ဗဟိုပြည်သူ့သဘင်အဖွဲ့ကြီး ပထမဆုံးအကြိမ် တာဝန်ယူ တင်ဆက်ရတဲ့ ပွဲက တော့ **တပ်သားသစ်ဂုဏ်ပြုပွဲ** ပါပဲ။ တပ်မဟာ ( )က ကြီးမှူးကျင်းပပါတယ်။ (အချိန် ကြာလှပြီမို့ တပ်မဟာနံပါတ် မမှတ်မိတော့ပါ)။ လူထုကတော့ ပျဉ်းမနားမြို့နယ် အနောက် ဘက်ခြမ်း တခုလုံးနီးပါးပါပဲ။ တပ်သားသစ်က ၁၀၀ ကျော်ပါတယ်။ နေရာကတော့ သရက် တောရွာရဲ့ အနောက်ဘက် လယ်ကွင်းပြင်ကြီးထဲ မှာပါ။ (သရက်တောရွာဆိုတာ ပျဉ်းမ နားမြို့နယ် တောင်ညိုရွာကြီးရဲ့ မြောက်ဘက်မှာရှိပါတယ်)။ နေ့ခင်းမှာ လူထုတရားပွဲ ရှိပါတယ်။ ခရိုင်ပါတီက ခေါင်းဆောင်အားလုံးလောက်နီးပါး တက်ရောက်လာကြသလို တပ်မဟာ ခေါင်းဆောင်တွေလည်း စုံစုံလင်လင် တက်ကြပါတယ်။ လူထုကလည်း အလွန်များ ပါတယ်။

တပ်သားသစ်ထွက်တဲ့ ရွာတွေက သူ့ရွာကိုယ့်ရွာအလိုက် တပ်သားသစ်တွေကို အိုးစည်ဗုံမောင်းတွေတီးပြီး အကအခုန်တွေနဲ့ လာပို့ကြတာမို့ တပျော်တပါးကြီးပါပဲ။ တပ် သားသစ်တွေကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ လည်ပင်းမှာ ပန်းကုံးတွေဆွဲလို့ ခပ်မော့မော့

ဝံ့ကြွားစွာနဲ့ တန်းစီပြီး တရားဟောစင်မြင့်ရှေ့ကို ဝင်ရောက်လာတာ၊ မြင်ရသူတွေအဖို့ အင်မတန် ကျက်သရေ ရှိလှတယ်။ ပရိသတ်ကြီးကလည်း ကောင်းချီးသြဘာတွေပေးပြီး တပ်မတော်ဘင်ခရာတီးဝိုင်းက စစ်တီးလုံးကိုတီး၊ တပ်သားထုကြီးတရပ်လုံးက လက်ခုပ်သြဘာ တီးကာ ကြိုဆိုပါတယ်။

တပ်မဟာနိုင်ငံရေးမှူးနဲ့ တပ်မဟာမှူးတို့ ခေါင်းဆောင်တဲ့ တပ်မဟာ ကေဒါ အဖွဲ့ကြီးက တပ်သားသစ်များကို စနစ်တကျ လက်ခံကာ တဦးစီ လက်ဆွဲနှုတ်ဆက် ကြပါတယ်။ အဲဒီနောက် တပ်သားသစ်တွေကို သီးသန့် နေရာထိုင်ခင်း ပေးပါတယ်။ ဒီအချိန်မှာ လူထုပရိသတ်ကြီးဘက်ကို လှမ်းမျှော်ကြည့်မိလိုက်တော့… ကွင်းအလယ်မှာက လူထုပရိသတ်ကြီး၊ တပ်မတော်သားတွေက ဘေးက ဝိုင်းပတ်ထားလိုက်တာဟာ မှိုင်းညို့ညို့ ဆိုင်းမို့နေတဲ့ တောအုပ်ကြီးအလယ်မှာ အပြိုင်အဆိုင် ပွင့်နေကြတဲ့ ရောင်စုံပန်းကလေးတွေ လေယူရာ တိမ်းငဲ့ပြီး ယိမ်းတန္တန္တ ကနေတဲ့ ဟန်ပါပဲ။ ရှုမဆုံးနိုင်တဲ့ ရောင်စုံပန်းချီ ကားချပ်ကြီးတချပ်နဲ့ အလားသဏ္ဍာန် တူနေပါတယ်။

ပျော်ပွဲရွှင်ပွဲတွေကလည်း အတော်စုံပါတယ်။ ချောတိုင်တက်ပွဲ၊ ပြေးပွဲပြိုင်ပွဲ၊ မောင်းထုပွဲ(ကလေးလူကြီး အနှစ်သက်ဆုံးပွဲ)၊ ရန်သူလည်ပင်းကြိုးကွင်းစွပ်ခြင်း(ဘဲအုပ်ထဲက ဘဲရဲ့လည်ပင်းကို ရာဘာကွင်းနဲ့ ပစ်ကစားခြင်း)၊ နိုင်တဲ့ လူတွေဟာ သကြားလုံးစား ရပါ တယ်။

မောင်းထုပွဲဟာ လွယ်လွယ်လေးနဲ့ခက်ပါတယ်။ ကွင်းလယ်ခေါင်မှာ သစ်တိုင်နှစ်တိုင်စိုက်၊ အလယ်မှာ မောင်းတလုံးကို ချိတ် ပေးထားပါတယ်။ အဲဒီမောင်းကို ထုဖို့ မောင်းထုတုတ်တချောင်းကို ယှဉ်ပြိုင်သူလက်ထဲ ပေးထားပါတယ်။ ယှဉ်ပြိုင်သူရဲ့ မျက်နှာတခုလုံး အဝတ်ထူထူတစနဲ့ ပိတ်စည်းထားတာပါ။ မျက်နှာစည်းထားပြီးရင် သူ့ကို သုံးပတ်လောက် လှည့်ပေးလိုက်တယ်။ အဲဒီနောက်သူ့ကို မောင်းရှိရာဘက်ကို မျက်နှာမူပြီး လှည့်ပေးထားပါတယ်။

ဒီလိုမျက်နှာမစည်းခင် ယှဉ်ပြိုင်သူက စိတ်ကြိုက် နေရာအနီးအဝေးကို ခြေလှမ်းလှမ်းပြီး တိုင်းတာကြည့်တာ၊ ပတ်ဝန်းကျင်က လူတွေ အားလုံးရဲ့ အနေအထားကို စေ့စေ့စပ်စပ်ကြည့်မှတ်တာ အားလုံးစိတ်ကြိုက်လုပ်ခွင့်ရှိပါတယ်။ နေရာကလည်း သိပ်မဝေးပါဘူး။ အလွန်ဆုံးရှိမှ ၁၅ ပေပေါ့။

အဲ… ကြည့်သူရော ယှဉ်ပြိုင်သူပါ ရင်အခုန်ရဆုံးအချိန်ကတော့ မောင်းနားရောက် ပြီထင်လို့ မောင်းထုရန် မောင်းထုတုတ်ကို လွှဲပြီး မောင်းဘုကြီးကို တရှယ်ရှယ်နဲ့ ထုလိုက် တော့မယ့်ပုံဟာ ရင်အခုန်ရဆုံးဖြစ်ပါတယ်။ ပွဲကြည့်ပရိသတ်ကလည်း "ဟယ်… ထုတော့မယ်၊ ထုတော့မယ်၊ ဘေးဖယ်၊ ဘေးဖယ်"နဲ့ မတိုးမကျယ်ပြောတတ်ပါတယ်။

ဒိုင်လူကြီးကလည်း အသံမထွက်ကြဖို့ မေတ္တာရပ်ခံနေပါတယ်။ ဒါပေမယ့် မရပါဘူး။ မောင်းရှေ့ တည့်တည့် ရောက်နေရင်လည်း "ထုလိုက်လေ... ချ... ချ... တအားချလိုက်"နဲ့ တိုးတိုးလေး ပြောပြီး ဝိုင်းအားပေးတတ်ပါတယ်။ တချို့လူဟာ အလွန်နားပါးပြီး ရိပ်ဖမ်းသံဖမ်း အကဲခတ် အလွန်ကောင်းပါတယ်။ ဒီလိုလူမျိုးက ၁၀ ယောက် တယောက်တောင် မရှိပါဘူး။ ရှားပါတယ်။ အဲ... မောင်းကို ထုမိသွားပြီ အောင်သွားပြီဆိုရင် ထုလိုက်တဲ့ မောင်းသံနဲ့ အတူ ပရိသတ်ကြီးရဲ့ အားပေးသံ၊ အော်ဟစ်သံ၊ လက်ခေါက်မှုတ်သံတွေဟာ တော်တော်နဲ့ မစဲပါဘူး။ ယှဉ်ပြိုင်သူထက် ဘေးကအားပေးသူက ပိုပျော်နေပြီး ကသူက က၊ ကျွမ်းထိုးသူက ထိုးနဲ့ အပျော်ကြီး ပျော်နေကြတော့တာပါပဲ။

သတ်မှတ်ထားတဲ့ အချိန်အတိုင်း အစည်းအဝေးတက်လာတဲ့ ရွာတွေအလိုက် လူထုကြီးဟာလည်း စုံစုံညီညီ ရောက်လာပြီမို့ အစည်းအဝေးကို စပါတယ်။ **ဗမာပြည် လက်ရှိအခြေအနေ၊ ကမ္ဘာ့အခြေအနေ၊ ပါတီနဲ့တပ်မတော်အခြေအနေ** စသဖြင့် ရှင်းလင်း ဟောပြောပါတယ်။ အသံချဲ့စက် ၂ လုံး၊ အစည်းအဝေးစင်မြင့်နောက်ခံ ပါတီအလံနဲ့ တပ်မတော်အလံကလည်း ဝင့်ဝင့်ကြွားကြွားမို့ အင်မတန် ကျက်သရေ ရှိလှတယ်။

နောက်ဆုံးအစီအစဉ်အရ တပ်မတော်သားသစ်တွေအတွက် လက်ဆောင် ပစ္စည်းများ ပေးပါတယ်။ လက်ဆောင်ပစ္စည်းတွေက များမှများ။ ကျေးရွာ အမျိုးသမီး သမဂ္ဂ တိုင်းက ပေးလာတဲ့ လက်ဆောင်ပစ္စည်းတွေပါ။ စားပွဲရှည်ကြီး ၅ လုံးပေါ်မှာ ဆင့်ကာ ဆင့်ကာ တင်ထားလိုက်တာ တောင်ပုံရာပုံပါပဲ။ စားပွဲရှည်ကြီး ဘေးပတ်လည် မြေပြင်ပေါ်မှာ လက်ရက် ခြင်းလှလှလေးတွေနဲ့ ကြက်ဥတွေ၊ စားစရာသီးနှံအစုံ ထည့်ပြီး ချထားပါတယ်။ ထူးထူး ဆန်းဆန်းတခုကတော့ လက်ရက်ခြင်း ကွက်ကျားလေးတခုထဲမှာ ငြိမ်ငြိမ် သက် သက်လေး လူတွေကို ပြန်ကြည့်နေတဲ့ ကြက်ဖနီနီတကောင်ပါပဲ။ အရွယ်ကလည်းတပိဿာ လောက်နီးနီးရှိမယ်။ အမောက်ရောအမွေးအတောင်ပါ အဆင်အသွေးက တော်တော် လှပါတယ်။ ကလေးလူကြီးအားလုံး စိတ်ဝင်စားကြပါတယ်။

"မှတ်တမ်းတင်အဖွဲ့" က ဓာတ်ပုံရိုက် မှတ်တမ်းတင်ပါတယ်။ စားပွဲပေါ်မှ ပစ္စည်း တွေကတော့... အရောင်အသွေးလှလှ အစုံပါတဲ့ ကတ်ထူစာအုပ်တွေ၊ ခဲတံ၊ ဖောင်တိန်၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ ရှပ်လက်တို၊ ရှပ်လက်ရှည်၊ ပုဆိုး၊ ခြေညှပ်ဖိနပ်၊ လွယ်အိတ် လှလှတွေ(အိမ်မှာရက်တာရော၊ ဝယ်တာရောလက်ရာစုံ)၊ မုန့်မျိုးစုံစသဖြင့် တော်တော် စုံပါတယ်။ ပစ္စည်းအမျိုးအမည်ချင်း မတူတာမို့ တပ်သားသစ်များကို မဲဖောက်ပေးရတယ်။ တယောက်တယောက် ၄-၅-၆ မျိုးလောက် ရကြတာပါ။ နောက်ဆုံး မဲပေါက်တဲ့

ရဲဘော်ဟာ ကြက်ဖအနီကြီးကို ရသွားပါတယ်။ အဲဒီရဲဘော်ဟာ ကြက်ဖနီနီကြီး မဲပေါက်ရပြီးနောက် ခြင်းထဲက ထုတ်ယူလိုက်တဲ့အခါ ကြက်ဖကြီးက သံရှည်ကြီးဆွဲပြီး တွန်လိုက်လို့လူ တွေအားလုံးသဘောကျပြီး ဝါးကနဲ ဝိုင်းရယ်ကြတယ်။ ရဲဘော်ကလည်း ကြက်ဖကြီး ကိုပိုက်ရင်း ပြုံးပြုံးကြီးနဲ့ ဓာတ်ပုံ အရိုက်ခံခဲ့တာကို စိတ်အာရုံမှာ ပြန်လည် မြင်ယောင် နေမိပါတယ်။

ဟော... ပြောရင်းဆိုရင်းနဲ့ ရပ်ဝေး (နတ်တောင်မြောက်ဘက်) က လှည်းအုပ်ကြီး တောင် ရောက်လာပါပြီ။ ညပွဲကြည့်ရအောင် ဝီရိယ ကောင်းလွန်းလှပါလား။ နေမဝင်ခင် ရောက်လာကြပါပြီ။

ညနေထမင်းစားပွဲကတော့ လူလည်းစုံလင်လှပါတယ်။ ခရိုင်၊ တပ်မဟာ၊ မြို့နယ်က ခေါင်းဆောင်များ၊ ကေဒါများ၊ ရွာကကေဒါများ၊ ကျွန်မတို့ ဗဟိုပြည်သူ့သဘင်က အဖွဲ့တော်သားများနဲ့ တပ်သားသစ်ရဲဘော်များပါ ပျော်ပျော်ပါးပါး အတူတကွ ထမင်း စားကြပါ တယ်။

ညမှောင်ရီပျိုးတာနဲ့ ရေနံဆီမီးတိုင်တွေ ထွန်းညှိထားတဲ့ ဈေးဆိုင်လေးတွေက ရောင်းသူဝယ်သူတွေနဲ့ စည်ကားလှပါတယ်။ အများစုကတော့ ဆေးလိပ်၊ မီးခြစ်နဲ့ စားစရာတွေပဲ များပါတယ်။ ကျွန်မလည်း မတွေ့ရတာ ကြာပြီဖြစ်တဲ့ နတ်တောင် မြောက်ဘက်က လူထုတွေရှိရာ သွားရောက်နှုတ်ဆက်ပါတယ်။ မမျှော်လင့်ဘဲ ကျွန်မကို တွေ့လိုက်ကြတော့ သူတို့တော်တော် ဝမ်းသာကြပါတယ်။ "ဗဟို ကိုပြောင်းသွားပြီလို့ သတင်း ပဲကြားရတယ်။ လူကိုတော့ အခုမှ တွေ့ရတယ်။ နေနိုင်လိုက်တာ။ တခါလေးတောင် အလည်မလာဘူး။ တို့ကတော့ မျှော်လိုက်ရတာ"လို့ ဝိုင်းပြီး ရန်တွေ့ကြပါတယ်။ ကျွန်မ ကလည်း "မလာချင်လို့ မဟုတ်ပါဘူး။ ဒီလုပ်ငန်းက တခါမှ မလုပ်ဘူးတော့ ကျောင်း တက်လေ့လာနေရပါတယ်။ ကျွန်မလည်း အမြဲတမ်းသတိရလျက်ပါ။ ဒါကြောင့် အခုဒီမှာ လာရှာပြီး နှုတ်ဆက်တာပါ။ အချိန်မရလို့ မလာနိုင်တာကို ခွင့်လွှတ်ပါ"လို့ တောင်းပန် တော့ အားလုံးက ကျေနပ်သွားကြပြီး "တခေါက်လောက်တော့ လာဖြစ်အောင် လာခဲ့ပါဦး။ ခွင့် တောင်းပြီး လာပေါ့"လို့ ပြောကြ။ မုန့်တွေဝယ်ပြီး အတင်းကျွေးကြနဲ့ ဆူညံနေပါတယ်။ ကျွန်မလည်း သူတို့ ကျေနပ်အောင် နည်းနည်းပါးပါး စားပြီး ပွဲထွက်ချိန် နီးလာပြီမို့ အားလုံး ကို တောင်းပန်နှုတ်ဆက်ပြီး အပြေးအလွှား ပြန်ခဲ့ရပါတယ်။

တီးဝိုင်းက စပြီး ညှော့ခံနေပါပြီ။ ကျွန်မလည်း ဇာတ်လမ်းပြင်ဆင်တာပြီးရင်ပြီးချင်း ကျန်တဲ့အဖွဲ့ဝင် အငယ်တွေ ဇာတ်လမ်းပြင်ဆင်တာကို လိုက်ကြည့်ရင်း လိုအပ်တာလေးတွေ ကူညီပေးပါတယ်။ ကျွန်မဟာ ပွဲဦးထွက် (ပဏာမ ယိမ်းအက) ကစပြီး ဆက်တိုက်ထွက် က ရမှာမို့ အခန်းလိုက် လိုအပ်တဲ့ အဝတ်အစား အသုံးအဆောင်တွေကို စနစ်တကျ

ခွဲထားပြီး ယိမ်းထွက်ဖို့ အဝတ်ကို တခါတည်း လဲထားလိုက်တယ်။ ကျန်တဲ့ရဲဘော်တွေကိုလည်း အဝတ်လဲပြီး အဆင်သင့်ဖြစ်ဖို့ သတိပေးလိုက်တယ်။ အချိန်နည်းနည်းရသေးတာမို့ ပြဇာတ်မှာ ပြောရမယ့် စကားတချို့ကို ပြန်ကြည့် မှတ်နေတုန်း ရဲဘော်ကျော်ညွန့်(လူရွှင်တော် ပိန်သေး) ရောက် လာပါတယ်။ တဆက်တည်း သူက "ပရိသတ်ကတော့ သိပ်များတာပဲဗျာ။ ကျွန်တော်တို့ ဒီညတော့ ပထမဆုံး ကတာလည်းဖြစ်တာမို့ သတိထားပြီး ကြိုးစားရလိမ့်မယ်"လို့ လာ ပြောနေပါတယ်။ ဒါနဲ့ ကျွန်မလည်း ကားကြားကနေ ပရိသတ်အခြေအနေကို အကဲခတ် ကြည့်လိုက်တာ အို… ဟုတ်ပါရဲ့။ ပွဲခင်းကြီးကလည်း အကျယ်ကြီး၊ လူထုရော တပ်သားထုရော မနည်းပါဘူး။ နောက်ဆုံးရှိ လှည်းတွေပေါ်မှာလည်း လူတွေက ခဲလို့။ ဒါတွေမြင်ရတော့ ကျွန်မ ရင်တွေခုန်လာပြီး ကြောက်လိုက်တာ။ အို… ငါ ဘာလို့ ကြောက်ရမှာလဲ။ အရင်ကလည်း စင်မြင့်ပေါ်တက် တရားဟောနေကျ။ သီချင်းဆိုနေကျပဲ။ လူထုပရိသတ်များလေ ကိုယ့်ကို အားပေးတဲ့လူများလေမို့ ကြောက်စရာမဟုတ်။ အဲဒါ ဝမ်းသာရမှာပဲ"လို့ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း လုပ်စရာရှိတာ ဆက်လုပ်နေလိုက်တယ်။ ပွဲထွက်ချိန်နီးလာပြီမို့ လူထု ကြီးဟာ ငြိမ်သက်နေပါတယ်။

## စူရတီငွေနားနဲ့ ရွှေပါးမှာတဲ့ နံ့သာချယ် လှပါဘိတယ်

ဟော… ယိမ်းထွက်ဖို့ အချက်ပေးနေပါပြီ။ ဒီပဏာမ ယိမ်းမှာ ကျွန်မက (ခေါင်းဆောင်မင်းသမီး) တယောက်တည်း သီချင်းအစပိုဒ် (ခြေဆင်း) မှာ ကရတာမို့ ဇာတ်ခုံအလယ်မှာ နေရာယူ အသင့်ပြင်လိုက်ပါတယ်။ ပြည်ဖုံးကားကလည်း တဖြည်းဖြည်း ဖွင့်လိုက်ပါပြီ။ လူထုပရိသတ်ကြီးရဲ့ အားပေးသံဟာ ပွဲခင်းတခုလုံးမှာ ဟိန်းသွားပါတယ်။ ဇာတ်ခုံပေါ်မှာ အသံချဲ့စက်တလုံး တီးဝိုင်းမှာ တလုံးမို့ သီချင်း ဆိုရတာလည်း တော်တော် အဆင်ပြေပါတယ်။ ခဏကြာတော့ ဘေးနှစ်ဘက်က ကျန်တဲ့ယိမ်းသမလေးတွေ အားလုံး ကယရင်းထွက်လာ ကြတယ်။ ဒီအချိန်မှာ နောက်က "ဗဟိုပြည်သူ့သဘင် ပဏာမယိမ်း" ဆိုတဲ့ စာလုံးတွေက ပြေးပြီးဝင်လာတယ်။ ကယနေတဲ့ အချိန်မှာ ရောင်စုံဆလိုက်မီးများနဲ့ ဆိုတော့ တော်တော်လေး မျက်စိပသာဒ ရှိတယ်လို့ ဆိုရပါမယ်။

ယိမ်းပြီးသွားတဲ့နောက် **"ရွှေချိုးဖြူအောင်ပရာ"**ဆက်ထွက်ရပါတယ်။ နောက် ခံပန်းချီကားကြီးဟာ တောအုပ်အဝင် ထနောင်းပင် ညီနောင်ရဲ့ဘေးက ဖိုးတောင်သူ တဲကလေးနဲ့ ဘသာဝကျပြီး လှနေပါတယ်။ အဲဒီတဲလေးရဲ့ ပတ်ဝန်းကျင်မှာ "ချိုးဖြူလေး တကောင် ပျော်ရွှင်မြူးထူး ဝဲပျံကရင်း သာယာချိုအေးစွာ ကူသံပေးလိုက်၊ အစာရှာရင်း

ဘာသာဘာဝ ပျော်မြူးနေရှာပါတယ်။ ဒီအချိန်မှာပဲ ငှက်ခတ်သမား မုဆိုးဟာ လေးနဲ့မြားကို ကိုင်စွဲပြီး ချိုးဖြူလေးကိုသတ်ဖို့ ချွတ်နင်းပြီး ဝင်လာပါတယ်။ အကင်းပါးလှတဲ့ ချိုးဖြူလေးဟာ မုဆိုးကြီးရဲ့ ပစ်ကွင်းက လွတ်အောင်ရှောင်နေပါတယ်။ (မုဆိုးကြီးရဲ့ နောက်ကျောမှာ မြားဘူးတဘူးအပြင် **'နယ်ချဲ့'** ဆိုတဲ့ စာလုံးမဲ ကြီးကို ကပ်ထားတော့ လူထုအမြင်မှာ ပိုရှင်း ပါတယ်)။ မုဆိုးကြီးနဲ့ ချိုးဖြူလေးဟာ ရှောင်လိုက် တိမ်းလိုက်နဲ့ လှပစွာ ကယနေရင်းက နောက်ဆုံးမှာ မုဆိုးကြီးက အသေသတ်မယ်လို့ လေးကြိုးကို တင် လိုက်တဲ့အချိန်မှာ ချိုးဖြူလေးဟာ မုဆိုးကြီးရဲ့ ပစ်ကွင်းကနေ ချိုအေးသာယာစွာ ကူသံပေးရင်း အဝေးကို ပျံထွက်သွား တော့ မုဆိုးကြီးဟာ ဒေါသ မီးတောက်ပြီး ကျန်ရစ်ခဲ့တယ်။ (ရွှေချိုးဖြူသီချင်းကို တီးဝိုင်းက တီးပေးနေပြီး ကိုယ်က အဲဒီ တေးသွားအလိုက် သရုပ်ဖော်ကနေရတာပါ)။

ပြည်ဖုံးကားလည်း ချလိုက်ရော ပရိသတ်ကြီးရဲ့ သြဘာသံတွေနဲ့အတူ "ဟင်း... ခုမှပဲ နားအေးရတော့တယ်" "အေးလေ... ငါဖြင့် ပူလိုက်ရတာ။ ချိုးဖြူလေးများ သေသွားမလားလို့" "အိုကွာ... မုဆိုးကြီး သေမှ ပိုကောင်းမှာ" စတဲ့ လူထုရဲ့ အသံတွေ တယောက် တမျိုး ပေါ်ထွက်လာတယ်။

အင်း... ရွှေချိုးဖြူ အော်ပရာကတော့ ပြီးသွားပါပြီ။ "မွေးမိခင် ဆိုမူဟန် သဘင်" မှာ ဆက်ပြီး မြေနတ်သမီးအဖြစ် သရုပ်ဆောင်ဖို့ အဝတ်လဲရပါတယ်။ အဝတ်က များများမရှိပါဘူး။ မမကြည်(တပ်နီ ဗိုလ်သိန်း–ကျဆုံးရဲ့ဇနီး)က လှူထားတဲ့ ပန်းနုရောင် နန်းစဥ်ချိတ်ထဘီ (အကောင်းဆုံးဆိုလို့ ဒီတထည်ပဲ ရှိပါတယ်) အင်္ကျီကတော့ လဲဖို့ မလိုပါဘူး။ စောစောက ရွှေချိုးဖြူအဖြစ် သရုပ်ဆောင်စဥ်က ဝတ်ထားတဲ့ ထိုင်မသိမ်း အင်္ကျီအဖြူလေးပါပဲ။ (အားလုံးမှ ထိုင်မသိမ်းအင်္ကျီ ဒီတထည်ပဲ ရှိတာပါ။ ထဘီကတော့... ဖြူရော်ရော်၊ ပင်ကိုယ်က ဘာ အရောင်မှန်း ခန့်မှန်းမရနိုင်တော့တဲ့ ထဘီတထည်ရယ်၊ အစိမ်းရင့်ရောင် ထဘီတထည်ရယ်။ နောက်ဆုံး မမကြည်က "မြင်ရတာ သနားလွန်းလို့" ဆိုပြီး သူကတဲ့အခါ ဝတ်တဲ့ ချိတ်ထဘီ လေးကို လာပေးလှူထားတာမို့ ပေါင်း ၃ ထည်ပေါ့)။ ကျွန်မတို့ ဗဟိုပြည်သူ့သဘင်က အဝတ်အစား တော်တော်နွမ်းပါး ချို့တဲ့ပါတယ်။ ယိမ်းကတဲ့အခါမှာ လူ ၁၂ ယောက်ရှိတာ။ (၂–၃ ယောက် အဆင် တမျိုး ဝတ်ရတယ်)။ ဇာတ်ဝင်ခန်းက ပစ္စည်းအားလုံး ချို့တဲ့ပါတယ်။ ပြည့်ဝတာကတော့ ကျွန်မတို့ အဖွဲ့ဝင်အားလုံးရဲ့ "စိတ်ဓာတ်" ပါပဲ။ ဒါကြောင့် ကျွန်မတို့ အားလုံးကလည်း မိမိကျရာ တာဝန်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားကြပါတယ်။

မြေနတ်သမီး အဝတ်လဲရတာ ဘေးကအကူမရှိရင် မရပါ။ အကြောင်းက ခေါင်းမှာ စည်းပုံဆောင်းလိုက်ရုံနဲ့ မပြီးပါ။ နတ်သမီး ဆိုတော့ ဘယက်တန်ဆာ၊ ဒွါဒရာတွေ

လက်စည်း၊ ခါးစည်းတွေ ရှုပ်ပါတယ်။ ရဲဘော်မလေးတွေက ဝိုင်းဝန်းကူညီပေးကြလို့ ပြီးသွားပါပြီ။ မွေး မိခင်လည်း ရွှေ့ပိုင်း(ဏျူ)တောင် စထွက်နေပါပြီ။

ရွှေ့ပိုင်း(ဏျူ)က ရွာတရွာက 'သာအေး'ဆိုတဲ့ လူငယ်တယောက်။ တိုက်နယ်ကော်မတီ ဖြစ်သွားတော့ အိတ်ကပ်ထဲမှာ တော့ 'ပတ်ကား'ဖောင်တိန်နဲ့ လက်မှာတော့ 'ရိုးမား'နာရီနဲ့ နာမည်ကလည်း 'ခင်မောင်မြင့်'လို့ ပြောင်းထားသတဲ့။ သူ့ဇနီးကလည်း အိမ်မှာတုန်းက 'မိခွေး'။ အခုတော့ 'မြင့်မြင့်ကြည်'တဲ့။ သရုပ်ဆောင်တဲ့ ရဲဘော်ကလည်း ရုပ်ရည်ရော၊ ဟန်ပန်ရော၊ အသံရော တကယ့် အမျိုးသမီးအစစ်နဲ့ ခွဲမရအောင် တူလှတယ်။ မူလိုက်နွဲ့လိုက်တာကလည်း အလွန်ပါပဲ။ ရွာထဲက ဝက်ကြီးကို မြင်တော့ သူက "ဟင်... ဟို မဲမဲကြီးက ဘာကောင်ကြီးလဲ မောင်ရေ... ကြောက်တယ်၊ မောင်... ကြောက် တယ်"နဲ့ ပရိသတ်ဆိုတာ တဝေါဝေါနဲ့ ရယ်နေရတာ။ ပါးစပ်ကို မပိတ်ရဘူး။ ကျွန်မလည်း ကိုယ့် အခန်းအတွက် အသင့်ပြင်ရင်း ကားကြား (ပုဏ္ဏားကွယ်) က ကြည့်ကာ ရယ်နေ မိတယ်။

မိမိ အချိန်ရောက်လို့ ကျွန်မအခန်းကို ကျွန်မကြိုးစားပြီး သရုပ်ဆောင်နေပါတယ်။ ရင်ခုန်တာတွေ ဘယ်ရောက်ကုန်တယ် မသိတော့ပါဘူး။ ပထမအခန်းမှာ ရေနတ်သားနဲ့ တွေ့ပြီး နှစ်ဦးမေတ္တာရှိသွားကြလို့ ရေနတ်သားက သူနေထိုင်ရာ (နန်းတော်) ကို ခေါ်သွားတဲ့ အခန်းဟာ ဇာတ်လမ်းတခုလုံးမှာ အလှဆုံးပါပဲ။ တီးဝိုင်းကလည်း ကြွကြွရွရွလေး၊ တယောကို အဓိက ဦးစားပေးပြီး ပုံတိုလေးတွေကလဲ တချက်တချက် ကြားညှပ်ထားတယ်။

**လှဒေဝီနွယ် မောင်တော် စံရာ နန်းကို လှမ်းစို့အတူပဲ မြန်းစို့ အတူပဲ ...**

လို့ဆိုပြီးတော့ ရေနတ်သားက နတ်သမီးရဲ့ ပဝါစ အဖျားလေးကို ကိုင်ပြီး စည်းဝါး နဲ့အကိုက် လှမ်းရင်း သွားနေတာ မြင်ရတဲ့ ပရိသတ်ကြီးက ဩဘာတွေလည်းပေး။ ပါးစပ် ကလည်း "ကပါဖို့""ကပါဖို့"နဲ့ ဟိုထောင့်ကအော်။ ဒီထောင့်ကအော်နဲ့ ဆူညံနေ ပါတယ်။ ဇာတ်ခုံရှေ့ တည့်တည့်က အမျိုးသမီးဝိုင်းကလည်း "ကြည့်နေ မယုံရင် နောက် တကျော့ဆိုရင် ကတော့မှာ"လို့ အော်ပြီး ငြင်းခုန်နေပါတယ်။ ကျွန်မလည်း စင်ပေါ်ကနေ ကြားနေရတော့ "ဩော်... သူတို့တတွေ ဇာတ်လမ်းရဲ့ သဘောကို နားမလည်ရှာပဲကိုး"လို့ တွေးမိပြီး ပြုံးမိ ပါတယ်။ နန်းတော်ကို ရောက်အသွား ပြည်ဖုံးကားလည်း ချလိုက်ရော။ လူထုကြီးက ဩဘာ လည်းပေး ပါးစပ်ကလည်း ထင်မြင်ချက်တွေ တယောက်တပေါက်ပြော ရင်း ဆူညံနေ တော့တယ်။ "တောက်... ကယ လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့" "အေးလေ... ဟုတ် ပါရဲ့။ ငါက နောက်တကျော့ သီချင်းဆိုရင် ကယ တော့ မယ်လို့ ထင် နေတာ"တဲ့။ အို... စုံနေ တာပါပဲ။

မွေးမိခင် အပြီးမှာ 'အားလပ်ချိန်' တနာရီလောက် ပေးလိုက်တယ်။ ပြီးရင် "ရဲဆု"ပြဇာတ်နဲ့ မိုးလင်းအထိ ဆွဲထားရမှာပါ။

ကျွန်မတို့ အဖွဲ့တော်သားအားလုံးဟာလည်း လူထုကြီးရဲ့ တခဲနက် ထောက်ခံမှုကို ရယူထားပြီးမို့ ရဲစိတ်ရဲမာန်အပြည့်နဲ့ ရွှင်လန်းအားရ ပျော်ပါးသွက်လက်နေကြပါတယ်။

အချိန်ရောက်လို့ **"ရဲဆု"**ပြဇာတ်ကြီးကို ပြတော့မယ်လို့ ကြေညာနေပါပြီ။

ဇာတ်လမ်းတခုလုံးကို အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းတာဝန်ယူလာကြတာ ဟော... ခုတော့ ဇာတ်ရှိန်အမြင့်ဆုံးကို ရောက်နေပါပြီ။ ဒဏ်ရာကြောင့် ရုပ်ဆင်းရူပကာရော အသံပါ ပင်ကိုယ်အတိုင်း မရှိရှာတော့တဲ့ မင်းသား(ကိုရင်ထွန်းရွှေ)ဟာ ချစ်သူ (မဖွားသစ်) ကလည်း မမှတ်မိရုံမက မိခင်ဖြစ်သူကပါ မမှတ်မိတော့ပဲ ခပ်စိန်းစိန်းစိုက်ကြည့်နေကြတာကို အမြဲတမ်း ခံနေရရှာတယ်။ ချစ်သူ (မဖွားသစ်) က မိမိကို တွေ့ရင် ကြောက်ရွံ့နေတဲ့ အသွင် ကိုပါ တွေ့မြင်နေရတာကြောင့် ဆိုးလှတဲ့ ကံကြမ္မာကို စဉ်းစားမိရင်း စိတ်မရွှင်နိုင်ပဲ အိပ်လို့မရ တာကြောင့် ပြာလဲ့လဲ့ လရောင်အောက်က ကွပ်ပျစ်ကလေးပေါ်ထိုင်ရင်း ပါလာတဲ့ မယ်ဒလင်လေးကို လက်ကွက်စမ်းကာ "တုံ့ကာဝင့်တင်" သီချင်းကြီးကို ဆိုညည်း တီးခတ် နေမိတယ်။

ဒီအချိန်မှာ တီးဝိုင်းတခုလုံးကလည်း ငြိမ်သက်နေကာ ဦးလေးဦးရွှေမှည့်ရဲ့ ခန့်ညားသာယာလှတဲ့ သီချင်းသံနဲ့အတူ သာယာညင်းပျောင်းလှတဲ့ ဒုံမင်းသံတို့ကလွဲလို့ တခြားဘာသံမှ မကြားရပါ။

**"တုံ့ကာဝင့်တင် မယ်... မြင် လှည့် ... လေး... ဆို... ယောင်... မှိုင်... မိသေး"**

ဆိုတဲ့ သီချင်းသံမှာ လွင့်မျောပါရင်း ပရိသတ်ကြီးဟာ အပ်ကျရင်တောင် ကြား ရမတတ် ငြိမ်သက်လို့နေပါတယ်။ ပြင်ပကမ္ဘာကြီးဟာလည်း မကြာမီ ရောက်လာ တော့မယ့် "အရုဏ်ဦး"ရဲ့ လင်းရောင်ခြည်ကို ငံ့မျှော်ကြိုဆိုရင်း တိတ်ဆိတ်ငြိမ်သက်လို့ပါ။

နောက်ဆုံး အဖြစ်မှန်အားလုံးကို သိသွားတဲ့ (ဖွားသစ်) ဟာ ပြည်သူအတွက် အသက်ကို ပမာမထားဘဲ ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့တဲ့ (ကိုရင်ထွန်းရွှေ) ရဲ့ စိတ်ဓာတ်ကို တန်ဖိုးထားပြီး မိမိရဲ့ မေတ္တာမွန်ကို **"ရဲဆု"**အဖြစ် အပ်နှင်းလိုက်ကာ ရာသက်ပန်အဖော်မွန်အဖြစ် ပြုစုစောင့်ရှောက်နိုင်ရန် ဆုံးဖြတ် လက်ထပ်လိုက်ပါတယ်။

လက်ထပ်မင်္ဂလာပွဲမှာ ရွာကသူငယ်ချင်းတွေ အပျော်ကြီးပျော်လိုက်ကြတာ ပွဲကြည့်ပရိသတ်ကို ကူးစက်ပြီး တဝါးဝါး တဟားဟားနဲ့ မိုးစင်စင်လင်းနေတာတောင် ဂရုမစိုက်ဘဲ ရှိနေကြပါတယ်။

နောက်ဆုံးမှာ ပြည်ဖုံးကားချပြီး "ပြီးပါပြီ" ဆိုတဲ့ စာတန်းထိုးလိုက်ပါတယ်။

ဟော… ဟော… ကြည့်ပါဦး။ ခြူသံတွေ တညံညံနဲ့ အိမ်ပြန်နေတဲ့ လှည်းတပ်ကြီး။ ညက ကြည့်ထားတဲ့ မွေးမိခင်ထဲက သီချင်းအပိုင်းအစတွေကို အော်ပြီး အပြိုင်အဆိုင် ပွဲခင်းထဲက ထွက်သွားကြတဲ့ မြင်ကွင်းကြီးကို ကျွန်မပြန်လည် မြင်ယောင်ရင်း အတိတ်ကို လွမ်းတဲ့ဝေဒနာ ခံစားနေမိတယ်။

ဒီလိုနဲ့ **"တပ်သားသစ်ဂုဏ်ပြုကြိုဆိုရေး"** ပွဲတော်ကြီးဟာ ၃ ရက် ဆက်တိုက်ကပြီးခဲ့ပါပြီ။ နေ့စဉ်လူထုရဲ့ အသံကို နားထောင်ရင်း လူထုအနှစ်သက်ဆုံးဖြစ်တဲ့ မွေးမိခင်ဆိုမှုဟန်သဘင်နဲ့ ရွှေချိုးဖြူအော်ပရာကို ပင်တိုင်ထားကာ ပွဲဦးထွက်တဲ့ယိမ်းနဲ့ နောက် ပိုင်း ပြဇာတ်များကို တညတမျိုး ပြောင်းလဲ ပြခဲ့ပါတယ်။ နောက်ပိုင်းပြဇာတ်ထဲမှာ ရဲဆု၊ အောင်ဖိမာန်၊ ချစ်ပန်းနှစ်ခိုင် ဒီ ၃ ခုထဲမှာ ရဲဆု ကိုပိုပြီး ကြိုက်ကြပါတယ်။

## တပ်မတော်ရဲ့ အသံ

ပွဲပြီးနောက်တနေ့ ညနေခင်းမှာ ကျွန်မတို့ ပြည်သူ့သဘင်အဖွဲ့ တခုလုံးကို တပ်မဟာက နှုတ်ဆက်ထမင်းစားပွဲ ဖိတ်ခေါ်ထား ပါတယ်။ နေ့လည်ကတည်းက ကြိုတင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ နှစ်ယောက်လုံး မလိုက်ပါ။ ကျွန်မတို့ဆီက ခေါင်းဆောင်အဖွဲ့နဲ့ တပ်မတော်က အဆင့်အသီးသီးရှိ ကေဒါများ၊ ခေါင်းဆောင်များ အားလုံးပါဝင်ပြီး ကပွဲတခုလုံးနဲ့ပတ်သက်လို့ နိဂုံးချုပ် လုပ်ကြမှာပါ။ အဆိုးအကောင်း အကျိုးအကြောင်းတွေ ပြောကြရမှာဖြစ်လို့ ကျွန်မတို့ နှစ်ယောက်စလုံးဟာ ခေါင်းဆောင်အဖွဲ့ (စခန်းကော်မတီ) ထဲမှာ ပါနေပေမယ့် အားလုံး အရှိကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ပြီး တပ်မတော်ရဲ့ အသံကို နားထောင်ရန် နေခဲ့တာပါ။

ကျွန်မတို့ ထမင်းစားဖိတ်တာကို မလိုက်တဲ့ ရည်ရွယ်ချက်အား ဦးလေးတို့ကို တင်ပြတော့ ဦးလေးတို့ ကလည်း သဘောတူပါတယ်။ နေ့လည်ဘက်မှာ ဦးလေးတို့အားလုံး တပ်မဟာဘက်ကို ထွက်သွားကြပါပြီ။

နောက်တနေ့ မနက်စာစားပြီး စခန်းအစည်းအဝေး လုပ်ပါတယ်။ တပ်မဟာက ဆွေးနွေးတင်ပြချက်၊ ထင်မြင်ချက်များကို ပြန်လည်မိတ်ဆက်ပေးဖို့ ဖြစ်တယ်။ တပ်မဟာက ကေဒါတွေဟာ အနုပညာလုပ်ငန်းနဲ့ ပတ်သက်လို့ အလေးထားမှု ရှိပါတယ်။ အနုပညာရဲ့ စွမ်းအားကို သဘောပေါက်ပါတယ်။ တရားပွဲ ၁၀ ပွဲလုပ်တာထက် ကပွဲတပွဲကတာကို လူထုက ပိုနှစ်သက်စွဲလမ်း ပါတယ်။ ကပွဲထဲက ပြောတာတွေကို အားလုံးလောက်နီးပါး မှတ် သား မိကြပါတယ်။ အနုပညာရဲ့ စွမ်းအားကို နားလည်လေးစားကြတယ်။ ဒါကြောင့် သူတို့ရဲ့ ရှုမြင်သုံးသပ်ချက်ဟာ ထောင့်စေ့တတ်ပါတယ်။

ဥပမာ – အော်ပရာများနဲ့ ပတ်သက်လို့ ရွှေချိုးဖြူ အော်ပရာမှာ မုဆိုးထွက်လာပြီး ရွှေချိုးဖြူကို အသေသတ်ရန် ကြိုးစားပုံ ကဟန်များဟာ ညက်ညောကာ ရွှေချိုးဖြူနဲ့ အပေးအယူလုပ်ပြီး ကတဲ့ကကွက်ကဟန်တွေဟာ လှပသိမ်မွေ့သလောက် ကြည့်ရသူများအဖို့ ပသာဒ ရှိလှတယ်။ (ငြိမ်းချမ်းရေးကို နယ်ချဲ့သမားက ဖျက်ဆီးချေမှုန်းလိုတဲ့ ဆန္ဒဟာလည်း ပေါ်လွင်လှတယ်)။ ဒါပေမယ့် ဒီအခန်းမှာ တခုအားနည်းသွားတာက မုဆိုးရဲ့ ဝတ်စား ဆင်ယင်မှုလို့ ပရိသတ်က ထောက်ပြခဲ့တယ်။ မုဆိုးတယောက်တည်း ထွက်ကရ ရင်တော့ ကိစ္စမရှိပါဘူး။ အခုဟာက တဘက်မှာက လှပယဉ်ကျေးတဲ့ ရွှေချိုးဖြူကို မုဆိုးက အမိဖမ်းပြီး အသေသတ်ရန် ကြိုးစားတဲ့ ကယ ဟန်၊ မလိုမုန်းတီးတဲ့ ကယဟန်တွေ၊ နာလိုခံခက် ကယဟန်တွေဟာ မင်းသားကြီးကယဟန်တွေနဲ့ အပေး အယူရှိရှိ ကပြသွားတာတွေမို့ ရည်မှန်း တဲ့ အဓိပ္ပာယ်ကိုအရောက် ပို့ပေးနိုင်ပါတယ်။

မုဆိုးဆိုပြီးတော့ ဝတ်စားဆင်ယင်မှုကို ဒါရိုက်တာက ဂရုမစိုက်ခဲ့ဖူး။ မုဆိုးရဲ့ မျက်နှာမှာလည်း ဘာခြယ်သမှုမှ မရှိခဲ့ဘူး။ ခါးရဲ့ အပေါ်ပိုင်းမှာ ဘာအဝတ်အစားမှ မရှိဘူး။ အသားက ဖြူဖြူ ခန္ဓာကိုယ်က ကြံ့ခိုင်သူမို့ ကြွက်သားအဖုအထစ်တွေကို တွေ့ရတယ်။ ခါးမှာတော့ ပုဆိုးအကွက်တထည်ဝတ်ပြီး ခါးတောင်းကျိုက်ထားတယ်။ နောက်ကြောဘက်မှာ (နယ်ချဲ့) ဆိုတဲ့ ဆိုင်းဘုတ်ငယ်တခုကို ချိတ်ဆွဲပေးထားတယ်။ ပန်းကန်လုံးကြီးကြီး တလုံး လောက်နီးပါးရှိတဲ့ မြားဘူးတဘူးလည်း ချိတ်ထားသေးတယ်။ သူဟာ မုဆိုး။ လူဆိုး လူမိုက်ပေမယ့် လစ်လျူရှုထားလို့ မဖြစ်ဘူး။ ပြကွက်ထဲမှာ အချိန်ကြာကြာ နေရာယူထားရသူ။ တဘက်မှာ လှပတဲ့ ရွှေချိုးဖြူနဲ့ တွဲဖက်ယှဉ်ပြိုင် ကရတာဆိုတော့ ဝတ်စား ဆင်ယင်မှု ညီမျှမှုမရှိရင် တဘက်စောင်းနင်းဖြစ်သွားစေတယ်။ ဒါမျိုးသတိထားသင့်တယ်လို့ ထောက်ပြလိုက် ပါသတဲ့။

ဒါရိုက်တာတွေဖြစ်တဲ့ ဦးလေးဦးလွန်းမောင်နဲ့ ဦးလေးဦးရွှေမှည့်တို့ နှစ်ဦးလုံးက ဒီထောက်ပြမှုကို လှိုက်လှိုက်လှဲလှဲ လက်ခံခဲ့ ကြတယ်။ ပြင်လည်း ပြင်ခဲ့ပါတယ်။ နောင်မှာဆို မုဆိုးကိုသင့်တော်တဲ့ (မင်းသားကြီး အဝတ်အစား) ဝတ်ဆင်ပြီး ကစေခဲ့တယ်။

တခုလုံးခြုံလိုက်ရင် "ဗဟိုပြည်သူ့သဘင်"ဆိုတဲ့အမည်နဲ့ လိုက်အောင် ရဲဘော်များ အချင်းချင်းဆက်ဆံရေး၊ နေထိုင်ပြောဆိုမှုကအစ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီမှု၊ စည်းလုံးညီညွတ်မှုအဆုံး ကောင်းမွန်ကြတယ်လို့ ထောက်ပြကြတယ်။ ဒါကြောင့် ရဲဘော် အားလုံး လက်ရှိအနေအထားကို ဆက်လက်ထိန်းသိမ်းပြီး ရှေ့ဆက် ချီတက်သွားရေး တောင်းဆိုကြပါတယ်တဲ့။

ဒီလို ဝေဖန်ထောက်ပြ တောင်းဆိုချက်တွေကို ကြားရတော့ ရဲဘော်အားလုံးဟာ နှစ်ထောင်းအားရ ဖြစ်မိကြတယ်။ တောင်းဆိုချက်များကို လက်ခံပြီး ရှေ့ကို ကောင်းသထက် ကောင်းအောင် ဆောင်ရွက်သွားကြဖို့ သန္နိဋ္ဌာန်ချကြပါတယ်။

## ပါတီအပေါ်မှာ ယုံကြည်သည် ရှေ့ကို ရဲရဲချီ

၁၉၅၂ နွေဦးမှာ ဖြစ်ပါတယ်။ တနေ့ နံနက်ခင်းမှာ "အရေးပေါ် ပါတီကလာပ် စည်း အစည်းအဝေး" ခေါ်ပါတယ်။ ကျွန်မတို့ နှစ်ယောက်လုံး ပါတီဝင်တွေ ဖြစ်နေကြပြီမို့ အစည်းအဝေးကို တက်ကြပါတယ်။ အစည်းအဝေးမှာ ပါတီဗဟိုက လက်ရှိ အခြေအနေနဲ့ ကိုက်ညီတဲ့ လမ်းစဉ်တရပ်ကို ချမှတ်လိုက်ပြီဖြစ်ကြောင်း ရှင်းပြပါတယ်။

အဲဒီချမှတ်လိုက်တဲ့ လမ်းစဉ်အသစ်ကို ***"ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ လမ်းစဉ်"***လို့ ခေါ်ပါတယ်။ အဲဒီလမ်းစဉ်ရဲ့ အနှစ်သာ ရကတော့ (၁) တော်လှန်ရေးကိုရပ် (၂) အရင်းရှင် ဥပဒေဘောင်အတွင်းဝင် (၃) အုပ်စိုးနေတဲ့ အရင်းရှင်လူတန်းစားနဲ့တွဲပြီး ညွန့်ပေါင်း အစိုးရတရပ်ဖွဲ့ရေး ဖြစ်တယ်။

အဲဒီလမ်းစဉ်ကို မြစ်ဝကျွန်းပေါ်တိုင်းမှာ "အတိုင်ပင်ခံ ကွန်ဖရင့်" ခေါ်ယူ ကျင်းပ အတည်ပြုနိုင်ရေး ဖြစ်ပါတယ်။ မကြာမီ တပတ်လောက်အတွင်း နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်တဦး ဦးဆောင်ပြီး ခရီးထွက်ပါမယ်။ ဒီခရီးကို ကျွန်မတို့ ဝါဒဖြန့်ချိရေးအဖွဲ့က လက်ရွေးစဉ် ၁၀ ယောက် (တပ်စိတ်တစိတ်) လိုက်နိုင်ရန် ကလာပ်စည်းက ရှင်းပြပါတယ်။ လူရွေးတဲ့အခါ (၁) လုပ်ငန်းလိုအပ်ချက်အရ ဖြစ်ရမယ်။ (၂) လိုက်ရမယ့် ရဲဘော်ကိုယ်တိုင်ကလည်းတူညီတဲ့ဆန္ဒ ရှိရမယ်။ ဒီ နှစ်ချက်နဲ့ ကိုက်ညီတဲ့ ရဲဘော် ၁၀ ယောက် ရွေးပါတယ်။ ဒီ အရွေးခံရတဲ့အထဲမှာ ကျွန်မတို့ ဇနီးမောင်နှံ ပါပါတယ်။ ပါဝင်တဲ့ ရဲဘော်အများစုဟာ ပါတီဝင်တွေဖြစ်ကြပါတယ်။ ဒီအဖွဲ့ငယ်ကို ဦးလေးဦးရွှေမှည့်က ဦးဆောင်ပါမယ်။ ကိုယ့်ပိုးအိတ် ကိုယ်ထမ်း။ ခရီးရှည် ချီတက်ရပါမယ်။ တပ်နဲ့ အတူချီတက်ရတာပါ။ တပ် စည်းကမ်းအတိုင်း လိုက်နာရပါမယ်တဲ့။ အခု အစည်းအဝေးပြီးတာနဲ့ ကိုယ်ယူရမယ့်ပစ္စည်း အသင့်ပြင်ထား။ ဒါဟာ အထူးလျှို့ဝှက်ချက်ဖြစ်တယ်။ လုံးဝ မပေါက်ကြားစေရ။ ခေါ်လိုက် တဲ့အချိန် ထလိုက်နိုင်ဖို့ အသင့်ပြင်ထားဖို့ ညွှန်ကြားပြီး အစည်းအဝေးကို အဆုံးသတ် လိုက်တယ်။

## ချီ ... ချီ ရှေ့ကိုချီ

နွေဦး ဖေဖော်ဝါရီ ပထမတပတ်အတွင်း နံနက်စောစော ပျဉ်းမနားမြို့နယ် ဘုရားတောင်–ပိုတက်ရွာအနီးရှိ စီအိုစီ(သဇင်စခန်း၊ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းတို့ နေတဲ့)စခန်းမှ

စထွက်ပါတယ်။ တပ်ခွဲတခွဲ ပါတယ်။ တပ်ကို ဦးစီးသူက ဗိုလ်မှူးအောင်ကြီး (အငယ်) ဖြစ်တယ်။ ရွာက အမာခံကေဒါ (မုဆိုး) နှစ်ယောက် ပါတယ်။ ရိုးမကို ကျော်ဖြတ်ပြီး သွားရတယ်။ ဆင်ကြီး တကောင်လည်း ပါတယ်။ အရေးကြီးတဲ့ ပစ္စည်းတွေကို ဆင်ပေါ်မှာ ထင်ထားတယ်။

ပါလာတဲ့ ဗဟိုခေါင်းဆောင်က သခင်ဇင် (နိုင်ငံရေးဦးဆောင်ဌာနအဖွဲ့ဝင်) ပါ။ လမ်းမှာ ဘယ်သူမှ မသိရပါဘူး။ ဘယ်လမ်းကို သွားတယ်။ ဘယ်ကို ဦးတည်သွားနေတယ် ဆိုတာကိုလည်း အသိမပေးပါဘူး။ နံနက် ၅ နာရီ ခရာမှုတ်ရင် အိပ်ရာထ၊ တန်းစီ၊ လူစစ်၊ ပြီးရင် ခရီးထွက်။ နေ့လည် ၁၁ နာရီဆိုရင် နား၊ ထမင်းစား။ နေ့လည် ၂ နာရီ ခရီးဆက် ထွက်။ ညနေ ၅ နာရီ နား၊ ထမင်းစား။ ပြီးရင် ည ခရီးဆက်ထွက်။ ည ၁၀ နာရီလောက်မှာ နား၊ တောထဲမှာပဲ ညအိပ်။ နေ့စဉ် ဒီလိုပဲ ချီတက်ခဲ့ကြတယ်။ ကျွန်မအဖို့ ခရီးရှည် ချီတက် တာဟာ ဒါ ပထမအကြိမ်ဖြစ်တော့ ထွက်ခါစ ၂–၃ ရက်မှာတော့ ဖျားတော့မလိုလိုတောင် ဖြစ်ပါတယ်။ ဒါပေမယ့် မဖျားပါဘူး။ တပတ် လောက်ရှိလာတော့ ခရီးသွားရတာ ကျင့်သား ရသွားပါပြီ။ ခြေထောက်တွေမှာတော့ အဖုတွေထပြီး ရောင်လာပါတယ်။ ကျွန်မတို့ တဖွဲ့လုံးဟာ ခရီးရှည် ချီတက်နေရပေမယ့် သားရေခြေညှပ်ဖိနပ်များသာ စီးထားတာပါ။ တပ်ခရီးထွက်တဲ့အခါ ကျွန်မတို့အဖွဲ့က အလယ်မှ လိုက်ရတယ်။ နောက်ဆုံးမှာ ရဲဘော် တချို့ရှိပါတယ်။ ကျွန်မကတော့ နောက်ဆုံးမဖြစ်အောင် အမြဲ ကြိုးစား ချီတက်နေရပါတယ်။

ဖေဖော်ဝါရီလ ဆိုတော့ ရိုးမကြောပေါ် ဖြစ်ပေမယ့် သိပ်မသက်သာလှဘူး။ နေသိပ် ပူပါတယ်။ လုံချည်ကို တိုတိုဝတ်။ ခါးမှာ ကြိုးနဲ့ချည်ထား။ အင်္ကျီကိုတော့ လက်ရှည် အင်္ကျီ ဝတ်ထားတယ်။ (ကျွန်မတို့ ဝါဒဖြန့်ချိရေးက ရဲဘော်များအားလုံးဟာ စစ်တပ်လို ဝတ်တာမဟုတ်ဘဲ အရပ်ဝတ်ကိုပဲ အဲဒီတုန်းက ဝတ်ခဲ့ရတာပါ)။ ခေါင်းမှာတော့ ရဲဘော်တွေ လုပ်ပေးထားတဲ့ သစ်ရွက်သစ်ခက် နွယ်ကြိုးတွေနဲ့ ရက်လုပ်ထားတဲ့ ဦးထုပ်ပါတယ်။ ဆောင်း ရတာ အေးပြီး တော်တော်ကောင်းပါတယ်။ ပိုးအိတ်ကိုပိုး လက်မှာတောင်ဝှေး တချောင်းကို ကိုင်ထားတယ်။ ခရီးရှည်သွားရင် တောင်ဝှေးကို သုံးတာဟာ တော်တော် အကျိုးရှိပါတယ်။ တောင်ကြောပေါ်မို့ အတက်အဆင်း နည်းပါတယ်။ စခန်းက ထွက်လာစဉ်က အမျိုးသမီး ဆိုလို့ ကျွန်မနဲ့ မမနွယ် (ဦးလေးမှည့် ဇနီး) ၂ ယောက်ပဲ ပါယ ပါတယ်။ လမ်းတ လျှောက်လုံး လူမတွေ့၊ ရွာမတွေ့။ တနေ့မှာ ညနေစာစားပြီး ခရီးဆက်ထွက်လာလိုက်တာ ည ၈ နာရီ လောက်မှာ မျက်စိလည် လမ်းမှားပြီး ညနေက ထမင်းစားခဲ့တဲ့ နေရာကိုပဲ ပြန် ရောက်လာ တယ်။ ဒါနဲ့ အဲဒီနေရာမှာပဲ ညအိပ်လိုက်ရတော့တယ်။

## တောကောင်ပူတယ် သတိထား

အဲဒီမှာ ညအိပ်တော့မယ်ဆိုမှ မုဆိုးကျော် ဦးလေးကြီးတို့က သတိပေးစကား ပြော လာပါတယ်။ "ညမှာ ရဲဘော်တွေ အပေ့ါအပါးသွားရင် တယောက်တည်း မသွားနဲ့။ အဝေး မသွားနဲ့။ ဒီနေရာက တောပိုနက်လို့ တောကောင် (ကျား) ပေါတယ်"တဲ့။ မကြာခင် ရက်ပိုင်း အတွင်းက ဒီနေရာမှာ အမျိုးသမီးတယောက် ကျားဆွဲခံရဖူးတယ်။ "ပြည်သူ့ ရဲဘော်က ဗိုလ် မင်းနွယ် ဦးစီးပြီး တပ်ဖွဲ့တဖွဲ့ ဒီနေရာမှာ ယာယီစခန်းချဖူးတယ်။ တနေ့ညနေ နေဝင်ရီ တရော အချိန်မှာ ဗိုလ်မင်းနွယ်ရဲ့ဇနီးဟာ အပြင်မှာ အနီးလှန်းထားလို့ သွားရုပ် တယ်။ အဲဒီမှာ... အမျိုးသမီးအော်သံကြားလို့ ဗိုလ်မင်းနွယ်က လှမ်းကြည့်လိုက်တော့ သူ့အမျိုးသမီးကို ကျားဆွဲသွားတာ မြင်လိုက်ရတယ်။ ဒီတော့မှ အခြေအနေအမှန်ကိုသိပြီး နောက်က သေနတ်နဲ့လိုက်ပစ်ပေမယ့် မရလိုက်တော့ဘူး။ အလောင်းကိုတောင် ပြန်မ ရပါဘူး"တဲ့။

ကျားဆိုတာ လူသားတခါ စားဖူးရင် တခြားအမဲကောင် (သားကောင်) များကို စိတ်မဝင်စားတော့ပဲ လူကိုပဲ လိုက်ရှာပြီး ရန်မူ တတ်တယ်။ (လူသားက ပိုကောင်းတယ်တဲ့)။ ဒါကြောင့် ဒီနေရာတဝိုက်မှာ ကျားဆိုးရဲ့ ရန်ဟာ ပိုကြီးလာတယ်။

ကျွန်မလည်း နားမလည်တာတွေကို မေးကြည့်လေ့လာကြည့်ပါတယ်။ "ကျားချီ တယ်။ ကျားဆွဲတယ်ဆိုတာ လူပဲဖြစ်စေ၊ တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်) ပဲဖြစ်စေ၊ ကျားက အပေါ်က ခုန်အုပ်ပြီးတော့ လည်ကုပ် သို့မဟုတ် လည်မျိုကို ကိုက်ထားခဲထားပြီး သူသွား လိုရာကို ဆွဲခေါ်သွားတာ။ အဲဒီတော့ ကိုက်ခဲထားတာက နာတော့ ကျားခေါ်တာကို ပါသွားရတာ ဖြစ်တယ်။ ဒီလိုနဲ့ သူ့ထက်ကြီးတဲ့ သားကောင်တွေကို လိုရာဆွဲသွားတာ"တဲ့။ မုဆိုးကြီးတွေက ရှင်းပြပါတယ်။

ကျွန်မတို့ မြင်ဖူးတာ နားလည်တာက ပွဲထဲဇာတ်ထဲမှာ 'ရွှေဖျဉ်းညီနောင်' ဇာတ်ပြတဲ့အခါ ရက်ကန်းစင်မှာ ရက်ကန်းရက်နေတဲ့ 'မယ်ဥ'ကို ကျားချီတာ မြင်ဖူး ပါတယ်။ မယ်ဥကို ကြောက်အောင် ကျားက ခြောက်လှန့်တော့ မယ်ဥခမျာ ကြောက်ပြီးထွက် အပြေးမှာ ကျားက နောက်က လိုက်ပုတ်တော့ မယ်ဥဟာ မပြေးနိုင်ဘဲ လဲအသွားမှာ မယ်ဥ ခါးမှာ ပတ်ထားတဲ့ ခါးပတ်ကို ကိုက်ပြီး ကျားက အားရအောင် ကစားပြီးမှ မယ်ဥ သေသွား တယ်။ ဒီတော့မှ ကျားက မယ်ဥရဲ့ ခါးပတ်ကို ကိုက်ရမ်းပြီး သူ့ကျောကုန်းပေါ် ပစ်တင် လိုက်တယ်။ မယ်ဥရဲ့ အလောင်းဟာ ကျားရဲ့ကျောကုန်းပေါ်မှာ ကန့်လန့်ဖြတ် အလိုက်သင့် လေး တင်မိသွားတော့မှ ကျားဟာ ကားကြားထဲကို ဝင်သွားတာ။ ဒါပဲ မြင်ဖူး တာကိုး။

အဲဒီနေ့ညက ကျွန်မတို့ဖြင့် ကြောက်လိုက်တာ။ မိုးမြန်မြန်လင်းပါစေလို့ပဲ ဆုတောင်း မိတယ်။ ထမင်းစားပြီး ရေလည်းများများ မသောက်ရဲဘူး။ ညထရမှာ ကြောက်လို့။ အဲဒီညက ကျွန်မတို့ ဖိုထားတဲ့ မီးပုံကြီးဟာ တော်တော်ကြီးပါတယ်။ တောထဲမှာ အိပ်ရင် မီးပုံ ကောင်းကောင်း လုပ်ရတယ်။ (တောကောင်များဟာ မီးကိုကြောက်တယ်တဲ့)။ ဒါကြောင့် မီးဖို အကြီး ကြီးဖိုပြီး မီးဖိုကြီးကို ဝိုင်းပြီး အိပ်ခဲ့ကြတယ်။ အားလုံး သတိရှိရှိနဲ့ အိပ်ခဲ့ကြရတာပါ။

နောက်တနေ့ မနက်စောစော ခရီးဆက်ထွက်ခဲ့တယ်။ ဗဟိုစခန်းက ထွက်လာတာ တပတ်လောက် ရှိသွားပါပြီ။ ရွာတရွာမှ မတွေ့သေးပါဘူး။ အဲဒီနေ့ ညနေမှာတော့ ရွာတရွာကို စတွေ့လိုက်ရပါပြီ။ ရဲဘော်တွေအားလုံး ဝမ်းသာလိုက်ကြတာ။ ရွာနာမည်က ‘သုံးရွာဆိုင်’ တဲ့။ ပြည်ခရိုင်အတွင်းက ရွာတရွာလို့ ဆိုပါတယ်။ ရွာမှာပဲ အနားယူဖို့ ပြောပြီး ကျွန်မတို့ ဝါဒ ဖြန့်ချိရေးအဖွဲ့ တဖွဲ့လုံးကို အိမ်ကြီးတအိမ်မှာ နေရာချပေးတယ်။ ခရီးကလည်း ပန်းလာ။ ညကလည်း ကောင်းကောင်း မအိပ်ရဲလို့ မအိပ်ခဲ့ရတော့ အိမ်ကြီးပေါ်လည်း ရောက်ရော ပိုးအိတ်လေးတွေ ချပြီး အေးအေးဆေးဆေး နားလိုက်ကြတာ ဘယ်အချိန်က ဘယ်လို အိပ်ပျော် သွားမှန်းတောင် မသိလိုက်ပါဘူး။ အိပ်ပျော်သွားပါတယ်။ “ရဲဘော်တို့ ထကြတော့–ထကြတော့ မိုးလည်းချုပ်ပြီ ထမင်းထုပ်တွေလည်း စုံပြီ၊ ထမင်းစား ကြရအောင် ရဲဘော်တို့ရေ ထကြတော့”ဆိုတဲ့ အသံတွေ ကြားရတော့မှ နိုးလာပြီး ထကြ၊ မျက်နှာသစ် ကြနဲ့ ပြီးတော့မှ ထမင်းစား စားပွဲခုံဘေးမှာ ဝိုင်းထိုင်လိုက်ကြတယ်။

## ပေါက်ခေါင်း ဝက်အူချောင်း

ထမင်းကလည်း ဆာနေပါပြီ။ ထမင်းထုပ်ကြီးတွေကလည်း အကြီးကြီးတွေ။ ကိုယ်စီကိုယ်စီ ထမင်းထုပ်တွေ ဖြေနေပါပြီ။ ဖြေလို့ အရင်ဆုံး ပြီးသွားတဲ့ ရဲဘော်က ဝမ်းသာအားရနဲ့ ထပြီး“ဟာ... ဟင်းကောင်းတယ်ဟေ့။ ဟင်းကောင်းတယ်”လို့ ဝမ်းသာအားရ အော်လိုက်တော့ ကျန်ရဲဘော်တွေ အားလုံးကလည်း ဝမ်းသာအားရနဲ့ ဝိုင်းပြီး “ဘာဟင်းလဲ... ဟင်... ဘာဟင်းလဲ”လို့ ဝိုင်းပြီး အလောတကြီးမေးလိုက်တယ်။ ပထမရဲဘော်က သူ့ထမင်းထုပ်ထဲက ဟင်းကို လက်နဲ့မြှောက်ပြီး “ဝက်အူချောင်းဗျ... ဟီး ဟီး ဝက်အူချောင်း၊ ဝက်အူချောင်း ကြော်ထားတာ ဒီမှာကြည့်ပါလား”လို့ပြောလည်းပြော လက်ကလည်း မြှောက် မြှောက် ပြနေတယ်။

“ဟာ... ဟုတ်ပါရဲ့။ ကြော်ထားတာ ရဲနေတာပဲ” လို့ အချင်းချင်းပြောကြပါတယ်။ ကျွန်မလည်း စကားပြောရင်းနဲ့ ကိုယ့်ထမင်းထုပ်ကို အမြန်ဖြေနေမိတယ်။

“အမယ် လေး… ဝမ်းသာလိုက်တာ… ကျွန်မဆီမှာလည်း ဝက်အူချောင်းကြော် နီရဲရဲ ၄ ချောင်း တောင် ပါတယ်” တော်လှန်ရေးထဲရောက်မှ ဝက်သား၊ အမဲသား၊ ငါး– ဒါတွေအားလုံး စားရတယ်။ ဝက်အူချောင်းကတော့ တခါမှ မစားရဘူး။ ဟန်ကျတာပဲ။ ကျန်တဲ့ ရဲဘော် ၄–၅ ယောက်လည်း ဝက်အူချောင်းကြော်တွေပဲ။

“ကဲ… ကဲ… ကျန်တဲ့ ရဲဘော်တွေလည်း မျှစားကြတာပေါ့”လို့ ပထမရဲဘော်က ပြောလိုက်ပြီး ပြောပြောဆိုဆိုနဲ့ ဝက်အူချောင်းတချောင်းကို ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ ခဏနေတော့ “အား… ပါးပါး”လို့ အော်လိုက်သံကြားလို့ သူ့ကိုကြည့်လိုက်တော့ ပါးစပ်ကို မဲ့ရွဲ့ထားပြီး မျက်လုံးကို အတင်းမှိတ်ထားပါတယ်။

“ဟေ့ကောင် အရေးထဲ နောက်တောက်တောက် လုပ်ပြမနေနဲ့။ မင်းဟာကို ဘယ်သူမှ ယူမစားဘူး”

“မ… မ… မဟုတ်ပါဘူးကွ။ ငါမနောက်ပါဘူး။ မင်းတချောင်း စားကြည့်ပါ။ ရော့” သူ့ထမင်းထုပ်ထဲက ဝက်အူချောင်း တချောင်းကို ယူပေးနေပါတယ်။ ဒုတိယ ရဲဘော်က လှမ်းယူတဲ့ပြီး စားလိုက်ရင်း “အလာ…လာ… လာ ” လုပ်ပြန်ပြီ တယောက်က။ “ဘာဖြစ် တာလဲ” အားလုံးက ဝိုင်းမေးမှ အဖြေမှန် သိကြရတော့တယ်။ “အမယ်လေး ချဉ်လို့… ချဉ်လို့။ သိပ်ချဉ် တာ…”တဲ့။ “ဟယ်… ဝက်အူချောင်းပါဆို။ ချဉ်ရသတဲ့လား” “အေးပါ… အကြောင်း သိအောင် စားကြည့်၊ စားကြည့်”

ဒါနဲ့ ကျွန်မအပါ ကျန်တဲ့ ရဲဘော် ၂–၃ ယောက်လည်း စားကြည့်ကြပါတယ်။ မစားခင် ကျွန်မ ဝက်အူချောင်းကို သေသေချာချာ ကြည့်လိုက်ပါတယ်။ ရေနံဆီ မီးတိုင် အောက် မှာ လက်ညှိုးလောက်တုတ်ပြီး တညှိုလောက်နီးပါးရှိတဲ့ ဝက်အူချောင်း ၄ ချောင်းဟာ နီ ရဲနေအောင် ကြော်ထားတာ စားချင်စဖွယ်။ ကျွန်မတို့ကို လက်ယပ် ခေါ်နေသယောင်ယောင်။ ကျွန်မတို့က သူတို့ ၂ ယောက်လို အားပါးတရ တချောင်းလုံး ထိုးထည့်လိုက်တာ မဟုတ်ပါဘူး။ ဝက်အူချောင်းတချောင်းကို ယူပြီး အဖျားထိပ် ကလေး ကိုသာ ကိုက်စား လိုက်တာပါ။ “အင်း … ဟုတ်ပါရဲ့။ ချဉ်ချဉ် စပ်စပ်လေးနော်” ကျွန်မက အဲဒီလို ပြောလိုက်တော့ အားလုံးက ဝိုင်း ရယ်လိုက်ကြပါတယ်။ ဟုတ်ပါတယ်။ ကျွန်မ ကတော့ ဒီလို ချဉ်ချဉ်စပ်စပ်လေးကို ကြိုက်ပါ တယ်။ ဟို ရဲဘော် ၂ ယောက်က ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဆက်ဝါးနေလိုက်တာ ဂလောက် ဂလောက်နဲ့ အရိုးကို ကိုက်မိတဲ့အသံမျိုး ကြားလိုက်ရလို့ သူတို့ ၂ ယောက်ကို ဝိုင်းကြည့် အကဲခတ် နေကြတယ်။ ခဏ နေတော့ အဲဒီအရိုးကို ကြမ်းပြင်ပေါ် ထွေးချလိုက်တာ ‘ဒေါက်’ကနဲ အသံကြားရလို့ သွားကြည့်လိုက်တော့ “ဟယ်… မန်ကျည်းစေ့ပဲ။ မန်ကျည်းစေ့” ဟုတ်ပါ တယ်။ မီးရောင်အောက်မှာ အရောင်

တလက်လက်နဲ့ မည်းနေတဲ့ မန်ကျည်းစေ့ကို တွေ့လိုက်ရပါတယ်။ "သြော်… လက်စသတ်တော့ ဒီလိုကိုး။ မန်ကျည်းသီးမှည့်ကို အတောင့်လိုက် ကြော် ထားတာကိုး"

အင်းမဆိုးပါဘူး။ ဒါလည်း ဟင်းတမျိုးပေါ့။ တောထဲမှာ စားရတဲ့ ဟင်းထက် အများ ကြီးကောင်းပါတယ်လို့ အချင်းချင်းပြောပြီး ရယ်လိုက်မိကြသေးတယ်။ ကျွန်မကတော့ ဒီဟင်းကို ကြိုက်ပါတယ်။ နောက်တော့ ကျွန်မတို့အားလုံး သဘောတူ ဒီဟင်းကို "ပေါက်ခေါင်းဝက် အူချောင်း"လို့ အမည်ပေးထားလိုက်ပါတယ်။

## လာပြန်ပြီ နောက်တမျိုး

ကျွန်မတို့ ထမင်းစားနေတုန်း အိမ်ရှင် ဦးလေးကြီးက ထမင်းဝိုင်းကို လာကြည့်ပြီး "ဟင်… ဘာဟင်းရည်မှလည်း မပါဘူး။ ခြောက်ကပ်ကပ်ကြီး။ ဖြည်းဖြည်းစား ဖြည်းဖြည်းစား။ ကျုပ်ဟင်းရည် လုပ်လိုက်ဦးမယ်"ဆိုပြီး ပြောပြောဆိုဆို ဓားဆွဲကာ မီးဖိုထဲ ဝင်သွားလို့ အားလုံးလည်း ဖြည်းဖြည်းပဲ စားနေလိုက်ကြတယ်။ တအောင့်လောက်ရှိတော့… ဟင်းသောက်ပန်းကန်ကြီး ကိုင်ထွက်လာတယ်။ "ကိုင်း – ဖြည်းဖြည်းစားကြ။ ဒီဟင်းရည်က 'ကုန်းကြောင်းဟင်းချို'လို့ ခေါ်တယ်။ သောက်ကြည့်"တဲ့။ သောက်ကြည့်တော့ ချိုချဉ်ရည်ပဲ။ အစပ်လည်း နည်းနည်းပါတယ်။ ဟင်းခွက်ထဲ ကြည့်လိုက်တော့ မန်ကျည်းမှည့်လက် တဆစ်လောက် ၂–၃ ဖြတ်။ ရေတ်သီးစိမ်းကို ပါးပါးလှီးထည့်ထားတယ်။ ကြက်သွန်နီဥကြီးကြီးကိုလည်း ပါးပါးလှီး ထည့်ထားတယ်။ ပြီးတော့ ချင်းစိမ်းနဲ့ ကြက်သွန်ဖြူ နည်းနည်းကို ဓားပြား ရိုက်ထည့် ထားတယ်။ ရေအေးထဲ ဆားထည့်ပြီး အဲဒါတွေနဲ့ ရောမွှေထားတာမို့ အေးလည်းအေး မွှေးလည်း မွှေးတယ်။ နွေရာသီနဲ့ ကိုက်ညီတဲ့ ဟင်းတခွက်လို့ ဆိုရမှာပဲ။

ဒီ'သုံးရွာဆိုင်'မှာ ၃ ရက်လောက် နားလိုက်ပါတယ်။ နေမကောင်းတဲ့ ရဲဘော်တချို့ဟာ ဆေးလည်းကု၊ အနားလည်း ရတော့ တော်တော်လေး အားပြည့်လာကြတယ်။ ကျွန်မတို့ ခြေထောက်ပေါက် (ခရီးကြမ်းလို့ ခြေထောက်မှာ မီးလောင်ဖုလို အဖုတွေ ပေါက်ပြီး လမ်းကောင်းကောင်း မလျှောက်နိုင်) တဲ့ ရဲဘော်တွေလည်း အနားရ ဆေးထည့်ကြရလို့ အခြေအနေ အတော်ကောင်းလာတယ်။ အဲဒီမှာ အစည်းအဝေးထိုင် ဖြစ်ကြသေးတယ်။ ခရီးဟာ အစပဲ ရှိသေးတယ်။ ကွန်ဖရင့် ကျင်းပမယ့် နေရာကို ရောက်ဖို့ တော်တော်လိုသေးတယ်။ အခုခရီးဟာ သုံးပုံတပုံတောင် မရောက်သေးဘူး။ အကြောင်း အမျိုးမျိုးကြောင့် ခရီးဆက် မလိုက်နိုင်တဲ့ ရဲဘော်များ ရှိရင် တင်ပြဖို့ အစည်းအဝေးမှာ တောင်းဆိုပါတယ်။ ဒီနေရာဟာ အနောက်ပိုင်းတိုင်းဒေသ ဖြစ်လို့ တိုင်းကော်မတီတာဝန်ခံ ရဲဘော် (ဦး)ယော

ကလည်း "ကျန်ခဲ့ မယ့် ရဲဘော်များ ရှိရင်လည်း လိုအပ်သလို စီစဉ်ဆောင်ရွက်ပေး သွားမယ်။ ကူညီသွားမယ်"လို့ ဆွေးနွေးပါတယ်။

တပ်မှ ငှက်ဖျားထနေလို့ ခရီးဆက်မလိုက်နိုင်တော့တဲ့ ရဲဘော် ၂ ယောက်။ ကျွန်မ တို့အဖွဲ့မှ ၁ ယောက်။ ပေါင်း ၃ ယောက် ကျန်ခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့မှ ကျန်ခဲ့သူဟာ မမ နွယ်ပါ။ မမနွယ်ဟာ ကျန်းမာရေးကောင်းသူပါ။ လိုက်လည်း အင်မတန် လိုက်ချင်ပါတယ်။ ခက်တာက သူ့မှာ ကလေး ပါနေပါတယ်။ ကလေးက သားဦးသမီးလေး (ခင်အုံးမြင့်) က အခါလည်ပဲ ရှိပါသေးတယ်။ ခရီးသွားတဲ့ အခါ ကလေးကို ဦးလေးနဲ့ မမနွယ်တို့ တလှည့်စီ ချီကြလွယ်ကြရပါတယ်။ ကလေးကို ပုဆိုးတထည် ဂွင်းသိုင်း ထားတဲ့အထဲ ထည့်ပြီး လွယ်ရ တာပါ။ ကလေးကလည်း ဝတုတ်တုတ်လေးမို့ လွယ်ရတာ သိပ်မလွယ်ပါ။ ဦးလေး လွယ် ရတဲ့အခါ ပိုခက်ပါတယ်။ နောက် ကျောမှာက ပိုးအိတ်။ ရင်ဘတ်မှာက ကလေး။ လက်မှာက ဒုံမင်းကို ဆွဲထားရသေးတယ်။ ကျန်တဲ့ ရဲဘော်များမှာ ကလည်း တချို့က ဂီတာ။ တချို့က တယော စတာတွေကို ဆွဲရ ထမ်းကြရတယ်။

ကျွန်မလည်း ပိုးအိတ်ထဲမှာ ကိုယ့်အဝတ် အပိုတစုံနှစ်စုံအပြင် ဇာတ်နဲ့ဆိုင်ရာ ပစ္စည်းများကို သယ်လာထမ်းလာရပါတယ်။ အဲဒီတော့ အချင်းချင်း အပြန်ပြန်အလှန်လှန် ကူညီချင်ပေမယ့် "တောင်မင်း မြောက်မင်းမကယ်နိုင်"ဆိုတဲ့ ဘဝမျိုးကို ရောက်နေပါတယ်။ အဲဒီရွာက စထွက်တဲ့နေ့ကတော့ မမနွယ်တို့ သားအမိကို တော်တော်သတိရမိပါတယ်။

နွေရာသီရဲ့ အပူရှိန်ဟာ တနေ့ထက် တနေ့ ပိုလို့ပိုလို့ ပြင်းလာပါပြီ။ လမ်းမှာ ထမင်းစားနားတဲ့ အချိန်တိုင်း၊ ထမင်းစားတိုင်း "သုံးရွာဆိုင်"က အိမ်ရှင်ဦးလေးကြီး (ကရင် အမျိုးသားကြီးဖြစ်ပုံရပါတယ်) ရဲ့ လောကွတ်ပျူငှာ ကြိုးစားပြီးပြောလာတဲ့ စကား သံတွေကို ပြန်လည်ကြားယောင်နေမိတယ်။ အဲဒီလို သတိရလာတိုင်း ရဲဘော် အချင်း ချင်းလည်း စကြ နောက်ကြပါတယ်။ ရဲဘော်တွေ ထမင်းစား တာကို အနားမှာ ထိုင်ကြည့် ရင်း "ဝဝ စား၊ များများ စား၊ စားသာစား၊ အားမနာဘူးလား၊ နင့်အမေလင်လို သဘော ထား။ စားစား၊ အားမနာ ဘူးလား"လို့ စေတနာတွေ ထက်သန်တဲ့ မျက်နှာနဲ့ ပြောပြီး အားပေး နေတတ်ပါတယ်။ ကြည့်ရတာ တော်တော် အနောက် သန်တဲ့ ရဲဘော်တယောက် ယောက်က ဗမာစကား သင်ပေးထားဟန် ရှိပါတယ်။ ကျွန်မတို့ ရဲဘော်တွေလည်း ဦးကြီးကို သတိရပြီး သူ ပြောတဲ့ ဟန်နဲ့ တူအောင်လုပ်ပြောပြီး ရယ်ကြ ပျော်ကြနဲ့ ဒီလိုနဲ့ပဲ ပင်ပန်းနွမ်း နယ်သမျှကို မေ့ပျောက် ပြီး ဖွဲနဲ့ချီတက်လာကြတာ ၁၀ ရက် ခရီးလောက် ရှိသွားပါပြီ။

တညနေ ထမင်းစား နားတဲ့အခါ ထူးဆန်းတဲ့ သတင်းတခုကို ကြားရတယ်။ ဒီအနီး တဝိုက်မှာ ဖြူအဖွဲ့ တဖွဲ့ရှိတယ်တဲ့။ ကျွန်မဖြင့် လန့်သွားတာပဲ။ (အဲဒီအချိန်က ကျွန်မတို့ ပါတီဟာ ဖြူ အလံနီ၊ ပြည်သူ့ရဲဘော်အားလုံးနဲ့ ဘယ်နေရာမှာဖြစ်ဖြစ် အပြန်

အလှန် တိုက်ပါတယ်)။ နောက် တနာရီလောက်ကြာတော့ သတင်းတခု ပြန်ရောက် လာပါတယ်။ ကျွန်မတို့ဆီက ဂြူပ်ဖွဲ့ဆီကို ကော်မတီတဖွဲ့ လွှတ်ပြီးချဉ်းကပ်ပါတယ်။ ခရီး ထွက်လာ တဲ့ အကြောင်းရင်းကိုလည်း တင်ပြပါတယ်။ ၎င်းအဖွဲ့က ခေါင်းဆောင်ဟာ ဖော်ရွေ စွာ လက်ခံကြိုဆိုပါတယ်။ (အရင်က ဒီခေါင်းဆောင်ဟာ တော်တော်ခေါင်းမာ သူဖြစ်တယ်။ အမည် မမှတ်မိတော့ပါ)။ သူက "အခက်အခဲ ရှိရင်တောင် ကူညီပေးပါ့မယ်" လို့ ပြောပါ တယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ ဒါနဲ့ ပါတီကလည်း ကျေးဇူးတင် ဝမ်းမြောက ်ကြောင်းနဲ့ ဂုဏ်ပြုတဲ့အနေနဲ့ အဲဒီညမှာ ပွဲကဖို့ အစီအစဉ် လုပ်ပါတယ်။ (သူတို့ဘက်က ဘာတောင်း ဆိုမှုမှ မရှိပါဘူး။ ကျွန်မတို့ဘက်က ကျေးဇူးတင်လို့ ရိုးသားစွာ တင်ဆက် ကပြခြင်းဖြစ်တယ်)။ ည ၆ နာရီမှာ ပွဲစတယ်။ ပွဲအစီအစဉ်ကတော့ ရွှေချိုးဖြူအော်ပရာ၊ တပင်တိုင်အက၊ မွေးမိခင် တို့ဖြစ်ပါတယ်။ ဖိတ်ခေါ်ထားတဲ့အတိုင်း ဂြူပ်ဖွဲ့က ပွဲလာ ကြည့်ပါတယ်။ ပွဲခင်းတခုလုံး စိမ်းညို့နေတာပါပဲ။ သူတို့ရဲဘော်တွေရော၊ ကျွန်မတို့ ရဲဘော်တွေပါ တော်တော်ပျော်ပါတယ်။ (တပင်တိုင်အကကို ကျွန်မ တခါမှ မကဘူးပါ။ ဒါပေမယ့် တာဝန်ကျလာတော့ ကျွန်မကြိုးစား ကခဲ့တယ်)။

## ငြိမ်းချမ်းရေး ချိုးဖြူဆီ လက်ကမ်းကာ ကြိုဆိုမည်

အချိန်က မရှိတော့လို့ အကတိုက်ရန်လည်း မလွယ်ပါ။ ဒါကြောင့် ပွဲမစခင် ကရမယ့် သီချင်းကို တီးဝိုင်းက စုံစုံလင်လင် နှစ်ကြိမ် တီးပြပါတယ်။ (အခုကရမယ့် သီချင်းက ကျွန်မ ရပြီးသားလည်းဖြစ် နားယဉ်ပြီးသားလည်း ဖြစ်ပါတယ်)။ တီးတဲ့အခါ နားထောင်ပြီး ကကွက်တွေကို ကိုယ့်ဘာသာ စဉ်းစားပြီး ထည့်ကြည့်ပါတယ်။ ဒါနဲ့ညကျတော့ ကကြည့် ပါတယ်။ အဆင်ပြေကောင်းပါရဲ့လို့ပဲ စိတ်ကို ဒုံးဒုံးချထားလိုက်တယ်။ သီချင်းက **"လူငယ်"** ဆိုတဲ့ သီချင်းပါ။

ဒီသီချင်းကို (ဗကသ ဥက္ကဋ္ဌဟောင်း ရဲဘော်ခင်မောင်ကြီး) နိုင်ငံခြား ပညာတော်သင် မသွားခင် စပ်ခဲ့တာပါ။ သူဟာ ၁၉၇၅ မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဒုဥက္ကဋ္ဌဖြစ်လာပါတယ်။ ၁၉၈၅ ပါတီ တတိယအကြိမ် ကွန်ဂရက်ပြီးသွားတဲ့အခါမှာ ရဲဘော် ခင်မောင်ကြီးဟာ ဗဟိုကော်မတီ အတွင်းရေးမှူးများအဖွဲ့ရဲ့ အတွင်းရေးမှူးနဲ့ ပါတီဗဟို ကော် မတီ အထွေထွေ အတွင်း ရေးမှူး ဖြစ်လာပါတယ်။ ၁၉၉၂ခု ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို စည်းရုံးရေးကော်မတီ ပေါ်လာတဲ့အခါ အခြားဗဟိုကော်မတီ ခေါင်းဆောင်များနည်းတူ ပါတီနာယက ကော်မတီဝင် ဖြစ်လာပါတယ်။ ၂၀၀၆ခု ဇွန်လတွင် ဆီးကျိတ်ကင်ဆာဖြင့် ကွယ်လွန် သွားခဲ့တယ်။ သူဟာ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ အင်္ဂလိပ်ကိုလိုနီ လက်အောက် က တိုင်းပြည်လွတ်မြောက်ရေးများတွင် ပါဝင်လှုပ်ရှားခဲ့ပြီး နောင်မှာ

အဖိနှိပ်ခံပြည်သူတွေ လုံးဝ လွတ်မြောက်ရေး ပြည်သူ့ဒီမိုကရေစီ တိုက်ပွဲအတွင်း မကွယ်လွန်မီအချိန်အထိ ပါဝင်တိုက်ပွဲဝင်ခဲ့တဲ့ အဖိနှိပ်ခံပြည်သူတွေရဲ့ သား ကောင်း ရတနာ တဦးဖြစ်ပါတယ်။ သူဟာ အဆိုအတီး ဝါသနာပါသူဖြစ်ပြီး ဗမာပြည် ပြည်သူ့ အသံမှ သူသီဆိုထားတဲ့ တော်လှန်ရေး သီချင်း တော်တော်များ သီဆို အသံလွှင့် ခဲ့ဖူးပါတယ်။ သူရေးခဲ့တဲ့ **"လူငယ်"**သီချင်းက ဒီလိုပါ။

**လူငယ်သီချင်း**

***(လူငယ်တွေသည် × စိတ်ရွှင်လန်းစွာ × ခေတ်သစ်တည်ဆောက်မည် ချမ်းမြေ့သာယာစွာ လောကကို မှန်း... ရည် လူငယ် အားသည် အနာဂတ်ကို ပိုင်ဆိုင်သည် လူငယ်အား... နဲ့ ငြိမ်းချမ်းရေးရအောင် ယူမည် × တနယ်စီ ခြားပါစေ၊ လူငယ်သည် ချစ်ကြည် ရေးကို မှန်းရည်... စည်းလုံးစွာ ထာဝစဉ် ရှေ့ကို ချီ) ၂***

***မျိုးဘာသာမရွေး တူညီ × × တို့တာဝန် ထမ်းဆောင်မည် × × ငြိမ်းချမ်းရေး ချိုးဖြူဆီ × × လက်ကမ်းကာ ကြိုဆိုမည် × × နယ်ချဲ့တဲ့ သူတွေဆီ မြားဦးလှည့်လို့အတည် သွေးစည်းကြဖို့ အချိန်ရောက်ကာ... နေ... ပြီ။***

ည ၁၀ နာရီလောက်မှာ ကပွဲဟာ အောင်မြင်စွာ ပြီးဆုံးသွားပါတယ်။ နောက်တနေ့ မနက်စောစော ခရီးထွက်တဲ့အခါ KNU တပ်ဖွဲ့က တောကျွမ်းကျင်တဲ့ ရဲဘော် ၃ ယောက် ထည့်ပေးလိုက်ပါသေးတယ်။ ဒီရဲဘော်များက ရှေ့ဆောင်ပြီး လမ်းပြခေါ် ဆောင်ပါတယ်။ မနက်စာကို တောစခန်းတခုမှာပဲ ချက်စားကြတယ်။ ညနေ နေဝင်စ အချိန် ရောက်တော့ သတင်းကောင်းတခု ရပါတယ်။ အဲဒါကတော့ အနီးအနားမှာရှိတဲ့ အင်းသူ ကြီးတဦးက "ညစာ ကို သူက ဧည့်ခံကျွေးမွေးပါရစေ။ သူ့အင်းထဲမှာပဲ တညအိပ်သွားပါ"လို့ တောင်းဆိုလို့ ကျွန်မ တို့ရဲ့ ခေါင်းဆောင်တွေက သဘောတူလိုက်တယ်။ ကျွန်မတို့အားလုံး ကို အင်းဘေး မှာရှိတဲ့ တဲတွေထဲမှာပဲ နေရာချပေးပါတယ်။

ခဏနေတော့ လမ်းပြကူညီပေးနေတဲ့ အဖွဲ့ထဲက ခေါင်းဆောင်ရဲဘော်ဟာ ကျွန်မတို့အဖွဲ့က ခေါင်းဆောင် ဦးလေးမှည့်နဲ့လာပြီး စကားပြောပါတယ်။ သူ့ကိုယ်သူ မိတ်ဆက် ပေးပါတယ်။(တပ်ခွဲမှူး ... ... ... ဖြစ်ပါတယ်)။ ဒီနေ့ည အစီအစဉ်အတိုင်း ခရီးမဆက်ရလို့ စိတ်မကောင်း မဖြစ်စေလိုကြောင်း။ မနက်ဖြန် တနာရီသာသာလောက် ခရီးဆက်လိုက်ရင် ရွာတရွာကို ရောက်မှာ ဖြစ်ကြောင်း။ ရှေ့မှာ ရွာဆက်နီးတာမို့ ခရီးသွား လာရေး အားလုံး အဆင်ပြေအောင် စီစဉ်ပေးမှာ ဖြစ်ကြောင်း။ လမ်းခရီးမှာလည်း ဘာအန္တ ရာယ်မှ မရှိဘဲ ကွန်ဖရင့်စခန်းကို ရောက်နိုင်ပါကြောင်း အားပေးစကား လာပြောနေတဲ့ အတွက် ဦးလေး ကလည်း "အခုလို ကူညီတာ အထူးကျေးဇူးတင်

ပါကြောင်း’’ပြန်ပြောရင်း စကားကောင်း နေကြတဲ့အချိန် မလှမ်းမကမ်းမှာရှိတဲ့ ချက်ပြုတ်ရေး အဖွဲ့က ဝါးကနဲ ဝါးကနဲ ရယ်သံတွေကို ကြားနေရပါတယ်။ ထမင်းစားချိန်ကလည်း လွန်နေ၊ မီးဖိုကလည်း ငါးကြော်တဲ့ အနံ့၊ ငါးပိကြော်တဲ့အနံ့တွေကလဲ သင်းပျံ့လှိုင်နေတာမို့ မနည်းကြံ့ခြေဆည်နေရပါတယ်။

## စေတနာကြွယ်

ည ၉ နာရီလောက်မှာ “ထမင်းစားကြွပါခင်ဗျာ”လို့ ဦးလေးကြီးတယောက်လာ ခေါ် တဲ့နောက် လိုက်သွားတော့ အောက်လင်းဓာတ်မီးရောင်အောက်မှာ ထမင်းစားပွဲတွေ ပြင်ထားလိုက်တာ အလှူအိမ်ကျနေတာပဲ။ စားပွဲတခုမှာ ၁၀ ယောက်စားနိုင်ပါတယ်။ ဟင်း ကတော့ ငါးပါ။ ငါးအမျိုးမျိုးကို ကင်၊ ကြော်၊ ချက်၊ သုပ်ထားတာ။ ငါးပိကြော်၊ ငါးပိရည် ဖျော်–တို့စရာကလည်း စုံနေပါတယ်။ ငါးဖယ်ဆုပ်ကြော်ကို ခေါက်ဆွဲမျှင်လိုဖြစ်အောင် ကတ်ကျေးနဲ့ ညှပ်ပြီး အချဉ်အစပ်နဲ့သုပ်။ ငါးဟင်းချိုနဲ့ လိုက်ဖက်အောင် စီစဉ်ထားတာ စားလို့ မငြီး ဖြစ်ခဲ့တာကို ဒီနေ့ အနှစ်ငါးဆယ်ကျော်သွားတဲ့တိုင် စေတနာကြွယ်ကြွယ်နဲ့ ကျွေးလိုက်တဲ့ ဒီထမင်းပွဲကို မမေ့နိုင် ဖြစ်နေမိတယ်။

အိမ်ရှင် အင်းသူကြီးကိုယ်တိုင် ထမင်းဝိုင်းလာပြီး နှုတ်ဆက်အားပေးစကားပြောရင်း တခြားဟင်းလျာမရှိလို့ ငါးတမျိုးတည်း ချက်ကျွေးရတာကို အားနာပါကြောင်း တောင်းပန်စကား လာပြောသေးတယ်။ “ဒီလိုဟင်းမျိုး စားရခဲလို့ ပိုကောင်းကြောင်း။ ကျေးဇူးလည်း အထူးတင်ရှိပါကြောင်း’’ ပြန်ပြောရင်း ရင်းနှီးပျော်ရွှင်စွာ အားပါးတရ စားခဲ့ကြပါတယ်။

ထမင်းဝိုင်းက ထလာတော့ မျက်လုံးတွေ လေးနေပါပြီ။ နေ့လည်က လမ်းလျှောက် ထားတဲ့ ဒဏ်ရယ်။ အခုညစာကို စား ကောင်းကောင်းနဲ့ တအားစားထားတာရယ် ပေါင်းပြီး အိပ်ချင်နေတာပါ။ အားလုံး အိပ်ရာကို မြန်မြန်ပြင်ပြီး အိပ်ရာဝင်ကြပါတယ်။ အဲဒီညက အင်းထဲမှာပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ကြတာ မနက်လင်းမှ တရေးနိုးပါတယ်။

## ပြည်သူအပေါ်မှာ ယုံကြည်သည် ရှေ့ကို ရဲရဲချီ

မနက်ခရီးထွက်လာတော့ အင်းသူကြီး ဇနီးမောင်နှံက ဦးဆောင်ပြီး အင်းလုပ်သား ကလေး လူကြီး ကျားမ–မကျန် အားလုံး နှစ်တန်းခွဲပြီး တန်းစီရပ်ကာ ကျွန်မတို့ အဖွဲ့ကြီးကို အားရပါးရ နှုတ်ဆက်ကြပါတယ်။ လူ ၁၀၀ ကျော်လောက် ရှိမယ်ထင်ပါတယ်။

အင်းသူကြီးက "အပြန်ကျရင်လည်း ကျွန်တော့်ဆီကို ဝင်ဖြစ်အောင် ဝင်နားကြဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ"လို့ ပြောပါတယ်။ ကျွန်မတို့ဘက်ကလည်း "ကျေးဇူးတင်ပါတယ်။ အပြန်ဒီလမ်းက ပြန်ဖြစ်ရင် ဝင်ဖြစ်အောင် ဝင်ပါမယ်"လို့ နှုတ်ဆက်စကား ပြောခဲ့ပါတယ်။ "သြော် ... ပြည်သူလူထုကြီးဟာ လူမျိုးဘာသာမရွေး ချစ်ခင်ရင်းနှီးတဲ့ စိတ်ဓာတ်အပြည့်အဝ ထားပြီး စေတနာဖြူစင်စွာနဲ့ ကူညီကြနေကြတာပဲ။ တို့ရဲ့ကျေးဇူးရှင်တွေပါလား။ တတိုင်းပြည်လုံး ငြိမ်းချမ်းသာယာရေး ရည်ရွယ်ချက်နဲ့ ကျွန်မတို့ လုပ်နေတာပါ။ ကျွန်မတို့ တာဝန်တွေကို ကျွန်မတို့ ကျေပွန်အောင် ထမ်းဆောင်သွားပါ့မယ်"လို့ ရင်တွင်းက ဆန္ဒပြုရင်း ရှေ့ကို ခရီးဆက်နေမိပါတယ်။

KNU တပ်ခွဲမှူး ကြိုတင်မိတ်ဆက်ပေးထားတဲ့အတိုင်း တနာရီကျော်လောက်သွားတော့ ရွာတရွာကို ရောက်ပါတယ်။ ဒီရွာကို ရောက်ပြီး လှည်းစီစဉ်ပေးပါတယ်။ ဒီရွာကစပြီး ကျွန်မတို့ရဲ့ ခြေလျင်တပ်ဖွဲ့ဟာ လှည်းတပ်ဖွဲ့ အသွင် ပြောင်းလိုက်ပါတယ်။ ခြေလျင်သွားစဉ် က နားတဲ့နေရာ ရောက်မှ ကိုယ့်တာသာ ထမင်းဟင်း ဖြစ်သလို ချက်စားရတာပါ။ အခုတော့ အဆင့်မြင့်လာပါပြီ။ နားရမယ့်ရွာက ထမင်းထုပ်ဆင့်ထားပြီး အသင့်စောင့်ကြိုနေပါတယ်။

ညနေစာ စားပြီး ခရီးထွက်။ ည ၁၀ နာရီလောက်နား။ အခု အဲဒီလို မဟုတ်တော့ ပါဘူး။ ညစာစားပြီး ခရီးထွက်ရင် တညလုံး လှည်းပေါ်မှာ စကားတပြောပြောနဲ့ အိပ်ငိုက်၊ သိပ်အိပ်ချင်လာရင် လှည်းပေါ်မှာ အိပ်လိုက်။ နိုးလာရင်လည်း စကားဆက်ပြောလိုက်နဲ့။ လှည်းမောင်းတဲ့ ဦးကြီးတွေကလည်း သူတို့သိချင်တာတွေ အကုန်မေး။ ကျွန်မတို့ကလည်း ကျွန်မတို့သိချင်တဲ့ အခြေအနေတွေကို မေး။ အပြန်အလှန် မေးကြဖြေကြ။ မိတ်ဆက် ကြရင်းနဲ့ ခင်မင်ရင်းနှီးခွင့်ရခဲ့ပါတယ်။ ဦးကြီးတို့က ညကို လှည်းမောင်းပို့ရတာ သိပ်ဝမ်းသာ တယ်တဲ့။ ညဆိုတော့ နွားတွေ သိပ်သက်သာပါသတဲ့။

## ငါးနဲ့ရေဟာ စဉ်မကွာ သီးနှံပျိုးပင်ပမာ

ဒီလိုနဲ့ ကျွန်မတို့ တပ်ဖွဲ့ကြီး ချီတက်လာလိုက်တာ ခရီးတော်တော် ပေါက်ပါပြီ။ KNU အခြေခံဒေသကို နောက်ဆုံး ဖြတ်ကျော်ရတဲ့နေ့ကို တိုင်ပါပြီ။ အတူပါလာတဲ့ KNUမှ မဟာမိတ် ရဲဘော် ၃ ယောက်နဲ့ ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်စကားပြောကြပြီး နောက် လူချင်းခွဲလိုက်ပါတယ်။ ခင်မင်ရင်းနှီးစွာ လက်ပြနှုတ်ဆက်ရင်း ပြန်သွားကြတဲ့ မဟာမိတ် ရဲဘော် တွေကို ကြည့်ရင်း မနေ့ညက မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရတဲ့ ဖြစ်ရပ်ကလေးကို ပြန် လည် သတိရပြောနေမိကြတယ်။

ညက ထမင်းစားအပြီး အသင့်စောင့်နေတဲ့ နီးရာလှည်းပေါ် ၄ ယောက်တတွဲ၊ ၅ ယောက်တတွဲ ဆိုင်ရာဆိုင်ရာ နေရာယူပြီးနောက် အားလုံး လှည်းပေါ် ရောက်မရောက် လူ စစ်တုန်း ခပ်ကျယ်ကျယ် အသံတခု ဝင်လာတယ်။ "ရဲဘော်တို့ နေကြပါဦး။ နေကြပါဦး" နဲ့ ရွာက ဦးကြီးတယောက် အပြေးဝင်လာတာကို တွေ့လိုက်ရပါတယ်။ ဒါနဲ့ "ဘာများဖြစ်ပါလိမ့်"လို့ အားလုံးအထိတ်တလန့် ဖြစ်သွားပြီး တာဝန်ခံ ရဲဘော်တွေလည်း လှည်းပေါ်က ခုန်ဆင်းလိုက်ကြတယ်။ ရွာသားဦးကြီးကို သွားတွေ့ကြရင်း "ဘာဖြစ်တာလဲ ဦးကြီး၊ ဘာဖြစ် တာလဲ"လို့ အလောတကြီး မေးကြပါတယ်။

"ဒီလိုပါ။ ကျုပ်တို့က ရဲဘော်တို့ကို လှည်းနဲ့ ပို့ပေးဖို့ တာဝန်ကျလို့ လာခဲ့တာ။ အခုတော့ ကြည့်ပါဦး။ သူများတွေက လှည်းနဲ့လူနဲ့ အပြည့်ဗျ။ ကျုပ်တို့ကိုတော့ လူမရှိတော့ ဘူးဆိုပြီး ပြန်ခိုင်းတယ်ဗျ။ ဒီလိုတော့ မလုပ်ကြနဲ့… လေ။ ကျုပ်တို့လည်း ကိုယ်ကျတဲ့ဘက်က တတ်နိုင်သလောက် တာဝန်ထမ်းချင်သေးတာပေ့ါ"

"သြော်… သြော်… ဒီလိုလား… ဦးကြီးရယ်။ ဦးကြီးတို့ စေတနာ လေးစားပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ဒီတခေါက် မပို့ရဘူး ဆိုရင်လည်း နောက်တခေါက်ကျတော့ ပို့တာပေ့ါဗျာ"

"အို… နောက်တခေါက်လည်း နောက်တခေါက်ပေ့ါ။ အခုတခေါက်လည်း ညီတူမျှတူပေ့ါ။ ရဲဘော်တို့ ပြန်စီစဉ်ကြပါဦး။ နောက်ဆုံး လှည်းတစီး လူတယောက်ကျဆိုလည်း ဖြစ်ပါတယ်"

ဒီလိုနဲ့ လှည်းပေါ်မှာ နေရာယူထားတဲ့ ရဲဘော်တွေကို အခြေအနေ ပြောပြပြီး ဦးကြီးတို့ စိတ်ကြိုက် လှည်းတိုင်း လူမလွတ်ရအောင် ပြန်စီစဉ်လိုက်တော့ လှည်းတိုင်းမှာ လူစေ့တက်စေ့ ဖြစ်သွားပါတယ်။ ကျွန်မတို့လှည်းမှာဆိုရင် ကျွန်မတို့ ၂ ယောက် ပါပဲ။ ဦးလေးမှည့်က ဟိုလှည်းတက်ရမလို ဒီလှည်းတက်ရမလို ဖြစ်နေတုန်း လှည်းဆရာကြီးက "ဟိုဆရာကြီး ဒီကိုလာ… ဒီကိုလာ"နဲ့ ခေါ်နေ ပါတယ်။ ဦးလေးမှည့်က "ဒီမှာလည်း လူ ၂ ယောက်တောင် ရှိနေပြီလေ။ အားနာစရာကြီးဗျာ"လို့ပြောတော့ "ဟာ… အားမနာပါနဲ့။ လူ ၂ ယောက်က ငယ်ငယ်လေးတွေပဲ။ ကျုပ်နွားတွေက သိပ်တောင့်တာ။ လာ… လာ… လာစမ်းပါဗျာ။ အားမနာပါနဲ့"ပြောပြောဆို လှည်းသမား ဦးကြီးက လှည်းပေါ်က ဆင်းပြီး ဦးလေးမှည့်လက်မှာဆွဲထားတဲ့ ဒုံမင်းကို ဆွဲပြီး ယူလိုက်တာနဲ့ ဦးလေးမှည့်လည်း အားနာနာနဲ့ လှည်းပေါ် တက်လိုက်ရတော့တယ်။

ဒီဖြစ်ရပ်နဲ့ ကြုံပြီးနောက် ကျွန်မခေါင်းထဲမှာ အသိတခု ဝင်လာပါတယ်။ ရွာက ဒီဦးကြီးတွေတောင် တော်လှန်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဒါလောက်အလေးထားရင် ငါတို့က ပိုပြီးအလေးထားရမယ်။ ပိုပြီးကြိုးစားရမယ်။ မိမိကို ပေးအပ်လာတဲ့ တာဝန်တွေကို

ပိုပြီးတော့ ကြိုးစား လုပ်မယ်။ လုပ်ငန်းအတွက် ခရီးထွက်ရင် နေပူလို့မိုးရွာလို့ဆိုပြီး အချိန် ဆွဲတာမျိုးကို ကျွန်မက သိပ်မကြိုက်လှ။ (အချိန်ကို လုပြီးလုပ်ရတဲ့အခါမျိုးမှာ ပိုသတိ ထားမိတယ်)။ တချို့ ရဲဘော်တွေက ပြောတတ်တယ်။ "မရှိလို့လုပ်စား ဖြည်းဖြည်း ပေါ့"တဲ့။ ကျွန်မ ဒီစကားကို နည်းနည်းမှ မကြိုက်ပါဘူး။ မရှိလို့လုပ်စားတာ ပိုကြိုးစားရမှာပေါ့။ ဘာလို့ ဖြည်းဖြည်း လုပ်ရမှာလဲလို့ စဉ်းစားမိတယ်။ စဉ်းစားရင်းနဲ့ တော်လှန်ရေးအတွက် ပိုပြီး အားတက်မိတယ်။ "ငါတို့ တော်လှန်ရေးလုပ်တာ ပြည်သူတွေက သဘောပေါက် နားလည် ပြီး ထောက်ခံကြ ပါလား"လို့ ခံစားမိတယ်။

ကျွန်မတို့အဖွဲ့ဟာ KNU အဖွဲ့နဲ့တွေ့ပြီး အင်းသူကြီးဆီမှ ထွက်လာတဲ့နောက် ကွန်ဖရင့်စခန်းကို ရောက်တဲ့အထိ ခြေလျင် တခါမှ မသွားရတော့ပါဘူး။ လမ်းခရီးကြမ်း တမ်း လွန်းလို့ မလိုက်နိုင်တော့လို့ ချန်ထားခဲ့ရတဲ့ ရဲဘော်များကို သတိရနေမိတယ်။

## သာယာရွှေပြည် ထူထောင်လို့ရယ် တကယ်တမ်းငြိမ်းချမ်းမယ်

မတ်လ ၂၅ ရက်ည ၇ နာရီလောက်မှာ ကွန်ဖရင့်စခန်းကို လှည်းတွေနဲ့ ဝင်ကြ ပါတယ်။

တော်တော်ဝေးဝေးကတည်းက စခန်းကို လှမ်းမြင်နေရပါတယ်။ လယ်ကွင်းပြင် ကြီးထဲမှာ မီးရောင်တွေက ထိန်ထိန်လင်းလို့။ သီချင်းသံတွေ တညံညံနဲ့ ပျော်စရာကြီး။ (နောက်မှ သိရပါတယ်။ အဲဒီနေရာဟာ ပုသိမ်ခရိုင်၊ အင်္ဂပူမြို့နယ်အတွင်းက 'ကွင်းကောက်' လို့ ခေါ်တယ်တဲ့။) ကျွန်မတို့ ဗဟိုဝါဒဖြန့်ချိရေးအဖွဲ့က "သုံးပါတီ ညီညွတ်ရေး သီချင်း"ကို လက်ခုပ်တွေ တီးပြီး သံပြိုင်ဆို၊ ပါလာတဲ့ ရဲဘော်များကလည်း ဝိုင်းပြီးလက်ခုပ်တီးကာ ကွန်ဖရင့်စခန်းကို ဝင်ကြပါတယ်။ (ဒီသီချင်းက အသစ်မို့ အဲဒီတုန်းက ပါလာတဲ့ ရဲဘော် တော်တော်များများ မရကြသေးပါဘူး။) စခန်းအဝင်မှာ ကွန်ဖရင့် ဖြစ်မြောက်ရေး ကော်မတီ၊ ဧည့်ခံရေး ကော်မတီ၊ ကွန်ဖရင့်စခန်းကို ကြို ရောက်နေနှင့်တဲ့ ခရိုင်က ရဲဘော်များ၊ ကေဒါ များနဲ့ မြစ်ဝကျွန်းပေါ်တိုင်းကော်မတီဥက္ကဋ္ဌ ဦးတင်ကွန့်အပါ လူတော်တော် များများ က ဆီးကြို ကြပါတယ်။

ဒ့ါအပြင် နောက်ထပ်သတင်းကောင်းတခုက ပါတီက မြို့သိမ်းတိုက်ပွဲအဖြစ် မြင်းခြံကို ဝင်တိုက်တာ အနိုင်ရလို့ ဘဏ်ကငွေတွေကို သိမ်းလာပါသတဲ့။ ဒါကြောင့် ခရီးရှည် ချီတက်လာတဲ့ ကျွန်မတို့ တပ်ဖွဲ့တဖွဲ့လုံးကို ကွန်ဖရင့်မှာသုံးဖို့ ရဲဘော်တိုင်းကို ငွေ ၄၅ ကျပ်စီ ဗဟိုက ပို့ပေးပါတယ်။

အို… ဝမ်းသာလိုက်တာ ဘာပြောကောင်းမလဲ။ တချို့ ရဲဘော်တွေဆို ဝမ်းသာလွန်းလို့ ထတောင်ကခဲ့ကြတာကို ခုတိုင် မြင်ယောင်နေမိတယ်။ လမ်းခရီးမှာ မောခဲ့တာတွေ၊ ပင်ပန်းခဲ့တာတွေလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ပါဘူး။

မြစ်ဝကျွန်းပေါ်တိုင်း အတိုင်ပင်ခံ ကွန်ဖရင့်မဏ္ဍပ်ကြီးကလည်း ဟိန်းနေတာပဲ။ အဲဒီမဏ္ဍပ်ကြီးကို ဗဟိုပြုပြီး ဘေးပတ်လည်မှာ ဝါးအိမ်ကလေးတွေ ဆောက်လုပ်ထားတယ်။ အိမ်ကလေးတွေက တပုံစံတည်းပဲ။ လှလည်းလှတယ်။ သပ်လည်းသပ်ရပ်တယ်။ လှေကား သုံးထစ်နဲ့ လေးပင် ဝါးအိမ်ကလေးတွေပါ။ လှေကားက တက်တက်ချင်း ဘိနပ်ချွတ်နဲ့ ဝရန် တာ (လေးတောင် ပတ်လည်လောက်) ရှိတယ်။ လှေကားထစ်ကနေ အိမ်နောက်ဖေးအထိ တိုးလျှိုပေါက် သွားလို့ရပါတယ်။ အဲဒါ ဧည့်ခန်းကို ဖြတ်သွား တာပါ။ နောက်ဖေးမှာ မီးဖိုခန်း မပါ ပါဘူး။ ဧည့်ခန်းဘေးမှာ အခန်းတခန်းပါတယ်။ တံခါးမှာလည်း တံခါးရွက်နဲ့ ဝါးအိမ် ဆိုပေမယ့် အခိုင်အမာ လုပ်ထားတာ။ သော့ခတ် ထားလို့လည်း ရတယ်။ အိမ်ကလေးတွေ ကို ကြည့်ရင်း တခုသွားသတိရမိတယ်။ အဲဒါက မီးရထားဝင်းထဲမှာ မီးရထား အမှုထမ်းများ နေတဲ့ အိမ်ကလေးတွေနဲ့ တော်တော်တူပါတယ်။ အိမ်ရှေ့မှာ ရေအိုးစင်ကလေးတွေ ရေအိုး နှစ်လုံးနဲ့ အောက်က သဲခင်းထားတယ်။ ရေအိုးကလည်း အသစ်ကလေးတွေ၊ ဘေးမှာက အုန်းပင်လေး လိုလိုပါ။ (ကျွန်မ အတိအကျ မခေါ်တတ်ပါ)။ အိမ်ရှေ့တိုင်းမှာ ရေအိုးစင်နဲ့ အုံးပင် လေးတွေ ရှိနေတာမို့ အိမ်နံပါတ်ကို မှတ်မထားရင် ကိုယ့်အိမ်ကို ရှာမရဘူး။ ကျွန်မ တို့ နှစ်ယောက်ကတော့ တော်လှန်ရေးဘဝမှာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ တခါမှ မနေဘူးတာမို့ ဝမ်းသာအားရနဲ့ တအိမ်လုံးကို အနှံ့ လိုက်ကြည့်ရင်း ထူးထူးဆန်းဆန်း အိမ်နံပါတ် တပ်ထားတာကိုတွေ့ရလို့ ကြည့်လိုက်တော့ ၄၃ တဲ့။ အမှတ်မထင်နဲ့ မှတ်မိနေပါတယ်။

အဲဒီနောက် ထမင်းစား သွားရတယ်။ လှည်းနဲ့လိုက်ပို့တဲ့ ဦးလေးကြီးတွေအပါ ထမင်းရုံကို သွားကြရတယ်။ အဲဒီညက ထမင်းဝိုင်းကို ကနေ့အထိ မှတ်မိနေပါတယ်။ ဘူးသီးကို ကြာဆံမျှင်လေးတွေလို ခြစ်ပြီးခပ်ထားတယ်။ ငရုတ်ကောင်းနဲ့လေးသင်းသင်းနဲ့ ချိုလိုက်တာ အလွန်ပါပဲ။ ပြီးတော့ ငါးကြော်၊ ငါးကြီးသားတွေကို တုံးပြီးကြော်ထားတာ မွှေးနေတာပဲ။ ကြော်ပြီးသားတွေကို စဥ့်အိုးကြီးတွေနဲ့လည်း ထည့်ထားတယ်။ ဒါ့အပြင် ခရမ်းချဥ်သီး ငါးပိချက်။ ငရုတ်စပ်စပ်လေးနဲ့ တို့စရာတွေ စုံစုံလင်လင်ဆိုတော့ စားလို့ကောင်း လိုက်တာ မပြောပါ နဲ့တော့။

ဧည့်ခံကော်မတီကလည်း နေထိုင် စားသောက်ရေးတွေနဲ့ ပတ်သက်လို့ “ဘာမှ အားမနာပါနဲ့။ ထမင်းဟင်းများ စုံစုံလင်လင် ရှိပါတယ်။ ချက်ပြုတ်ရေးကို ခရိုင်အမျိုးသမီး သမဂ္ဂအဖွဲ့ဝင်များ အလှည့်ကျ တာဝန်ယူသွားမှာ ဖြစ်ကြောင်း၊ တော်လှန်ရေး ညီအစ်ကို

မောင်နှစ်မတတွေ အခုလို မမျှော်လင့်ဘဲ ဆုံတွေ့ခွင့်ရတာကို အင်မတန်ဝမ်းသာကြောင်း၊ ထမင်းစားလာတဲ့အခါ အခု ပေးထားတဲ့ ရင်ထိုးတံဆိပ်များကို မမေ့မလျော့ တပ်ဆင်လာခဲ့ဖို့ မေတ္တာရပ်ခံကြောင်း" မိတ်ဆက်ပြောပြပါတယ်။

အဲဒီတုန်းက ထမင်းစားဖို့ အဖွဲ့လိုက် ရင်ထိုးလေးတွေ ပေးထားပါတယ်။ အရောင် လည်း သူ့အဖွဲ့နဲ့သူ ပေးထားတယ်။ ကျွန်မတို့ ဗဟိုယဉ်ကျေးမှုအဖွဲ့က မိုးပြာရောင် ရင်ထိုး ဖြစ်ပါတယ်။ ထမင်းစားရုံကလည်း သပ်ရပ်ပါတယ်။ သန့်လည်း သန့်ရှင်းပါတယ်။ ဟင်းများ ကိုလည်း တရက်နဲ့ တရက်မထပ်အောင် စီစဉ်ကျွေးမွေးခဲ့တယ်။ ဒါကြောင့် စားလို့ မငြီးဘူး။ ထမင်းကျွေးချိန်က မနက် ၁၁ နာရီနဲ့ ညနေ ၄ နာရီပါ။ ဆာတဲ့အချိန် လာစားဖို့လည်း အ ထပ်ထပ် မှာကြားထားပါတယ်။

ကျွန်မတို့အဖွဲ့က မဏ္ဍပ်ထဲမှာ အဆိုအတီးများနဲ့ နေ့စဉ် ဧည့်ခံရေးတာဝန် ထမ်းဆောင်နေရတာမို့ သက်ဆိုင်ရာက ထမင်းစားလာခေါ်မှ လိုက်စားဖြစ်ပါတယ်။ ခရိုင်ယဉ်ကျေးမှုအဖွဲ့၊ တိုင်းယဉ်ကျေးမှုအဖွဲ့တွေလည်း ရှိနေပေမယ့် အဲဒီလို မဏ္ဍပ်ထဲမှာ အဆိုအတီးနဲ့ ဧည့်ခံတာ ကျွန်မတို့ တဖွဲ့သာ ရှိပါတယ်။

ကွန်ဖရင့်မှာ မတ်လ ၂၆ ရက်နေ့ညကစပြီး ပွဲဝင်ပါတယ်။ တိုင်းယဉ်ကျေးမှုအဖွဲ့က စပြီးတော့ ကပါတယ်။ ရှေ့ပိုင်းမှာ ယိမ်း၊ နှစ်ပါးသွားအက၊ နောက်ပိုင်းမှာ ပြဇာတ်တင်ဆက် ပါတယ်။ နောက်ည မတ်လ ၂၇ ရက်နေ့မှာ ကျွန်မတို့ ဗဟိုယဉ် ကျေးမှုအဖွဲ့က ကပြ ဖျော်ဖြေ ရပါတယ်။ ရှေ့ပိုင်းမှာ 'ရွှေချိုးဖြူအော်ပရာ' နောက် 'မွေးမိခင် ဆိုမှုဟန်သဘင်' နောက်ပိုင်း 'ရဲဆု' ပြဇာတ်တို့ ဖြစ်ပါတယ်။

နောက်နေ့လူထုထဲ လေ့လာကြည့်တော့ 'မွေးမိခင် ဆိုမှုဟန်သဘင်' ကို အကြိုက် ဆုံးဖြစ်ကြောင်း သိရပါတယ်။ ဖြစ်နိုင်ရင် နောက်ထပ် ကြည့်ချင်သေးတယ်လို့ ပွဲတောင်း ကြပါတယ်။ မြစ်ဝကျွန်းပေါ်တိုင်း ယဉ်ကျေးမှုအဖွဲ့တာဝန်ခံ ဦးဘထွန်းကလည်း ကိုယ်တိုင် လာရောက် အားပေးစကား ပြောရင်းနဲ့ အကူအညီလည်း တောင်းပါတယ်။ ဖြစ်နိုင်ရင် 'မွေးမိခင်ဆိုမှုဟန်သဘင်' ကို ဇာတ်ညွှန်းရော ဂီတသံတွေပါ အားလုံးကို လိုချင်ပါ ကြောင်း။ သူတို့ယဉ်ကျေးမှုအဖွဲ့အနေနဲ့လည်း လှည့်လည်ဝါဒဖြန့် ကသွားလိုကြောင်း ပြော ပါတယ်။

အို… အင်မတန် ကောင်းတဲ့ကိစ္စပါ။ ကျွန်မတို့ဘက်ကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုပါတယ်။ ကျွန်မတို့ တာဝန်ခံ ဦးလေးကလည်း လွတ်မြောက်ဒေသမှာ ခရိုင်တွေ၊ မြို့နယ်တွေအားလုံးကို မွေးမိခင်ဆိုမှုဟန်သဘင်ကို ကနိုင်အောင် ဇာတ်ညွှန်းရော၊ သီချင်း တွေပါ အားလုံး ဗဟိုက တာဝန်ယူ ဖြန့်ဝေပေးထားကြောင်း ပြောပြပါတယ်။ တချို့ရွာတွေ မှာ ဇာတ် အဖွဲ့ရှိတော့ မွေးမိခင်ဆိုမှုဟန် သဘင်ကို

အလှူတွေမှာတောင် ကပြတယ်။ အဲဒီလို ကတဲ့အခါ ဟန်အမူအရာတွေ သီချင်းသံတွေ နည်းနည်းပါးပါး တိမ်းသွားတာ ရှိပါတယ်။ ဒါပေမယ့် တခု လုံးတော့ မထိခိုက်ပါဘူး။ တချို့နေရာတွေမှာ ဇာတ်ကောင်နေရာ ချထားမှု မမှန်လို့ မအောင် မြင်ဘဲ ဟာသဖြစ်ရ တာတွေတောင် ရှိခဲ့တယ်ဆိုတာကို သတိထားနိုင် အောင် မိတ်ဆက်ပြတယ်။

"ဒီလိုလေ ရွာတရွာမှာ ဒီမွေးမိခင်ကို ပြတော့ အထပ်ထပ်တော့ တိုက်ထား လေ့ကျင့်ထားပါရဲ့။ တကယ် က,တော့ ဒါရိုက်တာက ထွက်ထွက်ဆိုလို့ နဂါးအဖြစ် သရုပ် ဆောင်ရတဲ့သူက ကမန်းကတန်းနဲ့ ထွက်သွားတယ်။ ပရိသတ်နဲ့ တကယ့် တီးဝိုင်းတွေနဲ့ ကရတော့ ကိုယ့်ကိုယ်ကို ဘာမှန်းမသိတော့ဘဲ နဂါးမင်းသား အဖြစ်ကိုမေ့ကာ ဆိုင်းသံ တွေကြားတော့ လန့်ဖြတ်ပြီး "သယ်... ငါကတော့ ဘီ "လို့ အော်လိုက်တော့ ဒါရိုက် တာလုပ်တဲ့သူက ကားနောက်ကနေ "ဟေ့ကောင် မင်းက ဘီလူး မဟုတ်ဘူး။ နဂါးကွ၊ နဂါးလို့ အော်ပြောလိုက်ရသတဲ့။ ရှေ့ကသရုပ်ဆောင် နေတဲ့သူကလည်း အသံကြားတော့ ကမန်း ကတန်းနဲ့ ပြင်တဲ့ပြီး "ငါကတော့ ဘီဂါးဖြစ်တော့သကိုး"လို့ အော်ကြိမ်း လိုက်တော့ တာပေါ့။ ပရိသတ်ကလည်း ဘယ်လိုမှ ထိန်းလို့မရတော့ဘဲ တဝါးဝါးနဲ့ ပွဲကျ ကုန်တော့ တာပေါ့ဗျာ"တဲ့။

"နောက်တပွဲကတော့ သမုဒ္ဒရာဘုမ္မာက ဆင်ပြောင်ငါးစီး အားမာန်ကြီးပြီး ဘီလူး ကတော့ သေးသေးညှက်ညှက်ကလေး။ လူကသေးရတဲ့အထဲ အသံကလည်း သေးသေးနဲ့ ပြာလဲ့လဲ့။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ သူတို့က မွေးမိခင်ဆိုမှုဟန်သဘင်ကို တမူ ဆန်းသစ်ထားသတဲ့။ ဘီလူးက ရိုးရိုးမထွက်ဘဲ ဘီလူးက ကယပြီးထွက်ရမှာ ဆိုတော့ ခက် တာပေါ့။ ပင်ကိုယ်ကမှ ဘီလူးမလုပ် ချင်ကြဘူး။ လူရွေးရခက်တဲ့အထဲ ဘီးလူးကနဲ့ ထွက်ရ မယ်ဆိုတော့ လူမရှိတော့ဘူး။ ရရာ ဆွဲထည့်ရပြီလေ။ ဒီတော့ လူမှန်နေရာမှန် မဖြစ်နိုင် တော့ဘူး။ ဘီလူးက သံလျက်ကြီးမြှောက်ကာ မြှောက်ကာနဲ့ 'စားလိုက်မယ်၊ ဝါး လိုက်မယ်' လို့ ကြိမ်းလိုက်တိုင်း လူတွေက တဝါးဝါး ရယ်နေရပြီး ဟာသဖြစ်နေတယ် လေဗျာ"တဲ့။ ဒီအတွေ့အကြုံတွေကို ပြန်ပြောင်းဖောက်သည်ချပေးလို့ ရဲဘော်တွေတဝါးဝါးနဲ့ ပွဲကျနေပါတယ်။ ဦးလေးမှည့်က အပြောကောင်းတာလည်း ပါတာပေါ့။

ကွန်ဖရင့်စခန်း ရောက်စညက အတွေ့အကြုံလေးတခုကိုလည်း သတိတရ ပြောပြ ချင်မိပြန်တယ်။ အဲဒီရောက်တဲ့နေ့ ညစာ ထမင်းစားပြီး အချိန်ကလည်း စောသေး တာနဲ့ ဧည့်ခံရေးကော်မတီက ကျွန်မတို့တဖွဲ့လုံးကို ပွဲဈေးတန်း လှည့်လည်ကြည့်ဖို့ လိုက်ပို့ ပေး ပါတယ်။ ဆိုင်ခန်းတွေကလည်း ကျယ်ကျယ်ဝန်းဝန်း သန့်ရှင်းသပ်ရပ်ပါတယ်။ အထည် ဆိုင်၊ ထမင်းဆိုင်၊ ခေတ်ပုံဆိုင် စသဖြင့် တော်တော် စုံပါတယ်။ အားလုံးလောက်နီးပါး

ပုသိမ်က လာရောင်းတာလို့ သိရတယ်။ ခါတ်ပုံဆိုင် တွေ့ပေမယ့် ဘယ်သူမှ ရိုက်ဖို့ မစဉ်းစားမိဘူး။ ခါတ်ပုံရိုက်ကြောင်း ပြောလာရင် တီကို ဆားနဲ့တို့သလိုပါပဲ။ ခုမှ ပြန်စဉ်းစားမိတော့ မှားလိုက်လေလို့ နောင်တရမိတယ်။ "ရိုက်ထားလိုက်မိရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သမိုင်းမှတ်တမ်း အမှတ်တရ ဘယ်လောက်များ တန်ဖိုးရှိလိုက်မလဲ။ ကိုယ့်မှာ အဲဒီတုန်းက ပါတီက ကိုယ်ပိုင်သုံးငွေ ပေးထားလျက်သားနဲ့ ဖြစ်ရလေလို့ စဉ်းစားမိတိုင်း အဲဒီအချိန်ကို နှမြောမိတယ်"။ တနေရာ မှာတော့ 'ပါကစ္စတန် ဟော်တယ်' ဆိုပြီး ဟော်တယ်တခုကို တွေ့ရ တယ်။ ကိုယ်ပိုင် မီးစက်နဲ့။ ဆိုင်က လှလှပပ ခမ်းခမ်းနားနားပါပဲ။

အဲဒီကွန်ဖရင့် မဏ္ဍပ်ကြီးအပါအဝင် စခန်းတခုလုံးကို ဝါးလုံးတသောင်း (၁၀၀၀၀) ကုန်တယ်လို့ ဧည့်ခံရေးကော်မတီက မိတ်ဆက်ပေးခဲ့တာကိုလည်း သတိတရ ရှိနေပါ သေးတယ်။

ကွန်ဖရင့်သို့ မြစ်ဝကျွန်းပေါ်တိုင်းက စုံစုံညီညီ တက်ရောက်ခဲ့တယ်။ ကွန်ဖရင့်မှာ ဗဟိုအနေနဲ့ ဧည့်ခံတော့ ပါတီသီချင်းတွေနဲ့ ဧည့်ခံခဲ့တာပါ။ ကျွန်မတို့ တီးဝိုင်းမှာ လူ အင်အားတောင့်တော့ ပျော်စရာလည်း အင်မတန် ကောင်းပါတယ်။ ကျွန်မတို့ ခရီးရှည်ချီတက် ရင်း လမ်းမှာ အမျိုးသမီးဖော် တဦးတိုးလာပါတယ်။ အဲဒါကတော့ မမြင့် (ဗိုလ်အောင်မင်း ဇနီး) တို့ သားအမိပါပဲ။

(မမြင့် ကျွန်မတို့ဆီကပြန်သွားပြီးနောက် ဒုတိယကလေးတယောက် ထပ်ရ ထားတယ်။ (အောင်မျိုးဝင်း) တဲ့။ အမေတူသားမို့ ဖြူဖြူသွယ်သွယ် လှလှလေးပါ။ ၇–၈ လ သားလေး။ ဘယ်သူခေါ်ခေါ် လိုက်တယ်။ မျက်နှာမရွေးပါဘူး။ လှည်းနဲ့သွားတာဆိုတော့ ကလေးက ရဲဘော်တွေဆီက မပြန်ဘူး။)

မမြင့်က ပါတီက သီချင်းတွေဆို အားလုံးလောက် နီးပါးရတာ။ အဆိုလည်း ကောင်းသူပါ။ အစည်းအဝေးတက်တော့လည်း ရှေ့ဆုံးမှာ ကျွန်မတို့နဲ့ တဆက်တည်းဆို တော့ ပိုပြီးအဆင်ပြေပါတယ်။ သီချင်းဆိုတဲ့အခါ အများဝိုင်းဆိုတဲ့နေရာ ရောက်ရင် သူလည်း ပါဝင် ဆိုပေးတယ်။

သုံးပါတီ ညီညွတ်ရေးသီချင်းက "ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ လမ်းစဉ်" ချမှတ် ပြီး သုံးပါတီညီညွတ်ရေး ဆက်လက်ဆောင်ရွက်သွားဖို့ ဗဟိုအတွင်းမှာ ဆုံးဖြတ်ခဲ့ပြီး ဒီစိတ်ခါတ်ကို ဖော်ကျူးတဲ့ သီချင်းကို တခါတည်း စပ်ဆိုခိုင်း ထားတာဖြစ်လို့ အောက်ခြေမှာ သိပ်မပျံ့ သေးဘူး။ သီချင်းကတော့ ဒီလိုပါ။

**သုံးပါတီ ညီညွတ်ရေးသီချင်း**

*[(တို့များဗမာပြည်ဝယ် ဖြစ်ပုံ ပျက်ပုံ ခြုံကာ ကြည့်လိုက်ပြန်တော့ တော်လှန်ရေး အတွင်းထဲဝယ် × အချင်းချင်းကတော့ မညီညွတ်ပြန်ပါတယ်)၂ ဗမာပြည် ကွန်မြူနစ်ပါတီရယ် × အလံနီ × ပြည်သူ့ရဲဘော်များပါ ကွဲပြားလို့ဖြင့် နေတယ်။ ရောင်စုံခြယ်... အဲဒါတွေကို ခုရပ်စဲလို့ တပါတီတည်း ဖြစ်ဖို့ လို့ပြီကွယ်]၂*

*သံပြိုင်— (နွားကွဲရင် ကျားဆွဲတဲ့ ပုံပမာရယ် နယ်ချဲ့သမားသာ အားရှိခဲ့တယ်။ ကျားစေဉ်းလဲပမာ မင်းပြုလို့နေသူကို × ပူး ပေါင်းကာ တိုက်မှသာ အောင်နိုင်မယ်... ကွန်မြူနစ်ဝါဒ အခြေခံခဲ့ကြတဲ့ ပါတီတွေ× ပါတီတွေ × ပါတီတွေ ညီစေရမယ်) ၂ ပြည်သူ့ဆန္ဒ နဲ့သာ အံကျဖြစ်အောင် ရည်ရွယ် × သာယာရွှေပြည် × ထူထောင်လို့ရယ် × တကယ်တမ်း ငြိမ်းချမ်းမယ် ဗမာပြည်ကို ရဲရဲနီအောင် × အနီရောင်နဲ့သာ... ခြယ်။*

*ကြည့်လိုက်စမ်း ... ကွယ် အမေရိကန် နယ်ချဲ့သမားနဲ့ရယ် ဗျူရိုကရက် အရင်းရှင်များနဲ့ ဖောက်ပြန်တဲ့ မြေရှင်တွေရယ် × စားလမ်းကောင်းလို့ × ဝမ်းဖောင်းနေပြီတကယ် × တို့တတွေ ကွဲကာနေသမျှ သင်းတို့ပဲ စည်းစိမ် ယစ် ကာကြွယ် ကမ္ဘာတဝှမ်းမှာ ရမ်းကား တဲ့ အမေရိကန်ရယ် × ဗမာပြည်ထက်မှာ စားကျက်ဖွင့်ကာ နေပြန်တယ် × ပူးပေါင်းလို့သာ အားကုန်ကြဲလို့ အပြုတ်လည်း နှံချိန်တန်ပြီ ကွယ်။*

*(နွားကွဲရင်... ကျားဆွဲတဲ့ ပုံပမာရယ်... ... ... အနီရောင်နဲ့သာ... ခြယ်)*

## ငြိမ်းချမ်းမှုအခန်း သွေးရောင်းလွှမ်းတော့သည်

ဒီနေ့ဟာ မတ်လ ၂၈ ရက်နေ့ပါ။ မနက်စောစောကပဲ ညီလာခံကို ဖွင့်လှစ်ခဲ့ပါတယ်။ **"ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ"** လမ်းစဉ်ကို တညီတညွတ်တည်း အောင် မြင်စွာ ချမှတ် နိုင်ခဲ့ပါတယ်။ အရင်ရက်တွေကတည်းက ခရိုင်အလိုက် လမ်းစဉ်ဆိုင်ရာကို ညှိနှိုင်း ဆွေးနွေး ကြတာမို့ ခုလို အောင်မြင်စွာ ချမှတ်လိုက်နိုင်တာပါ။

ကျွန်မတို့ ဗဟိုဝါဒဖြန့်ချိရေးအဖွဲ့က မနေ့က မတ်လ ၂၇ ရက်နေ့မှာ ညလုံးပေါက် ညှော်ခံခဲ့ပါတယ်။ ဒီနေ့ ထမင်းစားပြီး နေ့လည် နားချိန်ကျမှ အိပ်မယ်လို့ အားခဲပြီး ကွန်ဖရင့် ကို တက်နေပါတယ်။ ၁၁ နာရီလောက်မှာ လေယာဉ်သံ ကြားရတယ်။ လေယာဉ်သံက အတော်နဲ့ မပျောက်ဘူး။ အပေါ်က ဝဲနေသလို ထင်ရတယ်။

ကွန်ဖရင့်တက်နေတဲ့ လူထုကြီးဟာ တော်တော်လှုပ်လှုပ်ရွရွ ဖြစ်နေပါတယ်။ စင်မြင့်ပေါ်က အခမ်းအနားမှူးကလည်း အသံချဲ့စက်နဲ့ အော်ပြီးသတိပေးနေပါတယ်။ "မိဘ ပြည်သူများခင်ဗျား အပြင်မှာ ထွက်ပြီး လူရိပ်မပြကြပါနဲ့။ ထွက်မကြည့်ကြပါနဲ့။ မပြေး ကြပါနဲ့ ခင်ဗျား"လို့ အကြိမ်ကြိမ် သတိပေးနေပါတယ်။ ဒါပေမယ့် မရပါဘူး။ လူထုကြီးဟာ အုပ်လိုက် အပြင်ထွက်ကြည့်ပါတယ်။ တော်တော် ကြာတော့ တဝုန်းဝုန်းနဲ့ ပြင်းထန်တဲ့

အသံကြီး မြည် ဟည်းတုန်ခါ သွားပါတယ်။ မဏ္ဍပ်ထဲကို မီးခိုးလုံးကြီးတခု လိမ့်ဝင်လာပါတယ်။ ဘာမှ မမြင်ရ တော့ဘူး။ အော်သံဆူသံတွေပဲ နားထဲမှာ ကြားနေရတယ်။ မိဘတွေက သားသမီးတွေကို ခေါ်တဲ့အသံ၊ ကလေးငယ်တွေက ကြောက်လန့်တုန်ရီစွာ မိဘကို ခေါ်တဲ့ အသံတွေ ကွင်းတခုလုံး လွှမ်းနေတယ်။ ကျွန်မလည်း ကြောက်အားလန့်အားနဲ့ ခြေဦးတည့် ရာ ပြေးနေတာ...

"ဟေး... ကြည်လေး... ကြည်လေး... ဒီကိုလာ ဒီကိုလာ၊ အဲဒီလို ပြေးမနေရဘူး"လို့ အော်သံကြားလို့ ရပ်ပြီး ကြည့်လိုက်တော့ ကျွန်မရဲ့ ညာဘက်ဘေး မလှမ်းမကမ်းမှာ ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီး သခင်ဇင်။ သူ့ဘေးမှာ ဒေသခံ ရဲဘော်တွေ အပါအဝင် ရဲဘော်အချို့နဲ့ ရပ်ပြီး လေယာဉ်အခြေအနေကို အကဲခတ်နေတယ်။ "လာ... လာ... ဒီကိုလာ... ဒါလောက်ကြီး မကြောက်ပါနဲ့"လို့ ပြောနေလို့ ကျွန်မလည်း သူ့ဘေးမှာ သွားပြီး ရပ်နေ ပါတယ်။ "ဦးရွှေမှည့်နဲ့ ကျန်တဲ့ ရဲဘော်တွေကော"လို့ ကျွန်မကို မေးပါတယ်။ "မသိ တော့ဘူး။ ကျွန်မလည်း ခြေဦးတည့်ရာကို ပြေးလာတာပဲ"လို့ ပြောလိုက်ပါတယ်။

"အခုဟာက ဗုံးချပြီးသွားပြီ။ ဒီတခါ ပြန်လှည့်လာရင်တော့ စက်သေနတ်နဲ့ ပစ်နိုင်တယ်။ လေယာဉ်ကို ကြည့်နေ။ ဘေးကို စောင်းတာမြင်ရင် ဟောဒီကျင်းကလေးထဲ ဝပ်လိုက်။ စက်သေနတ်ပစ်တယ်ဆိုတာ မြေကြီးပေါ်မှာ ဝပ်နေရင်တောင် လွတ်တာ။ ထ, မပြေးရဘူး။ ဗုံးကတော့ ဘယ်နားနေနေ ကိုယ့်အပေါ် တည့်တည့်ကျမှ သေတာ"လို့ မကြောက် အောင်၊ အန္တရာယ်ကင်းအောင် ရှောင်နည်းတွေကို ရှင်းပြနေပါတယ်။

ကျွန်မလည်း ကြောက်စိတ် နည်းနည်းတော့ ပြေလာပါတယ်။ ပြောရင်းဆိုရင်း လေယာဉ်က လှည့်လာပြန်တယ်။"ဟော စောင်းပြီ စောင်းပြီ။ စက်သေနတ်ပစ်တော့မယ်။ ကျင်းထဲဝပ်။ ခေါင်းမထောင်နဲ့"လို့ပြောနေတုန်း ဒက်ဒက်... ဒက်ဒက်... နဲ့ ခုခံမယ့်သူ မရှိလို့ စိမ်ပြေနပြေ ပစ်လို့နေပါတယ်။ တော်တော်ကြာတော့ ဝေါကနဲ ပျံတက်သွားပြန်တယ်။ (ကျွန် မ ကလေးဘဝက ဒုတိယ ကမ္ဘာစစ်အတွင်းမှ အဖြစ်အပျက်တွေကို ပြန်ပြောင်း သတိရ နေမိတယ်)။

"ရဲဘော်တို့ ဒီလိုနေလို့တော့ မဖြစ်ဘူး။ လူထုကို ထိန်းဦးမှ ရမယ်။ လေယာဉ်က စောင်းလာရင် ရောက်တဲ့နေရာမှာ လှဲချ ဝပ်နေဖို့ ပြောပါ။ ထ, မပြေးနဲ့လို့ အမြန်သွားအော် ပြောလိုက်ပါ။ ထိခိုက် နစ်နာမှုတွေ များကုန်တော့မှာပဲ"လို့ စိုးရိမ်စွာနဲ့ ဆက်ပြောရင်း သူကိုယ်တိုင်လည်း လူထုတွေရှိရာ (နီးစပ်ရာ လူတွေ) ကို သွားရောက် အားပေးရင်း "စက် သေနတ် ပစ်ရင် ဘယ်လိုနေရမယ်" ဆိုတဲ့ နည်းနာတွေကို လိုက်ပြောပြနေပါတယ်။

ကျွန်မဟာ ဥက္ကဋ္ဌ သခင်ဇင် ပြုမူလုပ်ဆောင်ချက်တွေကို ကြည့်ရင်း စိတ်ထဲမှာ ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာ ပြီးတော့ ဒီလိုခံစားမိပါတယ်။ "သြော်... ခေါင်းဆောင်ဆိုတာဟာ ကိုယ့်ရဲဘော်တွေ ကိုယ့်ပြည်သူတွေကို ကိုယ့်ရဲ့ ရင်နှစ်သည်းချာပမာ အန္တရာယ်တခုခုနဲ့ ကြုံတွေ့လာရင် ဘယ်လို ရှောင်တိမ်းရမယ်ဆိုတာ သိအောင်ပြောပြပေးတယ်။ အားငယ်နေရင် အားပေး ဖျောင်းဖျတယ်။ ခေါင်းဆောင်ဆိုတာ ဒီလိုပါလားနော်"လို့ စဉ်းစားရင်း ဆက်တွေး မိနေတာက "ခေါင်းဆောင်မှ မဟုတ်ဘူး။ တို့ သာမန်ရဲဘော်တွေလည်း ကျန်တဲ့ရဲဘော်တွေ ပြည်သူတွေအပေါ် ဒီလိုပဲ သဘောထားရမယ်။ သဘောထားသင့်တယ်"လို့ စဉ်းစားမိတယ်။

လေယာဉ်ထစင်းတည်း ဗုံးကြဲ စက်သေနတ်ပစ်နဲ့ လုပ်ချင်သလိုလုပ်ပြီး ပြန်သွားပါပြီ။ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ ပြည်သူတ ရပ်လုံးက ကမ္ဘာ့ပြည်သူများနဲ့အတူ ငြိမ်းချမ်းရေးကို လိုချင်တယ်။ ငြိမ်းချမ်းတဲ့ စည်ပင်သာယာ ဝပြောတဲ့ ဘဝကို ဘယ်လိုပဲ မြတ်နိုး လိုချင် တောင့်တ နေပေမယ့်လည်း အာဏာလက်ရှိ အစိုးရအပေါ် မူတည်ပါတယ်။ အာဏာလက်ဝယ် ကိုင်ထားသူ အစိုးရကသာ အဆုံးအဖြတ် ပေးနိုင်ပါတယ်။ ဟော... အခုလည်း ကြည့်ပါလား။ ငြိမ်းချမ်းလိုချင်တဲ့ ပြည်သူတွေကို ရန်မူပြီး ရန်သူလိုသဘောထား ဖြေရှင်းလိုက်တယ်။ ပြည်သူထဲက အမျိုးသမီးတယောက်သေပြီး အများအပြား ဒဏ်ရာရခဲ့တယ်။ လတ်တလော သာယာ လှပနေတဲ့ မြင်ကွင်းဟာ အခုတော့ သွေးရောင်လွှမ်းလို့ အကျည်းတန်သွားခဲ့ရပါပြီ။

## ဘယ်ခါမကျေနိုင်ပြီ
## သွေးဗိမာန်ကြီး ဖန်တီးခဲ့ပြန်ပြီ

ကျွန်မတို့ ကွန်ဖရင့် ကျင်းပနေစဉ် ဖဆပလအစိုးရက လေယာဉ်နဲ့လာရောက် ဗုံးကြဲ စက်သေနတ်များနဲ့ ပစ်ခတ်ခဲ့တဲ့အတွက် ကွန်ဖရင့် အစီအစဉ်များကို အေးအေးဆေးဆေး မဆောင်ရွက်နိုင်ဘဲ အဆုံးသတ်ခဲ့ရတယ်။ ဒီလိုနဲ့ ကျွန်မတို့အဖွဲ့ ပုသိမ်ခရိုင်ရုံးမှာ ရွှေ့ပြောင်း နေကြပါတယ်။ ဒီရုံးမှာနေရင်း ဦးလေးဦးရွှေမှည့်က လက်ရှိအခြေအနေကို မှတ်တမ်းတင်ကာ ***"သွေးဗိမာန်"***ဆိုတဲ့ သီချင်း တပုဒ်နဲ့ ***"သွေးဗိမာန်"***ဆိုတဲ့ ပြဇာတ်ဇာတ်ညွှန်း တခုကိုပါ ရေးဆွဲပြီး ပုသိမ်ခရိုင်အတွင်းမှာ ရှိတဲ့ ပြည်သူတရပ်လုံးကို တင်ပြတော့ အောင်မြင်မှု တော်တော် ရပါတယ်။ သွေးဗိမာန် ဇာတ်လမ်းက ရိုးရိုးလေးပါ။

ရွာတရွာက ချစ်သူနှစ်ဦးဟာ အင်မတန် ချစ်ခင်ကြင်နာကြပါတယ်။ သူတို့ဟာ လူငယ်တွေပီပီ နှစ်ယောက်သား လက်ထပ်ပြီးရင် သာယာတဲ့ဘဝကို ဘယ်လို ဖြတ်သန်းကြမယ်။ သာယာတဲ့ အိမ်ထောင်လေးဖြစ်အောင် ဘယ်လိုဖန်တီး တည်ဆောက်ကြမယ်ဆို

တာ အတွေးကိုယ်စီနဲ့ အပျော်ကြီး ပျော်ခဲ့ကြတယ်။ ဒီအချိန်မှာ ငြိမ်းချမ်းရေးရရန် ရည်ရွယ်ပြီး ဒီကွန်ဖရင့်ကို လာရောက်တက်ခဲ့ကြတယ်။ "ငြိမ်းချမ်းရေးသာ ရခဲ့ရင်" ဆိုတဲ့ မျှော်လင့်ချက် ရောင်ခြည်ဦးကို သူတို့နှစ်ဦးရဲ့ စိတ်အယဉ်မှာ မျှော်တလင့်လင့်နဲ့ တမ်းတခဲ့ရ ပါတယ်။

ဟော… ခုတော့ဖြင့် ကြည်လင်လှပတဲ့ ပြာလဲ့လဲ့ ဝဋ္ဋာပြင်အစား မည်းမှောင်မှုန်မှိုင်းပြီး အကျည်းတန်လှတဲ့ ဝဋ္ဋာပြင်ကိုပဲ မြင်တွေ့ နေရပါတော့တယ်။ မြေပြင်ကို ကြည့်ပြန်တော့လည်း အုပ်စိုးသူ လူတန်းစား အာဏာလက်ရှိ အစိုးရက တဖက်သတ် ဆင်နွှဲလာတဲ့ ပြည်တွင်းစစ်ရဲ့ ရက်စက် ကြမ်းကြုတ်လှတဲ့ မီးတောက်မီးလျှံတွေကြားမှာ ပြေးလွှားငိုကြွေး အသက်ကို စတေး နေရတဲ့ ပြည်သူတွေပါလား။

ကျွန်မရဲ့ အနုပညာ သက်တမ်းက တလျှောက်လုံးမှာ ကျွန်မသရုပ်ဆောင်ခဲ့ရ တာ ဒီလောက်ခက်ခဲတာ မကြုံခဲ့ဖူးဘူး။ အခု သွေးပိမာန်ပြဇာတ်မှာ ကျွန်မက ပုံးဒဏ်ရာနဲ့ မသေခင် အလွမ်းသယ်ရတယ်။ ကျွန်မရဲ့ ချစ်သူကလည်း အလွမ်းသယ်ရတယ်။ ကျွန်မတို့ နှစ် ယောက်လုံး တော်တော်ကြိုးစားယူရတယ်။ ပြည်သူတရပ်လုံးကလည်း လက်ငင်းကြုံတွေ့ ခံစားနေရတဲ့ ဘဝကရှိပြီးသားမို့ ဒီပြဇာတ်ဟာလည်း လူထုထဲမှာ တော်တော် ရိုက်ခတ်မှု ကောင်းခဲ့တယ်။

**သွေးပိမာန်သီချင်း**

***တို့ရဲ့ဗမာတိုင်းပြည် × တိုင်းရင်းသားတွေ စုံညီလှသည် × လူမျိုးစုံ အဖွဲ့ပေါင်းစုံ ချီတက်လာနေပြီ × ဩော် × စစ်ဝါဒီတပါတီ အစိုးရကို × ဖြုတ်ချကာ × အခြေအနေကို ပြောင်းမည် × လူမျိုးစုံ အဖွဲ့ပေါင်းစုံ × နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ငြိမ်းချမ်းရေးကို လိုသူတိုင်းပင် × တကယ်ပင် × အာဏာသိမ်းလို့ × တ ပြည်လုံးငြိမ်းချမ်းစေမည် × ဒီရည်ရွယ်ချက်နဲ့ ဆန္ဒတွေတူညီ × မြစ်ဝကျွန်းပေါ် × တိုင်းကွန်ဖရင့်ဆီ × ညီညီညာညာ × ချီတက်ကာ × လှမ်းခဲ့ကြပေသည် ×***

***× × × အို… ကြမ္မာငယ်ညီ × ယုတ်မာစွာလည်း × လေယာဉ်ဝဲလို့ × ဗုံးကြဲစဉ်မလတ် × စက်သေနတ်နဲ့ ပစ်ခတ်ပြန်သည် × ဘယ်ခါမကျေနိုင်သည် × သွေးပိမာန်ကြီး ဖန်တီးခဲ့ပြန်သည် × အသက်သွေးတွေဆုံးလို့ × အတုံးအရုံး ကျသည် × ဤကဏ္ဍာ မကျေ နိုင်ပြီ × ငြိမ်းချမ်းမှုအခန်း × × သွေးရောင် × × လွှမ်းတော့ × × သည် ×***

**ဘီလူး၏ အပြုံး**

**တယောက်တည်းမို့ အားငယ်ရှာတဲ့ ဘီလူး**

ဒီကာလတွေအတွင်း ပုသိမ်ခရိုင်မှ မြို့နယ်တွေ ရွာကြီးတွေက လုပ်သမျှ အလှူပွဲ၊ ပျော်ရွှင်ပွဲမှန်သမျှ ကျွန်မတို့အဖွဲ့ မပါတာ မရှိသလောက်ပါပဲ။ မြစ်ဝကျွန်းပေါ်ဆိုတော့ စီးပွားရေးကလည်းကောင်း မနည်းလှတဲ့ ရွာကြီးတွေမှာလည်း ယဉ်ကျေးမှုအဖွဲ့တွေ ရှိကြတယ်။ တီးဝိုင်းကအစ ဇာတ်ဝင်ပစ္စည်းတွေအဆုံး ပြည့်စုံကြပါတယ်။ ပညာတတ် တွေလည်းများတော့ ဆန်းသစ်တီထွင်မှုတွေလည်း ကောင်းပါတယ်။ အနုပညာလည်း မြောက်ပါတယ်။

'ဘုရားကုန်း' ဆိုတဲ့ ရွာကြီးက ရွှေချိုးဖြူယိမ်းအကဟာ တော်တော်လှတယ်။ ကတဲ့အမျိုးသမီး ၁၂ ယောက်လုံး ရုပ်ရည်လှပါတယ်။ အရွယ်လည်း ညီတယ်။ အဝတ်အစား ကလည်း ထိုင်မသိမ်းအကျီအဖြူ၊ အပြာနုရောင်ပြန့်ထမီ (ငွေခြည်ထိုးပန်းဖော်ထားတယ်) ခြေအိတ်အဖြူ၊ တောင်ပံက ကျွန်မတို့ ဗဟိုအဖွဲ့လို စက္ကူကတ်ပြားကို ဆေးရေးထားတဲ့ တောင်ပံမဟုတ်ဘူး။ အဖြူရောင်ပိုးစကို တောင်ပံပုံချိုးပြီး သုံးထောင့်မှာ ထောင့်တဖက်က ပခုံးမှာတပ်ထားပြီး ထောင့်တစက လက်သန်းမှာတပ်၊ ကျန်ထောင့်တစက ထိုင်မသိမ်းအကျီ တင်ပါးမှာ တပ်ထားတယ်။ တောင်ပံမှာ သွေးမျှင်ကြောကလေးတွေ ယှက်နေသလို ပန်းနု ရောင် ပိုးချည်များနဲ့ ချုပ်ထားတယ်။ တောင်ပံ အဖျားမှာ ဘော်ကြယ်နဲ့ ပန်းပွင့်ကလေးတွေ ဖော်ထားတယ်။ က, ရင်းနဲ့ တောင်ပံခတ်တဲ့အခါ ပျော့ပျောင်းပြီး အလွန်နိုလှတယ်။ ပြီးတော့ နောက်ကြောမှာ ပဝါတစ ရှိသေးတယ်။ ဖြက်တပေလောက် ရှိတယ်။ အရှည်က လူတရပ် လောက် ရှိတယ်။ အစတဖက်က အောက်အနားမှာ ဘော်ကြယ်လိုင်း ၃ လိုင်းထည့်ထား တယ်။ ကတဲ့အခါ ပဝါစ အတွန့်ရှိတဲ့ဘက်ကို ပခုံးမှာ ချိတ်နဲ့တွယ်ထားပြီး ကျန် တစကို အောက်ကို ဖြန့်ချထားတယ်။ ကတဲ့အခါ ဝဲပျံတဲ့အခါ တကယ့်ငွေချိုးဖြူလေးတွေ ကွန်ဖရင့်မဏ္ဍပ်အတွင်း အုပ်လိုက် ဝဲပျံနေသလားလို့ ထင်ရတယ်။ သီချင်း၊ အတီး၊ အက အားလုံးညီညွတ်ပြီး ကောင်းမွန်လှတာမို့ ကွန်ဖရင့် ဧည့်ခံပွဲမှာ လူထုပရိသတ်ကြီးရဲ့ ပွဲတောင်း ခံရတာကိုလည်း ကျွန်မ ပြန်လည် သတိရမိတယ်။

ဒီယိမ်းအကမှ ရွှေချိုးဖြူဝတ်စုံကို နမူနာယူပြီး ရွှေချိုးဖြူအော်ပရာအတွက် ကျွန်မ ရဲ့ကိုယ်တိုင်နဲ့ ဝတ်စုံတစုံ ကျွန်မတို့အဖွဲ့ က အဲဒီတုန်းက အသစ်ချုပ်ပေးခဲ့ဖူးတယ်။

ဒီလိုနေရင်းနဲ့ တနေ့မှာ တိုင်းဝါဒဖြန့်အဖွဲ့က မွေးမိခင်ဆိုမှုဟန် သဘင်ကို အစမ်း ကပြပါတယ်။ တီးဝိုင်းကို နှစ်ဖွဲ့လုံး ရော တီးကြပြီး ဗဟိုက အဓိက တာဝန်ယူတယ်။ ပြဇာတ် ဇာတ်ကောင်တွေအားလုံး တိုင်းအဖွဲ့က တာဝန်ယူကာ ဘီလူးမင်းသား တနေရာ ဇာတ် ကောင် လိုနေတဲ့အတွက် ကျွန်မတို့ ဗဟိုက ဘီလူးမင်းသားကို ပါဝင်ကူညီပေးဖို့ တောင်းဆိုလို့ အကူ အညီပေးရတယ်။ သူတို့က သူတို့ရဲ့ သရုပ်ဆောင်မှုတွေ စစ်ဆေး အကဲဖြတ်

ဖို့ လည်း တောင်းဆိုလို့ ကျွန်မတို့တဖွဲလုံးက ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရင်းနဲ့ ကပွဲပြီးခဲ့ တယ်။

ဒီကပွဲပြီးတော့ နောက်တနေ့မှာ ကျွန်မတို့ ဗဟိုယဉ်ကျေးမှုအဖွဲ့ တဖွဲ့တည်း အစည်းအဝေးထိုင်ပါတယ်။ ကျွန်မတို့ကပွဲပြီးတိုင်း အစည်းအဝေးထိုင် နိဂုံးချုပ်လေ့ရှိပါတယ်။ အခုလည်း လုပ်နေကျအတိုင်း လုပ်တာပါ။ ဒါပေမယ့် ဒီတခါကတော့ ကျွန်မတို့ တဖွဲ့လုံး ကတာ မဟုတ်ပေမယ့် ကျွန်မတို့ရဲ့ ဘီလူးအဖြစ် သရုပ်ဆောင်တဲ့ရဲဘော်ပါဝင်ကပြခဲ့ရတယ်။ သူ့ရဲ့ သရုပ်ဆောင်မှုတွေ မပီပြင် ခဲ့မှုကို ကျွန်မတို့ ဝေဖန်ဆွေးနွေးဖို့ရှိနေပါတယ်။ မွေးမိခင် မှာ ဘီလူးနဲ့ မိခင်မြေနတ်သမီးတို့ဟာ တဦးနဲ့တဦး အပြန်အလှန် မုန်းတီးရွံရှာတဲ့ အကြည့် မျိုးတွေနဲ့ စစ်ခင်းနေကျပါ။

အခုဒီပွဲမှာတော့ ကျွန်မတို့ရဲ့ ဘီလူးဟာ မယ်တော်နဲ့ အပြုံးချင်း ဖလှယ်နေကြတယ်။ ပရိသတ်က ရယ်စရာ ဖြစ်နေခဲ့ရတယ်။ ဒါကြောင့် ကျွန်မတို့က သူ့ကို အကူအညီပေး ထောက်ပြဖို့လိုပါတယ်။

အဖြစ်က ဒီလိုပါ။ အဲဒီတုန်းက မယ်တော်အဖြစ် သရုပ်ဆောင်တဲ့ မင်းသမီးလေးက ငယ်လည်းငယ် လှလည်းလှပါတယ်။ ကျွန်မတို့ရဲ့ ဇာတ်လိုက်ကြီးကလည်း ဘီလူးဆိုပေမယ့် သူ့ရဲ့ပင်ကိုယ် ရုပ်ရည်ဟာ ချောမောပြေပြစ်သူ ဖြစ်တယ်။ ဇာတ်ထဲမှာ ဘီလူး၊ အဘိုးကြီး စသဖြင့် ကျရာအခန်းများကို ပိုင်နိုင်စွာ ကပြနိုင်သူ လူပျိုကြီး။ ခပ်ပျော်ပျော်နေတတ်သူ။

ဒီလိုနဲ့ အစည်းအဝေးထိုင်ကြတဲ့အခါ ရဲဘော်တွေအားလုံးက သူ့ကို "ခင်ဗျားသရုပ်ဆောင်တာ အရင်ကနဲ့ မတူဘူး။ သဘာဝ မကျဘူး။ မပီပြင်ဘူး။ ဇာတ်လမ်းအတွက် ပေါ့ပြဲသွားတယ်"လို့ ကူညီထောက်ပြကြတယ်။

အဲဒီတုန်းက ကျွန်မက သူ့ကို ကဗျာလေးစပ်ပြီး ဝေဖန်ခဲ့ဖူးတယ်။ အချိန်တွေကြာတော့ ကဗျာအပိုဒ် ၃ ပိုဒ်လုံး ပြန်စဉ်းစားလို့ မရ တော့ဘူး။ အနှစ် ၅၀ တောင်ကျော်သွား ပြီပဲကိုး။ အောက်ဆုံးတပိုဒ်ပဲ မှတ်မိပါတော့တယ်။ ကဗျာ ခေါင်းစီးက 'ဘီလူး၏အပြုံး' တဲ့။

**"ပိတောက်ရွှေဦး၊ မာလာဖူးကြောင့်၊ ဘီလူးမောင့်မှာ၊ ပြုံးရပါသည်၊ ရှေးတာရေစက် ထူးသောကြောင့်"**

ကျွန်မက ဒီကဗျာလေးရေးပြီး ဖတ်ပြဝေဖန်လိုက်ပါတယ်။ သူကလည်း ရိုးရိုးသားသားပဲ သူ့အဖြစ်ပြောပြပါတယ်။ " ဒီလို ဖြစ်ရတာ ကျွန်တော်မှားပါတယ်။ ကနေတဲ့အချိန်မှာ မယ်တော်က ပြုံးပြတော့ ကျွန်တော်ကလည်း ပြန်ပြုံးမိပါတယ်။ အဲဒီလို ဖြစ်တိုင်း ပရိသတ်က ဝါးကနဲ ဝါးကနဲ ရယ်နေသံ ကြားရတော့ ငါမှားပြီဆိုတာ သတိရပါတယ်။

ဒါပေမယ့် ခက်တာက သူက အရင်ပြုံးတာဆိုတော့ ကျွန်တော်က ရန်သူလို ပြန်ကြည့်ရမှာ အားနာ သလိုလို ဖြစ်ပြီး ပြန်ပြုံးပြနေရတာပါ။ မှန်တာပြောရရင် ကလေးမကလေးက ကျွန်တော့် ကို မုန်းသွားမှာ ကြောက်လို့ပါ။ ကျွန်တော် နောင် ဒီလိုမဖြစ်စေရပါဘူး''လို့ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးပေးပါတယ်။ ကဗျာလေးကိုလည်း သူကပဲ တောင်းယူ ပြန်ဖတ် ပြရင်းနဲ့ အစည်းအဝေးကို ပျော်ပျော်ရွှင်ရွှင်နဲ့ အဆုံးသတ်လိုက်တယ်။

× × × × × × × ×

အဲဒီ ပုသိမ်ခရိုင်အတွင်းမှာပဲ တသက်တာ မမေ့နိုင်တဲ့ ဖြစ်ရပ်တခု နောက်ထပ် ကြုံခဲ့ဖူးသေးတယ်။

ကျွန်မတို့အဖွဲ့ဟာ နောက်ပိုင်းမှာ ပုသိမ်ခရိုင်ရုံးမှာ မနေတော့ဘဲ ပွဲကတဲ့ မြို့နယ် အတွင်းမှာပဲ သက်ဆိုင်ရာက စီစဉ်ပေးချက်အရနဲ့ ဖိတ်ခေါ်ချက်များအရ ရွာတွေမှာ နေပါတယ်။ 'ဘုရားကုန်းရွာ' ဆိုတဲ့ ရွာမှာ ပင်ကိုယ်ကလည်း ဝါဒဖြန့်ချိရေးအဖွဲ့ ရှိပါတယ်။ ရွာကလည်း ရွာကြီးမို့ လူငယ်တွေများတယ်။ ဒီရွာမှာ ကျွန်မတို့ရောက်နေစဉ် လူငယ်တွေ ဟာ ညစဉ် တယော၊ မယ်ဒလင်၊ ဂီတာ စတာတွေယူလာပြီး ဦးလေးဆီမှာ ပါတီသီချင်းတွေ လာတက်ယူ သင်ယူကြတယ်။ ဦးလေးကလည်း စနစ်တကျ သင်ပေးပါတယ်။ ညစဉ်တီးဝိုင်း နဲ့ အတီးအမှုတ်တွေ ရှိပါတယ်။ အိမ်ရှင်က လူကြီး ၃ ယောက်၊ ကျွန်မတို့ကလည်း ၃ ယောက် (ကျွန်မတို့ ဇနီးမောင်နှံနဲ့ ဦးလေးအပါ ပေါင်း ၃ ယောက်)(အိမ်ရှင်က ညီအစ်မ ၂ ယောက်၊ အစ်မက အိမ်ထောင်ကျပြီး ကလေးတယောက် ရနေပြီ။ ညီမလေးက ကွန်ဖရင့်မှာ နာမည်ကြီးခဲ့တဲ့ 'ရွှေချိုးဖြူ' ယိမ်းထဲကပါ)။ မိဘမရှိတော့ဘူး။ တအိမ်လုံးက အနုပညာ ဝါသနာ ပါပါတယ်။ အိမ်ရှင် ညီမလေးက ကျွန်မနဲ့ ရွယ်တူလောက်ပါ။ ကျွန်မကိုလည်း တော်တော်ခင်ပါတယ်။ မအုံးကြည်တဲ့။ သူတို့အိမ်က ပျဉ်ထောင်အိမ် ပျဉ်ခင်း တထပ်အိမ်ပါ။ တော်တော်ကျယ်ပါတယ်။ စီးပွားရေးကလည်း မဆိုးပါဘူး။ အိမ်ဆိုင် အထည်ဆိုင်ရှိပါတယ်။

ညဆိုရင် ရွာထဲက တီးဝိုင်းအပြင် ဦးလေးကလည်း ဒုံမင်းတီးပြီး ကျန်တဲ့ ကျွန်မ တို့အဖွဲ့က ရဲဘော် ၂ ယောက်ဟာလည်း တယောက်ကဂီတာ၊ တယောက်က တယော ထိုး ပါတယ်။ ပါတီသီချင်းအပြင် သီချင်းကြီးတွေလည်း တီးပါတယ်။ ပင်တိုင် အဆိုတော် တွေကတော့ ကျွန်မရယ်၊ ဘီလူးလုပ်တဲ့ရဲဘော်ရယ်။ သူက အမြဲတမ်း ပင်တိုင်အဆိုတော် (သီးချင်းကြီး၊ သီချင်းခံတွေလည်း တော်တော်ရတယ်။ စည်းဝါးကို သူပဲ ကိုင်တယ်။ ဝါ သနာလည်း ကြီး ပါတယ်)။ တခါတရံ သူဆက်တိုက် ဆိုရလို့ မောသွားရင် ဦးလေးက သူ့ကိုအနားပေးပြီး ဦးလေး ကိုယ်တိုင် ဆိုတီးတီးပါတယ်။

ရွာက ရေဝတီမြစ်ရဲ့ ညာဘက် ကမ်းနဖူးမှာဆိုတော့ မနက်ခင်းရယ်၊ ညနေရယ်၊ လသာညတွေရယ် တော်တော်သာယာ ပါတယ်။ ကျွန်မတို့နေရတဲ့ အိမ်ဟာ မြစ်ကမ်းနဖူး မှာပါ။ ဘုရားကုန်း၊ ဆောင်ဘုံ၊ ခေနမ်ဆိုပြီး ရေဝတီမြစ်ရဲ့ ညာဘက်ဘေးမှာ ရွာစဉ်လိုက် ရှိပါတယ်။ ညစဉ်တီးဝိုင်းမှာ ရွာထဲက ဝါသနာပါတဲ့ လူကြီးလူငယ်များပါ လာရောက် နား ထောင်လေ့ရှိကြပါတယ်။

ကျွန်မလည်း ကိုယ်ရထားတဲ့ သီချင်းကြီးတွေ မေ့ကုန်မှာစိုးလို့ ပါဝင်ဆိုပြီး ကိုယ်မဆိုလည်း သူများဆိုတာတွေ ပြန်နားထောင်ရင်း လေ့ကျင့်ရပါတယ်။

တနေ့မှာတော့ သာပေါင်းမြို့နယ်က ဘုရားပွဲမှာ လာကဖို့ ဖိတ်စာရောက်လာပါ တယ်။ လပြည့်ညမှာ ကရမှာပါ။ အချိန်ကလည်း သင်္ကြန်ကျကာနီးဆိုတော့ တော်တော်ပျော်စရာ ကောင်းပါတယ်။ ဒီလိုနဲ့ လပြည့်နေ့ကို ရောက်လာပါပြီ။ ညနေထမင်းစားပြီး နေဝင်ရီတရော အချိန်မှာ လှေကြီးတစင်း ဆိုက်ရောက်လာပါတယ်။ သာပေါင်း မြို့နယ်ပါတီ ကော်မတီ ၂ ယောက်ပါလာပြီး ကျွန်မတို့အဖွဲ့ကို လာကြိုတာပါ။ ည ၇ နာရီ လောက်မှာ ကျွန်မတို့အဖွဲ့ လှေနဲ့လိုက်သွားကြပါတယ်။ လကလည်းသာနေတာမို့ ရေဝတီ မြစ်ရေ ပြင်ဟာ အလွန် လှပါတယ်။ လှေပေါ်မှာ ယမုံနာသီချင်းကို ဆိုတီးတီးပြီး သွားကြတယ်။ ည ၈ နာရီလောက်မှာ သာပေါင်းမြို့က ဘုန်းကြီးကျောင်း ဝင်းကျယ်ကြီး တခု အတွင်းကို ရောက်သွားပါတယ်။ အဲဒီမှာ ဇရပ်ကြီးတဆောင် ရှိတယ်။ ခါးလောက်မြင့်ပြီး လှေကား သုံးထစ် ရှိပါတယ်။ ခိုင်ခိုင်မာမာ သပ်သပ်ရပ်ရပ်လည်း ရှိလှတယ်။ အဲဒီဇရပ်ကြီးမှာ ပွဲကဖို့ပြင်ထားပြီး တီးဝိုင်းကလည်း ညှော့ခံတီးလုံးအဖြစ် ပွဲကြိုကျက်မ သီချင်းကို တီးနေတာ ကြားရပါတယ်။

**"(စုရတီငွေနားနဲ့ ရွှေပါးမှာတဲ့ နံ့သာခြယ် လှပါဘိတယ်... ယဉ်ပါဘိ... ကင်းစင်ကွာ ... ဆင်းအင်္ဂါ မှန်သဘော... မင်းဘာ ကြောင့်ချော... )၂ ဇာတ်နားသွားမရစ်ပါ ခေတ်ပြားတပြား ဖွင့်ကာ ကောင်းတဲ့ခေတ်ပြားတပြားကို ဖွင့်ကာ အိမ်... မှာ... နေ... ရစ်... ခဲ့ပါလားကွယ် ×"**

ကျွန်မတို့ဟာ ဇရပ်ရဲ့ နောက်ဘက်လှေကားက တက်ရပါတယ်။

ပွဲခင်းမှာ ပရိသတ်က စုံနေသလောက် ရှိနေပါပြီ။ ကျွန်မတို့အဖွဲ့ ဝင်လာတာကို မြင်လိုက်တော့ ထိုင်နေတဲ့ ပရိသတ်ကြီးဟာ လှုပ်လှုပ်ရွရွ ဆူဆူညံညံဖြစ်သွားပြီး ကလေးတသိုက်နဲ့ ကာလသားတသိုက် အုပ်စုလိုက် အဖွဲ့နောက်က လိုက်လာပါတယ်။ ဇရပ်အနီး ကင်းစောင့်နေတဲ့ ကင်းသမားနှစ်ယောက်က တားထားလို့ ဇရပ်ပေါ်ထိ မလိုက်နိုင်ဘဲ ရစ်သီရစ်သီနဲ့ နောက်ဆုံးလက်လျှော့ပြီး ပွဲခင်းထဲ ပြန်သွားကြပါတယ်။

ကျွန်မတို့လည်း ရောက်ရောက်ခြင်း ဖီးလိမ်းပြင်ဆင်တာ လုပ်ရပါတယ်။ အစီအစဉ် စာရွက်ရောက်လာတယ်။ ပွဲဦးထွက် နတ်ကတော်အက ထွက်ပါမယ်။ ပြီးရင် သူတို့ဆီက ယိမ်းထွက်ပါမယ်။ ပြီးမှ ကျွန်မတို့ရဲ့ 'ရွှေချိုးဖြူ' အော်ပရာ၊ 'မွေးမိခင်' ဆိုမူ ဟန်သဘင် အားလပ်ချိန်ပြီးမှ 'ရဲဆု' ပြဇာတ်နဲ့ မိုးလင်းအထိ ကျွန်မတို့ တာဝန်ယူ ကရမှာပါ။

ဟော… ဇာတ်ပွဲရဲ့ အစီအစဉ်ကို စတင်နေပါပြီ။ ကျွန်မလည်း ဖီးလိမ်းပြင်ဆင်ပြီးပြီမို့ အချိန်စောသေးတာနဲ့ အဝတ်မလဲသေးဘဲ ကားကြားထဲကနေ ပရိသတ် အခြေအနေကို အကဲခတ်လိုက်ပါတယ်။ သြော်… ထင်တာထက် ပိုများတာပဲ။ အကြောင်းက ဒီလိုပါတဲ့။ ကွန်ဖရင့်ပွဲကြီးတုန်းက ဝေးလို့လိုက်မကြည့်နိုင်သူတွေ အခုပွဲမှ အိမ်ရှိလူကုန်လာကြတာကြောင့် ပွဲကြည့်ပရိသတ် များနေတာတဲ့။ ကောင်းပါတယ်။ ကောင်းပါတယ်။ အေးအေး ဆေးဆေး ကြည့်ရတာပေါ့။ ကျွန်မတို့လည်း အစွမ်းကုန် ကြိုးစားကရမှာပေါ့လို့ စဉ်းစားရင်း ကိုယ့်နေရာကိုယ် ပြန်လာတယ်။ ရောက်တာနဲ့ ရွှေချိုးဖြူ အော်ပရာအတွက် အဝတ် လဲလိုက် ပါတယ်။

ယိမ်းကနေတာ ဆလိုက်မီးတွေနဲ့ တော်တော်လှတာပဲ။ ယိမ်းကလို့အပြီး ရွှေချိုးဖြူအော်ပရာထွက်ဖို့ ကျွန်မလည်း ဇာတ်ခုံရဲ့ ညာတောင်ပံကိုသွား ပုဏ္ဏားကွယ်မှာ နေရာယူပါပြီ။ ခဏနေတော့ မုဆိုးကြီးကလည်း ဘယ်တောင်ပံ ပုဏ္ဏားကွယ်ကြားမှာ အသင့်နေရာ ယူဖို့ ရောက်နေပါပြီ။ (ကျွန်မတို့ ဇာတ်သဘင်ရဲ့ စည်းကမ်းအရ နတ်ကောင်းနတ်မြတ်များ၊ သူတော်စင်များ ဒါမှမဟုတ် သူတော်ကောင်းများဟာ ညာဘက်တောင်ပံက ထွက်ရ ပါတယ်)။ ဒီလိုနဲ့ ရွှေချိုးဖြူ အော်ပရာပြီးလို့ မွေးမိခင် ဆိုမူဟန်သဘင်ကို ကနေပါတယ်။ ပရိသတ်ကြီးဟာ ရှေ့ပိုင်း (ပလေ့) က တိုက်နယ်ကော်မတီ ဇနီးမောင်နှံကို သဘောကျပြီး တဝါးဝါး တဟားဟားနဲ့ ပွဲကျနေပါတယ်။ ခဏနေတော့ ပြာလဲ့လဲ့ ဆလိုက်မီးရောင် အောက်က မြေနတ်သမီးနဲ့ ရေနတ်သားတို့နှစ်ပါး နန်းတော်ပြန်ကြတဲ့အခန်းကို ကြည့်ပြီး လက်ခေါက်တွေမှုတ် "ကပါဖို့" "ကပါဖို့"နဲ့အော်ကြ၊ သြဘာတွေပေးကြနဲ့ ကျေးလက် သဘာဝအတိုင်း ပွဲစည်နေပါတယ်။

ဟော… ခုတော့ သားတော်လေးနဲ့ ဘီလူးစစ်ခင်းနေတာ။ သားတော်က မနိုင်လို့ မယ်တော်ကို တ,လာပါတယ်။ သားတော်က ညာဘက်က။ ရန်သူဘီလူးက ဘယ်ဘက်က ရပ်လျက်။ သူတို့နှစ်ဦးအလယ် မီးတောက်မီးလျှံတွေကြားက ထွက်ပေါ်လာတဲ့ မယ်တော်ကိုကြည့်ပြီး ဘီလူးက ဒေါသူပုန်ထနေတယ်။ ကျွန်မလည်း သားတော်ကို ရှင်လန်းအားရစွာ နှစ်သိမ့်အားပေးတဲ့ အပြုံးနဲ့ ကြည့်ပြီး တဘက်မှာရှိနေတဲ့ ရန်သူဘီလူးကို ခါးထောက်

မုန်းတီး စွာ ကြည့်နေတဲ့ အခိုက်မှာပဲ ပရိသတ်ကြီးဟာလည်း ဘာတွေများ ဆက်ဖြစ်ဦးမလဲ ဆိုတဲ့ အတွေးနဲ့ ငြိမ်သက်လို့ နေပါတယ်။

ဒီအချိန်မှာပဲ မမျှော်လင့်ဘဲ ဒိုင်း × ဒိုင်း × ဒိုင်း × ဒိုင်း ဆိုတဲ့ သေနတ်သံတွေ ပေါ်လာတော့ အို... ဘာပြောကောင်းမလဲ... ကျွန်မက အနီးဆုံး ဘယ်တောင်ပံက ပုဏ္ဏား ကွယ်ထဲ ပြေးဝင်လိုက် တယ်။ ပြီးတော့ ဝတ်ထားတဲ့ ပြန့်ထဘီက အောက်နားကို အပေါ်လှန် တင်လိုက်ပြီး အနားနှစ်စကို ဒူးအထက် ပေါင်လည်လောက်မှာ ချည်ထားလိုက်ပါတယ်။ အဲဒီတော့ ထဘီရိုးရိုး ဝတ်ထားသလို လွတ်လပ် သွားပါတယ်။ တဆက်တည်း ဇရပ်ဘေး မြေကြီးပေါ် ခုန်ချလိုက်တယ်။ ပြီးတော့မှ လက်ခုပ်တဖောင်လောက်မြင့်တဲ့ ဝင်းထရံရဲ့ ဟိုဘက်ကို ကြည့်လိုက်တယ်။ လှည်းလမ်းတခုကို မြင်နေရတယ်။ ကျွန်မ ဝင်းထရံကို ကုတ် ကတ်တက်လိုက်ပြီး လှည်းလမ်းပေါ်ကို ခုန်ချလိုက်တယ်။ လှည်းလမ်းအတိုင်း ပွဲကတဲ့နေရာနဲ့ ဝေးအောင် ပြေးသွားလိုက်ပြီး လှည်းလမ်းဘေးက မန်ကျည်းပင်ကြီးတပင်ရဲ့ ဘေးမှာ ကပ်နေမိတယ်။ ကျွန်မစဉ်းစားလိုက်တယ်။ "တကယ်လို့ ရန်သူက အလစ်ဝင်ဝိုင်းတာပဲ ဖြစ်ဦးတော့ ဒီနေရာလောက်ဆိုရင် စည်းအပြင်လောက် ဖြစ်နိုင်တယ်"လို့ စဉ်းစားမိတယ်။ (ပွဲခင်းနဲ့ ကျွန်မ ရောက်နေတဲ့ နေရာဟာ ကိုက် ၁၀၀ လောက်တော့ ရှိနိုင်တယ်လို့ ထင်ပါ တယ်)။

နောက်ရင်းကို ပြန်နားစွင့်လိုက်တော့ လူကြီးတွေရဲ့ အော်သံ ခေါ်သံတွေ၊ ကလေး ငယ်တွေရဲ့ အော်ဟစ်ငိုယိုသံတွေ ဆူပွက်နေတယ်။ အသံချဲ့စက်ကလည်း အသံမျိုးစုံဝင်ပြီး ဆူညံနေတယ်။ ဆက်ပြီး နားထောင်တော့ သေနတ်သံလည်း နောက်ထပ် မကြားရတော့ ဘူး။ တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

ဟော... ပွဲခင်းထဲက လှည်းအုပ်ကြီး ချူသံတချွင်ချွင်နဲ့ မောင်းလာကြပါပြီ။ ပြန် ကုန်ကြပါပြီ။

ကျွန်မလည်း မန်ကျည်းပင် ပင်စည်ရဲ့ နောက်ဘက်မှာ ကပ်ပြီး ငြိမ်မြဲငြိမ် နေမိ တယ်။ လှည်းပေါ်ကလူတွေလည်း ပွဲပျက်သွားတာကို တယောက်တမျိုးစီ ထင်မြင်ချက် ပေးရင်း ဆူဆူညံညံနဲ့ ကျွန်မနေရာက လွန်သွားပါပြီ။ မကြာခင် နောက်ထပ် လှည်းတစီးပြီး တစီး ထပ်လာတယ်။ အခြေအနေကို လေ့လာကြည့်ဖို့ ပုန်းနေရာက ကျွန်မထွက် လိုက် တယ်။

"ဟဲ့... ဟဲ့ သောက်ပလုတ်တုတ် အို... ဖွဟဲ့ ဗုဒ္ဓေါ... ဗုဒ္ဓေါ... လန့်လိုက်တာ..."

"အို... မလန့်ပါနဲ့ အဒေါ်တို့ရယ်... ကျွန်မပါ"

"သြော်... ဘယ်သူလဲလို့။ လန့်လိုက်တာ... ကလေးမ... အဲလေ... မြေနတ် သမီးလေးပဲ... ဘယ်နှယ့်လုပ်... ဒီရောက် နေတာလဲ"

"ဩော်… ကျွန်မလား… သေနတ်သံကြားလို့ ပြေးလာပြီး ဒီရောက်လာတာလေ … ဟိုမှာ စစ်သားတွေ မြင်ခဲ့သေးသလား… အဒေါ်"

"ဟင့်အင်း… စစ်သားတွေ မမြင်ခဲ့ပါဘူး။ ပွဲလည်း ဆက်မကတော့သဟာမို့ ပြန်လာတာ။ ဒါထက် မြေနတ်သမီးလေးကော ဘယ်သွားမလဲ"

အဲဒီအချိန်မှာပဲ အသံချဲ့စက်က ဦးလေးမှည့်ရဲ့ အသံပေါ်လာတယ်။ "ဇဟိုပြည်သူ့သဘင်က မကြည်လေး အခုစကားပြောတဲ့အသံကို ကြားတဲ့နေရာက ပွဲခင်းထဲကို အမြန်ပြန် လာပါ။ အခြေအနေတွေ အားလုံးတည်ငြိမ်သွားပါပြီ။ ရဲဘော်အားလုံးလည်း ရှိပါတယ်။ မကြည်လေးကို စောင့်နေတယ်။ အမြန်ပြန်ခဲ့ပါ" လို့ ထပ်ခါတလဲလဲ ခေါ်နေပါတယ်။ "ဟော … အဒေါ် ကြားလား … အဲဒါ ကျွန်မကို ခေါ်နေတာလေ… ကျွန်မ သွားတော့မယ်နော်… "လို့ နှုတ်ဆက်စကား ပြောလိုက်တော့…

"အို… ဟို… ဟို… ဟဲ့… ဟဲ့… အဲလေ… ကလေးမ ကျုပ်တို့ လိုက်ပို့ ပေးမယ်လေ နေဦး… နေဦး "

"အို… နေပါစေ အဒေါ်… ရပါတယ်။ ကျွန်မသွားရဲ ပါတယ်။ သွားပြီနော် "

"အေး… အေး… မကြောက်နဲ့ ကျုပ်တို့ကြည့်နေမယ်။ ကဲသွားတော့… သွားတော့"

ပွဲမကြည့်လိုက်ရဘဲ ပြန်သွားတဲ့ အဒေါ်တို့ကို နှုတ်ဆက်ပြီး ခပ်သုတ်သုတ် ပြန်လာခဲ့တယ်။ တော်တော်ခပ်လှမ်းလှမ်း ရောက်တော့ နောက်ပြန်ကြည့်လိုက်တယ်။ လရောင် အောက်မှာ အဒေါ်တို့တတွေ ကျွန်မဘက်ကိုပဲ ကြည့်နေတယ်။

ကျွန်မလာတုန်းကလိုပဲ ဝင်းထရံကို ကျော်ပြီး ဝင်သွားတယ်။ ဦးလေးတို့အားလုံး ဇာတ်ခုံပေါ်မှာထိုင်ပြီး ကျွန်မအလာကို စောင့်မျှော်နေကြတယ်။

"ဟော… ဟိုမှာ ဟိုမှာ အကြည်ပြန်လာပြီ ဦးလေး"လို့ ဝမ်းသာအားရနဲ့ အော်ပြောလိုက်တဲ့ ကျွန်မခင်ပွန်းရဲ့အသံကို ကြား လိုက်ရပါတယ်။ သေနတ်သံကြားလို့ ကြောက်အားလန့်အားနဲ့ ထွက်ပြေးသွားတဲ့ ကျွန်မဟာ ပြန်လာပြီး အားလုံးနဲ့ဆုံမှ ကိုယ့်ဘာသာ ကိုယ်တွေးပြီး ရှက်နေမိတယ်။

"လာ… လာ… ကဲ အကြည်လဲ ရောက်ပြီ။ လူလည်းစုံပြီပဲ ပြန်ကြဖို့ ပြင်ကြတော့"လို့ ဦးလေးကပြောပြီး ကျွန်မဘက်ကို လှည့်ကြည့်ကာ –

"အကြည်တို့ကတော့ဟေ့… ဒီအတိုင်းနေတဲ့အခါမှာ နေ့းသလောက် အရေးအကြောင်းတဲ့ဆိုရင် သူ့ကို ဘယ်သူမှ မမီဘူး။ ဘီလူးနဲ့ ဟတ္ထိဗလတို့ကတော့ ဒုတိယရတာ ပေါ့နော"လို့ ပြောပြီး ရယ်နေပါတယ်။ ကြည့်ရတာ ဘီလူးနဲ့ ဟတ္ထိဗလလည်း ကျွန်မလိုပဲ ဇာတ်ဝင်ခန်း အဝတ်တွေနဲ့ပဲ ပြေးခဲ့ပုံရပါတယ်။

"အင်း... တော်ပါသေးရဲ့ ဒီလိုပြေးတာ ငါတယောက်တည်း မဟုတ်လို့" ကျွန်မ စိတ်ထဲမှာ ဖြေသာသွားပါတယ်။

အိမ်အပြန် လှေပေါ်မှာကျမှ ဇာတ်စုံခင်းပြီး ရယ်နေရပါတယ်။ ပထမဆုံး ကျွန်မ ပြေးတာတွေ ပြောပြပါတယ်။ နောက် ဘီလူး (ကိုတင်ဟန်) က သူပြေးတဲ့အကြောင်းတွေ ပြောပြ ပါတယ်။

"ကျွန်တော်က သေနတ်သံကြားတော့ ဒါ ရန်သူပဲ ဖြစ်ရမယ်လို့ တွက်ပြီး လူထု တွေနဲ့ ရောနေမှ ဖြစ်မယ်လို့ အလှူမဏ္ဍပ် ဘက်ကို ပြေးသွားတာ ထမင်းရုံဘက်က လူသံကြားတော့ ဝမ်းသာအားရနဲ့ သူတို့ဆီ ပြေးသွားမှ သူတို့ကလည်း ဘီလူးကြီးလာပြီဟေ့ ဆိုပြီး လန့်ဖျပ်ပြေးကုန်လို့ ဒုက္ခရောက်ရပုံနဲ့ နောက်ဆုံးသစ်ပင်ကြီး တပင်အောက်မှာ ဝင်ပုန်းနေလိုက်တာ" လို့ တဝါးဝါး တဟားဟား နဲ့ ပြောပြပါတယ်။ "နောက်ဆုံးတော့ ဘာသံမှ မကြားလို့ တဖြည်းဖြည်း အခြေအနေ အကဲခတ်ရင်း ပြန်လာတာ"တဲ့။

လှေပေါ်မှာ ရဲဘော်တွေဟာ တဝါးဝါးနဲ့ ရယ်နေကြတော့တယ်။ ဩော်... ပွဲသွား ကျော့ကျော့ ပွဲပြန်မော့မော့ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့... အသွားတုန်းကတော့ ယမုံနာ သီချင်းလေး တအေးအေးနဲ့ ကိုတံငါ လှေယာဉ်စီး... ပါလို့၊ ဟော အခုပွဲ ပြန်ကြတော့... သန်းကောင်ကျော်လောက်မှာ အိမ်ပြန်ရောက်လာပါတယ်။ အိမ်ရှင်တွေလည်း အိပ်မရ တော့ပါဘူး။ မီးဖိုထဲမှာပဲ တဟားဟားနဲ့ ကျွန်မတို့လည်း မအိပ်နိုင်တော့ပဲ စကားဝိုင်းထဲ မှာပဲ အချိန်ကုန်ခဲ့ရပါတော့တယ်။

ဩော်... သာပေါင်း သာပေါင်း။ ရောက်တယ်ဆိုရုံပဲ ရောက်ခဲ့ရတယ်။ သူများတွေ ပြောပြချက်အရ သိရတာကတော့ သာပေါင်းဆိုတာ ဝေန်မြစ်ရဲ့ ဘယ်ဘက်ကမ်းပေါ်မှာ တည်ရှိပြီး တော်တော်သာယာလှပတယ်လို့ သိရတယ်။

ဟိုနေ့ညက ဖြစ်စဉ်ကလည်း လူငယ်ဘာဝ အချစ်ရေးကိစ္စမှာ ဒေါသကို မထိန်း နိုင်ခဲ့လို့ အလှူပွဲပျက်ပြီး လူထုတွေပါ ကစဥ့်ကရဲ နဲ့ ဒုက္ခဖြစ်ခဲ့ရတယ်။ ဖြစ်ပုံက ဒီလိုတဲ့ ... "အဲဒီညက ပွဲကြပ်တာဝန်ကျတဲ့ ပြည်သူ့စစ်ခေါင်းဆောင်က ပွဲခင်းအနီးမှာ တာဝန်နဲ့ ကင်း စောင့်နေတုန်း သူ့ချစ်သူ ကလေးမလေးက ဟိုဘက်ရွာက သူနဲ့ပြိုင်ဘက် ကာလသားနဲ့ တွဲပြီး ပွဲကိုလာတာ တွေ့သွားပြီး ဒေါသကို မထိန်းနိုင်တော့ဘဲ လက်ထဲက စက်သေနတ်ကို မိုးထောင် ပြီး ဆွဲပစ်တာ"တဲ့။

ဩော်... လူငယ်ဘာဝ အချစ်ရေးကိစ္စဆိုတော့... ဒီလိုပဲ ထင်ပါရဲ့နော်... ။

## သုံးပါတီ ညီညွတ်ရေး တည်ဆောက်မှု
## သာယာလှပတဲ့ ခရီးစဉ်

နေရစ်တော့ မြစ်ဝကျွန်းပေါ်ရယ် နောင်အခြေအနေခွင့်ပြုမှ လာခဲ့ပါဦးမယ်။

ခရီးထွက်ရင်း ခင်မင်ရင်းနှီးခဲ့ရတဲ့ မိတ်ဆွေတွေ၊ ရဲဘော်တွေအားလုံးကို နှုတ်ဆက် ခွဲခွာပြီး ခရီးထွက်ခဲ့ရပြန်ပါပြီ။ အချိန်ကတော့ ဧပြီလကုန်လောက် ဖြစ်မယ်လို့ ယူဆမိတယ်။ အတိအကျတော့ မမှတ်မိတော့ဘူး။ ကျွန်မတို့ခရီးက မြစ်ဝကျွန်းပေါ်မှ အထက်ဗမာပြည် ပခုက္ကူခရိုင်အထိ (အဲဒီမှာ ဗမာပြည် ကွန်မြူနစ်ပါတီ အထက်ဗမာ ပြည်တိုင်း ဌာနချုပ် ရှိ ပါ တယ်) သွားရမယ်... တဲ့။ ကျွန်မတို့ရဲ့ အိမ် ဗဟိုဌာနချုပ်ကြီးလည်း ပျဉ်းမနားခရိုင်မှာ မရှိ တော့ဘူး... တဲ့။ "ကျွန်မတို့ ခရီးထွက်လာပြီးနောက်မှာ ရန်သူက ထိုးစစ်ဆင်လို့ တိုက် ပွဲဖြစ်ပြီး စခန်းတွေအကုန် မီးလောင်ကုန်တယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ ခေါင်းဆောင် တွေအား လုံး ရဲဘော်တွေအားလုံး ဘေးကင်းရန်ကင်း ရှိကြတယ်" လို့ ဦးလေးက ပြောပြလို့ သိရပါတယ်။

ဩော်... ကျွန်မတို့ ခေါင်းဆောင်တွေ ရဲဘော်တွေအားလုံး ဘေးရန်ကင်းရှင်း တယ်ဆိုတာ သိရလို့ ဝမ်းသာရပါတယ်။ ဒါပေမယ့် ကိုယ်က နှစ်တချို့ ကာလတခု နေခဲ့ရတဲ့ အိမ်နေရာ စခန်းကြီးကို လွမ်းသလိုလို နှမြောတသ သလိုဖြစ်မိတာတော့ အမှန်ပါပဲ။

ကျွန်မတို့ အပြန်ခရီးဟာ အလာတုန်းကခရီးနဲ့ဆို မိုးနဲ့မြေပေါ့။ အပြန်လမ်း ခရီးက သာယာလိုက်တာ။ တကယ့်ရွှေပြည်သာ ခရီးစဉ်ပါပဲ။ အကြောင်းကတော့ ပြည်သူ့ရဲဘော်ရော၊ အလံနီပါ သုံးပါတီကို တပါတီတည်းဖြစ်ရေး ညီညွတ်ရေးလုပ်ဖို့ လပိုင်း လောက်ပဲလိုတော့ တဲ့အချိန် အကြိုကာလ အတိုက်အခိုက် အပစ်အခတ်တွေ ရပ်စဲပြီး ညီညွတ်ရေးခေါ်ထားတဲ့အချိန် "ငြိမ်းချမ်းရေးကာလ" ပေါ့။ အို... ပျော်စရာ ကောင်းလိုက် တာ တသက်မှာ မမေ့နိုင်လောက်အောင်ပါပဲ။ အသွားတုန်းက လမ်းကတော့ ပဲခူးရိုးမကြီးရဲ့ အရိပ်ကိုခိုလှုံပြီး စစ်ရေးအရ သတိကြီးစွာနဲ့ သွားခဲ့ရတဲ့ခရီး။

အခုအပြန်ကတော့ အနောက်လိုင်းက ကားနဲ့ပျော်ရွှင်စွာ သွားရတဲ့ ခရီးပါ။ လမ်းမှာ မြို့နယ်အလိုက် လှိုက်လှဲပျူငှာ ဆီးကြို ကြတာတွေကလည်း များမှများ။ လမ်းမှာ တမြို့ပြီး တမြို့ ဖြတ်သန်းလာခဲ့ရတာ ပြည်၊ သရက်၊ အာလံ၊ စလင်း၊ စကု၊ ဆင်ဖြူကျွန်းစ သည်ဖြင့် စုံနေတာပါပဲ။ အရင်က တခါမှ မရောက်ဘူးတော့ မြို့တွေကို အကုန်မမှတ်မိပါဘူး။ ကုန်းဇောင်း၊ ရှောက်တောဆိုတာတွေလည်း ရောက်တယ်။ အောက်ဗမာပြည်က အထက် ဘက်ကိုအကူး ထူးခြားချက်ကတော့... စလင်း၊ စကုဆိုတဲ့ မြို့တွေအဝင် ကားလမ်းဘေးမှာ နတ်ရုပ်ကြီးတွေ တွေ့ရတယ်။ မတ်တတ်ရပ်ပြီး လက်ထဲမှာ ခရုသင်းကိုင်ထားတဲ့ နတ်ရုပ်

ကြီးတွေဟာ ကြည့်လို့ အင်မတန် တင့်တယ်လှပါတယ်။ မြန်မာ့ရှေးဟောင်း အနုပညာများထဲမှ တစွန်းတစလောက် တွေ့ရှိရတာပါ။ နေ့စဉ်နဲ့အမျှ ဘတ်စ် ကားကြီးပေါ်မှာ သက်တောင့်သက်သာ ထိုင်လိုက်နေရတော့ နောက်ပိုင်းမှာ ကျန်ရစ်ခဲ့တဲ့ ရဲဘော်တွေကို သတိရလိုက်တာ။

"ဩော်... သူတို့တတွေ ပင်ပန်းဆင်းရဲစွာ သွားလာလှုပ်ရှားနေကြရမှာပဲ"လို့ စိတ်မကောင်းဖြစ်မိတယ်။

ဒီလိုနဲ့ပဲ ကျွန်မတို့အားလုံး ပခုက္ကူခရိုင်အတွင်း ရွှေပေါက်ကွန်းအနီးက အထက်ဗမာပြည်တိုင်း ဌာနချုပ်စခန်းကို ချောမောစွာ ရောက်ခဲ့ပါတယ်။ ဒီနေရာမှာ ရက်အချို့နားပြီး တော့ ကျွန်မတို့အဖွဲ့ဟာ ဆော၊ ယော၊ ပုံတောင်၊ ပုံညာဘက်ကို ခရီးထွက်ရပါမယ်။

ဒီမှာတင် ကျွန်မတို့ မမျှော်လင့်ခဲ့တဲ့ ကိစ္စတခု ပေါ်လာပါတော့တယ်။ အဲဒါကတော့ ကျွန်မရဲ့ခင်ပွန်းရဲဘော်ဟာ နေမကောင်းလို့ ဆေးရုံမှာ ဆေးစစ်လိုက်တော့ အဆုပ်
ၜ □ရောဂါ ဖြစ်နေပါတယ်။ ဒီရောဂါဟာ ကျွန်မနဲ့ အိမ်ထောင်ကျပြီးမှ ဖြစ်လာတာပါ။ ဆေးကုထားလို့ ကောင်းသွားတာ ၂ နှစ်ကျော်လောက် ရှိနေပါပြီ။ အခု ခရီးသွားမှ ပြန်ပေါ်လာတာပါ။ သွေးအန်တာမျိုးတော့ မရှိပါ။ အရင်က ဖြစ်စမှာ တော်တော် ဆိုးပါတယ်။ ဒါပေမယ့် ဆရာဝန်သဘောက အချိန်တချိန်နားပြီး ကောင်းကောင်း ကုစေချင်ပါတယ်။ အဖွဲ့အစည်းနဲ့ ဦးလေးက ကျွန်မတို့ သဘောထားကို မေးပါတယ်။

ကျွန်မတို့သဘောထားက "ခရီးထွက်ရမှာ (သုံးပါတီ ညီညွတ်ရေး ကွန်ဖရင့်ကို သွားရမှာ) ဆက်ထွက်သွားပြီး ကြားကာလမှာ ဆေးနဲ့ထိန်းထား။ အဲဒီခရီးက ပြန်လာမှ အနားယူ၊ ကောင်းကောင်းကုသဖို့ ပြောပါတယ်။ ဒါပေမယ့် ဦးလေးက "ရောဂါဖြစ်နေတာ သိလျက်နဲ့ လုပ်ငန်းတွေ ဆက်လုပ်ရင် ရောဂါပိုဆိုးသွားမယ်။ အဲဒီလိုဖြစ်သွားရင် ကာယကံရှင် ရဲဘော်အတွက်ရော၊ ကျန်ရဲဘော်များအတွက်ပါ ထိခိုက်နစ်နာစေတာ မဖြစ်စေချင်ဘူး"ဆိုပြီး ခရီးထွက်ရာမှာ ကျွန်မတို့ နှစ်ယောက်လုံးကို မခေါ်တော့ဘဲ သက်ဆိုင်ရာ ခေါင်းဆောင်များနဲ့ စနစ်တကျဆွေးနွေးပြီး ဆက်လက်ခရီး ထွက် သွားကြပါတယ်။ ကျွန်မတို့နဲ့ အတူလာတဲ့ ရဲဘော်တွေလည်း ကျွန်မတို့ နှစ်ယောက်လုံး ကျန်နေခဲ့တာမို့ လုပ်ငန်းတွေ အတွက် အတော် ထိခိုက်သွားပြီဆိုပြီး စိတ်မကောင်း ဖြစ်ကြတယ်။

## စစ်ဌာနချုပ် ဆေးရုံကြီးဝယ်

အထက်ဗမာပြည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဆေးရုံကြီးမှာ ကျွန်မပါ ဆေးရုံတက် နေပါတယ်။ ဆေးရုံအုပ်ကြီး ဗိုလ်စိုးတင့် က တော်တော်အေးဆေး တည်ငြိမ်ပါတယ်။ သူတို့က ကျွန်မကို ရောဂါကူးမှာ တော်တော်စိုးရိမ်ကြပါတယ်။ ဒါပေမယ့် ကျွန်မက

ရောဂါကို စနစ် တကျထားပြီး ကုသနေတာမို့ အနီးကပ်ပြုစုနေတဲ့ ကျွန်မအဖို့ ပြဿနာ မရှိတဲ့ အကြောင်း ပြောပြပြီး လူနာကို ပြုစုခွင့် တောင်းတာမို့ သဘောတူပါတယ်။ ဆေးရုံမှာ လူနာလည်း တော်တော်များတယ်။ ဆရာဝန်တွေလည်း များပါတယ်။ ဆေးသင်တန်း ဖြ လပတ် ဆေးကျောင်းကလည်း ဖွင့်ထားတာမို့ ဆေးကျောင်းသားတွေ လက်တွေ့ဆင်းချိန် ဖြစ်ပါတယ်။ နောက် အန်တီဒေါ်မိုးဆွေ ဦးစီးပြီး "သားဖွား သင်တန်းကျောင်း" ကလည်း ဖွင့်ထားတော့ ဆေးရုံမှာ ကျောင်းသားပေါင်းစုံရှိပြီး လုပ်ငန်းတွေကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်နေတာ တွေ့ရပါတယ်။

## ပန်းပေါင်းစုံစွာ ပန်းဥယျာဉ်မှာ

စစ်ဌာနချုပ်ဆေးရုံဟာ 'အင်ကြင်းပင်' ရွာအနီးက တောင်ကုန်း ကလေး တခုပေါ်မှာ တည်ဆောက်ထားပြီး သာယာသလောက် ဆေးရုံက သန့်ရှင်းတယ်။ စည်းကမ်းရှိတယ်။ ဆေးရုံအနီးမှာ ထန်းတောတွေ ရှိတယ်။ ညနေဆိုရင် ထန်းရွက် ထန်းလက်တွေပေါ်မှာ ကျရောက်နေတဲ့ နေရောင်ခြည်ဟာ ရွှေရည်တွေ ပက်ဖျန်းထားသလား အောက်မေ့ရပါတယ်။ ထန်းပင်ပေါ်က သီချင်းသံဟာလည်း တတောလုံးကို ဟိန်းနေပါတယ်။ ကာလပေါ် သီချင်းတော့ မဟုတ်ပါဘူး။ ကျေးလက်သဘာဝ ရှေးက ဇာတ်ထုပ်ထဲက သီချင်းတွေ ငိုချင်းတွေကို တယောက်တည်း ပါးစပ်ဆိုင်းတီးပြီး ဇာတ်ခင်းနေပါတယ်။ အသံကလည်း တော်တော်ကောင်းပါတယ်။ ကြည်လင်ပြတ်သားနေတယ်။ အော် ချင်သလောက်အော် ဆွဲချင်သလောက်ဆွဲ သာယာပါတယ်။ တခါတရံ "ယာတော အလယ်မှာလေ... ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့... နင်ဆင်ခြင် နင်ဆင်ခြင်... ပါဦး..." ဆိုတဲ့ ချင်းဖဝေးသီချင်းကိုဆိုနေတာ အငိုအပြော အတီးနဲ့ နားထောင်လို့ ကောင်းသလောက် လွမ်းစရာလည်း ကောင်းလှတယ်။ ဆေးရုံက သူနာပြု ဆရာမလေးတွေ သင်တန်းသူလေး တွေဟာ ငယ်ရွယ်နုပျိုသလောက် သဘောထားလည်း ကောင်းမွန်ပြီး လူနာအပေါ် ဆက်ဆံရေးလည်း ကောင်းကြပါတယ်။

ညနေကိုယ်ပိုင်အချိန်မှာ ဆရာမလေးတွေ အစုလိုက်အစုလိုက် ဝိုင်းဖွဲ့နေတဲ့အခါ တိုင်းဌာနချုပ်ကဖြစ်စေ စစ်တပ်ကဖြစ်စေ ရဲဘော်တချို့ဟာ အကြောင်းအမျိုးမျိုးနဲ့ ရောက်လာပြီး ကိုယ်ရောင်ပြနေတတ်တယ်။ အဲဒီလို ရွှေစွန်ညို ဝဲနေပေမယ့် ကျောင်းစည်းကမ်းအရ ဘယ်သူတယောက်မျှ မလှုပ်ရဲပါဘူး။ အထူးသဖြင့် "သားဖွားသင်တန်း" မှ အန်တီ ဒေါ်မိုး ဆွေက စည်းကမ်းအလွန်ကြီးတာမို့ ပိုလို့တင်းကျပ်ပါတယ်။ သူတို့လေးတွေဟာ ဆရာတွေ ဆရာမတွေ ပို့ချသင်ကြားပေးတာတွေကို ကောင်းစွာ မှတ်သား နာယူပြီး တချိန် မှာ ဆေးဘက်ဆိုင်ရာ စစ်မျက်နှာမှ တော်လှန်ရေးအတွက်

ပြည်သူတွေအတွက် အကောင်းဆုံး အကျိုးပြုနိုင်ရန် ပညာသင်ယူနေတဲ့အချိန် ကြိုးစားနေချိန်လည်း ဖြစ်ပါတယ်။ **ပြည်သူချစ်တဲ့ ပြည်သူ့ဆရာဝန်**

အသားညိုညို ကိုယ်လုံးက သေးသေးသွယ်သွယ် အရပ်မြင့်မြင့် ကြည်လင်တဲ့ မျက်နှာနဲ့ ခင်မင်ဖော်ရွေတဲ့ အပြုံးပိုင်ရှင်ကတော့ လူနာတွေရဲ့ အသဲစွဲ ဆရာဝန် ဗိုလ်အောင်ကြည်ညွန့်ပါ။ မုံရွာသား ဖြစ်ပါတယ်။ သူဟာ အနုပညာကို ဝါသနာကြီးသူ တယောက် ပီပီ အဆိုကောင်း မယ်ဒလင် အတီးကောင်းသူ တယောက်ပါ။ မနက်ခင်း ဆရာဝန်ကြီး တွေအားလုံး 'ရောင်း' လှည့်ပြီးတာနဲ့တပြိုင်နက် လူနာတွေရဲ့ မျက်နှာအားလုံးဟာ ဆရာဝန်တွေရှိတဲ့ ရုံးခန်းဆီကိုပဲ စူးစိုက်ကြည့်နေတတ်ကြတယ်။ လည်တမော့မော့နဲ့ မျှော်တော်ဇောနဲ့ မောလှပါပြီကော။ ဟော... ဟော... ဆရာလာ ပါပြီ။ ဆရာလာပါပြီ။ ဟုတ်ပါတယ်။ ဆရာက သူ့ရုံးခန်းထဲက ထွက်လာကတည်းက သူ့ရဲ့ဖြူဖွေးနေတဲ့ သွားတွေကို အဝေးကပင် မြင်နိုင် အောင် အားပါးတရ ပြုံးပြရင်း လူနာတွေဆီ ခြေလှမ်းကျဲကြီးနဲ့ လာ နေတဲ့ ဆရာ့ကို မြင် နေရ တတ်ပါတယ်။

"ဆရာ လာလာ။ ဟော့... ညိုသေးရေ ဆရာလာပြီဟေ့" လူနာတွေဟာ ဝမ်းသာ အားရနဲ့ ဝိုင်းလာပြီး ထုံစံအတိုင်း ဆရာ ထိုင်နေတဲ့ ကုတင်ပေါ်မှာ ဝိုင်းထိုင်လိုက်ကြပါတယ်။ ညိုသေးဆိုတာက စည်းဝါးလိုက်တဲ့ရဲဘော်လေး။ ပန်းကန်လုံးလေးတလုံးနဲ့ တပေ လောက်ရှိတဲ့ ဝါးဆစ်ပိတ်တခုနဲ့ စည်းဝါးခေါက်ဖို့ တုတ်တိုလေးတချောင်းဆွဲပြီး လာပါတယ်။

ဆရာဗိုလ်အောင်ကြည်ညွန့်က မယ်ဒလင်ကို ကြိုးညှိရင်း "ကဲ ဘာသီချင်း ဆိုကြ မလဲ လုပ်လေ" လို့ ပြောလိုက်တော့ 'ညီလာခံ' သီချင်းဆိုရအောင်လို့ တယောက်က ပြောပါ တယ်။ အားလုံးက သဘောတူပြီး ဝိုင်းဆိုကြတယ်။

**"ညီလာခံသီချင်း"**

***(ရဲသွေး × ရဲမာန် × ထက်သန်ပေသည် × ပြည်သူ့အားတွေ × ထင်ရှားစေခဲ့ပြီ × ) ၂ × × ချီတက်လို့ လာပါပြီ × ရည်မှန်း ချက်ပမာတူညီ × ဒီမိုကရေစီ လူ့အခဆင့်တန်းကို တက်လှမ်းမည်) ၂ (မီးကုန် ယမ်းကုန် အစွမ်းကုန် ကြဲကြဖို့ ဇွဲ × × သတ္တိတွေ ရှိနေပါပြီ) ၂ ရန်သူကို ဘာမထီ × တိုက်ဖို့ရာလည်း အသင့်ရှိပြီ × ခေါင်းဆောင်တွေ ညွှန်ပြပါတဲ့ အမိန့်သံကို နာခံနေပါပြီ × ×***

(သံပြိုင်) – ***(တို့တတွေ ဆန္ဒပြည့်ဝစေတော့မည် × × တို့ရည်ရွယ်ချက် တက်မြက်ပါလှသည် × × ညီလာခံမှာ တင်ကာပြလို့ ဆုံးဖြတ်ခဲ့ကြသည် × × ) ၂ ခေါင်းဆောင်ကြီးတွေ ရှိနေခဲ့ပြီ × တို့လူထုတွေ အားသွန်လို့ချီ × ချိန်တော်ပြီ × သွေးစည်းလို့ညီ × တပ်ပေါင်းစုကြီး × အောင်ပွဲခံနိုင်မည် ×***

*(နယ်ချဲ့ဂိုဏ်းကို ဆန့်ကျင်လိုတဲ့သူ × × နေ့အစိုးရကို ပြုတ် အောင်တိုက်မည့်သူ × × မြေယာတော်လှန်ရေး အားပေးအား မြှောက် ထောက်ခံနိုင်မည့်သူ)၂ × လမ်းမှန်ကို ညွှန်ပြပါတဲ့ × ကြယ်နီရောင်ကို ခိုလှုံကာ အတည် အဲဒီဆန္ဒ × တူမျှကာ အတည် × ညီညွတ်ပါသည် × လူမျိုးစုံညီ × ဒီမိုကရေစီ × တပ်ပေါင်းစုလို့ × တို့တတွေ တည်ဆောက်မည် ×*

(သံပြိုင်) – ***တို့တတွေ ဆန္ဒ... ... ... ... ... ... ... သွေးစည်းလို့ညီ × တပ်ပေါင်းစုကြီး အောင်ပွဲခံနိုင်မည်× ×***

(ဒီသီချင်းဟာ ၁၉၅၀ ခုမှာ ကျင်းပတဲ့ အထက်ဗမာပြည် တပ်ပေါင်းစု ညီလာခံကြီး အပြီးမှာ ဦးရွှေမှည့် ရေးခဲ့တဲ့ သီချင်းလို့ မှတ်မိနေပါတယ်။ ရဲဘော်များနဲ့ အခြေခံဒေသ လူထုအတွင်း ရေပန်းစားခဲ့တဲ့ သီချင်းဖြစ်တယ်။ ဒီတပ်ပေါင်းစု ညီလာခံကြီးမှာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကိုယ်တိုင် တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပါတယ်)။

ဒီလိုပဲ ဗိုလ်အောင်ကြည်ညွှန့်တယောက် သူ့တာဝန် ပြီးတာနဲ့ ရဲဘော်တွေ ဆီမှာပဲ ပျော်ပျော်ပါးပါးနဲ့ အချိန်ကို ကုန်လွန်ခဲ့ပါတယ်။

"ဆရာ နေ့တိုင်းလာနော်ဆရာ၊ ဆရာ့အသံလေးကို ကြားနေရရင် ကျွန်တော်တို့ ကလေ ပျော်ရုံတွင်မကဘူးဆရာရယ် ခံစားနေရတဲ့ ရောဂါကလည်း တဝက်လောက် ပျောက် သွားတယ်ဆရာရဲ့"

"ဟုတ်တယ်ဆရာရဲ့ ကျွန်တော်တို့အားလုံး ဒီလိုပဲ ခံစားနေရတာ"

ဆရာကလည်း အလုပ်တာဝန်တွေ များနေရင် ဒါမှမဟုတ် အစည်းအဝေး တခုခု ရှိနေရင်သာ။ ဒီလိုမှမဟုတ်ရင် လူနာရဲဘော် တွေဆီ အပြေးပြန်လာတာပဲ။ လူနာရဲဘော် တွေကလည်း လူတန်းစားမေတ္တာ အပြည့်အဝထားပြီး တာဝန်ယူကုသပေးနေတဲ့ ဆရာ့ကို တုံ့ပြန်မေတ္တာနဲ့ သူတို့မှာရှိတဲ့ စားကောင်းသောက်ဖွယ် ကောင်းနိုးရာရာလေးတွေကို သိမ်း ထားပြီး ဆရာလာရင် အလုအယက်နဲ့ စေတနာတွေ ပိုတတ်ပါတယ်။ ဆရာကလည်း ရဲ ဘော်တွေ ကျေနပ်ရုံ နည်းနည်းစီတို့လိုက်ပါတယ်။ ပြီးရင် ဝိုင်းဖွဲ့သီချင်းဆိုကြ၊ စကား ပြော ကြနဲ့ အချိန်ကုန်လို့ ကုန်မှန်းမသိ။ တော်သေးတာပေါ့။ ဒီတုန်းက ဆရာက တကိုယ်တည်း လူပျိုကြီးဘဝဆိုတော့...

၁၉၅၆ မှာ ဆရာ့သတင်းကို ကြားရတော့ ဝမ်းသာရပါတယ်။ ဆရာရယ် ဆေးရုံက 'သားဖွားဆရာမလေး'ရဲဘော်(မ)ခင်တင့် (ပခုက္ကူ) နဲ့ မေတ္တာနှင်းဆက် ပေါင်းဖက် မိကြတယ်... တဲ့။ ဝမ်းသာလိုက်တာ ဆရာရယ်...

နောက်တကြိမ် ဆရာ့သတင်းကို ကြားရပြန်ပါတယ်။ ဖြစ်ပုံက ဒီလိုတဲ့။ မြောက်ပိုင်းတိုင်းမှာ ဆင်နွှဲနေတဲ့ "အောင်မာဃ" ထိုးစစ်မှာ ဆရာတို့အားလုံး ဘေးမသီ ရန်မခဘဲ လွတ် မြောက်သွားခဲ့တယ်။ ပါတီဗဟိုလည်း လွတ်မြောက်သွားခဲ့တယ်။ အဲဒီအချိန်မှာ မြို့နဲ့ မနီးမဝေး လွတ်မြောက်ဒေသထဲက ရွာတရွာမှာ ပြင်းထန်တဲ့ လူနာတယောက် ရှိခဲ့တယ်။ ဒီလူနာဟာ တချိန်က ပါတီကို အကျိုးပြုခဲ့တဲ့ ရွာကေဒါ တယောက်ပါ။ ဒါကြောင့် ဆရာဟာ ရောဂါကို အချိန်မီသွားကုသခဲ့တယ်။ လူနာလည်း အသက်အန္တရာယ်ဘေးမှ လွတ်မြောက် ခဲ့ပါတယ်။ ရောဂါကုသပြီး စိတ်ချရတဲ့အချိန်ကျမှ ဆရာဟာ တောတွင်းစခန်းကို ပြန်ခဲ့တယ်။ အပြန်လမ်းမှာ မမျှော်လင့်ဘဲ ရန်သူ့တပ်နဲ့ ရင်ဆိုင်တိုးတော့တယ်။ ဆရာ့ကို ရန်သူက လက်ရ ဖမ်းမိ သွားတယ်။ ရန်သူ့တပ်မှူးက–

"လက်နက်ချလိုက်ပါ။ လက်နက်ချရင် မသတ်ဘူး။ အထက်က အမိန့်ပေးထားတယ်။ လက်နက်မချရင် သတ်ရမယ်"

"ငါက ကွန်မြူနစ်ပဲ။ သူခိုးဓားပြ ရာဇဝတ်သားမဟုတ်ဘူး။ ငါတတ်ထားတဲ့ ဆေးအတတ်ပညာနဲ့ ပြည်သူကို အလုပ်အကျွေး ပြုနေတာ။ ပြည်သူ့အကျိုးအတွက် လုပ်နေတာ။ ငါကွန်မြူနစ်ပဲ။ ဘယ်တော့မှ လက်နက်မချဘူး။ ဒူးမထောက်ဘူး။ အညံ့မခံဘူး။ မင်းတို့ ကြိုက် သလို စီစဉ်ပါ"

ဒီလိုနဲ့ ဆရာဟာ ကွန်မြူနစ်တယောက်ပီပီ ရန်သူကို ရင်ဆိုင်ပြီး အသက်ကို စွန့်လွှတ်ကာ ရန်သူအပေါ် အနိုင်ယူသွားတယ်။ ရန်သူဟာ ဆရာ့ကို သတ်ပြီး "ခေါင်းမာလှတဲ့ ကွန်မြူနစ်တယောက်" လို့ သတ်မှတ်ကာ ဆရာ့ခေါင်းကို ဖြတ်ယူသွားတယ်။

သြော်… ဆရာရယ်။ ဆရာ့ရဲ့ ရဲရဲတောက် အာဇာနည် စိတ်ဓာတ်ဟာ ဗမာပြည်က လူမျိုးပေါင်းစုံ အဖိနှိပ်ခံ ပြည်သူတွေရဲ့ နှလုံးသားမှာ ထဝစဉ် ရှင်သန်နေမှာပါဆရာ။

သူရဲကောင်းဆရာ့ကို ဦးညွှတ်အလေးပြုလိုက်ပါတယ်။

## နှလုံးလှ ဆရာမ

အသားလတ်လတ် အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း လျင်မြန်ဖျတ်လတ်တဲ့ဟန်နဲ့ လှုပ်ရှားနေတဲ့ အန်တီ့ကို တွေ့ရတာ လေးစားခင်မင်စရာ ကောင်းလှတယ်။ အန်တီဟာ ဘာမာနမှ မရှိဘူး။ ရိုးသားတည်ကြည်တယ်။ ခရစ်ယာန် ဘာသာဝင် တဦးဖြစ်ပြီး ကွန်မြူနစ်တယောက်ပီပီ လူတဖက်သားကို ကူညီလိုစိတ် အင်မတန်များတယ်။ ဒီစိတ်ဓာတ်နဲ့အညီ အန်တီ့တာဝန် ဖြစ်တဲ့ ဆေးလုပ်ငန်းဟာ အင်မတန် လိုက်လျောညီထွေ ရှိလှတယ်လို့ ယူဆမိတယ်။ ကျွန်မတို့ရဲဘော်တွေက "အန်တီ" လို့ပဲ

ခေါ်ကြပြီး ချစ်ခင်လေးစားကြပါတယ်။ ရွာတွေက ကလေးလူကြီးအားလုံးကလည်း "ဒေါ်အန်တီ"လို့ ခေါ်ကြ ခင်မင်ကြပါတယ်။

အန်တီဟာ ရုပ်မလှပေမယ့် နှလုံးသားလှပြီး စိတ်ထားမွန်မြတ်သူဖြစ်ပါတယ်။ အန်တီ့မျက်နှာကို သေသေချာချာ ကြည့်မိရင် ထူးခြားလှပတဲ့ ပန်းနုရောင် နှုတ်ခမ်းပါးလေးကို တွေ့နိုင်ပါတယ်။ (အရပ်စကားနဲ့ပြောရင် နှုတ်ခမ်းပါးရင် ဓားလိုထက်ပြီး အင်မတန် 'စွာ' တယ်လို့ ဆိုရိုးရှိခဲ့တယ်။ အခုတော့ ဒါနဲ့ဆန့်ကျင်စွာပါပဲ။) စကားပြောရင် တိုးတိတ်ညင်သာတဲ့ အသံပိုင်ရှင် ကရုဏာရှင်တဦးဖြစ်နေတာ တွေ့ရတယ်။

အန်တီ့ကို လူကြီးမို့ အားရှိအောင် ရံဖန်ရံခါ အာဟာရရှိတဲ့ ကောင်းတဲ့ အိုဗာတင်း၊ မိုင်လို၊ ဟောလစ်စတာတွေကို ဝယ်ပေးထားတတ်ပါတယ်။ အဲဒီကာလတုန်းက ပါတီဟာ အတတ်ပညာရှင်တွေကို အခြေအနေပေးရင် ပေးသလို ဂရုစိုက်စောင့်ရှောက်နိုင်တဲ့ အနေ အထားတွေ ရှိခဲ့ပါတယ်။ ဒီလိုအာဟာရရှိတဲ့ အစားအသောက်တွေကို အန်တီက ဘယ်တုန်း ကမှ သူတယောက်တည်း မသုံးဘူး။ ဆေးရုံတက်နေတဲ့ အားနည်းတဲ့ လိုအပ်တဲ့ လူနာတွေကို ပေးလှူပစ်တယ်။ ဒါတင်မက သစ်သီးဝလံမျိုးစုံကို ရာသီလိုက် ပေါ်ရင် ပေါ်သလို ပါတီကလည်း လူနာတွေကို ပေးတတ်ပါတယ်။ အန်တီလည်း ရတတ်ပါတယ်။ ကြက်ဥ စတာတွေလည်း ရှိတယ်။ အရပ်ထဲက အိမ်မှာ လုပ်တဲ့ မုန့်စတာတွေကိုလည်း ဦးဦးဖျားဖျား ဘုရားလှူ၊ ဘုန်းကြီးလှူပြီးရင် အန်တီ့အတွက် လာပေးကြတာပဲ။ ဒါတွေအားလုံးကို အန်တီက ဆေးရုံမှ လူနာတွေ ဒါမှမဟုတ် ရွာထဲမှ လူနာတွေကို ပေးကမ်းလှူဒါန်းပစ်တာချည်းပါပဲ။ အန်တီဟာ အဲဒီလို နှလုံးလှပိုင်ရှင် တဦးဖြစ် ပါတယ်။

## အမေချက်တဲ့ ချဉ်ပေါင်ဟင်းစားချင်တယ်

တခါတုန်းက မြောက်ပိုင်းတိုင်းဆေးရုံကြီးမှာ အမှတ်ထင်ထင် အဖြစ်အပျက်တခု ဖြစ်ခဲ့ဖူးတယ်။

ရဲဘော်လေးတယောက် ဖျားတာကြာတော့ သိပ်အားနည်းပြီး မျက်နှာတွေ ခြေလက်တွေအားလုံး ဖြူဖပ်ဖြူရော်ဖြစ်နေ ပါတယ်။ ဒါကြောင့်နေ့စဉ် အားဆေးတွေသွင်းပေး၊ အိုဗာတင်းလည်း နေ့စဉ်တိုက်၊ ပါးစပ်ကလည်း အစားအသောက် မှန်မှန်စားပေးဖို့ လိုပါတယ်။ အဲဒီလို အစာနဲ့ဆေး နှစ်ဖက်ညှပ်ကုနေရတယ်။ ခက်တာက ရဲဘော်လေးကထမင်းကျွေးရင် "မစားချင်ဘူး""မစားချင်ဘူး" လို့ အမြဲတမ်းခေါင်းခါတယ်။ ဆရာမ လေးတွေက ချော့ချော့ မော့မော့ကျွေးရင် အော်ငိုတော့တာပဲ။ ဒီလို အကြိမ်ကြိမ်

ရှိလာ ပြီးနောက် တနေ့ ထမင်းကျွေး နေချိန်မှာ ထုံးစံအတိုင်း အော်ဟစ်ငိုယိုနေတော့ ဆရာမ လေးတွေလည်း ကြံရာမရဖြစ်ပြီး အန်တီ့ကို ပြေးပြီးတိုင်ကြတော့ တာပေ့ါ။

အန်တီလည်း အခြေအနေမှန်ကို သိရတာနဲ့ တပြိုင်နက် ရဲဘော်လေးဆီ ချက်ချင်း အရောက် ပြေးသွားလိုက်တယ်။ ရဲဘော်လေးဟာ အန်တီ့ကို မြင်ရတော့ ဝမ်းနည်းပက်လက်ဖြစ်ပြီး 'အမေ'တယကာ ပိုငိုပါတော့တယ်။ အန်တီဟာ ရဲဘော် လေးရဲ့ ဘေးမှာ ဝင်ထိုင်ပြီးကျောလေးကို အသာအယာပွတ်ပေးရင်း ချော့ပြောပါတယ်။

"သိပ်မငိုပါနဲ့ ရဲဘော်ရယ်။ ငိုရလွန်းအားကြီးရင် ရှိတဲ့အားတွေ ကုန်သွား တတ်တယ်။ တိတ်ပါ၊ တိတ်ပါ။ ပါးစပ်ခါးတယ်ဆို ပါးစပ်ကို ဖွင့်ပြပါဦး အန်တီကြည့်စမ်းပါဦးမယ် ... အို... လျှာမှာ လျှာပွေးတွေ (ဖျားတာကြာရင် ဖြစ်တတ်တဲ့ လျှာပေါ်မှ အဖြူဖတ်များ = လျှာပွေး) အများကြီးရှိတာပဲ။ ဒါကြောင့် ပါးစပ်ခါးတာ။ ကိစ္စမရှိဘူး။ အန်တီလုပ်ပေးမှာပေ့ါ ဟုတ်လား။ ကဲ–ကဲ ပြောပါဦး ဘာဟင်း တွေ စားချင်သလဲ"လို့။

"အမေချက်တဲ့ ချဉ်ပေါင်ဟင်း... စားချင်တယ်" ရဲဘော်လေးက အသံတိုးတိုးလေးနဲ့ ပြောပြီး အန်တီရဲ့မျက်နှာကို စိုက်ကြည့်နေတယ်။ မျက်နှာလေးကတော့ ငိုမဲ့မဲ့...

"ရဲဘော်ရယ် စောစောကများ ပြောပါတော့... လား... ကွယ်"

"ပြောချင်ပေမယ့် အမေက... အောက်ပြည်မှာ... အဝေးကြီး..." ရဲဘော်လေးရဲ့ အသံက တိမ်ဝင်သွားပြီး နောက်ထပ် စကားလုံးများအစား ပါးပြင်ပေါ်မှာ မျက်ရည်တွေသာ စီးကျနေပါတယ်။

"အမယ်လေး... သားရယ်... ဖြစ်ရလေကွယ်... အမေက အဝေးမှာဆိုရင် သားကို အန်တီက ချက်ကျွေးမှာပေ့ါ။ အန်တီ ဟာ သားတို့ရဲ့... အမေပဲလေ... အန်တီ ချက်ကျွေးပါ့မယ် ... သားရယ်"

အန်တီဟာ သူ့ရဲ့လက်ကိုင်ပဝါလေးကို ထုတ်ပြီး တရှိုက်ရှိုက်ငိုနေတဲ့ ရဲဘော်လေးကို မျက်ရည်တွေ သုတ်ပေးရင်း –

"သားရေ... အမေချက်တဲ့ ချဉ်ပေါင်ဟင်းက ဘာတွေထည့်ပြီး ချက်သလဲကွယ်... အမေ့ကို ချက်နည်းလေး ပြောပြပါဦး"

"ချဉ်ပေါင်ရွက် အချဉ်ရွက်ကော အခါးရွက်ပါ ပေါင်းထည့်ပြီးတော့ ငါးကင်ဖွဲ့ထည့်၊ ရေတတ်သီးစိမ်းပွပွအတောင့်ကြီး ၃–၄ တောင့် ထက်ခြမ်း ခြမ်းထည့်၊ မွှေချက်။ ချကာနီးရင် ပင်စိမ်းဖြစ်ဖြစ် နံနံပင်ဖြစ်ဖြစ် များများထည့်အုပ်လိုက်"

"အေး... အေး... ဟုတ်ပါပြီကွယ်။ မနက်ဖြန် ရိက္ခာမှူးနဲ့ မြို့ဈေးကို လိုတာတွေ မှာလိုက်မယ်။ သန်ဘက်ခါ ညနေဆို အမေ ကောင်းကောင်းနဲ့ များများချက်ကျွေးမှာပေ့ါ... နော်။ သားလေး စိတ်ချပါကွယ်"

နောက် ၂ ရက်လောက်ရှိတော့ "အမေချက်တဲ့ ချဉ်ပေါင်ဟင်း" ကို သွေးတောင်း နေတဲ့ ရဲဘော်လေးဟာ တော်လှန်ရေးအမေက ချက်ကျွေးတဲ့ ချဉ်ပေါင်ဟင်းကို သူငယ်ချင်း ရဲဘော်တွေကိုပါခေါ်ပြီး အားပါးတရ ပျော်ပျော်ပါးပါး စားကြပါတော့တယ်။ ဒါနဲ့တင် မတင်း တိမ်နိုင်သေးလို့ နောက်ထပ်ပွဲတောင်းတာနဲ့ အန်တီက နောက်ထပ် ၂ ကြိမ် ထပ်ချက် ကျွေးလိုက်ပါသေးတယ်။ အန်တီဟာ ရဲဘော်ကလေး အားပါးတရ စားနေတာကို ကြည့် ကြည့်ပြီး ကြည်နူးဝမ်းသာမဆုံး ဖြစ်ရရှာတယ်။ ချဉ်ပေါင်ဟင်း ချက်ကျွေးပြီး နောက်လည်း တ ခြားကောင်းနိုးရာရာ ဟင်းကို စဉ်းစားပြီး မပြတ်ချက်ပြုတ် ကျွေးမွေးပြုစုပေးလိုက်လို့ ရဲဘော် လေးဟာ အစာအာဟာရ ကောင်းကောင်း နဲ့ ပြုစုခံရပြီး မိခင်မေတ္တာကိုပါ ရရှိခဲ့ တာကြောင့် တလကျော်ကျော်လောက် အချိန်အတွင်း ကျန်းမာလာပါတယ်။ ဒီနောက် ဆရာဝန် ဆရာမ တွေနဲ့ လူနာရဲဘော်တွေကိုလည်း လိုအပ်တာတွေ ကူညီလုပ်ကိုင် ပေးနိုင် လာတယ်။ နောက်ဆုံးတော့ ကျန်းမာရေး ခိုင်မာ သွားပြီမို့ ရဲဘော်လေးဟာ အန်တီနဲ့ ဆေးရုံအမှုထမ်းများကို နှုတ် ဆက်ပြီး သူ့မိခင်တပ်ဖွဲ့ ရှိရာသို့ ပြန်လည်ထွက်ခွာ သွားတော့ တယ်။

## အားတိုးဆေးကြီး

အချိန်ကတော့ ၁၉၅၃ ခုနှစ်လောက်ကလို့ ထင်ပါတယ်။ အတိအကျတော့ မမှတ်မိတော့ဘူး။ စခန်းတွင်းမှာ "အောက်တိုဘာ တော်လှန်ရေး အထိမ်းအမှတ်" ပြုလုပ်တဲ့ပွဲဆိုတာကိုတော့ သတိတရရှိနေတယ်။ "ပွဲသွားကြည့်ရအောင်" လို့ မမညွန့် (ဒေါ်ခင်မျိုးညွန့်– ဗိုလ်မှူးချစ်ကောင်းဇနီး) က ခေါ်လို့ ကျွန်မပွဲလိုက်ကြည့်တယ်။ အဲဒီညက ပွဲဟာ လူတော်တော်စည်ပါတယ်။

(အဲဒီညက မမျိုးသန့်(ဆရာဝန်–အပျိုကြီး)က ရဲဘော်တွေရဲ့ တောင်းဆိုမှုအရ ကုလားက ကပါတယ်။ မျက်လုံးမျက်ဖန် ကောင်းကောင်း နှာတံပေါ်ပေါ် ဆာရီလေးနဲ့ ကုလားက ကတာ တော်တော်လှပပြီး ပသာဒ ရှိလှတယ်။ ရဲဘော်တွေက တကြိမ် ကပြ တာနဲ့ အားမရသေးဘဲ ထပ်ခါပွဲတောင်းနေလို့ တောင်းပန်ယူရပါတယ်။ ရဲဘော် မမျိုး သန့်ဟာ နောင်မှာ ပဲခူးရိုးမ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ဗဟိုပါတီ နိုင်ငံရေးသင် တန်းကျောင်း၊ ကျောင်းအုပ် ရဲဘော်မျိုးတင့်ရဲ့ ဇနီးဖြစ်လာတယ်။ သူကိုယ်တိုင်က သရက်ခရိုင် ပါတီ ကော်မတီတဦး ဖြစ်တယ်။ တိုက်ပွဲတွေအတွင်းမှာ နာမည် ကျော်ကြား သူဖြစ်လို့ ရန်သူက သူ့ကို နာမည် ဖျက်ပြီး ယုတ်မာစွာ နာမည်ပေးခဲ့တာတွေကိုလည်း ကြားသိနေခဲ့ရဖူးတယ်။ ရဲဘော်မမျိုးသန့်ဟာ ပဲခူးရိုးမရဲ့ အင်မတန် ခက်ခဲလှတဲ့ ကာလများအတွင်း ရန်သူနဲ့ တိုက်ပွဲမှာ သူရဲကောင်းပီသစွာ ကျဆုံး သွားခဲ့ရတဲ့ ပဲခူးရိုးမ ပေါ်က ကြယ်နီတပွင့်ပါ။

အလေးပြုလိုက်ပါတယ် ရဲဘော်။ ရဲဘော်ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ဟာ ဗမာပြည် အဖိနှိပ်ခံပြည်သူတွေရဲ့ နှလုံးသားမှာ ထဝစဉ် ရှင်သန်နေမှာပါ)။

ဒီနောက်မှာ ပြဇာတ်ပြပါတယ်။ ပြည်ဖုံးကားကို ဖွင့်လိုက်တော့… ကားကြား ထဲကနေ ဇာတ်ခုံအလယ်ရောက်အောင် ပုလင်းကြီးတလုံး လိမ့်ဝင်လာပြီး ဇာတ်ခုံအလယ် လည်း ရောက်ရော လဲနေတဲ့ ပုလင်းကြီးက ထောင်လာပါတယ်။ အားတိုးဆေးကြီးလို့လည်း ရေးထားတာ တွေ့ရတယ်။ နောက်တခန်းမှာတော့ သူနာပြုဆရာမလေး ဝင်လာတယ်။ လူနာကို အားတိုးဆေး ထိုးပေးပါတယ်။ “လူနာက ကြောက်တော့ အသားကို တင်းထားလို့ ဆေးထိုးအပ်က အသားထဲမဝင်ဘူး”တဲ့။ ဆရာမက ညည်းညည်းညူညူနဲ့ ထဘီကို တင်ပါးပေါ် မ တင်လိုက်ပြီး စီးထားတဲ့ ခုံမြင့်ဖိနပ်တဖက်ကို ဆွဲချွတ်ကာ ဆေးထိုးပိုက် အပေါ်ပိုင်းကို နှစ်ချက်သုံးချက်လောက် ရိုက်သွင်းတယ်။ ဆေးထိုးပိုက် အသားထဲရောက်မှ ဆေးသွင်းပြီး ပိုက်ကိုပြန်ချွတ်တော့လည်း ချွတ်မရလို့ ဆေးထိုးပိုက်ကို စုံကိုင် လူနာရဲ့ခါးကို ခြေထောက်နဲ့ကန် ပြီး ချွတ်တော့ ဆရာမလည်း (ယောကျ်ားမင်းသမီး) နောက်ကို ပက်လက်လန် လဲတော့တာပဲ။ လူနာကလည်း အမယ်လေး တပြီး လိမ့်နေတာပဲ။ ပရိသတ် ဆိုတာ တဝေါဝေါနဲ့ ရယ်နေရတယ်။

နောက် သမီးရည်းစား နှစ်ယောက် ချိန်းတွေ့ကြတယ်။ ဆေးရုံစည်းကမ်းက ၁၅ မိနစ်ပဲ အချိန်ပေးတယ်။ စကားပြောရင်း ပြောရင်းနဲ့ အချိန်ကစေ့သွားပြီး အမျိုးသမီးက ပြန်တော့မယ်လုပ်တော့ အမျိုးသားက“အရေးကြီးတဲ့ စကားသုံးခွန်းကို မပြောရသေးလို့” ဆိုပြီး အတင်းတားတယ်။ ကလေးမလေးကလည်း စည်းကမ်းသတ်မှတ်ချက်ထက် လွန်နေ ပြီမို့ ကြောက်နေရှာတယ်။ အမျိုးသားကလည်း စကားကို အတင်းဆက်ပြောနေတယ်။ ဘေးနားက ကင်းရဲဘော်ကလည်း အချိန်စေ့လို့ ခရာလေးကို မှုတ် မှုတ်ပြီး အချက်ပေး နေတယ်။ ဒါလည်း မရတော့ ကင်းသမားက ခရာကို သံရှည်ဆွဲပြီး အကြာကြီးမှုတ်ပါ တော့တယ်။ (ဒီနေရာမှာ ပရိသတ်က ထိန်းမရတော့ ပါဘူး။ တဝါးဝါးနဲ့ )။ အဲဒီလို မှုတ်ရင်း မှုတ်ရင်း စကားက မကုန်နိုင်တော့ ကင်းသမားရဲဘော်လေးက ခရာကို သံရှည်မှုတ်ရင်း အားပြတ် ရှော့ခ်ဖြစ်ပြီး လဲကျ သွားပါတယ်။ ဒီတော့မှ စကားပြောနေတဲ့ သမီးရည်းစား မောင်နဲ့မယ်ဟာ လဲကျသွားတဲ့ ရဲဘော်ဆီကို ပြေးလာကာ “လာကြပါဦး။ ကယ်ကြပါဦး။ ကင်းရဲဘော်လေး ရှော့ခ်ဖြစ်လို့ လဲကျသွားလို့ လာကြပါ။ ကယ်ကြပါ”နဲ့ အော်ဟစ် ကြတော့ ဘယ်လိုလုပ် မှ သတိရမလာ။ သတိလည်းမလာဘူး။

နောက်ဆုံး ရဲဘော်တယောက်က “နေဦး နေဦး ငါ့မှာ ဆေးနည်းတခု ရှိတယ်” လို့ပြောပြီး “ဥုံဖွ… ဟောလစ်”လို့ မန်းလိုက်တော့ လူနာဟာ နည်းနည်းလေးလှုပ်လာပြီး ပါးစပ်မှာ တပ်ထားတဲ့ ခရာလေးက ‘ရှီ’ လို့ တိုးတိုးလေး မြည်လာတယ်။ “အဲဟုတ်ပြီ။ ဟုတ်ပြီ” လို့ ဆိုပြီး နောက်တကြိမ် “ဥုံဖွ… မိုင်လို”လို့ ထပ်မန်းလိုက်ပြန်တော့ လူနာဟာ ပိုလှုပ်လာပြီး ခရာသံကလည်း ‘ရှီ’ လို့ အသံ ပိုကျယ်လာတယ်။ နောက်ဆုံး “ဥုံ… ဖွ… အိုဗာလ်တင်း”လို့ ထပ်မန်းလိုက်တော့ လူနာဟာ အကောင်းပကတိဖြစ်ပြီး ခရာကို သံရှည်ဆွဲ မှုတ်နေတော့တယ်။ တခန်းရပ်ပြဇာတ်က ဒီမှာတင် အဆုံးသတ်သွားတယ်။ ဒါရိုက်တာလုပ်တဲ့ ရဲဘော်လည်း ပွဲပြီးသွားကတည်းက ပျောက်သွားတာ ရှာမရဘူး။ (ပုန်းနေတာလေ)။

အဲဒီညက ပွဲခင်းထဲမှာ အန်တီတယောက် (သမီးရည်းစား စကားပြောတာ အချိန် ၁၅ မိနစ်ပဲပေးလို့ မကျေနပ်ကြတာနဲ့ သွယ်ဝိုက်ဝေဖန်တာကို) စိတ်မဆိုးနိုင်ရုံမက တဝါးဝါး တဟားဟား ရယ်နေရတာ။ မျက်ရည်များတောင် ကျလို့။ ဘေးက ရဲဘော်တွေက အန်တီ့ကို အားလည်းနာ စိတ်ဆိုးမှာကိုလည်း စိုးရိမ်ကြတယ်။ အန်တီက “ဩော်… လူငယ် ဆိုတော့ … ချစ်တာတခုတည်း နားလည် တယ်။ အန်တီ့ဘက်ကကြည့်တော့ ၁၅ မိနစ်ဆိုတဲ့ အချိန်ဟာ လူနာတယောက်အတွက် သေရေးရှင်ရေးကိုတောင် အဆုံးအဖြတ် ပေးနိုင် တာမို့ ဒီလို သတ်မှတ်ရတာ။ အေးလေ… သူတို့လေးတွေ ကြီးလာတော့ သိလာပါလိမ့် မယ်”တဲ့။

ဩော်… အန်တီ… အန်တီ… အန်တီဟာ ဒီလိုပဲ ရဲဘော်တွေအပေါ် အမြဲတမ်း နားလည်ခွင့်လွှတ်နိုင်ပါတယ်။

အန်တီ ဒေါ်မိုးစွေဟာ မန္တလေးဆေးရုံကြီးက စစ္စတာ ဖြစ်ပါတယ်။ မစိုးစိုး၊ မခင် မြစီဆိုတဲ့ သူနာပြုဆရာမလေး နှစ်ယောက် အပါအဝင် ပေါင်း ၃ ယောက် တောခိုလာကြပြီး တော်လှန်ရေးထဲမှာ ဆေးအတတ်ပညာနဲ့ ပြည်သူကို အလုပ်အကျွေးပြုခဲ့ပါတယ်။ အန်တီ ဒေါ်မိုးစွေကို ပါတီခေါင်းဆောင် ရဲဘော်သခင်ဗဟိန်းကိုယ်တိုင် စည်းရုံးထားတာလို့လည်း သိရပါတယ်။

အန်တီဒေါ်မိုးစွေ ဒါမှမဟုတ် မေဂျာဒေါ်မိုးစွေ။ ဆေးအတတ်ပညာနဲ့ တာဝန ်ယူခဲ့တဲ့ အန်တီ့ကို စစ်တပ်အနေနဲ့ ပေးထားတဲ့ အဆင့်ကတော့ ‘မေဂျာ’ အဆင့်ပါ။

အန်တီဟာ ပခုက္ကူ ဇာတိပါ။ အောင်မာဃ ထိုးစစ်ကြီးပြီးသွားပြီးနောက် အ ထက်ဗမာပြည်တနေရာမှာ ရန်သူဖမ်းမိပြီး ထောင်ကျခဲ့ရရှာတယ်။ လွတ်ငြိမ်းချမ်း သာခွင့်နဲ့ အန်တီ ထောင်က လွတ်လာတော့ ပခုက္ကူမှာပဲ မိခင်အိုကြီးနဲ့အတူ နေထိုင်ပြီး အေးချမ်း စွာ လုပ်ကိုင် စားသောက်နေပါတယ်။ (ကျွန်မ ၁၉၆၁ မှာ ရန်သူ့အကျဉ်းထောင်က လွတ်

လာပြီးနောက် ၁၉၆၄ ခုနှစ်လောက်က ပခုက္ကူကို တခေါက်ရောက်တော့ အန်တီနဲ့ ဆုံဖြစ်ပါသေးတယ်)။

အန်တီဟာ မြို့ပေါ်မှာ ဆေးလုပ်ငန်းလုပ်ရင်း အပျိုကြီးဘဝဖြင့် ကွယ်လွန် သွားရှာပြီလို့ သိရပါတယ်။

အန်တီရဲ့ လှပမွန်မြတ်တဲ့ စိတ်ဓာတ်ကို နှလုံးသွင်းရင်း အန်တီကောင်းရာသုဂတိ လားပါစေလို့ ဆုတောင်းနေမိတယ်။

× × ×   × × ×   × × ×

ဦးလေးတို့ အဖွဲ့လည်း ခရီးထွက်ရာက ပြန်ရောက်လာခဲ့ပြီ။ "သုံးပါတီ ကွန်ဖရင့်"(အလံနီ၊ ပြည်သူ့ရဲဘော်၊ ဗမာပြည်ကွန် မြူနစ်ပါတီ) လည်း ကွန်ဖရင့်သာလုပ်ခဲ့ရတယ် ရည်မှန်းချက်မအောင်မြင်ခဲ့ပါဘူးတဲ့။ လူကြီးတွေ ပြန်ပြောပြနေတာကတော့ "နယ်ချဲ့ဇောင်းက ပိုထက်တယ်""ပဒေသရာဇ်ဇောင်းက ပိုထက်တယ်"ဆိုတဲ့ အငြင်းအခုံဖြစ်ပွားခဲ့တယ်။ ဝမ်းနည်းစရာ ကောင်းတာက "ညီညွတ်ရေးမရတာ"ဖြစ်တယ်။ အလံနီနဲ့ညီညွတ်ရေးဟာ တော်လှန်စစ်အောင်မြင်ရေးရဲ့ သော့ချက်ဖြစ်တယ်ဆိုတာလည်း မှားခဲ့တယ်တဲ့။ အကြောင်းကတော့ အလံနီပါတီဟာ မာ့က်စ်လီနင်ဝါဒ ပါတီ မဟုတ်တော့လို့ပါပဲ။

နောင်မှာ "ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်"နဲ့ ပတ်သက်လို့... ပါတီခေါင်းဆောင်များက ခုလိုနိဂုံးချုပ်ပြပါတယ်။

***"ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်"*** ဟာ အနှစ်သာရအားဖြင့် – တော်လှန်စစ်ကိုရပ်၊ အရင်းရှင် ဥပဒေဘောင်အတွင်း ဝင်၊ အုပ်စိုးနေတဲ့ အရင်းရှင်နဲ့တွဲပြီး ညွန့်ပေါင်းအစိုးရဖွဲ့ရေးဖြစ်တယ်။

တရုတ်ပြည်က စစ်ရှုံးလို့ထွက်ပြေးလာတဲ့ ကူမင်တန် (တရုတ်ဖြူ) အန္တရာယ်ကို ပိုတွက်မိခြင်းကြောင့် ဒီလမ်းစဉ် ပေါ်လာတာ ဖြစ်တယ်တဲ့။

## ငိုချင်ရက်နဲ့ ဇာတ်ကွက်ကိုစ ရယ်လိုက်ရတယ်

အချိန်ကတော့ ၁၉၅၉ ခု ဆောင်းဦးညတည ဖြစ်ပါတယ်။ ဘယ်လိုမှ်ညာစောင်းနဲ့ အိပ်မရနိုင်ပါ။ မြောက်ပြန်လေနဲ့အတူ အလည်လိုက်ပါလာတဲ့ အသံလေးကတော့ –

"ဘဝဇာတ်ဆရာ ဆိုသမျှ အလိုကျ ငိုခဲ့ရ... ကျမ ဘဝပါရှင်... သူတကာတွေ ပျော်ပျော်ရွှင်ရွှင် ပျော်ရွှင်ရေး... ဝေးခဲ့ပေါ့ထင်... အဆွေးဇာတ်လမ်း... မှတ်တမ်းတင် " ဆိုတဲ့ သီချင်းသံလေးက လူ့ဘဝကို တစေ့တစောင်း ဖော်ပြနေပါတယ်။

ဩော်… သာယာလိုက်တဲ့ အသံလေးရယ်။ သာယာမှုရဲ့နောက်မှာ ဆွေးမြေ့ကြေကွဲတဲ့ အရိပ်ကလေးပါ တွဲပါနေတာကိုလည်း ခံစားနေမိတယ်။ ဒီအသံလေးကို ကြားရတော့ ဟို… အဝေးမှာ ကျန်ရစ်ခဲ့တဲ့ အသံရှင်လေးကိုလည်း တွေ့လိုမြင်လိုလှတယ်။ တွေ့ဖို့ရာကတော့ မလွယ်လှဘူးထင်ပါရဲ့နော်… အသံရှင်လေးက မန်းရာပြည့်ပွဲတော်ပွဲခင်းကြီးရဲ့အလည်မှာ "ရွှေပွဲလာများ ရွှင်အားရစေဖို့ ထင်ရှားဘဝအခြေ မလွယ်တဲ့ ကချေသည်မကလေး တဦးပေပဲနော်… ကျွန်မကတော့ ရွှေမန္တလေးကို အဲဒီနေ့မှာ ရောက်လာတဲ့ အသစ်စက်စက် နိုင်ငံရေးအကျဉ်းသား ထောင်သားတယောက်ပါ။

ကျွန်မဟာ ဘဝတလျှောက်လုံး ဖြတ်သန်းကျင်လည်ခဲ့ရတဲ့ ဘဝရဲ့အလှည့်အပြောင်းတွေကို ငဲ့စောင်းထုဆစ် ဖွင့်လှစ်ကြည့်နေမိပါတယ်။

ကျွန်မ… ကျွန်မက ကွန်မြူနစ်တယောက်ပီပီ လက်နက်မချဘဲ ရင့်ကော့ပြီး ထောင်ထဲဝင်ခဲ့တယ်။ ကျွန်မကို ဖမ်းမိတဲ့ တပ်ရင်းမှူးက ကျွန်မကို စစ်ဆေးရင်းနဲ့ ပြောနေတယ်။

"ကလေးမ ခင်ဗျားဟာ ငယ်သေးတယ်။ လူ့လောကအကြောင်း ဘာမှ မသိသေးဘူး။ လက်နက်မချဘူးဆိုရင် ထောင်ချရလိမ့်မယ်။ ထောင်ဆိုတာ လူကောင်းတွေနေတဲ့ နေရာ မဟုတ်ဘူး။ လူဆိုး သူခိုး ဓားပြတွေ နေတဲ့နေရာ။ လက်နက်ချလိုက်ပါ။ ခင်ဗျားမှာ ဘာလက်နက်မှ ပါတာမဟုတ်ဘူး။ ပါးစပ်ကပဲ ပြောရတာ။ ဘာဝန်လေးစရာ ရှိသလဲ။ ဒါကြောင့် လက်နက်ချလိုက်ပါ" တဲ့။ ဗိုလ်မှူး ဆုံးဗား (ခလရ ၂၆ တပ်ရင်းမှူး) က အချိုသတ် ပြီး ပြောနေတာပါ။

အဲဒီလိုပြောတဲ့ စကားတွေကို နားထောင်ရင်း ကျွန်မခေါင်းထဲမှာ ရိပ်ကနဲ ရိပ်ကနဲ ဖြတ်သန်းနေတဲ့ အသိဉာဏ်တွေကတော့ "လက်နက်ချလိုက်ပါ။ ဘာလက်နက်မှလည်း ရှိတာမဟုတ်ဘူး" တဲ့။ အို… ဟိုဟို… ဘာရမလဲ။ ဒီလိုအပြောမျိုးတွေ ဆယ်နှစ်ဆယ်မိုး အပင်ပန်းအဆင်းရဲခံပြီး အသွေးအသားနဲ့ ရင်းပြီး တည်ဆောက်လာခဲ့တဲ့ "ဒီယုံကြည်ချက် ဒီအတွေးအခေါ်" ကို မှားပါတယ်လို့ ဘယ်တော့မှ လက်နက်ချ အညံ့မခံဘူး။

"ဒီမှာ… ဗိုလ်မှူး… ဗိုလ်မှူးဟာ တိုးတက်တဲ့ တရုတ်ပြည်သစ်သမ္မတ နိုင်ငံတော်ကြီးကို သွားရောက်လေ့လာခဲ့ပေမယ့် နောက်ဆုံးကျတော့ ဒီကုလားထိုင်မှာ ထိုင်ပြီး ဒီစကားပဲ ပြောတာပဲနော်။ ကျွန်မဟာ ကွန်မြူနစ်တယောက်။ လူကောင်းတယောက်။ ဒါကြောင့် ဘယ်တော့မှ လက်နက်မချဘူး။ ဗိုလ်မှူးတို့ တရားဥပဒေအတိုင်းသာ စီစဉ်ပါ" လို့ ပြောရင်း ရန်သူကို ရင်ကော့ အနိုင်ယူလိုက်တယ်။

ဗိုလ်မှူးဆူးဗားဟာ ကျွန်မကို သနားစရာ သတ္တဝါလေးပဲဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ပြီး အစောင့်တွေကို ကြည့်လိုက်ကာ ကျွန်မကို အချုပ်ခန်း ပြန်ပို့လိုက်ဖို့ အမိန့်ချ လိုက်တယ်။

## မေတ္တာပုလဲပန်းများ... သီခဲ့ရာဝယ်

ကျွန်မဟာ မန်းရာပြည့်ကွင်းဆီက ပျံ့လွင့်လာတဲ့ 'ဘဝဇာတ်ဆရာ' သီချင်းသံကို နားထောင်ရင်း ကျွန်မ ငယ်ဘဝဆီကို အတွေးအာရုံ ရောက်သွားပါတယ်။

လူငယ်တို့ဘာဝ အရွယ်ရောက်လာတော့ အဖော်မွန်နဲ့အတူ ယှဉ်တွဲပြီး အနာဂတ်ကို မျှော်မှန်း ပျိုသန်းလိုစိတ်ရှိပေမယ့် အတိတ်က အိပ်မက်ဆိုးကြောင့် မဝံ့မရဲ ဖြစ်ခဲ့ရပါတယ်။ ဒီအိပ်မက်ဆိုးဟာ ကျွန်မဘဝအတွက် ကြီးမားတဲ့ အကန့်အသတ် ဖြစ်ခဲ့ရပါ တယ်။

ဂျပန်ခေတ် ကလေးဘဝတုန်းကပေါ့။ ကျွန်မနဲ့ ကစားဖော်ကစားဖက် သူငယ်ချင်းရဲ့ ဦးလေးက ကျွန်မကို ချစ်ရေးဆိုတယ်။ ကျွန်မက ကလေးဆိုတော့ ဒါတွေ စိတ်မဝင်စားတော့ သူက လူတန်းစားအရ ဖော်ပြလာတယ်။ မြေရှင်သူဌေးကြီး ရဲ့မြေးဆိုတော့ တနေ့ ကျွန်မ အဖော် တွေနဲ့ ရေချပ်သွားတာ ခိုးပြေးတယ်။

ဒီလိုနဲ့ ကျွန်မ ၁၂ နှစ်ကျော်ကျော် ၁၃ နှစ် မပြည့်ခင် ကလေးဘဝမှာပဲ ပန်းကောင်း အညွန့်ကျိုး လုပတဲ့ ဖူးငုံကလေးကို ချိုးဖွဲ့ ချေမွတာ ခံလိုက်ရတယ်။ ဒီတညတာ အိပ်မက်ဆိုးကြောင့် လူကြားထဲကိုလည်း မဝင်ရဲ၊ မပြောရဲ၊ ရှက်ကြောက်စိတ်၊ သိမ်ငယ်စိတ်များ ရခဲ့တယ်။ ဒီအိပ်မက်ဆိုးကို ရင်ထဲမှာ လျှို့ဝှက်ထိန်းသိမ်းထားပြီး ဘဝကြင်ဖော် အဖြစ် လက်တွဲလိုသူများကို ပွင့်ပွင့်လင်းလင်း ဖွင့်မပြောရဲ။ အပျိုအစစ်ပါလို့ လိမ်ညာပြီး တော့လည်း မယူချင်။ ဒီလိုပဲ နေခဲ့တယ်။

တနေ့တော့ ကိုယ်နဲ့ကျောင်းနေဖက် သူငယ်ချင်း၊ ကျွန်မရဲ့ဘဝကို နားလည်တဲ့ ရဲဘော်တယောက်က ချစ်ရေးဆိုလာတော့ ဘဝကြင်ဖော်အဖြစ် လက်တွဲခဲ့တယ်။ ကျွန်မက ရာသက်ပန် တော်လှန်ရေးသမား လုပ်မှာ။ ကျွန်မလိုလုပ်နိုင်သူကိုမှ လက်ထပ်မှာလို့ ပြောတော့ သူကလည်း ရာသက်ပန် တော်လှန်ရေးသမား လုပ်မှာပါတဲ့။ အဲဒီလို ကတိပေး လာ ပါတယ်။ ကတိမတည်ရင် ဘယ်လိုအခြေ အနေမျိုးမှာဖြစ်ဖြစ် လမ်းခွဲရမယ်လို့ ပြောပြီး ကျွန်မတို့ လက်ထပ်ခဲ့တယ်။ ၃ နှစ်တာလောက် တော်လှန်ရေးထဲမှာ အခက်အခဲများကို ရင်ဆိုင် ကျော်ဖြတ်ခဲ့ပြီး တနေ့မှာ အတွေးအခေါ် အယူအဆချင်း ညှိမရတဲ့နောက်ဆုံး လမ်းခွဲခဲ့တယ်။

နောက် ၂ နှစ်ကျော်လောက် ကြာတဲ့အချိန် ရာသက်ပန်လက်တွဲလိုတဲ့ အကိုကြီးနဲ့တွေ့ပြီး ဒုတိယအကြိမ် ဘဝကြင်ဖော် အဖြစ် ဘဝသစ်ထူထောင်ခဲ့တယ်။ စိတ်တူ သဘော

တူ ကြည်ဖြူပြီး ရာသက်ပန်လက်တွဲလိုတဲ့ အကိုကြီးဟာ မမျှော်လင့်ဘဲ တိုက်ပွဲမှာ ကျဆုံး သွားလို့ ကွဲခဲ့ရတယ်။ ကျွန်မကတော့ တော်လှန်ရေးမှန်တိုင်းထဲမှာ တယောက်တည်းပဲ ဆက်လက်ဆင်နွှဲလျက် ဖြတ်သန်းလျက်။

## ယမ်းငွေ့ဝေဝေ

ရှမ်းပြည်တောင်ပိုင်းခရိုင်မှာ ခရိုင်ကွန်ဖရင့်ကို နှစ်စဉ် မတ်လ ၂၈ ရက်နေ့မှာ ကျင်းပတယ်။ နေ့ပိုင်းမှာ နိုင်ငံရေးအရ လမ်းစဉ်ဆိုင်ရာတွေ ဆွေးနွေးဆုံးဖြတ်ကြတယ်။ ကျေးရွာမှသည် ခရိုင်အထိ ခေါင်းဆောင်များ ရွေးကောက်တင်မြှောက်ပွဲတွေ ကျင်းပ ရွေးချယ်ကြတယ်။ ညဘက်မှာတော့ ပျော်ပွဲရွှင်ပွဲအဖြစ် ရွာအလိုက် ယိမ်းအကများ၊ အော်ပရာအလှပြများ၊ နောက်ဆုံးမှာတော့ ပြဇာတ်ရှိပါတယ်။ ပြဇာတ်ကိုတော့ ခရိုင် ခေါင်းဆောင်တွေ ပါဝင် ကပြတယ်။ ဒီတုန်းက ပြည်သူတရပ်လုံးက ငြိမ်းချမ်းရေးဆန္ဒတွေ ပြင်းပြနေချိန်ဆိုတော့ "ယမ်းငွေ့ဝေဝေ"ဆိုတဲ့ပြဇာတ်ကို ပြတယ်။ ဒီပြဇာတ်မှာ ကျွန်မ ပါဝင်ပြီး ကပြပေးဖို့ တောင်းဆိုတာဝန်ပေးလာလို့ ကျွန်မလည်း နှစ်အတော်ကြာ အနု ပညာနဲ့ ကင်းကွာနေရာမှ ပြန်လည်တာဝန်ယူခဲ့တယ်။

ဒီတညကိုတော့ အမှတ်ထင်ထင်ပါပဲ၊ ၁၉၅၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ည။ (မတ်လ ၂၇ ရက်ညက တခါ ကပြပြီးသားပါ။ လူထုကြီးရဲ့ တောင်းဆိုမှုကြောင့် အခုတခါ ထပ်ကပြ တာပါ)။ အဲဒီညက ရွာကြီးက 'စန္ဒကိန္နရီ'အလှပြ သရုပ်ဖော်ကကွက် ကလေးက လည်း လူထု ပရိတ်သတ်ကြီးရဲ့ ကောင်းချီးသြဘာသံတွေကြားမှာ ဝဲပျံလျက်ပါ။ နံနက်လင်းလုလုပါ။ ပြဇာတ်ရဲ့ ဇာတ်ရှိန်က အမြင့်ဆုံးအချိန် (ချစ်သူ ကျောင်း သား ခေါင်းဆောင်က ႔ လုပ်ငန်းလုပ်နေစဉ် ရန်သူက ဖမ်းမိ၊ နှိပ်စက်ခံရလို့ ကျဆုံးသွားပြီး သုသာန်မှာ ဂူသွင်းထားတာ... ကျန်ခဲ့တဲ့ ချစ်သူမိန်းကလေးက လွမ်းသူ့ပန်းခွေ သွားချတဲ့ အခန်း) တီးဝိုင်းက လွမ်းသူ့ပန်းခွေ သီချင်းကို လွမ်းဆွတ်ဖွယ်ရာ တီးပေးနေ ပါတယ်။

## လွမ်းသူ့ပန်းခွေ (သီချင်း)

***(နှစ်တွေ × လတွေ × အချိန်ကြာညောင်းလို့ × ရာသီအပေါင်း × × တွေ × ဘယ်လိုပြောင်းပါစေ × ကျဆုံးတဲ့ ရဲဘော် အပေါင်းတွေ × အသက်သွေးတွေ × လှူခဲ့သလေ × ဩော် × × × မမေ့နိုင်ပေ × တမ်းတကာနေ × ဖြေမပြေ × လွမ်းသူ့ ပန်းခွေ × လှမ်း လင့်ကာပဲနေ ×) ၂***

***ဗ × မာ × ပြည် × နှစ်ရှည်လရှည် × ချုတ်ခြုံကျစေ × နယ်ချဲ့သမား တွေ × သွေး × × စုပ်ခဲ့ပေ × ဒီနေ့ ဒီချိန်ခါမလေ × တယောက်နဲ့ တယောက်ဟာ ×***

*အသက်ကိုအပ်ခါ × နွဲကြပါတဲ့ × တော်လှန်ရေး လမ်းခရီးပေါ်မှာလေ × ကျဆုံးသူတွေ × မှန်းမျှော်လို့နေ × ပန်းခွေ ဆက်လှမ်းနေ ×*

*(တော်လှန်ရေး လမ်းခရီးကတော့ မပြီးဆုံးသေးတဲ့ ဒီချိန်ခါမှာလေ × တို့ရဲဘော်တွေ မှန်းမျှော်ခဲ့တဲ့ × အောင်ပန်းကိုလည်း × လှမ်းကာနေဆဲမလေ × လွမ်းရစ်တဲ့ × ရဲဘော်အပေါင်းတွေ × လွမ်းစာဖွဲ့ခွေ × အဓိဋ္ဌာန်ပြုမလေ)၂ × ဒီနေ့ဒီချိန်ခါ × × မလေ × နယ် ချဲ့သမား × × နဲ့ × ရုပ်သေးရုပ်များကိုတော့ × လက်စားနော် ချေပါမလေ × ဆထက်တိုးပေ × အားမာန်တင်းပေ × တိုက်ဖို့ အရေးတွေ × အဓိဋ္ဌာန်ပြုမလေ × ကျွမ်းတဲ့သူ × (လွမ်းသူပန်းခွေ ×)၂ ×မြန်း × × တဲ့သူ × ဇာနည်နန်း လွမ်းလိုက်ပါပြီလေ ×*

*(ဗ × × မာ × × ပြည် × × နှစ်ရှည် × လရှည် ×... ... ... ... ... ပန်းခွေ ဆက်လှမ်းနေ)*

**မှတ်ချက်**–(နောင် အရှေ့မြောက်နယ်စပ်အခြေခံဒေသ ပေါ်ထွန်းလာပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုရဲ့အာဘော် ပြည်သူ့အသံလွှင့်ရုံ ပေါ်လာတော့ ရဲဘော်ခင်မောင်ကြီးက သီဆိုအသံလွှင့်ခဲ့ပါတယ်။ တော်လှန်ရေးခရီး တလျှောက်လုံး ဒီနေ့အထိ ရဲဘော်တွေရဲ့ ရင်ထဲမှာ ရှင်သန်နေတဲ့ သီချင်းတပုဒ် ဖြစ်ပါတယ်။ စာသားလည်း နည်းနည်း ပြင်ခဲ့တယ်)။

ကျွန်မက ချစ်သူရဲ့ အုတ်ဂူလေးအပေါ် လွမ်းသူ့ပန်းခွေကို ချထားခဲ့ပြီး တလှမ်းချင်း ဇာတ်ခုံရှေ့ပိုင်းကို ထွက်သွားကာ တယောက်တည်း စကားပြောရပါတယ်။

"ဩော်... ပြည်တွင်းစစ် ပြည်တွင်းစစ် ဒီစစ်မီးကြောင့် ကလေးသူငယ် လူမမယ်ကလေးတွေ မိမဲ့ဖမဲ့ ခိုကိုးရာမဲ့လို့ ဆင်းရဲအထွေထွေ ဒုက္ခမီးပင်လယ် ဝေခဲ့ကြရတယ်။ ဒီစစ်မီးကြောင့် မေတ္တာကြီးမား မိဒိုဖဒိုများ သားသမီးတကွဲတပြားနဲ့ သေနတ်သံမစဲတဲ့ စစ်တလင်းမြေမှာ သေကျေခဲ့ရပြီပဲ။ ဒီစစ်မီးကြောင့် ပြည့်ရတနာ ရင်နှစ်သည်းချာများ လင်သေသားဆုံး ယူကျုံးမရ လူလုံးမလှလို့ ချစ်သူနဲ့ သေကွဲမကွဲလည်း ရှင်ကွဲ ကွဲကြရ။ သူတို့ဘဝ ပျော်ရွှင်မှုဆိုတာ ဝေးလို့ စစ်ဘေးက လွတ်အောင်တိမ်းရှောင်ပြေးလွှားနေပေငြားလည်း မတရားတဲ့စစ် အကြိမ်ကြိမ်ဖြစ်လို့မို့ ပြည်သူအပေါင်း သွေးချောင်းထဲမှာ မျောခဲ့ရတဲ့ နစ်ခဲ့ရတလှည့်နဲ့ ဖြစ်ခဲ့ရပြီ... ...

ကျွန်မဟာ စကားတွေပြောရင်း မနေ့ညက ပွဲထွက်ခါနီး မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းလေးကို ဖျတ်ကနဲ သတိရလိုက်မိပါတယ်။ အဲဒီမြင်ကွင်းကလေးကတော့... လွန်ခဲ့တဲ့ သုံးလကျော်လောက်က ခရီးထွက်သွားတဲ့ ခရိုင်တပ် ရှေ့တန်းကပြန်အလာ ခရိုင်

ခေါင်း ဆောင်တွေ ကေဒါတွေ သက်ဆိုင်ရာ ဆွေမျိုးသားချင်း မိသားစုတွေ ချစ်ဇနီးနဲ့ သားသမီး တွေ ဝမ်းသာ အားရ ကြိုဆိုကြ၊ ပြောကြ၊ ရယ်မောကြ အသံဗလံတွေ ဆူညံနေတဲ့ ကြားထဲက ကွန်ဖရင့်မဏ္ဍပ် ညာဘက်ထောင့်စွန်းမှာရှိတဲ့ လူအုပ်ကတော့ ထူးထူးခြားခြား တိတ်ဆိတ် နေပါတယ်။ ခရိုင်တပ်မှူးနဲ့ ခရိုင်ခေါင်းဆောင်တွေ ပြီးတော့ အမျိုးသမီး ခေါင်းဆောင်နဲ့ ငယ်ရွယ်တဲ့ မိန်းမပျိုလေးတွေရဲ့ အလည်မှာ မိန်းမပျိုလေးတယောက်။ လက်ဝါးနှစ်ဖက်ပေါ် မျက်နှာလေး မှောက် ချပြီး ငိုနေတယ်။ အဝေးက ကြည့်လိုက်တော့ တသိမ့်သိမ့်တုန်ခါနေတဲ့ ကျောပြင်လေးကို မြင် နေရတယ်။

အို... ဘယ်သူပါလိမ့်... ဘာဖြစ်တာပါလိမ့်... ငိုနေရှာတယ်။

အရွှေလေ... အရွှေ၊ ရှေ့တန်းထွက်သွားတဲ့ အကို့ကို မျှော်နေပေမယ့် အကို တယောက် ပြန်မလာတော့ပါဘူး။ ရန်သူကို တိုက်ရင်း ပြည်သူအတွက် အသက်ကို စွန့်ခဲ့ပြီ။ ဖြစ်ရလေ အရွှေရယ်... လက်ထပ်ပြီးစ လအချို့အတွင်းမှာ ရန်သူကို နှိမ်နင်းရန် တာဝန်က မပြီးဆုံးသေးတာမို့ အကိုတယောက် ခရီးထွက်သွားတာ... ပြန်လာရင် ဒီကွန်ဖရင့်ပွဲမှာ နွဲ့ ပျော်မယ်... လို့ တမိုးလုံး ကောက်စိုက်လို့ရတဲ့ လုပ်အားခလေးနဲ့ အရွှေရယ်... အကို့ အတွက် လှမယ်ထင်တဲ့ ပုဆိုးလေးတထည် ဝယ်ထားရှာတယ်။ ခုတော့...

(သာစည် – ရွှေညောင် ကားလမ်းမှာ အောင်ပန်းမှအထွက် တပ်တွေကိုလစာ ထုတ် ပေးရန်လာတဲ့ လစာပေး ယာဉ်တန်း ရန်သူ့ ကား ၃ စီးကို လမ်းဖြတ်တိုက်ပွဲ ဆင်နွှဲခဲ့ တယ်။ ရန်သူအများအပြား သေကျေဒဏ်ရာရခဲ့တယ်)။

တိုက်ပွဲအရ ကြည့်ရင် ပြည်သူဘက်က မိမိတို့ဘက်က အနိုင်ရပေမယ့် မိမိ တို့ဘက် (ပြည်သူ့ဘက်) က ရဲဘော်ဘိုကေ (အရွှေရဲ့ ခင်ပွန်း) ကျဆုံးခဲ့တယ်။

ဝိုင်းဝန်းအားပေး နှစ်သိမ့်နေကြတဲ့ ခေါင်းဆောင်တွေရဲ့ အလယ်က သနားစဖွယ် မျက်နှာလေးနဲ့ အရွှေ့ကိုပဲ မျက်စိထဲမှာ တဝဲလည်လည် မြင်ယောင်နေမိပါတယ်။

ဒီလိုနဲ့ ကျွန်မဟာ ပြောရမယ့်စကားတွေကို ပြောရင်းဆိုရင်းနဲ့ ငိုရှိုက်နေမိတယ်။ အဲဒီလို သတိလက်လွတ်ဖြစ်နေချိန်မှာ ဇာတ်ခုံရှေ့တည့်တည့်ဆီ လူအုပ်ထဲကလည်း ငိုရှိုက် သံတွေ ထွက်နေပါတယ်။ ကျွန်မဟာ ကိုယ်ပြောရမယ့် စကားတွေကို ၃ ပုံ ၂ ပုံလောက် သာ ပြောလိုက်နိုင်တယ်။ ဝမ်းနည်းတဲ့စိတ်ဟာ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး နောက်ဆုံးမှာ စကားလုံးတွေဟာ ပီပီသသ ထွက်မလာနိုင်တော့ပဲ ငိုရှိုက်သံကပဲ လွှမ်းနေတဲ့အတွက် ဒါရိုက် တာက အချိန်မီ ပြည်ဖုံးကားကို ချလိုက်ရပါတယ်။

ဒီလိုနဲ့ ဧပြီလ ၁ ရက်နေ့ နံနက်ခင်းမှာ 'ယမ်းငွေ့ဝေဝေ' ဇာတ်လမ်းဟာ ပြီးဆုံး ခဲ့ပါပြီ။

× × × × × × × × ×

ကွန်ဖရင့်ကြီး ပြီးလို့ တပတ်လောက်အကြာ မနက်စာစားပြီးလို့ မမအေးနဲ့ ကျွန်မ အနားယူ စာဖတ်နေတုန်း ရဲဘော်တယောက်လာပြီး "ဗိုလ်မှူးက ခေါ်နေတယ်" လို့ လာ ပြောပါတယ်။ ဒါနဲ့ ကျွန်မရော မမအေးပါ အလုပ်မှတ်တမ်းစာအုပ်တွေ ကိုယ်စီယူရင်း ဗိုလ်မှူးအောင်ထွန်း (ရဲဘော်ညို၊ ရှမ်းပြည်တောင်ပိုင်းခရိုင်ပါတီအတွင်းရေးမှူး) ရဲ့ အိမ်ကို သွားခဲ့တယ်။ ဗိုလ်မှူးအောင်ထွန်းရဲ့ အိမ်ကို ရောက်တော့ ဗိုလ်မှူးနဲ့ အတူထိုင်နေတဲ့ ဗိုလ်မှူး တင်ဆောင် (ခရိုင်တပ်ရင်းမှူး၊ ခရိုင်ကော်မတီဝင်–ဗမာပြည်က နာမည်ကြီး ဂိုးသမား တင်အောင်နဲ့ ညီအစ်ကိုတော်သူ) က ကျွန်မတို့ကို ထိုင်ခိုင်းထားပြီး ပြောလက်စ စကားများကို ဆက်ပြောနေပါတယ်။ ငယ်စဉ်ဘဝက အဖြစ်အပျက် ရှေးဟောင်းနှောင်းဖြစ် ရယ်စရာတွေ အဆက်မပြတ် ပြောနေတာ ကျွန်မတို့ပါ တဝါးဝါး ရယ်နေရပါတယ်။ ခဏကြာတော့ ကျွန်မ က မစောင့်နိုင်တော့ဘဲ "ဗိုလ်မှူး ကျွန်မတို့ကို ခေါ်တာ အလုပ်နိဂုံးချုပ် လုပ်မလို့လား" လို့ မေး လိုက်တော့မှ အားပါးတရ ရယ်နေတဲ့ ဗိုလ်မှူးတင်ဆောင်ဟာ စကားလက်စကို အဆုံး သတ် လိုက် ပြီး –

"ဪ... ဟုတ်တယ် ဟုတ်တယ်။ မကြည်နဲ့ ကိစ္စတခု ပြောရအောင်လို့ ဆွေး နွေး ရအောင်လို့ ခေါ်တာပါ"

"ဘာကိစ္စများလဲ ဗိုလ်မှူး... ရပါတယ်"

ဗိုလ်မှူးတင်ဆောင်ဟာ ကျွန်မမျက်နှာကို တချက်ဝင့်ကြည့်လိုက်ပြီး ရဲဘော် ညိုဘက် မျက်နှာလှည့်လိုက်ကာ သူတို့နှစ် ယောက် အပြန်အလှန် ကြည့်နေပါတယ်။

"ဒီလိုပါ... ကိစ္စက... ပျဉ်းမနားခရိုင်က ကြေးနန်းဝင်လာတယ်" အဲဒီလိုပြောပြီး ကျွန်မမျက်နှာကို တချက်ကြည့်လိုက်တယ်။

"ဪ... ဟုတ်လား... ဗိုလ်မှူး... ကြေးနန်းက ဘာတဲ့တုံး ဗိုလ်မှူး" ကျွန်မက အားတက်သရောနဲ့ ဝမ်းသာအယ်လဲ မေးမိတယ်။ အစ်ကိုကြီးက ပြောထားတယ်။ "အခြေ အနေ ကောင်းသွားရင် တည်ငြိမ်သွားရင် ချက်ချင်းပြန်ခေါ်မယ်။ ကြေးနန်း အရင်ပို့မယ်" လို့ ကျွန်မနဲ့ ခွဲကာနီးမှာ အကြိမ်ကြိမ် ပြောထားခဲ့တာကို သတိရမိတယ်။ ဟုတ်ပါပြီ။ ပြန်ခေါ်တာပဲ ဖြစ်ရမယ်လို့ တွေးပြီး ဝမ်းသာနေမိတယ်။ အတွေးမှ မဆုံးသေးခင်–

"ဒီလိုလေ... မကြည်... ကိစ္စ... က... ဗိုလ်စံတင့် တယောက်... တိုက်ပွဲမှာ... ကျသွားပြီ... တဲ့"

"ဟင်... ဘာ... ဘာ... ဘာပြောတယ်ဗိုလ်မှူး... ဘယ်လို... အစ်ကိုကြီး ဘာ ဖြစ်တယ်"

ကျွန်မဟာ ဖြည်းဖြည်းချင်းပြောနေတဲ့ ဗိုလ်မှူးတင်ဆောင်ရဲ့ စကားအဆုံးမှာ... ဗလုံးဗထွေးနဲ့ ပြန်မေးနေမိတယ်။

"ဟုတ်တယ်... မ... ကြည်... ဗိုလ်ကြီးစံတင့်တယောက် တိုက်ပွဲမှာ... ကျဆုံးသွား ရှာပြီ... တဲ့"

"အို... အစ်ကိုကြီး ကျသွားပြီ... ဟုတ်လား... ဗိုလ်မှူး" ကျွန်မခေါင်းကို မိုးကြိုး ပစ်ခံရသလို ခံစားမိတယ်။ ရင်ထဲမှာလည်း ပူပြီး ပြည့်ကျပ်လာတယ်။ မျက်လုံးတွေပြာပြီး ဘာမှ မမြင်သလို ဖြစ်သွားတယ်။

"အကိုကြီး ကျသွားပြီ"... "အစ်ကိုကြီး ကျသွားပြီ"ဒါကိုပဲ ထပ်ပြန်တလဲလဲ ဂါထာရွတ်သလို ရွတ်နေမိတော့တယ်။

"ဟုတ်တယ်... မ... ကြည်... မကြည်ရဲ့ အစ်ကိုကြီး ဗိုလ်စံတင့်တယောက်... တိုက်ပွဲမှာ ကျသွား... ပြီ... တဲ့။ အဲဒါ... မကြည်အနေနဲ့ သိရှိနိုင်ဖို့ အခုလို ခေါ်ပြီး အသိပေး တာပါ။ ကြေးနန်းဝင်တာ အချိန်စောပါတယ်။ ကျသွားတာက ဧပြီလ ၁ ရက်၊ နံနက် အရုဏ်တက်မှာပါ။ ကြေးနန်းက ၃ ရက်နေ့ရောက်လာပါတယ်။ ရောက်ရောက်ချင်း မကြည်ကို ပြောပြချင်ပေမယ့် မပြောရက်လို့ အခု လောက်... ရက်ကြာသွားရတာ ခွင့်လွှတ် ပါ။ ကျွန်တော်တို့အားလုံး ရဲဘော်မကြည်နဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ ကျွန်တော်တို့အားလုံး ပါတီရဲ့ သားသမီးတွေပါ။ လူတန်းစား ညီအစ်ကိုမောင်နှမတွေပါ။ မကြည် ဘာမှ အား မငယ်ပါနဲ့။ ဘာအခက် အခဲရှိရှိ ပြောပြပါ။ တိုင်ပင်ပါ။ ရှိသမျှ အခက် အခဲအားလုံးကို ကျွန်တော်တို့ အတူတူ လက်တွဲပြီး ရင်ဆိုင်ကျော်နင်းပွဲမယ်။ ဖြေရှင်းပွဲ မယ်။ မကြည်... မကြည်ဘဝဟာလည်း ပြည်သူတွေရဲ့ ဘဝနဲ့ အတူတူပါပဲ။ ဒီစစ်မီး အတွင်းမှာ တယောက် မဟုတ် တယောက်တော့ ဒီလိုဘဝမျိုးတွေ ရင်ဆိုင်ကြရမှာ ပါပဲ။ အဲဒါကြောင့် ရဲဘော် မကြည်လေးဟာ ပါတီရဲ့သမီးကောင်းတယောက်ပီပီ လက်ရှိအခြေ အနေမှာ ဝမ်းနည်းမှုကို အင်အားအဖြစ်ပြောင်းပြီး ရဲဘော် မကြည်လေးရဲ့ အစ်ကိုကြီး ဗိုလ်စံတင့် လျှောက်ခဲ့တဲ့ လမ်းအတိုင်း မပြီးဆုံးသေးတဲ့ တော်လှန်ရေး တာဝန် တွေကို ဆက် လက်ပြီး ထမ်းဆောင်သွားဖို့ တိုက်တွန်းပါရစေ။ ထမ်းဆောင်နိုင် လိမ့်မယ်လို့လည်း ကျွန်တော်တို့ အားလုံးက ယုံကြည် ပါတယ်။ မျှော်လင့်ပါတယ်"

ရဲဘော်ညိုက ပါတီရဲ့ကိုယ်စား ကျွန်မကို ဆွေးနွေးပြောဆိုနေတာတွေ အနာ ဂတ်အတွက် မျှော်လင့်ချက်အပြည့်အဝ ထားပြီး တောင်းဆိုနေတာတွေကို ကျွန်မနား ရှိလို့သာ ကြားနေရတယ်။ ကျွန်မ ပါးစပ်ကတော့ ဘာမှ ပြန်မပြော နိုင်တော့ပါဘူး။ "ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ အစ်ကိုကြီးနဲ့တကွ အာဇာနည်အထောင်အသောင်းဟာ ပြည်သူ လူထုအကျိုးအတွက် ရဲရဲရင့်ရင့် အသက် စွန့်သွားကြပါတယ်။ သူတို့ရဲ့ သွေးတွေ စွန်းနေတဲ့ လမ်းကြောင်းအတိုင်း ဆက်လက်ချီတက် သွားပွဲမယ်"လို့ လက်သီးကို ကျစ်ကျစ် ပါအောင်ဆုပ် အံကိုကြိတ်ရင်းနဲ့ အလေးအနက် အဓိဋ္ဌာန်ပြုနေမိတယ်။

ကျွန်မ မျက်ရည်မကျ မငိုမိအောင် စိတ်ကို တင်းထားပါတယ်။ ရင်ထဲက အလိပ်လိုက် အလိပ်လိုက် လှိုက်တက်လာနေတယ်။ အဲဒီခံစားနေရမှုတွေကို ဘယ်သူမှမသိရလေ အောင် တားဆီးချုပ်တည်းထားတယ်။ ကျွန်မ လူတွေရှေ့မှာ မနေချင်တော့ပါဘူး။ ကိုယ့်ဘာ သာ တယောက်တည်းပဲ နေချင်တော့တယ်။

ကျွန်မအိမ်ကို ပြန်လာတယ်။ အိမ်ရောက်တော့ ကျွန်မ မထိန်းနိုင်တော့ပါဘူး။ ကျွန်မလွတ်လွတ်လပ်လပ် ငိုချပစ်လိုက်တယ်။ မမအေး ကျန်နေခဲ့တယ်။ သူ ဘယ်အချိန်က ပြန်ရောက်လာတယ်ဆိုတာလည်း သတိမထားမိတော့ပါဘူး။ ညနေ ထမင်းစားချိန်ရောက်ပေမယ့်လည်း ဝတ္တရားအရသာ ထမင်းစားနေရပေမယ့် စားလို့မဝင်တော့ပါဘူး။ နေရတာ သိပ်ပူလာလို့ ရေချိုးချင်သလိုလို ဖြစ်လာ တယ်။ ချိုးနေကျ ရေဆိပ်မှာကလည်း လူများနေတော့ မချိုးချင်ဘူး။ ဒါကြောင့် စခန်းအနောက်ဘက်က တောအုပ်လေးထဲမှာ ရှိတဲ့ရေကန်ကို သွားတယ်။ “အကြည်… ဘယ်သွား မလို့လဲ” မမအေးက လှမ်းမေးတယ်။ “သိပ်ပူလို့ ရေ ကန်မှာ ရေသွားချိုးမလို့” ကျွန်မဟာ မမအေးကို လှည့်မကြည့်ဘဲ တယောက်တည်းပဲ ထွက် လာခဲ့တယ်။ အရင်က မမအေး မပါရင် ဘယ်ကိုမှ မသွားခဲ့ပေမယ့် အခုတော့ တယောက် တည်းပဲ နေချင်တယ်။

ဟော … ရေကန်ကို ရောက်ပါပြီ။ ရေကန်က ရေနည်းပါတယ်။ ခါးလောက်ပဲ နက်ပါတယ်။ ရေဟာ ကြည်လင်ပြီး လေနဲ့အတူ ပါလာတဲ့ သစ်ရွက်ခြောက်လေးတွေ ရေထဲမှာ ကျနေတာ အတိုင်းသား မြင်နေရပါတယ်။ ဘာသာဘာဝ ပျော်မြူးနေတဲ့ ကျေးငှက်လေးတွေ ရဲ့ အသံကလွဲလို့ တခြားဘာသံမှ မကြားရပါဘူး။ တိတ်ဆိတ် ငြိမ်သက်နေပါတယ်။

ဒီအချိန်မှာ ကျွန်မဟာ “အစ်ကိုကြီးကျသွားရှာတယ်”ဆိုတဲ့အချိန်ကို မှန်းဆပြီး စဉ်းစားနေမိတယ်။ “ဩော်… ငါကတော့… ဘာမှမသိဘူး။ ပွဲကလို့ ကောင်းနေလိုက်တာ။ အစ်ကိုကြီးကတော့ ဟို… တနေရာမှာ ရန်သူနဲ့ ရင်ဆိုင်တိုက်ရင်း ရန်သူ့လက်ချက်နဲ့ ကျသွား ရှာတယ်။ ဖြစ်မှ ဖြစ်ရလေ” အဲဒီလိုစဉ်းစားနေတုန်း တောင်ဘက်ဆီက လေနဲ့အတူ ရောက် လာတဲ့ အအေးဓာတ်တွေဟာ ဝေ့ကာဝိုက်ကာနဲ့ တိုက်နေပါတယ်။ ဒီလေအေး တွေရဲ့ ကလူကျီစယ်မှုကို ထိတွေ့ခံစားလိုက်ရတော့ အဲဒီလေအေးနဲ့အတူ အစ်ကိုကြီး တယောက် ပါလာသလိုလို စိတ်ထဲမှာ မြင်ယောင်လာပြီး ကျွန်မ ပျော်သလိုလို ဖြစ်လာတယ်။ ဒါနဲ့ ထိုင်နေရာက လက်ခုပ်လက်ဝါးတီးပြီးအော်လိုက်တယ်။

“ဗမာပြည်က လေတွေ တိုက်လာပြီ… ဗမာပြည်က လေတွေ တိုက်လာပြီ… အစ်ကိုကြီးရေ… အစ်ကိုကြီး… ရေ… ”လို့ သံကုန် အော်ဟစ်လိုက်တယ်။ ဒီအချိန်မှာ…

တောအုပ်ကလေးဆီကလည်း ပဲ့တင်သံ ပြန်လာတယ်။ “အစ်ကိုကြီးရေ… အစ်ကိုကြီး… ရေ …” တဲ့ ကျွန်မကို လှောင်နေတာလား ဒါမှမဟုတ် အားပေးနေတာလား။

ပါးစပ်ကလည်း အသံကုန်အော် ငိုလည်းငို လက်ခုပ်လက်ဝါးတီးရင်း ပြေးနေတဲ့ ကျွန်မကို လာဆွဲခေါ်လိုက်တာက မမအေးပါ။ “အကြည်… အဲဒီလို… မလုပ်နဲ့လေ” တဲ့။ ကျွန်မဟာ တကိုယ်လုံး ပေါ့ပါးသွားပြီး ပျော်နေတာ ဘာလို့များ လာ နှောင့်ယှက်တာလဲ လို့ ခံစားရပါတယ်။ ဒါပေမယ့် ပါးစပ်ကတော့ ထုတ်မပြောပါဘူး။ စိတ်ထဲမှာ ကြိတ်ပြီး ခံစား နေမိတယ်။

× × ×        × × ×        × × ×

တိုက်ဆိုင်မှုကတော့ ဧပြီလ ၁ ရက်နေ့ နံနက် အရုဏ်မတက်မီအချိန်ဟာ ကျွန်မ ‘ယမ်းငွေ့ဝေဝေ’ ပြဇာတ်ကနေတဲ့အချိန် (ပြည်တွင်းစစ်ကြောင့် ပြည်သူတရပ်လုံး ဒုက္ခပင် လယ်ဝေနေတာတွေ) ပြောနေတဲ့ အချိန်ပါ။ ဒီအချိန်မှာ အစ်ကိုကြီးက ပျဉ်းမနားခရိုင် အတွင်းက တနေရာမှာ ရန်သူနဲ့ တိုက်ပွဲဖြစ်ရင်း ကျဆုံးခဲ့တယ်။

အကိုကြီးနဲ့ ရင်ဆိုင်တိုက်ရင်း အကိုကြီးကို ပစ်သတ်ခဲ့တဲ့ ရန်သူကြေးစားတပ် ကတော့ ခလရ ၂၆ ပါ။

၁၉၅၉ ထိုးစစ်ပြင်းထန်နေချိန် လူစုကွဲပြီး ပြေးလာခဲ့ရတဲ့ ကျွန်မနဲ့ အပု (ရဲဘော်ညိုရဲ့ ဇနီး) တို့မိသားစု (ကလေး ၂ ယောက် အပါ) တပ်ကုန်းမြို့ပေါ်မှာ သတင်းပေါက်ကြားလို့ အဖမ်းခံလိုက်ရပါတယ်။ အဲဒီမှာ လာဖမ်းတဲ့ စစ်တပ်ကလည်း ခလရ ၂၆ ပါပဲ။

ဒေါင် × ဒေါင် × ဒေါင် × ဒေါင် × ဆိုတဲ့ ကင်းသမားရဲ့ နာရီသံချောင်း ခေါက်သံကြားလိုက်မှ ဟိုး… အတိတ်ဆီကို ပျံ့လွင့်နေတဲ့ ကျွန်မရဲ့ စိတ်အာရုံတွေဟာ ကဗျာ ကသီ မန္တလေးက အမျိုးသမီးထောင်တွင်းကို ပြန်ရောက်လာပါတယ်။

“ဩော်… မိုးတောင်လင်းတော့မှာကိုး…”

## တခါတရံဝယ်… ချစ်သူကိုလည်း မုန်းမာန်ဖွဲ့ရတယ်

မန္တလေးတောင်ခြေရင်းက မန်းရာပြည့်ပွဲတော်ကတော့ စည်ကားသိုက်မြိုက်စွာ ဆင်ယင် ကျင်းပဆဲ… ပါ။

ဒီအချိန်က “ဘဝဇာတ်ဆရာ” သီချင်းက ခေတ်စားနေချိန်ဖြစ်လေတော့ လူရွှင် တော်တယောက်က ဘဝဇာတ်ဆရာလုပ် ကျန်တဲ့လူရွှင်တော်က မင်းသားလုပ်ပြီး ငိုချင်း ချနေရတယ်။ ပရိသတ်ကတော့ တဝါးဝါး ကျွန်မတို့ ထောင်ထဲက လူတွေကလည်း တဟားဟား ပါးစပ်ကလည်း ရယ်စရာရှိတာရယ်၊ မျက်စိကလည်း အမြီးတွေပေါက်နေတဲ့

နီနီကုန်းကုန်း ကြမ်းပိုးကြီးတွေကို လိုက်ရှာသတ်နေရတယ်။ ဘာသစ်ရိပ်မှ မရှိဘဲ တနေကုန် အားပါးတရ ပူထားတဲ့ နေရောင်အောက်က သွပ်မိုးထောင်ခန်းကြီးထဲနေရတာဟာ ငရဲအိုး ကြီးထဲ ထည့် ပြုတ်ထားသလို ပူလောင်နေပေမယ့် ခြင်ထောင်အပြင်လည်း မထွက်ရဲ။ ထွက် ရင် လက်နဲ့ ဆုပ်ပက်လိုက်သလို ဝိုင်းကိုက်လိုက်တဲ့ ခြင်တွေရဲ့ ရန်ကလည်း မသေးလှပါ။ ဒါပေမယ့် စိတ် အားတော့ မလျှော့။ "ကြမ်းပိုးဘယ်နှစ်ကောင် သတ်ပြီးပြီ။ ခြင်ဘယ်နှစ်ကောင် သတ်ပြီးပြီ"နဲ့ တယောက်နဲ့ တယောက် ပြိုင်ကြ။ ပွဲခင်းက ပြက်လုံးတွေကြားရင် ရယ်လိုက်ကြနဲ့တော်တော် အလုပ်ဖြစ်နေပါတယ်။

ဒီလိုနဲ့ ပွဲခင်းက အသံတွေလည်း တိတ်ဆိတ်ငြိမ်သက်လို့သွားပြီ။ သန်းကောင် ကျော် အအေးဓာတ်လေးကလည်း တစိမ့်စိမ့်လေး အေးလာပါပြီ။ ဒီအချိန်မှာတော့ ကြမ်းပိုးသတ်၊ ခြင်သတ်တဲ့ တိုက်ပွဲကတော့ တညတာအတွက် ပြီးလို့သွားပါပြီ။ အခန်းထဲမှာ လည်း တော် တော်ငြိမ်သက်သွားပါပြီ။ ကျွန်မလည်း အိပ်ရာထဲ လှဲလိုက်ပါတော့တယ်။

ကျွန်မဟာ ကိုယ်စားနေရတဲ့ ထောင်တွင်းထောင်ဟင်းများကို သတိရစဉ်းစား နေမိပါတယ်။ လုံးတီးထမင်း တပန်းကန်ဆိုရင် စပါးလုံးက နို့ဆီတလုံးလောက်ရတယ်။ ထမင်းစားရင်းနဲ့ ဘေးကိုပစ်လိုက်ရင် ခိုတွေက အလုအယက် စားလိုက်နဲ့ ပျော်စရာတောင် ကောင်းသေးတယ်။ ခိုလေးတွေက ရောင်စုံခိုလေးတွေ။ အကောင် ၁၀၀ လောက်ရှိမယ်။ ထမင်းစားချိန်ဆိုရင် အုပ်လိုက်ရောက်လာပြီး စောင့်စားတော့တာပါပဲ။ နေ့စဉ်ပုံမှန် ဟင်းကတော့ ကန်စွန်းရွက်တွေကို ရေလုံပြုတ်ထားတဲ့ ဟင်းရည် (ကန်စွန်းရွက်ချည်း မဟုတ်ဘူး တခြား မြက်တွေလည်းပါတယ်။ ခဲနဲ့စဉ်းပြီးချက်ထားတာ တီကောင်တွေလည်း အပိုင်းလိုက် ခရုတွေလည်း ပါတယ်)။ ငါးပိကြော်တခွက် (ငါးပိက အနံ့လောက်ပဲ၊ ဆား၊ ခဲ၊ သလဲ၊ အမှိုက် ဒါတွေ အားလုံးပါတယ်)။ အဲဒီငါးပိကြော်က တယောက်ကို ဆီးဖြူသီးလုံး လောက် တလုံး။ ရေတ်သီးခြောက်နည်းနည်းပါတယ်။ ဟင်းကတော့ ပုံစံပဲ။ ထမင်းလိုရင် တော့ ထပ်ပေးတယ်။ ၅ ရက်တခါ အသားဟင်း တနပ်ကျွေးတယ်။ ငါး၊ ဝက်သား၊ အမဲသား တမျိုးစီလှည့်ကျွေးတယ်။ အများဆုံးကျွေးတာကတော့ ဝက်သား (ဆီကုန် သက် သာတာ ပေါ့)။ အတုံးကတော့ လက်သုံး လုံးလောက်။ အတုံးညီညီ တုံးထားတာ ရေနဲ့ပြုတ်ထားတာ။ အသားတုံးကို ခွဲလိုက်ရင် အထဲက သွေးစိမ်းနံ့ (သွေးညှီနံ့) တောင် မပျောက်သေးဘူး။ အဲဒါ လူတယောက်ကို ဟင်းတတုံး အရည်က နှစ်ဇွန်း၊ တခါတည်း အပြီးပဲ။ အသားထဲ နနွင်း၊ ဆား၊ ဆီ ဒါကလွဲလို့ တခြားဘာမှ မပါဘူး။

ထောင်သတ်မှတ်ထားတဲ့ နှုန်းတွေကို ဖတ်ကြည့်လိုက်ရင် တနေ့ ၃ ကျပ်နှုန်းတဲ့။ ကန်ထရိုက်က ထောင်ပိုင်ကြီးနဲ့ ပေါင်းပြီး လုပ်စားနေတာ သူဌေးဖြစ်နေတယ်။ ထောင်အမှုထမ်း တွေအားလုံးက ထောင်ပိုင်ကြီးကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရတယ်။

ထောင်ထဲမှာ အစားအသောက် ဘယ်လောက်ပဲ ဆိုးဆိုး ကျွန်မစိတ်ထဲမှာ ကိုယ့်ရဲဘော်တွေကို ကျေးချင်လိုက်တာ။ ထောင် တွင်းထမင်းဟင်းက ဘယ်လောက်ညံ့ညံ့ အချိန်မှန်မှန်စားရတယ်။ ရေဆိုလည်း အဝသောက်ရတယ်။ တောထဲကျန်ခဲ့တဲ့ ကျွန်မတို့ ရဲဘော်တွေဟာ ထမင်းလည်းအချိန်မှန် မစားရ။ ရေဆိုလည်း ဝအောင်မသောက်ရတာမို့ ကိုယ့်ရဲဘော် တွေကို သိပ်သတိရမိတယ်။

## တမိုးသောက်လျှင် တနေယယ်ဝင် တပင်မြိုင်ကြီး ဂနိုင်ဆီး

ရှမ်းပြည်တောင်ပိုင်းခရိုင်ဟာ အခြားခရိုင်တွေနဲ့မတူ၊ ဘဏ္ဍာငွေကြေး အင်မတန်ချို့တဲ့တယ်။ အလွန်ဆင်းရဲတယ်။၁၉၅၉ ခုနှစ်မှာ ထိုးစစ်ဝင်လာတော့ ကျွန်မတို့အားလုံးဆုတ်ခဲ့ရတယ်။ ရန်သူ့ထိုးစစ် ဒီအကြိမ်ဟာ ပြင်းထန်တယ်။ ထိုးစစ် မဝင်ခင် ခရိုင်မှာ ခရိုင်ခေါင်းဆောင်တွေ တယောက်မှ မရှိပါ။ စည်းရုံးရေးလုပ်ငန်း စစ်ရေးလုပ်ငန်း စတာတွေလုပ်ဖို့ တာဝန်အရ ခရီးထွက် နေကြပါတယ်။ ခရိုင်တပ်လည်း ခရီးထွက်နေပါတယ်။ ရုံးမှာ ဦးလေးသိန်း၊ ဦးလေး ကွန်း (ပြည်နယ်ကော်မတီ ခေါင်းဆောင် ၂ ဦး) တို့ပဲရှိပါတယ်။ ထိုးစစ်ဝင်လာတော့ မြို့နယ်ကော်မတီ အချို့နဲ့ အိမ်ထောင်သည်အနည်းအကျဉ်းပဲ ရှိတယ်။ (၅၅ လမ်းစဉ်အရ အိမ် ထောင်သည် အမျိုးသမီးတွေနဲ့ကလေးအားလုံးကို မြို့ကို ပြန်ပို့ရေးဆုံးဖြတ်ချက်အရ ပြန်ပို့ထားတာမို့ အိမ်ထောင်သည်အမျိုးသမီးနဲ့ကလေး များများစားစား မရှိတော့ပါဘူး)။ ဒါကို စနစ်တကျ အုပ်ချုပ်ပြီး ရှမ်းပြည်နဲ့ ဗမာပြည်နယ်စပ်က တောင်ကြီးတလုံးပေါ်မှာ ယာယီစခန်းချပါတယ်။

ဒီစခန်းမှာ ကာလတခုနေပြီး တနေ့မှာ အရေးပေါ် စခန်းအစည်းအဝေးခေါ်ပါတယ်။ အစည်းအဝေးမှာ ဦးလေးသိန်းက "ဦးလေးအနေနဲ့ မိသားစုအိမ် ထောင်သည်တွေ အားလုံးကို မခွဲဘဲ တစုတစည်းတည်း ကြက်မကြီးက ကြက်ကလေးတွေကို အုပ်ပြီးနေသလိုနေခဲ့တာ ဒီအချိန်ထိပဲ။ လက်ရှိအခြေအနေအရကြည့်ရင် ဒီအတိုင်း ဆက်နေလို့မဖြစ်တော့ဘူး။ ဒါကြောင့် မင်းတို့အားလုံးနဲ့ ဦးလေးဟာ မခွဲချင်ပေမယ့် ခွဲရတော့မယ်။ မင်းတို့အားလုံးကို လုံခြုံစိတ်ချရတဲ့ တနေရာကို ပို့ထားမယ်။ နေထိုင်မှုကအစ အားလုံးစိတ်ချရတဲ့နေရာကို ရွေးပြီး ပို့ပေးမယ်။ ကဲ... အားလုံးခရီးထွက်ဖို့ ပြင်ကြပါ"လို့ ဆိုပါတယ်။

ကျွန်မတို့အားလုံး စိတ်ထိခိုက်ရပါတယ်။ ဒါပေမယ့် မငိုမိအောင်ထိန်းထားတယ်။ နေ့လည်မှာ ရွာကလမ်းပြပေးမယ့် ဦးကြီး ၂ ယောက် ရောက်လာတာနဲ့ ကျွန်မတို့အားလုံး စခန်းက ထွက်ခဲ့ပါတယ်။ ဦးလေးတို့ (ဦးလေးသိန်းနဲ့ ဦးလေးကွန်း) ကို

အရိပ်အရောင် တောင် မမြင်ရတော့ပါ။ သြော်… ဒါဟာ နောက်ဆုံးခွဲခွာရခြင်းပါပဲဆိုတာ နောက်မှ သိရ ပါတော့တယ်။

## ရန်သူကို အနိုင်ယူရဲတဲ့ ပါတီသားကောင်းများ

အဲဒီထိုးစစ်အတွင်းမှာ ဦးလေးသိန်း(ရဲဘော် ဘသိန်း–သခင်မောင်ကြီး)နဲ့ ဦးလေးကွန်း(ဆရာကွန်း)တို့ဟာ ရဲဘော်လှဆောင် (လွယ်ပန်မြို့နယ် အမှုဆောင်)၊ ရဲဘော် ထွန်းစီ (ဆင်ဦးစီး)၊ ရဲဘော်ထွန်းကြည်(ဦးလေးသိန်းရဲ့ ကိုယ်ရံရဲဘော်) တို့နဲ့အတူ ရန်သူကြေးစားတပ်ရဲ့ ဖမ်းဆီးတာကို ခံရပါတယ်။

အဲဒီတုန်းက ရန်သူဟာ ကွန်မြူနစ်တွေကို တောတွင်းမှာ မိလာရင် "ကွန်မြူနစ်တွေကို လက်နက်ချရင် ချ၊ မချရင် သတ်ပစ်ခဲ့။ မြို့ပေါ် ခေါ်မလာနဲ့"လို့ ဗိုလ်နေဝင်းက အမိန့် ထုတ်ထားတာ ဖြစ်ပါတယ်။

ဒါကြောင့် ရန်သူစစ်ကြောင်းက ဦးလေးသိန်းတို့တတွေကို လက်နက်ချရင်ချ၊ မချရင် သတ်ပစ်ရလိမ့်မယ်လို့ ခြိမ်းခြောက် ပါတော့တယ်။

ဘယ်လိုပဲ ခြိမ်းခြောက်ပါစေ ရန်သူရဲ့ ခြိမ်းခြောက်မှုကို ဒူးမထောက် အညံ့မခံဘဲ ကွန်မြူနစ်ပီပီ မိမိယုံကြည်ချက်အတွက် အသက်ကိုစွန့်လွှတ်ပြီး "ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ"လို့ သုံးကြိမ်တိုင်တိုင် ရဲရဲတောက် ကြွေးကြော်ပြီး ပြည်နယ်ကော်မတီ ခေါင်းဆောင်ရဲဘော်ကြီး ၂ ဦးဟာ သေရဲတိုက်ရဲအနိုင်ယူရဲတဲ စိတ်ဓာတ်အရ အသတ်ခံသွားပြီး ရန်သူကို အနိုင်ယူခဲ့ပါတယ်။

မိမိတို့ခေါင်းဆောင်များရဲ့ ရန်သူအပေါ် ဒူးမထောက် အညံ့မခံတဲ့ စိတ်ဓာတ်အတိုင်း ကျန်ရဲဘော် ၃ ယောက်ဟာလည်း ရန်သူရဲ့ သေနတ်ပြောင်းဝရှေ့မှာ မိမိတို့ယုံကြည်ချက် အတွက် အသက်စွန့်လွှတ်သွားခဲ့ကြပါတယ်။

အာဇာနည် သူရဲကောင်းများကတော့ မိမိယုံကြည်ချက်အတွက် ဒူးမတုန် ရင်မခုန် ဘဲ မိမိအသက်ကို စွန့်လွှတ်ပြီး ရန်သူကို အနိုင်ယူသွားခဲ့ကြပါပြီ။

## ဝါဆိုဝါခေါင် ရေတွေကြီးတော့

ပြေးလွှားနေရတာမို့ ဘာလ၊ ဘယ်နှစ်ရက်နေ့ဆိုတာကို မသိတော့ပါ။ ကျွန်မတို့ဟာ စခန်းကထွက်ကတည်းက တောထဲမှာ ဘယ်ဆီရောက်နေတယ်ဆိုတာလည်း မသိတော့ပါဘူး။ လမ်းပြဦးကြီးတွေကို မျက်ခြေမပြတ်အောင် လိုက်နေရပါတယ်။ အဲဒီ နေ့ကတော့ ၃ နာရီ ကျော်ကျော်လောက်သွားပြီးတော့ ချောင်းတခုဘေးကို ရောက် ပါတယ်။ ချောင်းရေစီးဟာ အလွန်ရေစီးသန်နေပြီး လက်ဖက်ရည်ရောင် ပေါက်နေပါတယ်။ ချောင်း

ရေစီးဟာ အလွန်ပြင်းထန်လို့ တဝုန်းဝုန်းနဲ့ ကြောက်စရာ အသံကြီးကို ကြားနေရ တယ်။ တဦးနဲ့တဦး စကားပြောရင် အနားကပ်ပြောမှ ကြားရတယ်။ ဦးကြီးတယောက်က ပြောပါတယ်။ "ဒီချောင်းဟာ ကျွန်တော်တို့သွားမယ့် မြို့နယ်ရဲ့ နယ်စပ်ပဲ။ ဒီချောင်းကနေပြီး နောက် ၄–၅ နာရီ ခရီး သွားရင် 'ကျည်တောင်ကန်' မြို့နယ်ရုံးကို ရောက်မယ်"တဲ့။ ခက်  တာက ဒီချောင်းကို ဦးကြီးတို့ ကိုယ်တိုင် မကူးရဲဘူး။ ကျွန်မတို့ ကူးပို့ဖို့အရေး အတော် အခက်အခဲ ရှိနေပါတယ်။ ထားတို့ မိသားစု ၃ ယောက်ကတော့ ဈေးသည်တွေနဲ့ မှာပြီး သူတို့မြို့ ပြန်ကြပါပြီ။ သူတို့မိသားစုပြန် သွားတော့ အပုတို့မိသားစု ၃ ယောက် (ရဲဘော်ညိုရဲ့ ဇနီးနဲ့ ကလေးငယ် ၂ ယောက်)ရယ်၊ ကျွန်မရယ် ၄ ယောက်ပဲ ရှိတော့တယ်။

ဦးကြီး ၂ ယောက်ဟာ ချောင်းကမ်းပါးက သစ်ပင်ကြီးတပင်ကို ခုတ်လှဲလိုက်ပါတယ်။ ခုတ်လှဲလိုက်တဲ့ သစ်ပင်ထိပ်ဖျားဟာ ချောင်းတဖက်ကမ်းမှာ သွားတင်ပြီး သစ်ပင်တံတား ထိုးလိုက်သလို ဖြစ်သွားတယ်။ လူတွေကူးဖို့ ပြင်ဆင်နေတုန်း မိနစ်ပိုင်းအတွင်း သစ်ပင်ကြီးဟာ ရေအားနဲ့အတူ လိမ့်ပြီး အောက်ဘက်ကို ပါသွားပြန်ပါရော။ ဦးလေးကြီး ၂ ယောက်ဟာ နောက်တပင် ထပ်ပြီး ခုတ်လှဲပြန်ပါတယ်။ ဒီလိုနဲ့ ခုတ်လှဲလိုက် ရေထဲပါ သွားလိုက်နဲ့ ၃–၄ ကြိမ် လုပ်ကြည့်တော့ မရတာနဲ့ နောက်ဆုံးလက်လျှော့ပြီး နောက် ပြန်ဆုတ်ခဲ့ရတယ်။ ချောင်းကို "ရန်သူက ခဏခဏ လာပြီး ကင်းပုန်းချ တတ်တယ်"လို့ ရွာကပြောထားတော့ ကျွန်မတို့လည်း ချောင်းနဲ့ တော်တော်ဝေးတဲ့ နေရာက ကျောက်ဂူ ကြီးတခုထဲမှာ ပုန်းနေရပါတယ်။ နေ့ခင်းတနေ့ခင်းလုံး အသံမကြားအောင် နေရပြီး ညလူခြေတိတ်မှ (နေ့ခင်းမှာ တနေ့လုံး ခြည်ငင်းသီးဝယ်တဲ့ ကုန်သည်တွေ အုပ်စုလိုက် သွားကြလာကြနဲ့ လူမပြတ်ပါ) ချောင်းနံဘေးမှာ မျှစ်ချိုးပြီး ဦးကြီးတို့ပါလာတဲ့ ရေနွေး ကရားအိုးနဲ့ ပြုတ် (ဆားလဲမပါ) မျှစ်ပြုတ်ကို စားရ ပါတယ်။ အပုရဲ့ ၃ နှစ်သမီးလေးက ဆာလွန်းလို့ ငိုရှာတယ်။ "မေမေ ထမင်းစားချင်တယ်။ ထမင်းစားမယ်"နဲ့ အတင်းပူဆာ နေလို့ အဲဒါချော့ထားရတယ်။ တဖက်ကလည်း ရန်သူနဲ့ ခြိမ်းခြောက် ထားရတယ်။ "သမီး နောက်မကြာဘူး ထမင်းတွေအဝ စားရတော့မယ်။ သမီး ဒီလိုငိုနေရင် ရန်သူတွေ ကြားသွားပြီး လာဖမ်းသွားလိမ့်မယ်" လို့ပြောတော့ ချက်ချင်း အငို တိတ်သွားတယ်။ သားလေးအငယ်က ရက်သားလေးပဲ။ (အမေက ထမင်းတော်ပြီး နို့မ ထွက်တော့ဘူး)။ သူက နို့ဆာလွန်းလို့ ငိုရှာတယ်။ ငိုရင် ပါးစပ်ထဲ နို့ထည့်ထားပြီး အတင်း ဖိကပ်ထားရတယ်။ ကြာတော့ ငိုရတာ မောလို့ တိတ်သွား ရော။ နောက်ထပ်ငိုရင်လည်း ဒီအတိုင်းပဲ ထပ်လုပ်ထားရတယ်။ ဒီလိုနဲ့ နောက်ထပ် ၃ ရက်လောက် စောင့်လည်း၊ ရေ မကျတဲ့အပြင် ပိုလို့တောင် ရေတိုးလာလို့ ဒီနေရာက အမြန်ပြန်ဆုတ် လိုက်ရတယ်။ ကျွန်မနဲ့ အပု ညှိနှိုင်း

တိုင်ပင်ကြရတယ်။ ကိုယ့်ခရိုင်ကိုလည်း အခြေအနေ မသိဘဲ ပြန်လို့မဖြစ်။ ဒီနေရာတဝိုက်မှာ ဆက်နေရင်လည်း ထမင်းဝော်သေဖို့ပဲ ရှိတော့တယ်။ အဲဒီတော့ မြို့ခြေ ကိုကပ်။ မြို့တွင်းက ဖြတ်ပြီး မီးရထားနဲ့ အင်းလေးကို သွားမယ်။ ဒီလိုနဲ့ လမ်းပြဦးကြီးတို့က မြို့ခြေက ရွာ တရွာကိုပို့ပေးပြီး ကျွန်မတို့နဲ့ လူချင်းခွဲလိုက်ပါတယ်။ အင်းလေးမှာရှိနေတဲ့ ပါတီရဲ့ အမာခံကေဒါရဲ့ လိပ်စာကို သိထားပါတယ်။ အဲဒီကိုရောက်မှ ရဲဘော်ညို ဒါမှမဟုတ် ခရိုင်ခေါင်း ဆောင်တဦးဦးနဲ့ ဆက်မယ်။ ပါတီနဲ့ အဆက်ရသွားပြီးရင် ကိစ္စက ပြီးသွားပြီ။ ရထားနဲ့ သွား မယ်ဆိုရင် ခရီးစရိတ်က လိုတယ်။ ကျွန်မတို့ နှစ်ယောက်လုံး ငွေတပြားမှ မရှိဘူး။ အဲဒါ ဘာလုပ်မလဲ။ အပုက "သူ့သမီးလေးရဲ့ ဆွဲကြိုးကို ပေါင်လိုက်မယ်။ ကိုယ်က မရွေးနိုင်လည်း (သူ့အဘွားက မြေးကိုချစ်လို့ ပေးထားတဲ့ကြိုးပါ) သူ့အဘွားကို လက်မှတ် ပေးပြီး ပြန်ရွေးခိုင်းမယ်"လို့ပြောရှာတယ်။ ကလေးပစ္စည်းမို့ ကျွန်မက သဘော မတူပါ။ ဒါနဲ့ မြို့ထဲက အပုရဲ့ အစ်မဝမ်းကွဲအိမ် ငွေချေးဖို့ ဝင်လိုက်တာ သတင်းပေါက်ပြီး အဖမ်း ခံလိုက်တော့တယ်။

## ပြည်သူ့အကျိုးဦးတည် အားသွန်ဆောင်ရွက်မည်

မန္တလေးထောင်မှာ ကျနေစဉ် တနေ့သော နံနက်ခင်းမှာ သတင်းတခု ကြားရ တယ်။ "ရမ်းပြည် သီပေါထောင်က အမျိုးသမီးထောင်သားတဦး ထောင်ပြောင်းလာမယ်။ ဟိုမှာက သူတယောက်တည်း။ မန္တလေးထောင်မှာက ပါတီက အမျိုးသမီးတွေ များတယ်ဆို တာ သိရလို့ ထောင်ပြောင်းပေးဖို့ တောင်းဆိုတာ မရလို့ အစာငတ်ခံတိုက်ပွဲဝင်တာနဲ့ နောက်ဆုံးမှာ ထောင်ပြောင်းပေးလိုက်ရတယ်" တဲ့။ အမျိုးသမီးထောင် ထောင်မှူးက ပြောပြလို့ သိရတယ်။ ကျွန်မတို့တတွေက ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ ဘာပြောကောင်းမလဲ။

သိပ်မကြာလိုက်ပါဘူး။ ဆောင်းဦးမနက်ခင်းမှာ ထောင်ပိုးဝက အမျိုးသမီး ကြီး တဦး အမျိုးသမီးဝါဒါတယောက်နဲ့အတူ ထွက်လာတယ်။ ကျွန်မတို့က အမျိုး သမီးထောင် ထောင်ဝင်းတံခါးဝမှနေ ဆီးကြိုပါတယ်။ မမမေ (ဒေါ်နှင်းမေ–သခင်စိုးဇနီး) မမသန်း (ကျောက်ဆည် အမျိုးသမီးခေါင်းဆောင်) နဲ့ မမနု (ဒေါ်သိန်းနု ပျဉ်းမနား အမျိုးသမီး ခေါင်းဆောင်)၊ မမဖြူ (ဒေါ်ခင်ရီအောင် –ဗိုလ်မျိုးမြင့်၊ လက်ရှိနာယကအဖွဲ့ဝင် ရဲဘော် အောင်ရဲ့ ဇနီး) တို့နဲ့အတူ ကျွန်မတို့ အငယ်တွေ ၄–၅ ယောက်လည်း ပါဝင်ပါတယ်။

အဲဒီအမျိုးသမီးကြီးဟာ အားလုံးကို ပြုံးပြလိုက်ပြီး နှုတ်ဆက်ပါတယ်။ မမမေက "မမရီ နေကောင်းရဲ့လား။ နည်းနည်း ပိန်သွားတယ်နော်"လို့ နှုတ်ဆက်လိုက်တော့ "အင်း ကောင်းပါတယ်။ မေကော နေကောင်းရဲ့လား။ ဒီမှာရှိတဲ့ ရဲဘော်တွေ အားလုံး နေကောင်း

ကြတယ်နော်''လို့ ပြန်နှုတ်ဆက်ပါတယ်။ သူဟာ အသားဖြူဖြူနဲ့ မျက်နှာဟာ ကြည်လင်ပြီး ပြေပြစ်ချောမောပါတယ်။ ကိုယ်လုံး ကိုယ်ပေါက်ပုံစံက မော်လမြိုင်သူ ပုံစံမျိုးပါ။ လူဟာ နည်းနည်း ပိန်ပြီး နွမ်းလျလျဖြစ်နေပါတယ်။ ကျွန်မက သူ့လက်ထဲက အဝတ်ထုပ် ရှမ်းလွယ် အိတ်ကလေးကို လှမ်းယူလိုက်ပါတယ်။ နောက် ထောင်မှူးက သူ့ရုံးခန်းထဲခေါ်သွားပြီး စစ်ဆေး မေးမြန်းပါတယ်။ ထောင်မှူးက လေးလေးစားစား ဆက်ဆံပြီး 'ဆရာမကြီး' လို့ခေါ်ပါတယ်။ ရုံးခန်းထဲရောက်တော့ အားလုံးထွက်သွားကြတယ်။ ကျွန်မတယောက်တည်း မယောင်မလည်နဲ့ ပေကပ်နေခဲ့ပြီး စစ်ဆေးနေတာကို နားထောင်နေပါတယ်။

"ဆရာမကြီး အင်္ဂလိပ်စာ တတ်ပါသလား''လို့ ထောင်မှူးက မေးတော့–

"မတတ်ပါဘူး။ ကျွန်မငယ်တုန်းကတော့ စိန့်မေရီကျောင်းမှာ နေပါတယ်။ နည်းနည်းကြီးလာတော့ ဝံသာနုစိတ်ဓာတ်အရ ကိုယ့်အမျိုးသားစာပေကို မြတ်နိုးတာမို့ ကျောင်း လည်းပြောင်းနေပါတယ်။ အင်္ဂလိပ်စာလည်း မသင်တော့ပါဘူး။ ၁၀ တန်း အောင်ပြီး နောက် ဆရာဖြစ်သင်တန်းတက်ပါတယ်''လို့ ပြန်ပြောနေပါတယ်။ သူ့နာမည်က 'ဒေါ်ခင်ရီ' တဲ့။ ထောင်မှူးက–

"သြော်... ဆရာမကြီးကို စီကလပ်စ်ပဲ ပေးထားတယ်နော်။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၂ နှစ်တဲ့''အံ့သြအားနာတဲ့ မျက်နှာနဲ့ မမရီ (ဒေါ်ခင်ရီ) ရဲ့ မျက်နှာကို ကြည့်ပြီး ပြောနေတယ်။ မမရီကတော့ အပြုံးမပျက်...

အားလုံးစစ်ဆေး မေးမြန်းပြီးပြီမို့ မမရီကို ကျွန်မနေတဲ့ဆီ ခေါ်ခဲ့တယ်။ ကျွန်မ အိပ်ရာကိုပြင်ပေးပြီး "မမရီ ခဏ အနားယူပါဦး''လို့ ပြောတော့ မမရီဟာ လှဲပြီး နားလိုက်ပါတယ်။ ခဏအတွင်းမှာပဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားတာ တွေ့ရတယ်။

အမျိုးသမီးထောင်က တောင်နဲ့မြောက်တန်းလျားရှည် ခြေတံရှည် ပျဉ်ထောင် အိမ် ကြီးဖြစ်တယ်။ ဒီအိမ်တန်းလျားကြီးရဲ့ ၃ ပုံ ၁ ပုံလောက်ရှိတဲ့ တောင်ဘက်အစွန်ဆုံး အခန်းက ဘီကလပ်စ်အခန်း၊ မြောက်ဘက်က အခန်းရှည်ကြီးက စီကလပ်စ် အခန်း ဖြစ်တယ်။ ကြားထဲက ပျဉ်ချောင်းတွေ ကန့်လန့်ဖြတ်ရိုက်ကာထားတာမို့ တဘက်နဲ့ တဘက် ဒိုးယို ပေါက်မြင်နေရတယ်။ ဘီကလပ်စ်အခန်းမှာ မမမေအပါ ပါတီက အမျိုးသမီး ခေါင်း ဆောင်တွေ အားလုံး ဆွေးနွေးကြတယ်။ အကြောင်းကတော့ ဒေါ်ခင်ရီကို ထောင်ချတာ စီကလပ်စ်မှာ ထားတဲ့ကိစ္စပါ။ ဒီအရင် နှစ်ကြိမ်ထောင်ကျဖူးတယ်။ ရန်ကုန်ထောင်မှာ ဘီကလပ်စ်ရခဲ့တယ်။ (ဒေါ်နှင်းမေနဲ့ အတူနေဖူးတယ်)။ ခု တကြိမ် ထောင်ချတယ်။ ဘီကလပ်စ် မပေးဘူး။ ဒါဟာ သက်သက်မဲ့ မတရားနှိမ်တာဖြစ်တယ်။ ဒါကြောင့် တိုက်ပွဲ ဆင်ရန် ဆွေးနွေးကြတော့ အားလုံးက သဘောတူတယ်။ မမရီဟာ

အခု အသက် ၄၀ ကျော်ပြီ။ ကျန်းမာရေးလည်း သိပ်မကောင်းဘူး။ အမြန် တိုက်ပွဲဆင်ရန် ပြောကြတယ်။ မမရီရဲ့ သဘောထားကိုလည်း ယူရန် တယောက်က တင်ပြ တယ်။ မမရီ အိပ်ရာက ထလာ တာနဲ့ ဒီကိစ္စကို တင်ပြ တော့–

"အို... မမရီအတွက်တော့ ဒါလောက်စိတ်မပူပါနဲ့။ ရန်သူဆိုတာ ဒီလိုပဲ။ သူတို့က အနိုင်ရရင် နှိပ်စက်မယ်။ နှိမ်မယ်။ ဖိမယ်ဆိုတာ သိပြီးသားပဲ။ ရန်သူကလည်း စည်းပြတ်သလို ကိုယ်ကလည်း စည်းပြတ်ဖို့လိုတယ်။ မမရီ တဦးတယောက်အကျိုးအတွက် တိုက်ပွဲဆင်တယ် ဆိုတာ လူကြားရင် ရှက်စရာကောင်းတယ်။ 'တိုက်ပွဲဆင်တယ်' ဆိုတာ အင်မတန် ဂုဏ် သိက္ခာ ကြီးတယ်။ အင်မတန် တန်ဖိုးကြီးတယ်။ တော်ရုံတန်ရုံကိစ္စလောက်နဲ့ တိုက်ပွဲဆင်ဖို့ မစဉ်း စားသင့်ဘူး။ မိမိတဦးတယောက် အကျိုးအတွက်ဆိုရင် ပိုလို့ပင် မစဉ်းစားသင့်ဘူး။ မမရီ ရန်ကုန်ထောင်မှာနေစဉ်က ထောင်တွင်းတိုက်ပွဲဆင်ဖူးတယ်။ နောက်ဆုံးအောင်ပွဲ ရတယ်။ အခုလည်း ဒီထောင်မှာ မကြာခင် တိုက်ပွဲဆင်ရမှာပါ။ မမရီ သီပေါထောင်မှာ နေစဉ်ကတည်းက ဒီထောင်ရဲ့ အခြေအနေကို အားလုံး လေ့လာ ပြီးသားပါ။ ထောင်အမှု ထမ်းတွေ အခြေအနေ၊ ထောင်သားတွေ အခြေအနေ၊ အထူးသဖြင့် ထောင်ပိုင်ကြီးရဲ့ အခြေအနေ အားလုံး လေ့လာ ထားတယ်။ ဒါကြောင့် မရယ ရအောင် တိုက်ပွဲဆင်လာတာပဲ။ သီပေါထောင်မှာ အမျိုးသမီး ထောင်သားဆိုရင် မမရီနဲ့ ရဲဘော်မလေး တယောက်၊ ပေါင်း ၂ ယောက်ပဲ ရှိတယ်။ ထောင်မှူး၊ ဝါဒါတွေ အားလုံးကောင်း ကြတယ်။ မမရီရဲ့ နေထိုင်မှုဘဝ သိပ်ကိုကောင်းပါတယ်။ ဒါပေမယ့် မမရီဟာ ကွန်မြူနစ် တယောက်။ ကိုယ်တဦးတယောက် တည်း ကောင်းနေရုံနဲ့ တာဝန်က မပြီးသေးဘူး။ အများစု ကောင်းစားဖို့ လိုတယ်။ ဒါကြောင့် ကိုယ့်တာဝန်ရှိရာ ကိုယ်လာခဲ့တာပဲ။ သီပေါထောင်မှူးက ဒီလိုပြောတယ်။ "ဒေါ်ခင်ရီ ခင်ဗျားကို ဒီမှာ ကောင်းကောင်းမွန်မွန် ထားပါလျက်နဲ့ ဒီလောက်ဆိုးတဲ့ မန္တလေးထောင်ကို သွားချင်တာ... နားကိုမလည်နိုင်ဘူး။ အံ့လည်းသိပ်အံ့သြတယ်"တဲ့။ မမရီကလည်း ကောင်းအောင် ပြန်ပြောခဲ့ပါတယ်။

"အို... ကျွန်မတို့ ပါတီက ရဲဘော်တွေ မန္တလေးထောင်မှာ အများကြီးရှိတယ်။ အဲဒီတော့ ကျွန်မလည်း ကိုယ့်ရဲဘော်တွေနဲ့ ကောင်းတူဆိုးဘက် နေချင်တယ်။ သေအတူ ရှင်မကွာပေါ့"လို့ပဲပြောလိုက်တယ်။ ကိုယ့်ရဲ့ ရည်ရွယ်ချက်အမှန်ကို ပြောလို့တော့မရဘူး။ မတော်လို့ တဆင့်စကား တဆင့်နား ပေါက်ကြားသွားရင် ရန်သူကို သတိပေးသလို ဖြစ်သွား တတ်တယ်။ ရန်သူကို အထင်သေးလို့ မရဘူး။ ရန်သူကို အထင်ကြီးရင်လည်း မှားတယ်။ မှန်မှန်ကန်ကန် မြင်တတ်ဖို့လိုတယ်။ ရဲဘော်တွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိရမယ်။ ရန်သူက မတရားဖမ်းထားလို့ ထောင်ထဲမှာ နှစ်ရှည်လများ

နေရတဲ့အခါ အချိန် တွေကို အလဟဿမဖြစ်စေ နဲ့။ အချိန်တွေကို အလကား ဖြုန်းတီးမပစ်နဲ့။ မိမိတို့ တိုးတက်ရာ တိုးတက်ကြောင်း လေ့လာသင့်တာ လေ့လာ။ အကျဉ်းသား အမျိုးသမီးထု တရပ်လုံးကိုလည်း စည်းရုံးကြ။ ထောင်အမှုထမ်းတွေကိုလည်း ပစ်ကွင်းရှိရှိ စည်းရုံးကြ။ ကိုယ့်ပါတီရော အလံနီ ပါတီရော နှစ်ပါတီလုံးစည်းလုံးကြ။ ညီညွတ်ကြ။ တိုက်ပွဲအတွက် အားဖြည့်ကြ။ ပြင်ဆင်ကြ။ မပေါ့ဆနဲ့လို့ တိုက်တွန်းချင်တယ်"

နောက်တနေ့မှာ ကျွန်မတို့ ပါတီဝင်တွေအားလုံး စုစည်းပြီး 'ကလာပ်စည်း' ဖွဲ့လိုက်တယ်။ အတွင်းရေးမှူးရွေးချယ်တဲ့အခါ အားလုံးက မမရီကို ရွေးတယ်။ မမရီက အငယ်ထဲက လုပ်ပါလို့ အကြံပြုတာနဲ့ မမသန်း (ကျောက်ဆည်၊ ရဲဘော်ကျော်ဇော –မော်စကိုရဲ့ ဇနီး) ကို ရွေးတယ်။ နာယကအဖြစ်ဆောင်ရွက်ဖို့ တောင်းဆိုတာကို မမရီက လက်ခံတယ်။ အစည်းအဝေးထိုင်နေတုန်း ကင်းကလာ သတင်းပို့တယ်။ "ဝါဒါလာနေ တယ်"တဲ့။ ဒါနဲ့ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း ကျွန်မတို့အားလုံး စာသင်တဲ့အနေနဲ့ ဟန်မပျက် နေထိုင်ပြီး မမရီက မတ်တတ်ရပ်ရင်း ကျောက်သင်ပုန်းကြီးမှာ စာရေးနေပါတယ်။ အနုပဋိလောမထဲမှ အချက်တွေကို တချက်ချင်းချရေးပါတယ်။ မမသန်းက ကလာပ်စည်း မှတ်တမ်းစာရွက်ကို ပလတ်စတစ် အိတ်အငယ်ထဲ ထည့်ပြီး နောက်ဖေးအိုးထဲ ထည့်လိုက်တယ်။ မကြာဘူး ဝါဒါတွေရောက် လာပြီး ပစ္စည်းတွေအားလုံး လှန်လှောရှာဖွေ ပါတယ်။ ဒါကို တလာစီတယ်လို့ ခေါ်ပါတယ်။ အမျိုးသမီးထောင်မှူးပါ ပါလာပြီး "အားလုံးရှိတဲ့နေရာမှာ နေပါ။ ဘယ်ကိုမှ မလှုပ်ရှားပါနဲ့"လို့ အသံကျယ်ကျယ်နဲ့ အော်ပြီး အမိန့်ပေးတယ်။ ပြီးတော့ ကျွန်မတို့နဲ့ မနီးမဝေးမှာ ရပ်ကြည့်ပြီး အကဲခတ်နေပါတယ်။

ကျွန်မတို့ကလည်း ဟန်မပျက်ဘဲ လှည့်ကိုမကြည့်ဘူး။ မမြင်ချင်ယောင်ဆောင်ပြီး အသံကျယ်ကျယ်နဲ့ ဖတ်စရာရှိတာဖတ်။ ပြောစရာရှိတာပြော လုပ်နေလိုက်တယ်။ ဒီလိုနဲ့ ဘာတခုမှမတွေ့ဘဲ ပြန်သွားကြတယ်။ အခုလို တလာစီတဲ့အခါ ယောကျ်ားထောင်က ဝါဒါ တပ်စိတ်တစိတ်လောက်လာပြီး ရှာဖွေ (တလာစီ) တာ လုပ်ပါတယ်။ ကျွန်မ ဒီထောင်ကို ရောက်ပြီး အခုလို တလာစီတာ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။

ဒီနောက်မှာ ကျွန်မတို့ဟာ ထောင်ကို မြို့နယ်တခုလို သဘောထားပြီး တာဝန်ခွဲဝေပါတယ်။ ကျွန်မတို့နေတဲ့ စီကလပ်စ်အခန်း ထဲမှာ လူ ၁၀၀ လောက်ရှိပါတယ်။ အများစုက နိုင်ငံရေးအမှုပါ။ ခိုးမှု၊ ဓားပြမှု၊ ဘိန်းမှုနဲ့ ကျတာက အင်မတန်အနည်းစုပါ။ နိုင်ငံရေး အမှုတွေကလည်း ကျွန်မတို့ပါတီနယ်မြေ (မန္တလေး၊ မတ္တရာ၊ စစ်ကိုင်းမြို့နယ်) စတဲ့ လွတ်မြောက်ဒေသက လူတွေပါ။ ကွန်မြူနစ်ပါတီက ရဲဘော်တွေနဲ့ ဆွေမျိုးနီးစပ်

တော်လို့၊ တချို့ကလည်း ကွန်မြူနစ်ပါတီက ရဲဘော်နဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ သူငယ်ချင်းဖြစ်လို့၊ သူပုန်တွေကို ထောက်ခံ အားပေးလို့၊ သူပုန်တွေနဲ့ ဆက်သွယ်လို့ ဆိုတဲ့ပုဒ်မအမျိုးမျိုးတပ် ဖိနှိပ်တာခံရပြီး တည်မြဲတွေက အစွမ်းပြတဲ့အနေနဲ့ လုပ်လိုက်ကြလို့ ထောင်ထဲရောက်လာကြရသူတွေပါ။ ဗိုလ်နေဝင်းအစိုးရ (အိမ်စောင့်အစိုးရ) လက်ထက်ဆိုတော့ မဲမဲမြင်ရာ အကုန်ဖမ်းတော့တာပဲ။ "တွေ့ရာပြည်သူဟာ ရန်သူဖြစ်နေပါတယ်" အမျိုးသမီးထောင်ဟာ ဘီကလပ်စ်မှာဆိုရင် ပုံမှန် ၅ ယောက်လောက်ပဲ ထားနိုင်ပါမယ်။ အခုတော့ နိုင်ငံရေးသမားတွေအပြင် ခိုးပြမှုနဲ့က တယောက်၊ ဘိန်းမှုနဲ့က တယောက်ပေါင်း ၇ ယောက် ရှိပါတယ်။ စီကလပ်စ် အခန်းကျယ် ထဲမှာ ပုံမှန်ဆိုရင် လွန်ရော ကျုံရော ၆၀ ပေ့ါ။ အခုဟာက ၁၀၀ လောက်ဆိုတော့ အိပ်ရတာ ကျပ်ညပ်နေတယ်။ အဲဒီလို အိပ်ရာကျပ်ညပ်နေတာကိုက နေ့စဉ်ပြဿနာတခုလို ခံစားနေရပြီး အချင်းချင်းစည်းလုံးမှုကို ပျက်စေပါတယ်။ မကြာမကြာ ရန်ပွဲဖြစ်တတ်ပါတယ်။ အသားဟင်း စားတဲ့နေ့ ဟင်းဝေတဲ့အခါ မျှတမှုမရှိဘူးဆိုပြီးတော့ ထောင်ဝါဒါကိုတော့ မပြောရဲ။ အချင်းချင်း ပြဿနာဖြစ်ကာ ရန်ဖြစ်တတ်ကြပါတယ်။ ထောင်မှူးရဲ့အကြိုက်ပေ့ါ။ အဓိကရန်သူ ပျောက်နေ ပါတယ်။ ဒါတွေ ကို အမှန်အတိုင်း မြင်အောင်၊ ဘဝတူ အချင်းချင်း စည်းလုံးညီညွတ် ကြဖို့၊ အဓိက တရားခံဟာ လက်ရှိအစိုးရသာ (ရန်သူ) ဖြစ်တယ်ဆိုတာ သိလာအောင်ပြဖို့က ကျွန်မတို့ တာဝန်ပါပဲ။

ကျွန်မတို့ မြို့နယ်စည်းရုံးရေးကော်မတီ ၅ ယောက်ရှိပါတယ်။ ကျွန်မ အပါအဝင်ပါ။ ကျွန်မတို့ အငယ်တွေက တာဝန်ကိုယ်စီ ယူထားကြပြီမို့ အလုပ်တွေ များနေပါပြီ။ မနက်စာ စားပြီးပြီးချင်း ကျွန်မ အင်္ဂလိပ်စာ လေ့လာပါတယ်။ မမသန်း (ကျောက်ဆည်) က သင်ပေးပါတယ်။ ပြီးရင် ဗမာစာကျောင်းဖွင့်ထားတော့ အဲဒီကျောင်းမှာ ကျွန်မက မြန်မာစာနဲ့ သင်္ချာကို တာဝန်ယူ သင်ပေးပါတယ်။ ညနေထမင်းစားပြီးရင် အင်္ဂလိပ်စာကျောင်းတကျောင်းရှိပါတယ်။ ကျွန်မက တာဝန်ယူရပါတယ်။ ဒီကျောင်းပြီးတော့ ကိုယ်ပိုင်အချိန် ဖြစ်ပါတယ်။ စာဖတ်ချင်ဖတ်၊ အားကစားလုပ်ရင်လုပ် (ကြက်တောင်ရိုက်၊ ထုပ်ဆီးတိုး၊ ကြိုးခုန်) စတာတွေ ကစား ကြပါတယ်။

ထောင်မှူးကိုလည်း ပစ်ကွင်းရှိရှိ စည်းရုံးပါတယ်။ အမျိုးသမီးထောင်မှူးက ဒုထောင် ပိုင် ဦးဘတုတ်ရဲ့ ဇနီးဖြစ်ပါတယ်။ ပညာတတ်ဖြစ်တော့ ဆက်ဆံရေး ယဉ်ကျေးတယ်။ ပင်ကိုယ် စိတ်သဘောထား ကောင်းသူပါ။ ဒါပေမယ့် လူတန်းစားဗီဇကတော့ အခြေအနေ ခွင့်ပြုရင် ပြုသလို ဖော်ပြတာရှိပါတယ်။ သားသမီးများပြီး သားကြီးသမီးကြီးတွေလည်းဖြစ် ကျောင်းသားကျောင်းသူတွေလည်းဖြစ်နေလို့ ငွေကုန်များနေတယ်။ ဒါကြောင့် နေထိုင်မှု ဘဝမှာ အစစ

အရာရာ ချွေတာနေရသူဖြစ်တော့ သိပ်စိတ်ပျော်ပုံမရဘူး။ ကျွန်မတို့ အ ငယ်တွေက သူ့ကို 'အန်တီ' လို့ ခေါ်ကြတယ်။ လေးလေးစားစား ဆက်ဆံ ပါတယ်။ မမရီတို့ မမသန်း တို့ကတော့ 'ဒေါ်ကြည်ကြည်' လို့ပဲ ခေါ်ကြပါတယ်။ သူက သူ့ကို 'ဆရာ' ခေါ်မှ ကြိုက်ပါ တယ်။ ဝါဒါတွေ အားလုံးက သူ့ကို 'ဆရာ' လို့ပဲ ခေါ်ကြတယ်။ အမျိုးသမီးဝါဒါ ၄ ယောက် ရှိပါတယ်။ တယောက်က ကျွန်မတို့ လူပဲ။ တော်တော်စိတ်ချ ရပါတယ်။ အကင်းပါးပြီး သတ္တိ ရှိ တယ်။ ထောင်အမှုထမ်းသက်တမ်းလည်း ရင့်သူဖြစ်တယ်။ အနေအထိုင်သိပ်ပိရိတယ်။ ကျန်တဲ့ ၃ ယောက်ထဲမှာ နောက်ဆုံးရောက်လာတဲ့ အသစ် တယောက်က လွဲရင် ကျန် ၂ ယောက်ကလည်း အသင့်အတင့် ကောင်းပါတယ်။ နောက် ဆုံးမှ ရောက်လာတဲ့သူကတော့ ထုံးစံအတိုင်း ထောင်မှူးနား ကပ်ဖားနေသူပဲ။ သူ့အလုပ် ခိုင်မြဲရေးပေ့ါ။

ကျွန်မရဲ့ စည်းရုံးရေးနယ်မြေထဲမှာ 'ပြည့်တန်ဆာမ' လေးတွေ နေတဲ့ အခန်း တခန်းပါတယ်။ အမျိုးသမီးဆောင်ရဲ့ အောက်ထပ် ဘီကလပ်စ်အခန်းရဲ့ အောက်တည့် တည့်မှာ ရှိတယ်။ အခန်းဖွဲ့စည်းပုံက ထုံးစံအတိုင်း ပျဉ်ချောင်းတွေ ခပ်ကျဲကျဲ (လူထွက်မရရုံ) ရိုက်ကာထားတယ်။ အတွင်းမှာ သစ်သားခုတင်ကျယ်ကြီး ၂ လုံးနဲ့ တယောက် အိပ် ခုတင် တလုံး၊ ဒါပဲရှိတယ်။ အမျိုးသမီး ၅ ယောက် ရှိတယ်။ တယောက်က ကာလသားရောဂါ ထနေလို့ တယောက်အိပ်ခုတင်မှာပဲ အိပ်ရတယ်။ အခန်းက သန့်ရှင်းမှု နည်းနည်းမှ မရှိဘူး။ မကောင်းတဲ့ အနံ့အသက်တွေများတယ်။ ဆေးဝါးကုသပေးတာလည်း မရှိဘူး။ ဘယ်သူကမှ ခေါ်ခေါ် ပြောပြော ဆက်ဆံမယ့်သူ မရှိဘူး။ အားလုံးက ဝိုင်းပယ်ထားတယ်။ သူတို့ကို တန်းတူရည်တူ ဆက်ဆံတာ ကျွန်မတို့ ရဲဘော်တွေပဲ ရှိတယ်။ အမျိုးသမီးဝါဒါ တချို့ကလည်း "သူတို့ကို လူရာသွင်းပြီး ဘာလို့ဆက်ဆံနေတာလဲ။ ဒါတွေက ကောင်းတာတွေ မဟုတ်ဘူး" တဲ့။

"အို… သူတို့ဟာ လူကောင်းတွေပါ။ ဒီဘဝကို ရောက်ရတာလည်း သူတို့က ရောက်ချင်လို့ ရောက်ရတာ မဟုတ်ပါဘူး။ သူ တို့ဟာ ခိုကိုးရာမဲ့ ဘဝဆုံးနေတဲ့သူတွေ။ စနစ်ရဲ့ သားကောင်တွေပါ" လို့ ပြောပြ ရှင်းပြလိုက်တော့ နောက်ထပ် ဘာမှမပြောတော့ ပါဘူး။

ကျွန်မက သူတို့လေးတွေနဲ့ ခင်ခင်မင်မင် ဆက်ဆံပါတယ်။ တနေ့မှာ သူတို့ အထဲက အလှဆုံး 'မဦး' ဆိုတဲ့ ကလေးမလေးကို "ဘယ်လိုကြောင့် ဒီလိုဘဝထဲကို ရောက်လာရသလဲ" လို့ မေးကြည့်မိပါတယ်။

မဦးက တော်တော်လှတယ်။ အဲဒီတုန်းက ရုပ်ရှင်မင်းသမီး 'မေရီမြင့်' ကလည်း တော်တော်ခေတ်စားနေချိန်။ မဦးရဲ့ ရုပ်ကလေးက မေရီမြင့်နဲ့ တော်တော်တူတယ်လို့ ပြောရမှာပေါ့။ သူကလေးက ရွှေဘိုအနီး ရေဦးကတဲ့။ ဆင်းရဲသား အိမ်ထောင်စုက အကြီးဆုံး သမီး လေးမို့ ချစ်စနိုးနဲ့ 'မဦး' လို့ ခေါ်တာပါတဲ့။ ရွှေဦးတနေ့မှာပေါ့။ သူကြီးအိမ်မှာ အထည်သည် ရောက်လာတယ်။ မန္တ လေးက လာတာတဲ့။ သတင်းရတာနဲ့ မဦးတို့ မိန်းကလေး တသိုက် သူကြီးအိမ်ကို အပြေးအလွှား သွားကြည့်ကြတယ်။ အို... အထည်တွေကလည်း စုံမှစုံ၊ အဆင်တွေကလည်း ဆန်းမှဆန်း၊ လှလိုက်တာအလွန်ပါပဲ။ မဦးတို့ မိန်းကလေးတသိုက် အထည်တွေနားက မခွာနိုင်အောင် ဖြစ်ရပါတယ်။ အထည်သည် အစ်ကိုကလည်း စကား ပြောကောင်းသလား မပြောနဲ့။ မန္တ လေးသား မြို့ကြီးသားဆိုတော့ ယဉ်ယဉ်ကျေးကျေး စကားပြောကလည်းချို၊ မဦးတို့မိန်းကလေးတွေကို 'ညီမလေး' တဲ့။ အလွန်နားဝင်ချို နေတာ ပေါ့။

သူကြီးကတော်ကတော့ "အထည်သည် အစ်ကိုက တက္ကသိုလ်ကျောင်းသားတဲ့၊ ကျောင်းပိတ်ရက်မှာ မိဘကိုကူညီတာတဲ့။ သိပ်လိမ္မာတဲ့သား" တဲ့။

မဦးက သူ့အကြောင်း ဆက်ပြောပြပါတယ်။ "ဒီလိုနဲ့ ကျွန်မကလည်း အပေါ် အင်္ကျီတထည် ထဘီတထည် လိုချင်တယ် လို့ပြောတော့ အထည်သည်အစ်ကိုက 'ညီမ လေးနဲ့ ဒါလေးနဲ့ လိုက်တယ်' လို့ ပြောပြီး ပန်းနုရောင်လေး တစုံရွေးပေးတယ်။ လှလိုက်တာ။ ကျွန်မ လည်း ကြိုက်တယ်။ သူငယ်ချင်းတွေကလည်း 'နင်နဲ့ သိပ်လိုက်တယ်၊ သိပ်လှ တယ်' လို့ ဝိုင်းပြောကြတယ်။ ဒါနဲ့ ကျွန်မကလည်း ကျွန်မအလုပ်လုပ်လို့ ရတဲ့ 'လုပ်ခ' နဲ့ ပေးပြီး ဝယ် တာပေါ့။ ဖြစ်ပုံက အစ်ကိုတောင်းတဲ့ ရောင်းဈေးနဲ့ဆိုရင် ငွေ ၅ ကျပ်လောက် ကွာနေတယ်။ ကျွန်မလည်း 'ကိုယ့်ရှိတဲ့ငွေလေးနဲ့ အဝတ်တစုံလောက် ရအောင် ဝယ်မယ်' လို့ မစားရက် မသောက်ရက် စုထားတဲ့ငွေလေးပါ။ အမေတို့ဆီက တောင်းရမယ်ဆိုရင် လည်း မတောင်းရက်။ ညီမလေး မောင်လေးတွေမှာလည်း အဝတ်အစား ကောင်းကောင်း မရှိတာမို့ ကျွန်မမှာ အခက်တွေ့နေပြီး ဒီဝတ်စုံလေး ကိုလည်း လက်ကမချနိုင်။ ငွေကလည်း မပြည့်ဆိုတော့ ကျွန်မမှာ အကြံအိုက်လာပြီး ငိုချင်လာတယ်။ ကျွန်မရဲ့ အခြေအနေကို ရိပ်စား မိတယ်နဲ့ တူတယ်။ အထည်သည် အစ်ကိုကလေ 'ဒီလိုလုပ်ပါ ညီမလေးရယ်၊ အစ်ကိုကလည်း ဈေးဦးပေါက်အောင် ရောင်းချင် ပါတယ်။ ညီမလေးကလည်း ထပ်တိုးပေးဖို့ ငွေမရှိဘူးဆိုရင် ရှိသလောက်ပဲ ပေးခဲ့တော့။ အေး တခုတော့ရှိတယ်။ ဒီဈေးနဲ့ ရောင်းပေး တယ်ဆိုတာတော့ ဘယ်သူ့ကိုမှ မပြောရဘူးနော်။ ဒါပဲယူသွားတော့' တဲ့။

အို… ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း ကျွန်မလေ ထိုင်ပြီးတော့ ရှိခိုးလိုက်ချင် လိုက်တာလို့ စိတ်ထဲကပြောရင်း မျက်ရည်တွေ ကျလာတယ်။ ဒီလိုနဲ့ အထည်သည်အစ်ကိုနဲ့ ကျွန်မတို့ ဇာတ်လမ်းက စခဲ့ပါတယ်။ တိုတိုချုပ်ပြောရရင် အစ်ကိုနဲ့ကျွန်မ မေတ္တာရှိခဲ့ကြပါတယ်။ ဒီအကြောင်းကို အမေကသိသွားတော့ ကျွန်မကို ရိုက်လိုက်တာ။ (အဖေ့ကိုတော့ မပြောရဲဘူး။ အဖေသိရင် ကျွန်မကို သတ်မှာ)။ အမေကလေ တခါမှ ဒီလိုနာအောင် မရိုက်ဖူး ပါဘူး မမလေးရယ်။ ဒီတခါတော့လေ ကျွန်မတကိုယ်လုံး အညိုအမည်းတွေနဲ့ ရစရာ ရှိ ပါဘူး။

တရွာသားကိုမှ ကြိုက်ရသလား။ သူ့အကြောင်းကို ကိုယ်လည်းဘာမှမသိပဲနဲ့ ဒီလောက်တောင် လင်တော်ရသလား ခွေးမ။ နင်ခွေးဖြစ်ချင်သလားတဲ့။ အို… စုံနေတာပဲ မမလေးရယ် ပြောလည်းပြော ရိုက်လည်းရိုက် ကျွန်မက အမေ့ကို ကြောက်ပါပြီ အမေရဲ့ ကျွန်မနာလှပါပြီ အမေ့ကို ရှိခိုးပါတယ်လို့ပြောပြီး မနည်းတောင်းပန်ယူရတယ်။ ဒီနောက်မှာတော့ ရွာထဲက ကာလသားခေါင်း 'ကိုသာအေး'ကြီးနဲ့ သဘောတူသတဲ့။ ကျွန်မကလည်း ကိုသာအေးကို ကြည့်လို့ကို မရဘူး။ ဒီအကြောင်းတွေကို အစ်ကို့ကိုပြောပြပြီး အစ်ကိုနဲ့ ကွဲရရင် ကျွန်မတော့ သေမှာပဲလို့ ပြောပြပါတယ်။ အစ်ကိုကလည်း တို့နှစ်ယောက် မကွဲရအောင် အစ်ကိုကြိုးစားပါ့မယ် ညီမလေးရယ် လို့ အားပေးပါတယ်။ အို – သီတင်းကျွတ်ရင် အစ်ကိုလာတော့မယ်။ ဒီတချီတော့ အစ်ကိုနဲ့ တခါတည်း လိုက်သွားတော့မှ ရမယ်။ အမေက ကျွန်မကို နည်းနည်းမှ အလစ်မပေးတော့ဘူး။ ကိုသာအေးနဲ့ အတင်းပေးစားဖို့ လုပ်နေပြီ။ ကျွန်မမှာ နေ့စဉ်နဲ့အမျှ ငိုနေရ စိတ်ဆင်းရဲ နေရပါတယ်။ ကျွန်မဟာ အပူရုပ်ကို ဟန်လုပ်ပြီး အစ်ကို့ကို စောင့်နေရပါတယ်။ သီတင်းကျွတ်တော့ အစ်ကိုက အထည်ရောင်းရင်း ရောက်လာပါပြီ။ ဒီတချီတော့ ကျွန်မဟာ အစ်ကို့နောက်ကို တခါတည်း လိုက်ခဲ့ပါတော့တယ်။

အို… ပျော်လိုက်တာ ကျွန်မတခါမှ မရောက်ဘူးတဲ့ မန္တလေး ရွှေမြို့တော်ကြီးကို ရောက်လာခဲ့ပါတယ်။ ကျွန်မတသက်တာမှာ ဒီလိုမန္တလေး ရွှေမြို့တော်ကြီးမှာ ကျွန်မချစ်ရတဲ့ အစ်ကိုနဲ့ တူပျော်ပျော် ရွှေလည်တွဲလို့ နေခဲ့ရလိမ့်မယ်… လို့ တခါဖူးမှ မစဉ်းစားမိခဲ့ ပါဘူး။ အခုတော့ ပျော်လိုက်တာ…

နောက်တနေ့ညနေခင်းမှာတော့ အပျင်းပြေ ရုပ်ရှင်သွားကြည့်ရအောင်တဲ့။ ကျွန်မကလည်း အစ်ကိုကိုယ်တိုင် ရွေးပေးထားတဲ့ ပန်းနုရောင်ဝတ်စုံလေးကို ဝတ်လို့ပေါ့။ ရုပ်ရှင်ရုံမှာ အချိန်စောသေးလို့ အချိန်စောင့်ရင်း မုန့်ဟင်းခါးဆိုင်မှာ မုန့်စားရင်းနဲ့ ကျွန်မက စားကောင်းလို့ နောက်တပန်းကန် ထပ်မှာပြီး စားနေတယ်။ အစ်ကိုကတော့ စားလို့ပြီး သွားပါပြီ။ 'ညီမလေး ဖြည်းဖြည်းစားနော်။ အစ်ကို ဟိုဘက်နားမှာ သူငယ်ချင်းတွေဆီ

ခဏ သွားတွေ့လိုက်ဦးမယ်။ မုန့်ဖိုးရှင်းခဲ့ပြီနော်။ အစ်ကိုမရောက်ခင် ဘယ်မှမသွားနဲ့နော် ညီမလေး’ လို့ မှာခဲ့ပြီး ဆိုင်က ထွက်သွားပါတယ်။

ကျွန်မလည်း မုန့်စားလို့ပြီးပါပြီ။ အစ်ကို့ကိုပဲ မျှော်နေမိတယ်။ ရုပ်ရှင်လည်း ပြနေလောက်ပြီထင်ပါတယ်။ ကျွန်မတော့ ရုပ်ရှင်ကို သိပ်ကြည့်ချင်တာပဲ။ အစ်ကိုကလည်း ခုထိမရောက်လာသေးဘူး။ အစ်ကိုရေ... လာပါတော့လို့ တတမ်းတမ်းတတနဲ့ နေရတာ ည တော်တော် မှောင်လာတော့ ဦးကြီးတယောက် ရောက်လာပါတယ်။ ကျွန်မကို လာခေါ်တာပါ။ အစ်ကိုက ခေါ်ခိုင်းလို့တဲ့။ အစ်ကိုရောလို့ မေးတော့ ‘သူငယ်ချင်းတွေက တားထားတယ်။ ခဲဖိုးတောင်းတာ မပေးရင် မသွားရဘူး’ တဲ့။ အို... ဒုက္ခပါပဲ။ အစ်ကို့မှာ ငွေကော ရှိသေးရဲ့လား။ မပေးနိုင်ရင်တော့ ဒုက္ခပါပဲ။ ကျွန်မကတော့ အစ်ကို့သူငယ်ချင်းတွေနဲ့တွေ့ရင် မျက်နှာ ဘယ်လို မျှား ထားရပ့်မလဲ... လို့လည်း တထိတ်ထိတ်နဲ့ လိုက်သွားပါတယ်။ ခြံဝင်း ကျယ်ကြီးထဲက တိုက်တလုံးကို ရောက်ခဲ့ရတယ်။

အို... တိုက်ခန်းကြီးကလည်း ကြီးကျယ်လိုက်တာ။ စားပွဲကုလားထိုင်ကလည်း အရောင်တဖိတ်ဖိတ်နဲ့။ အောက်ကလည်း ကော်ဇောကြီးခင်းထားတာ နင်းရက်စရာတောင် မရှိဘူး။ ဧည့်ခန်းထဲမှာ အဒေါ်ကြီးတယောက်ရယ် ဦးကြီးတယောက်ရယ်က လွဲလို့ ဘယ်သူမှ မရှိဘူး။ ကျွန်မကို ကုလားထိုင်တလုံးမှာ ထိုင်ခိုင်းတယ်။ ကျွန်မဖြင့် ကြောက်လိုက်တာ... အစ်ကိုကလည်း မရှိဘူး။ သူတို့က အစ်ကိုရဲ့ မိဘများလား။ ကျွန်မကို ခြေဆုံးခေါင်းဆုံး ကြည့်နေတယ်။ အစ်ကိုကလည်း ရောက်မလာဘူး။ ဘယ်လိုလုပ်ရပ့်မလဲ။ ကျွန်မတော့ ငိုလိုက် ချင်တော့တာပဲ။

ဘုရား... ဘုရား... အစ်ကိုနဲ့ ကျွန်မကို သဘောမတူသူးဆိုရင်တော့ ဒုက္ခပါပဲ။ ဘယ်လိုများ ပြောလိုက်မလဲ။ ရင်ထဲက တဒိတ်ဒိတ်နဲ့။ အို... ဘာပဲဖြစ်ဖြစ် ဒီဘဝရောက်မှ တော့ မထူးပါဘူး။ အစ်ကိုနဲ့ ကျွန်မကိုတော့ မခွဲပါနဲ့လို့ ခြေထောက်ကိုဖက် တောင်းပန်ရ မှာပဲ ... လို့ စဉ်းစားနေမိပါတယ်။ အချိန်အတော်ကြာတော့ အဒေါ်ကြီးက ကျွန်မကို အိမ်ပေါ်ထပ်က အခန်းတခန်းကို ခေါ်သွားပါတယ်။ အခန်းထဲမှာ နှစ်ယောက်အိပ် ခုတင် တလုံး လှလှပပ ပြင်ထားတာရှိတယ်။

‘ဒါ ညည်းနေရမယ့်အခန်းပဲ ကြားလား’ တဲ့။ ကျွန်မဖြင့်လေ ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ပြီးမှ ‘ဟုတ်ကဲ့’ လို့ခပ်တိုးတိုး တခွန်းလောက်ပဲ ပြန်ပြော လိုက်နိုင်ပါတယ်။ အဲဒီ အဒေါ်က အဲဒီလိုပြောပြီး ပြန်ထွက်သွားတယ်။ တံခါးကိုလည်း ဆွဲပိတ် ခဲ့တယ်။

ကျွန်မတယောက်တည်း ကျန်ခဲ့တော့မှ ကျွန်မလည်း 'ဟင်း' ချနိုင်ပါတော့တယ်။ တယောက်တည်း ရောက်တတ်ရာရာ စဉ်းစားနေမိပါတယ်။ ဩော်... မိဘတွေဘက်က စဉ်း စားကြည့်ရင် ဘာမဟုတ်တဲ့ ငါ့လိုတောသူမ အ,အမျိုးနဲ့ ဘယ်သဘောတူနိုင်ပါ့မလဲ။ အစ်ကို ရဲ့ ရုပ်ရည်၊ ပညာ၊ ပစ္စည်းဥစ္စာ ဘယ်ဘက်က ကြည့်ကြည့် ငါ့လိုဟာမျိုးနဲ့ ဘယ်လိုလုပ် သဘော တူနိုင်ပါ့မလဲ။ ဩော်... သူတို့လည်း သူတို့သားလေးကို အင်မတန်ချစ်ရှာလွန်း လို့သာ ငါ့ကိုအခုလို လက်ခံလိုက်တာပဲ။ ဒီလို စဉ်းစားကြည့်တော့လည်း ငါဟာ တော်တော် ကံကောင်းတဲ့သူပါလား... အေးလေ၊ ငါကလည်း လိမ်လိမ်မာမာနဲ့ အစ်ကို့မိဘတွေကကိုယ့်မိဘအရင်း တွေလို သဘောထားပြီး ပြုစုစောင့်ရှောက်ရမှာပဲ။ ဖြည်းဖြည်းတော့ အစ်ကို့ကိုပါ နားလည်အောင်ပြောပြီး အမေအဖေတို့ကိုလည်း တတ်နိုင်သလောက် ပြန်ကူညီရမှာပဲ။ ကျွန်မဟာ ဒီလိုစဉ်းစားရင်းက ကိုယ့်ဘာသာ ပျော်သလိုလိုလည်း ဖြစ်လာ မိပါတယ်။

ဩော်... အစ်ကိုကလည်း မလာသေးဘူးနော်... အေးလေ... အစ်ကိုလည်း မိဘတွေကို ကျေနပ်အောင် ပြောဆို တောင်းပန်နေရမှာပေါ့။ အစ်ကိုရေ... မြန်မြန်လာ ပါတော့။ ကျွန်မတယောက်တည်းနေရတာ ကြောက်လှပါတယ်။ မြန်မြန်သာ လာလိုက်ပါ တော့။

ဟော... လှေကားက ခြေသံကြားရတယ်။ အစ်ကို အစ်ကို အစ်ကိုပြန်လာပြီ။ ဟုတ်ပါတယ်။ အစ်ကိုရယ်လေ... အခုမှ ပြန်လာနိုင်တယ်။ ကျွန်မလည်း အပြေးလေး တံခါးဆီကို သွားကပ်နေလိုက်တယ်။

ဟော... တံခါးလည်း ပွင့်သွားပါပြီ။ 'အစ်ကိုရေ... 'ကျွန်မက ခေါ်လည်းခေါ် လက် နှစ်ဖက်ကိုလည်း ရှေ့မှာတန်းပြီး အစ်ကို့ကို ကြိုလိုက်ပါတယ်။ အို... နံလိုက်တာ စူးရှရှ အနံ့ကြီး။ အရက်နံ့ အရက်နံ့ နံလိုက်တာ၊ ဟင်... အစ်ကိုလည်း မဟုတ်ဘူး။ ဟိုလူကြီး ဟိုလူကြီး အောက်ထပ်မှာ စောစောတုန်းက တွေ့ခဲ့တဲ့ ဟိုလူကြီး။ မျက်နှာက စပ်ဖြီးဖြီးနဲ့ ကျွန်မကို စားတော့မလိုပဲ ကြည့်နေတယ်။ 'အမေရေ...' ကျွန်မက ကြောက်ကြောက်နဲ့ အော်ပြီး နောက်ရင်းလှည့်ပြေးမိပါတယ်။ ဟိုလူကြီးက တံခါးကို ပိတ်လိုက်ပြီး ကျွန်မ နောက်ကို လိုက်လာပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ ကျွန်မဟာ ငိုယိုပြီး ဘယ်လိုပဲ တောင်းပန် တောင်းပန် မရဘဲ မတရားအနိုင်ကျင့်မှု၊ မတရားစော်ကားမှု၊ မတရား သိမ်းပိုက်မှုကို ခံလိုက် ရပါတယ်။

ဒီလိုနဲ့ ၂-၃ ရက်လောက်ရှိတော့... တနေ့နေ့လည်ခင်းမှာ အဒေါ်ကြီးက လာ ပြောပါတယ်။ 'မဦး ညည်း အလုပ် လုပ်ရမယ်' တဲ့။ ကျွန်မကလည်း 'ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်မ လုပ်ပါ့မယ်' လို့ ပြောတော့ 'အေး... ညနေကျရင် ရေချိုးလှလှပပ ပြင်ပါ' လို့ပြောပါ

တယ်။ ဒါကိုကျွန်မဘာအဓိပ္ပာယ်လဲလို့ မသိပေမယ့် မမေးရဲပါဘူး။ ညကျမှညည့်သည်တွေ လာမှ သိရပါတယ်။ အိုး... ဆိုး လိုက်တဲ့ဘဝ၊ ကျွန်မ အဒေါ်ကို ငိုယိုတောင်းပန်ပါတယ်။ မရပါ ဘူး။ ကျွန်မက ဘယ်လိုမှ သဘောမတူတော့ နောက်ဆုံး ရိုက်တော့တာပါပဲ။ တညလုံး အားရအောင် ရိုက်ပြီး တံခါးကို သော့ခတ်ထားလိုက်တယ်။ ထမင်းလည်း မကျွေးဘူး။ 'ခေါင်းမာတဲ့ကောင်မ သိရောပေါ့ နင့်ခေါင်းဘယ်လောက် မာသလဲ'တဲ့။ ကျွန်မလေ အစ်ကို့ကိုပဲ တဃ တပြီးငိုလိုက်တယ်။ အစ်ကိုဟာ ကျွန်မရဲ့ အချစ်ဦးပါ။ အစ်ကိုကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး။

အစ်ကိုရေ ကျွန်မအဖြစ်ကို မြင်လည့်ပါဦး၊ အစ်ကိုရဲ့ အစ်ကို့ကို ယုံလို့ ပုံခဲ့တာ အခုတော့ အစ်ကိုက ကျွန်မကို အရှင်လတ်လတ် ငရဲပြည်ကို ပို့ခဲ့ပြီလား အစ်ကိုရယ် လို့ပြောပြီး အားရပါးရ ငိုခဲ့ရပါတယ်။ ဒီလိုနဲ့ ကျွန်မလူရောစိတ်ပါ ထိခိုက်ပြီး ဗုန်းဗုန်း လဲတော့မလိုဖြစ်မှ အစာကျွေးပြီး ဆေးပြန်ကုပေးပါတယ်။ နေကောင်းလာတော့ အရင် အလုပ်ပဲ ပြန်လုပ် ရတာပါပဲ။ "အို... ကျွန်မကိုက ကံဆိုးပါတယ် မမလေးရယ်၊ အမေ ပြော တာတွေ ပြန်သတိ ရတယ်။ 'ခွေးဖြစ်မယ်တဲ့' အမေရေ... ခွေးဖြစ်တာကမှ တော်ဦးမယ်၊ အခုဟာက ခွေးဖြစ်တာထက် ဆိုးတယ်၊ အရှင်လတ်လတ် ငရဲကို ရောက်နေရတယ်။ မိဘ စကားကို နားမထောင်ဘဲ ငါတကော ကောမိလို့ ဒုက္ခတွေ့ရပါပြီ။ အမေရေ... ကျွန်မ အဖြစ်ဆိုးကို မြင်လှည့် ပါဦးလို့လည်း ခဏခဏ အမေ့ကို တဃ တပြီး ငိုမိပါတယ်"တဲ့။

"အခုလို ထောင်ထဲ ရောက်ရတာလား။ ပြောပြပါ့မယ်။ ပြောပြပါ့မယ် မမလေး။ ဒီ လိုပါ။ ကျွန်မဟာ ဒီဘဝက လွတ်ရာလွတ်ကြောင်းကို အမြဲစဉ်းစားနေတာဆိုတော့ အစ် ကိုကြီးကိုမောင်မောင်နဲ့ တွေ့ရတယ်။ ဒီအစ်ကိုကြီးက ကျွန်မကို တည်တည်တံ့တံ့ ရိုးရိုး သားသား ပေါင်းသင်းမယ်။ သူကယ်တင်မယ်ဆိုပြီးတော့ ကျွန်မကို ချစ်ရေးဆိုလာတော့ ကျွန်မအစ်ကို့ကို ဘယ်လိုပဲ စောင့်ပေမယ့် မျှော်လင့်ချက်မရှိတော့တဲ့နောက်ဆုံး ဒီအစ်ကို ကြီးရဲ့ မေတ္တာကိုလက်ခံလိုက်ပြီး ထွက်ပြေးလာတာပါ။ မမလေးရယ် ကံများဆိုးချင်တော့ ကျွန်မတို့ပြေးတဲ့လမ်းရှေ့က ရဲတွေနဲ့ ပိတ်ပြီးဖမ်းတော့ ဘယ်လွတ်အောင်ပြေးလို့ ရတော့ မလဲ။ မမလေးရယ် အစ်ကိုကြီးကိုလေ မသေရုံတမယ် ရိုက်လိုက်တာ ကျောကို သေနတ်ဒင် နဲ့ဆောင့် ခေါင်းကိုရိုက်တာ သွေးချင်းချင်းနီတယ်။ အို... သွေးတွေလည်းအန် သတိတောင် လစ်သွားတယ် မမလေးရယ်။ ကျွန်မဖြင့် မကြည့်ရက်ပါဘူး။ ကျွန်မကြောင့် ဖြစ်ရတာ ကျွန်မဂြိုဟ်မွှေတာပေါ့၊ ရိုက်ခြင်းရိုက် ကျွန်မကိုသာ ရိုက်ပါ၊ အစ်ကိုကြီးကိုတော့ ချမ်းသာ ပေးပါလို့ ကျွန်မရှိခိုးပြီး ဘယ်လိုတောင်းပန်ပေမယ့် ပြောလေရိုက်လေမို့ နောက်ဆုံးတော့ ဘာမှမပြောရဲပါဘူး။ ကျွန်မကို သူတို့သမီးတဲ့။ ကျွန်မမှာ ဝတ်ထားတဲ့ လက်ဝတ်လက်စား

တွေနဲ့မို့ ‘သမီးလည်းခိုး ပစ္စည်းတွေလည်း ခိုးပြေးတယ်’ လို့ အစ်ကိုကြီးကို မတရားစွပ်စွဲပြီး တရားစွဲထောင်ချပါတယ်။ ကျွန်မက အမှန်အတိုင်းပြောပေမယ့် မရပါဘူး။ ကျွန်မကိုလည်း ထုံးစံအတိုင်း အခန်းပိတ်ရိုက်၊ ဘယ်လို ရိုက်ရိုက်၊ မနေချင်ဘူးလို့ ကျွန်မကပြောတော့ ပေါင်တွေကို ဓားနဲ့ထိုး၊ နောက်ဆုံး နေပ့ါမယ် လို့ပြောမှ ထောင်ကထုတ်မယ်တဲ့။ အဲဒီလို ပြောပြီး ထောင်ထဲပို့လိုက်တာပါပဲ မမလေးရယ်။ တပတ်တခါ ထောင်ဝင်စာ လာတွေ့တယ်။ အဲဒီလို လာတွေ့တာ အကောင်းမဟုတ်ပါဘူး။ ကျွန်မစိတ်ပြောင်း မပြောင်း လာမေးတာ လေ။ စိတ်ပြောင်းသွားပြီ ဆိုရင်တော့ ထောင်က ပြန်ထုတ်မှာပေ့ါ၊ ငရဲခန်းဝင်ရမှာပေ့ါ”

မဦးက ပြောလို့ အပြီးမှာ ငိုလည်းငို သူ့ပေါင်က ဓားဒဏ်ရာတွေကိုလည်း ပြရှာ တယ်။ ဝင်းနုနေတဲ့ပေါင်မှာ ဓားဒဏ်ရာတွေ ကြည့်ရက်စရာမရှိဘူး။ ကျွန်မလည်း သနားလွန်း လို့ သူနဲ့အတူရောပြီး ငိုမိပါတယ်။ အစောင့်ကျနေတဲ့ အမျိုးသမီးဝါဒါကလည်း “သားသမီး ချင်း စာနာပါတယ်” ပြောပြီး ငိုရှာတယ်။

“တကယ်တမ်းကျတော့ မဦးရေ... မဦးတို့လို အမျိုးသမီးလေးတွေဟာ စနစ်ဆိုးရဲ့ သားကောင်တွေပါပဲ။ လက်ရှိအစိုးရဟာ ပြည်သူတွေ အပေါ်မှာ တရားသဖြင့် အုပ်ချုပ်တာ မဟုတ်ပါဘူး။ လူဆိုးလူမိုက်ဂိုဏ်းတွေနဲ့ အစိုးရအရာရှိများဟာ ယှက်နွယ်နေကြပြီး အရာရာ ငွေနဲ့ပဲဖြေရှင်းကြတာမို့ “ငွေများတရားနိုင်”ဆိုတဲ့ ဆောင်ပုဒ်ဟာ ပေါ်လာတာပဲ။ ညီမလေး တို့လို ဒုက္ခရောက် နေသူတွေဟာ ဗမာတပြည်လုံးမှာ အနှံ့အပြားပါပဲကွယ်။ တိုင်းရင်းသား ပေါင်းစုံ ပြည်သူလူထုကြီးဟာ မတူကွဲပြားတဲ့ ပြဿနာအဖုံဖုံနဲ့ မတရားသဖြင့် ဖိနှိပ်သတ် ဖြတ်နေတဲ့ ဒီစနစ်ဆိုးရဲ့ဒဏ်တွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ မရှုမလှ ခံနေ ကြရတာပါကွယ်”

“ဒါကြောင့် ကျွန်မတို့ ကွန်မြူနစ်တွေက ဒုက္ခမျိုးစုံကြုံတွေ့နေရတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး ဒီဘဝဆိုးက လွတ်မြောက်ရေးအတွက် ဒီစနစ်ဆိုးကို ကိုယ် စားပြုတဲ့ လက်ရှိအစိုးရကို လုံးဝပြုတ်ကျသွားအောင် တိုက်ပွဲဝင် နေတာ ပါ”လို့ ရှင်းပြလိုက် ပါတယ်။

ကျွန်မက ကျွန်မရဲ့စည်းရုံးရေးနယ်မြေက အခြေအနေတွေကို ထောင်တွင်း က လာပ်စည်း သက်ဆိုင်ရာကို တင်ပြခဲ့တယ်။ အားလုံးကလည်း စာနာစိတ်နဲ့ သနားလို့ မဆုံးဖြစ် ရတယ်။ “တကယ်တော့ မဦးရဲ့ အစ်ကိုဟာ တက္ကသိုလ်ကျောင်းသား အစစ် မ ဟုတ်နိုင်ဘူး။ လူမိုက်ဂိုဏ်းက ရုပ်ရည်သန့်ပြန့်တဲ့ ယောက်ျားလေးတွေကို မွေးထားပြီး ကျေးလက်က ရုပ်ရည်လှပတဲ့ မိန်းကလေးတွေကို နည်းမျိုးစုံနဲ့ မြူဆွယ်ခေါ်ဆောင်လို့

ရလာတဲ့အခါ မိန်းကလေး တွေကို ငွေထောင်အချို့နဲ့ ပေးဝယ်ပြီး ပြည့်တန်ဆာလုပ်ခိုင်းတာ ဖြစ်တယ်'' လို့ ရှင်းပြပါတယ်။

အဲဒီနေ့မနက် ၁၀ နာရီလောက်မှာ ''မဦးကို ထောင်ဝင်စာ လာတွေ့တယ်'' ဆိုပြီး မဦးကို ခေါ်ထုတ်သွားတယ်။ ၁၁ နာရီ လောက်မှာ မဦးထောင်ဗူးဝက လူအုပ်ကြီးနဲ့ အတူ ထွက်လာတယ်။ ပြီးတော့ အမျိုးသမီးထောင် ထောင်ဝရန်တာကထွက်ပြီး ကြည့်နေတဲ့ ကျွန်မတို့ဆီကို လှမ်းကြည့်ပြီး လက်ကလေးပြကာ နှုတ်ဆက်ရင်း ဂျစ်ကားပေါ် တက်လိုက် ပါသွားပါတယ်။

''ဩော်... မဦးရေ... ငရဲပြည်ကို တခေါက်ပြန်သွားပြီ... ပေါ့နော်... အေးလေ၊ ဒီထောင်မှာနေလည်း ငရဲပါပဲ... ဒီမှာကတော့ ယောယုဝ ငရဲပေါ့၊ ဟိုမှာကတော့ အဝီစိငရဲ ကြီး ပေါ့ကွယ်''လို့ ကျွန်မစိတ်ထဲမှာ ပြောနေမိတယ်။

## မိုးအောက်မြေပြင်မှာ ဒီလိုစစ်တပ်မျိုး ရှာမှရှားတယ်

ဆောင်းဦးနေ့တနေ့ ...

မနက်ထမင်းစားပြီး မမသန်းရယ် ကျွန်မရယ် ထောင်အောက်ထပ်မှာ ပဲကြိတ် နေတဲ့ အမျိုးသမီးတွေနဲ့ စကားပြောရင်း 'ဘိုးထောင်လေး' ကို ပွေ့ပြီး ချော့နေပါတယ်။ ဘိုးထောင်လေးက ၉–၁၀လသားလေးပေါ့။ သူ့အမေက အဖျားတက်နေလို့ ကလေးကို ခေါ်လာပြီး ထိန်းနေတာပါ။ ဘိုးထောင်လေးကို ထောင်ထဲမှာမွေးလို့ အားလုံးကချစ်စနိုးနဲ့ 'ဘိုးထောင်' လို့ပဲ ခေါ်ကြတယ်။ သူ့အဖေက တော်လှန်ရေးတပ်ဖွဲ့ထဲကမို့ တောထဲမှာ။ ဗိုလ်လှမောင်လို့ ခေါ်ပါတယ်။ တပ်မှူးတယောက်ပါ။ ဘိုးထောင်လေးရဲ့အမေဟာ တောတွင်း စခန်းတခုမှာ ကိုယ်ဝန် အရင့်အမာကြီးနဲ့ ဖမ်းမိပြီး ပုဒ်မ ၁၇ (၁) နဲ့ ထောင် ၂ နှစ်ကျပါတယ်။ အဲဒီလို ဖမ်းမိစဉ် ရန်သူတပ်မှူးက ''မင်း ယောကျ်ားကို ပြန်ခေါ်ပါ၊ မင်းယောကျ်ားရော မင်းရော ကလေးတွေပါ မိသားစု ပျော်ပျော်ရွှင်ရွှင် နေနိုင်ဖို့စဉ်းစားပါ။ ဒါကို သဘောတူရင် ဒီစာရွက်မှာ မင်းလက်မှတ်ထိုးလိုက်ပါ''လို့ပြောပြီး လက်မှတ်ထိုးခိုင်းပါတယ်။ ဘိုးထောင် လေးရဲ့အမေ မခင်ညွန့်က ''အို ... ကျွန်မ မထိုး နိုင်ဘူး၊ ကျွန်မရဲ့ ယောကျ်ားက သူခိုးဓားပြလူဆိုးလူမိုက် မဟုတ်ဘူး။ ယုံကြည်ချက်အပြည့်အဝနဲ့ ဂုဏ်သိက္ခာရှိရှိ မြင့်မြတ်တဲ့ အလုပ်တာဝန်တွေကို လုပ်နေတဲ့ ကွန်မြူနစ်တယောက်၊ လူကောင်းတယောက်ပဲ။ ပြည်သူ့ အကျိုးအတွက် အလုပ် လုပ်နေတာ။ ကိုယ့်ရည်မှန်းချက် မအောင်မြင်ခင် ကိုယ့်မိသားစု တင်ကွက်ပြီး နေထိုင်မှုအဆင်ပြေချင်လို့ မရပါဘူး။ မဖြစ်ပါဘူး။ ပြည်သူလူထုတရပ်လုံးရဲ့

ဘဝနေထိုင်မှုမြင့်မှ ကျွန်မတို့မိသားစုဘဝ မြင့်မှာပေါ့။ ဒါကြောင့် ကျွန်မ လက်မှတ် မထိုးနိုင်ဘူး” အဲဒီလို ပြတ်ပြတ်သားသားပြောပြီး ထောင်ကျခံခဲ့တာပါ။

မခင်ညွန့်ဟာ ခင်ပွန်းဖြစ်သူ ဗိုလ်လှမောင်ကို စတင်တွေ့ရှိစဉ်ကတည်းက ဗိုလ်လှမောင်ရဲ့ သန့်ပြန့်တည်ကြည်တဲ့ ရုပ်ရည်နဲ့အတူ ရိုးသားဖြောင့်မတ်ခြင်း၊ အနစ်နာခံခြင်း၊ ကိုယ်ကျိုးမဖက်ခြင်းစတဲ့ ဂုဏ်အင်္ဂါတွေကြောင့် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ပြီး ချစ်မေတ္တာမျှခဲ့သူပါ။ မခင်ညွန့်ကိုယ်တိုင်ကလည်း ကျေးတောသူလေးဖြစ်ပေမယ့် တိုးတက်သူတဦးဖြစ်ပါတယ်။ အမျိုးသမီးသမဂ္ဂအဖွဲ့ဝင်တဦးဖြစ်သလို ကွန်မြူနစ်ပါတီဝင်တဦးလည်း ဖြစ်တယ်။ ဗိုလ်လှမောင်နဲ့ မေတ္တာရှိနေကြောင်း နှစ်ဦးသဘောတူလက်မှတ်ထိုးပြီး ပါတီ စည်းကမ်းအရ ကလာပ်စည်းကို တင်ပြခဲ့တယ်။ ဒီကာလမှာပဲ ဗိုလ်လှမောင်ဟာ တာဝန် အရ ခရီးထွက်သွား ရပါတယ်။ ဗိုလ်လှမောင်ဟာ ကံမကောင်းအကြောင်းမလှစွာနဲ့ တိုက်ပွဲအတွင်း လက်တဘက်မှာ ပြင်းထန်စွာ ဒဏ်ရာရလာရှာတယ်။ ဒီပြင်း ထန်လှတဲ့ ဒဏ်ရာကို မြောက်ပိုင်းတိုင်း ဆေးရုံမှာ ကုသပြီးနောက်ဆုံးမှာ အဲဒီဒဏ်ရာရတဲ့လက်ကို ဖြတ်လိုက်ရလို့ ဒုက္ခိတ တယောက်ဖြစ်သွားရပါတယ်။ ဆေးရုံက ဆင်းလာပြီးနောက် ဗိုလ်လှမောင်ဟာ ယောကျာ်းကောင်းပီသစွာ “မိမိဟာ ဒုက္ခိတ ဖြစ်သွားပြီမို့ မခင်ညွန့်နဲ့ ထာဝစဉ် လက်တွဲဖို့ မဖြစ်နိုင်တော့တဲ့အတွက် ကလာပ်စည်းတင်ထားတာကို အချိန်မီ ပြန်ဖျက်ပေးဖို့ ဝမ်းနည်းစွာနဲ့ တောင်းဆိုကြောင်း” တင်ပြတယ်။

ဒီအခါ မခင်ညွန့်က “ကျွန်မအချစ်ဟာ ရုပ်ရည်ပေါ် အခြေခံချစ်ခဲ့တာ မဟုတ်ဘူး။ မှန်မြတ်တဲ့အတွေးအခေါ်အပေါ်မှာ အဓိကထားပြီး အချစ်ကို တည်ဆောက်ခဲ့တာ၊ အခုလို ပြည်သူလူထုအကျိုးအတွက် ရန်သူကိုတိုက်ပွဲဝင်ရင်း ဒုက္ခိတ ဖြစ်ရတာ ကျွန်မ ဂုဏ်ယူတယ်။ ရာသက်ပန် ဘဝကြင်ဖော်အဖြစ် လက်တွဲကာ ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံပြီး ကျွန်မရဲ့ မှန်မြတ်တဲ့ မေတ္တာကို ဖော်ပြလိုပါတယ်”လို့ တင်ပြခဲ့တယ်။ ဒီနောက် ဗိုလ်လှမောင်နဲ့ လက်ထပ်လိုက်ပြီး ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်လာခဲ့တာပါ။

အခု ဘိုးထောင်လေးဟာ ဒုတိယမြောက် သားရတနာလေးဖြစ်တယ်။ ပထမသားကလေးက ဗိုလ်လှမောင်ရဲ့ အစ်မဖြစ်သူက ခေါ်ယူမွေးထားပါတယ်။

ဘိုးထောင်လေးဟာ အသားဖြူဖြူ နှာတံပေါ်ပေါ် မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ချစ်စရာ ကလေးပါ။ အခု ၉–၁၀လ ရှိနေပေမယ့် လိုအပ်တဲ့ အာဟာရဓာတ်ကို လုံလောက်စွာ မရရှိခဲ့တာကြောင့် မထိုင်နိုင်ရှာပါဘူး။ ဒါတင်မက စကားလည်း မပြောတတ်သေးပဲ လသားကလေးလေးတွေလို အူး အဲလောက်သာ အော်နိုင်ပါတယ်။ သူ့မျက်လုံးလေးတွေဟာလည်း ဝေဝါးဝါး အမြင်နဲ့သာ ကြည့်နေသလိုပါပဲ။

ဒီလိုဖြစ်အင်တွေကို မြင်တွေ့နေရတဲ့ မခင်ညွန့်ဟာ စိတ်ခတ်ကျမသွားဘဲ ရန်သူ အပေါ်ပိုလို့ ပြတ်သားလာပါတယ်။

ကျွန်မနဲ့ မမသန်းဟာ ဘိုးထောင်လေးကို တလှည့်စီ ချော့မော့ထိန်းနေပါတယ်။ ဒီအချိန်မှာ တာဝန်ကျ ထောင်ဝါဒါ အမျိုးသမီးက ကျွန်မတို့ကိုကြည့်ရင်း ဒီလိုပြောပါတယ်။

"ခင်ဗျားတို့ ရဲမေတွေက တယောက်ကိုတယောက် သိပ်ချစ်ခင်ပြီး ညီလည်း ညီညွတ်ကြတယ်။ အပြန်အလှန်လည်း ကူညီကြတယ်နော်"တဲ့။ (အလံနီပါတီက အမျိုးသမီးကို 'ရဲမေ' လို့ခေါ်ပြီး ကျွန်မတို့ပါတီက အမျိုးသမီး အမျိုးသား မခွဲခြားဘဲ 'ရဲဘော်' လို့ပဲ အားလုံးကိုခေါ်ပါတယ်)။

"အို… မမတင်ရယ်… ကျွန်မတို့ရဲဘော်တွေအားလုံးဟာ မိဝေးဖဝေးနဲ့ အခုလို ဒုက္ခရောက်နေတဲ့အခါမှာ အချင်းချင်း "လူတန်းစားမေတ္တာ"အပြည့်အဝထားပြီး ပိုပြီး ချစ်ခင်ကြင်နာကြရမှာပါ။ ကျွန်မတို့ဟာ "လူတန်းစားညီအစ်မတွေ"မို့ ပိုပြီးတော့ နားလည် ခွင့်လွှတ်ပြီး ကူညီကြရမှာပါ"လို့ မမသန်းက ပြောပြတော့–

"အေးဗျာ… ခင်ဗျားတို့ လုပ်ပုံကိုင်ပုံတွေ မြင်ရတော့ ရွှေဦးတုန်းက မန္တလေး ခရိုင်က ကွန်မြူနစ်တပ်သားတွေ ဖမ်းမိပြီး ရုံးတင်တရားစီရင်တော့ တွေ့မြင်ကြား သိခဲ့ရတာတွေ ကျွန်မ ခင်ပွန်းက ပြန်ပြောပြတာကို သတိရမိတယ်"

ဒါနဲ့ ကျွန်မနဲ့ မမသန်းကလည်း "ဘာများလည်း မမတင်ရယ် ဘာတွေများ မြင်ခဲ့ကြားခဲ့လို့တဲ့လဲ၊ ကျွန်မတို့ကို ဖြစ်နိုင်ရင် ပြောပြစမ်းပါဦး"လို့တောင်းပန်တော့ သူက သူသိသမျှဇာတ်ကြောင်းအပြည့်အစုံကို ပြန်ဖောက်သည်ချပါတော့တယ်။

"ဒီလိုပါ။ မနှစ်က ရွှေဦးမှာပေ့ါ။ မန္တလေးခရိုင်ထဲက မြွေတောင် တောင်တန်း ပေါ်က ကွန်မြူနစ်ဆေးရုံစခန်းကို အစိုးရတပ်က ဝိုင်းတိုက်တော့ ကွန်မြူနစ်တပ်သား ၃ ယောက် ဒဏ်ရာတွေနဲ့ ဖမ်းမိလာတယ်။ အမျိုးသားက ၂ ယောက်၊ အမျိုးသမီးက တယောက်တည်း ပါတယ်။ အဲဒီအမျိုးသမီးလေးနာမည်က 'မြမြ'တဲ့။ အမျိုးသားတွေရဲ့ အမည်ကတော့ တယောက်က 'ကိုထွန်းတင်'၊ ဟိုတယောက်က 'ကိုပေါက်စ'တဲ့။ ရုံးထုတ် စစ်ဆေးတော့ အဲဒီ တုန်းက စခန်းကို သွားတိုက်တဲ့ တပ်ခွဲမှူး ကချင်စစ်ဗိုလ်က တရားလိုလုပ် တရားစွဲတယ်။ အဲဒီမှာ ကျွန်မရဲ့ ခင်ပွန်းကလည်း ဂျူတီကျတာနဲ့ ရုံးကိုပါသွားတယ်။ အဲဒီလူ ၃ ယောက်ဟာ တယောက်ကို တယောက်သိပ်ညှာတာ တာ… တဲ့။ အဲဒီမှာ ကချင် စစ်ဗိုလ်က သူ့မျက်မြင် ကိုယ်တွေ့တွေကို ပြန်ပြောပြသတဲ့။

"ကျွန်တော်တို့ တပ်မတော်က ကွန်မြူနစ်တွေရဲ့ ဆေးရုံစခန်းကို ဝင်တိုက်လိုက်ပြီး စခန်းကိုအပိုင် သိမ်းလိုက်တယ်။ ထုံးစံအတိုင်း စခန်းကိုတော့ မီးရှို့ပစ်လိုက်တယ်။ ကွန်မြူနစ် တပ်သား ၃ ယောက်ကို ဒဏ်ရာနဲ့ ဖမ်းမိလိုက်တယ်။

အဲဒီမှာ အမျိုးသမီးတယောက် လည်း ပါတယ်။ ရိက္ခာတွေလည်း ကျွန်တော်တို့တပ်က ဖျက်ဆီးပစ်၊ တဲတွေလည်း မီးရှို့နဲ့ လုပ် စရာရှိတာတွေ လုပ်ပြီးတော့ စခန်းကို လိုက်စစ်ဆေးတယ်။ စစ်ဆေးလို့ပြီးသွားတော့မှ ဖမ်းမိထားတဲ့ လူတွေဆီပြန်လာတယ်။ ခင်ဗျား – ဒီလူတွေ ဘာလုပ်နေတယ် မှတ်သလဲ။ 'အမယ်လေး' သူတို့ ၃ ယောက်ထဲက အသက်ကြီးဆုံးလို့ ထင်ရတဲ့လူက သူ့ပေါင်က ဒဏ်ရာကို ခါးမှပုဆိုးစ အောက်ပိုင်း ဆွဲဆုတ်ပြီး ဒဏ်ရာကို စည်းထားတယ်။ ပြီးတော့ တဲဘေးမှာ လွှင့်ပစ်ထားတဲ့ နို့ဆီဘူးခွံကို ဖင်ဒရွတ်ဆွဲသွားကောက်တယ်။ တဲဘေးမှာ ကျွန်တော်တို့ လွှင့်ပစ်ထားလို့ ပြန့်ကြဲနေတဲ့ ဆန်နဲ့ကုလားပဲတွေကို လိုက်ကောက်ပြီး ဘူးခွံထဲထည့်နေတယ်။ ကျွန်တော်က ကင်းစောင့်နေတဲ့ ရဲဘော်တွေကို 'အသာနေ ဘာမှ မပြောနဲ့' လို့ တားထား လိုက်ပြီး ကျွန်တော်ကိုယ်တိုင်လည်း မလှမ်းမကမ်းကနေ 'သူတို့ ဘာလုပ်မလဲ' လို့ ဆက်ပြီး အကဲခတ်နေပါတယ်။ အဲဒီလူဟာ ဖင်ဒရွတ်ဆွဲပြီး မနားမနေ လုပ်နေတယ်။ တဲဘေးက သစ်ကိုင်းသစ်ခြောက်လေးတွေ ဝါးစလေးတွေ အကုန်လိုက် ကောက် မီးမွှေးပြီးတော့ နို့ဆီဘူးထဲက ဆန်နဲ့ ကုလားပဲကို ရေထည့်ပြုတ်တယ်။ နူးတော့ ကျန်တဲ့ ၂ ယောက်ကို သွားတိုက် အားပေးစကားတွေလည်း ပြောသေးတယ်။ 'ဘာမှ မကြောက်ကြနဲ့။ တို့ဟာ တော်လှန်ရေး သမား တွေပဲ။ ကွန်မြူနစ်တွေပဲ အမှန်တရား အ တွက် တိုက်ပွဲဝင်နေတာ။ အခက်အခဲမှန်သမျှ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကျော်နင်း၊ အောင်ပွဲဟာ ငါတို့သာ မုချ ရရမယ်'... တဲ့။ ကျွန်တော်အံ့ဩတာက သူတို့ရဲ့ဇွဲသတ္တိနဲ့ ခိုင်မာတဲ့စိတ်ဓာတ် ကိုယ်ကျိုးစွန့်လွှတ်မှု အနစ်နာခံမှုနဲ့ အချင်းချင်း ညှာတာမှု ကူညီမှုတွေ၊ ဒီပြုတ်ထားတဲ့ ပဲဆန်ပြုတ်ကလေးကိုလည်း ဟို ၂ ယောက်က အတင်း ငြင်းဆန်နေလို့ နောက်ဆုံး ၃ ယောက် အတူမျှသောက်ကြတယ်။ သူတို့ဟာ ဒဏ်ရာကိုယ်စီနဲ့ အဖမ်းခံထားရတဲ့ ဘဝ ရောက်နေတာတောင် မျက်နှာတချက်မညှိုးဘူး။ အချင်းချင်း အပြန်ပြန်အလှန်လှန် ကူညီ အားပေးစကားတွေ ပြောနေကြတယ်။ ဒီလို စိတ်ဓာတ်မြင့်မားတဲ့ စစ်တပ်မျိုး တခါမှ မတွေ့ဖူးဘူး။ မိုးအောက်မြေပြင်မှာ ဒီလိုစစ်တပ်မျိုး ရှာမှရှားပဲဗျို့'' လို့ ပြောပြတယ်တဲ့။

''အဲဒီလို ကချင်စစ်ဗိုလ်လေးက ပြောပြရင်းနဲ့ သူကိုယ်တိုင်လည်း မျက်ရည်တွေ 'ဝဲ' လို့တဲ့။ အနားက နားထောင်သူတွေ ကလည်း စုတ်တသတ်သတ်နဲ့နေတာပဲ'' တဲ့။

ကျွန်မနဲ့ မမသန်းလည်း ထောင်ဝါဒါကို စကားတောင် ပြန်မပြောနိုင် ဖြစ်ခဲ့ရတယ်။

နောက်မကြာခင် ကလာပ်စည်းထိုင်တော့ မမသန်းက အကြောင်းစုံကို တင်ပြပြီး ရဲဘော်တွေအားလုံးကို ပြောပြတယ်။ ''ဒီတိုက်ပွဲမှာ ကျွန်မတို့ဟာ စစ်ရေးအရ ရှုံးခဲ့ပေမယ့် နိုင်ငံရေးအရတော့ မြတ်တယ်။ ရန်သူစစ်ဗိုလ်ကတောင် အသိအမှတ်ပြုတာ ခံရတယ်။

ကျွန်မတို့အားလုံးဟာ ဒီလိုကောင်းမြတ်တဲ့စိတ်ဓာတ်နဲ့ လုပ်ဟန်တွေကို အတုယူလေ့လာပြီး ဆက်လက်တိုးပွားအောင် လုပ်ဆောင်သွားကြရမယ်”လို့ နိဂုံးချုပ်ပါတယ်။

အဲဒီတုန်းက ထောင်ထဲမှာ ကျွန်မတို့နဲ့ အတူ ရဲဘော်မတင်အုံး (မန္တလေး ခရိုင်ပါတီ ဥက္ကဋ္ဌ ရဲဘော်အောင်–ကျဆုံးရဲ့ဇနီး) လည်း ရှိနေပါတယ်။ သူကလည်း “ကျွန်မ ဒီရဲဘော် ၃ ယောက်လုံးကို သိပါတယ်။ သူတို့ ၃ ယောက်လုံးဟာ တလျှောက်လုံးတပ်တွင်းမှာ ဖော်ပြချက် ကောင်းတဲ့ ရဲဘော်တွေဖြစ်ကြပါတယ်။ အခု ဒီသတင်းတွေကို ကြားရတော့ ကျွန်မအနေနဲ့ ဒီရဲဘော်တွေကို ချီးကျူး ဂုဏ်ပြုသလို မန္တလေးခရိုင်က ရဲဘော် တယောက် အနေနဲ့ ဂုဏ်ယူမိပါတယ်”လို့ ပြောပါတယ်။

## သောက်တော်ဘူးရယ်နဲ့ဏ္ဍ အို့ မကွာ အို့ မကွာ

အချိန်ကာလအားဖြင့် ကျွန်မတို့ ပါတီအတွက် ဆုံးရှုံးမှုတွေ ကြီးနေတဲ့ကာလဖြစ်ပါတယ်။ ဒေသအလိုက် ခရိုင်အလိုက် တိုင်းအလိုက် ခေါင်းဆောင်ကြီးတွေလည်း ကျဆုံးတာတွေ များတယ်လို့ ခံစားမိတယ်။ ဒီလိုအချိန်မှာ “နူရာဝဲစွဲ လဲရာသူခိုးထောင်း”ဆို သလို ထောင်ထဲမှာနေရင်း မမျှော်လင့်ဘဲ ပြဿနာတခု ပေါ်လာတယ်။

မန္တလေးထောင်ထဲမှ ကျွန်မတို့ရောက်နေစဉ် မန္တလေးက နတ်ကတော်တယောက် လည်း ထောင်ကျနေပါတယ်။ ကျွန်မတို့ ရဲဘော်တွေအားလုံးဟာ လူမှုဆက်ဆံရေးအရ သူ့နဲ့ အလိုက်အထိုက် ပေါင်းသင်းဆက်ဆံမှု ရှိပါတယ်။ အပြန်အလှန် လေးစားမှုလည်း ရှိပါတယ်။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးကြီးလားဆိုတော့လည်း မဟုတ်ပါဘူး။

တနေ့နေ့လည်ခင်းမှာ ထောင်ထဲက တဝုန်းဝုန်းနဲ့ ခုန်ပေါက်အော်ဟစ် ဆူညံသံတွေ ကြားတာနဲ့ မမသန်းဆီက ကျွန်မ အင်္ဂလိပ်စာ သင်နေရာကနေပြီး စီကလပ်စ်က အသံတွေ ကြားနေရာဆီကို အပြေးအလွှား လာခဲ့တယ်။ တနေရာမှာ လူတွေအများကြီး ဝိုင်း အုံနေ တယ်။ လူအုပ်ကြီးရဲ့ အလယ်မှာတော့ နတ်ကတော်ကြီးက ဆံပင်ကိုဖားလျားချကာ ထဘီကို ပုဆိုးဝတ်သလို ဝတ်ထားပြီး သူ့လက်ထဲမှာ အရက်ပုလင်းကြီးနဲ့ တကိုယ်လုံး လည်း တဆတ် ဆတ် တုန်နေတယ်။ ခုန်ပေါက်ရင်းနဲ့လည်း ကြိမ်းမောင်းနေတဲ့အသံတွေ ကြားနေရတယ်။ “ငါ့ကို အခုမှ သတိရတယ် ဟုတ်လား။ နင်တို့ ဒုက္ခရောက်မှ ငါ့ကိုသတိ ရတာ မဟုတ်လား။ ငါ့ကို လေးစားလို့ မဟုတ်ဘူး ဟင်း... ဟင်း”

“မဟုတ်ရပါဘူး အရှင်ကြီး... အရှင်ကြီးကို သတိရပေမယ့် ကျွန်မတို့မှာ စီးပွားရေးက အဆင်မပြေလို့ အခုလို အချိန်တွေလွန်မှ ပူဇော် ပသရတာ ခွင့်လွှတ်တော်မူပါ။ နှုတ်ဖျားပန်ပါတယ်။ အခုလည်း တပည့်တော်မတို့ကို သနားသဖြင့် ပျော်ပျော်ပါးပါး စား

တော်မူပါ၊ ပျော်ပါး တော်မူပါ”လို့ ဒူးလေးတုပ်ပြီး တုန်တုန်ရီရီနဲ့ ကြက်သားကြော်ပန်းကန်ကို အပေါ်မြှောက်မြှောက်ပြီး ပသနေတဲ့ အမျိုး သမီးထောင်မှူးကို မကျေနပ်တဲ့ဟန်နဲ့ ကြိမ်း မောင်း အော်ဟစ်လို့ အားရတော့–

“ဟင်း… ဟင်း… ကိုကြီးကျော်တဲ့ဟေ့… ငါ့အကြောင်းကို သိတယ်မဟုတ်လား ဟင်း… ဟင်း… အကုန်လုံး မျိုးပြုတ်သွား မယ်ဟေ့နော် ”

“သိပါတယ်… အရှင်ကြီး… ချမ်းသာပေးပါ၊ အခုလည်း ပူဇော်ပသတာတွေကို သနားသဖြင့် ပျော်ပျော်ပါးပါး စားတော်မူပါ၊ သောက်တော်မူပါ ချိုးမြှင့်တော်မူပါ အရှင်ကြီး”

“ငါ့ကို ရေကြည်တော် အမြန်ဆက်”

ထောင်မှူးက ထောင်ဝါဒါကို ခိုင်းလိုက်တော့ မကြာခင် ငွေဖလားနဲ့ သောက်ရေ ယူလာပေးပြီး အမြန်ဆက်သလိုက်တော့ ရေကိုသောက်လိုက် အရက်မော့လိုက် ကြက်ကြော် စားလိုက်နဲ့ တော်တော်ကြာလာတော့ မျက်နှာတွေနီရဲပြီး အရှိန်ရလာတယ်နဲ့ တူပါတယ်။ တချီထလာပါတယ်။ သူက “သခင်အားရ ကျွန်ဒဏ်ဝ”ဆိုတာမျိုး လုပ်လာပါတယ်။

“ဟေ့–တပြည်လုံးမှာရှိတဲ့ ကွန်မြူနစ်တွေ ဒီနှစ်ကုန်မှာ အကုန်လုံး မျိုးပြုတ်စေမယ်ဟေ့–သိလား။ အလကား ဘုရားမရှိ တရားမရှိ မိစ္ဆာဒိဋ္ဌိတွေ အလကား တိရစ္ဆာန်တွေ ‘ဘုံဝါဒ’ ဆိုပြီး တောထဲမှာ တိရစ္ဆာန်လိုနေကြတာ၊ ဒင်းတို့ကို ငါကိုယ်တိုင် သတ်ပြမယ် မိစ္ဆာတွေရေ့… ငါ့အကြောင်း သိစေ့မယ် ဟင်း… ဟင်း”

ဩော်… ခက်လိုက်ပါဘိ။ သူနဲ့ ကွန်မြူနစ်နဲ့ ဘာမှလည်းမဆိုင်ပဲနဲ့ သက်သက် မျက်နှာလိုမျက်နှာရ စော်ကားနေတယ်။ ထောင်မှူးကတော့ ပြုံးလို့၊ ဘေးကအမျိုးသမီး တချို့က အားတုံ့အားနာနဲ့ ကျွန်မတို့မျက်နှာကို လှမ်းကြည့်နေတယ်။ ကျွန်မလည်း ဒီစော်ကားမှုကို မပေါက်ကွဲမိအောင် ထိန်းရင်း မမသန်းခေါ်ရာကို လိုက်ပြီး လူအုပ်ကြီးနားက ခွာခဲ့တယ်။

ကျွန်မတို့ ခွာလာတာကို မြင်တော့ နတ်ကတော်ကြီးက ပိုပြီးဆိုးနေတယ်။ ကဲနေတယ်။ မကြားဝံ့မနာသာတွေပြောပြီး ကွန်မြူနစ်ပါတီကို စော်ကားနေတယ်။ ကျွန်မက မမရီကို တင်ပြတယ်။ “ဒါလောက် ပါတီကို စော်ကားနေတာ ကျွန်မ မခံနိုင်ဘူး။ နတ်ကတော်ကြီးကို ဝင်ရိုက်ပစ်မယ်။ သူက ထောင်မှူးကို သက်သက် ‘ဖား’ပြနေတာ။ အကြောင်း သိအောင် ရိုက် ပစ်ချင်တယ်”လို့ပြောတော့–

“အို… ဒီလိုလုပ်ရင် မှားမှာပေ့ါ။ သူက ရန်သူမှ မဟုတ်ဘဲ။ မမရီတို့ကလည်း သာမန်အရပ်သားတွေ မဟုတ်ဘူး။ နိုင်ငံရေးသမားတွေ၊ ကွန်မြူနစ်တွေလေ… ကွန်မြူနစ် တယောက်က သာမန်ပြည်သူတယောက်ကို သွားရိုက်တယ်ဆိုရင် ရာဇဝင် ရိုင်းတော့

မှာ ပေါ့။ ပါတီကို ချစ်တယ်ဆိုတဲ့ ပါတီ့သမီးကြောင့် ပါတီရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းရတော့မယ်”

“မမရီပဲ စဉ်းစားကြည့်ပေါ့။ သူက ရန်သူမဟုတ်ဘူးဆိုပေမယ့် ရန်သူလို လုပ်ပြနေတယ်လေ။ အဃ မနာပပြောနေဆဲနေတာ၊ ပါတီရဲ့ ဂုဏ်သိက္ခာကျအောင် လုပ်နေတာ။ ကြည့်ပါ့လား။ အခုထိမပြီးသေးဘူး။ အို… ပြောနေကြာတယ်။ သွားချပစ်တာ ကောင်းပါတယ်”

ကျွန်မဟာ ဒေါသကို မထိန်းနိုင်ဘဲ စိတ်လိုက်မာန်ပါ စကားပြောနေရာက ထ လိုက်တယ်။

“ကြည်လေး… ပြောနေရင် နားမထောင်ချင်ဘူး။ ရဲဘော်တယောက်အနေနဲ့ ပြန် ထိုင်လိုက်ပါ။ လာ လာ မမရီ ကောင်းကောင်းပြောပြမယ်။ (မမရီရဲ့ အသံဟာ အေးအေး ဆေးဆေးနဲ့ ပျော့ပျောင်းလာတယ်)။ ဒီမှာ ‘ကဲ… မခံချင်လို့ သွားရိုက်လိုက်ပါပြီ။ ဘာတွေ အကျိုးထူးလာမလဲ။ ကဲ… ပြောစမ်းပါဦး။ ရိုးရိုးလေးပဲ စဉ်းစားကြည့်စမ်းပါဦး။ မင်းက သွားချရင် ဟိုကလည်း ပြန်ချမှာပဲ။ ကဲ… သူနိုင် ကိုယ်နိုင် ချကြတော့မယ်ဆိုပါတော့ မင်းက ရောဂါသည် (ကျွန်မက ငှက်ဖျား၊ အစာအိမ်ရောဂါစတာတွေ ပြင်းထန်ပါတယ်) ပိန်ချည့် ချည့်လေး၊ နတ်ကတော်ကြီးက ဝဝဖိုင့်ဖိုင့် အားရှိတယ်။ (သူဟာ ထောင်ဝင်စာကလည်း စားကောင်းသောက်ဖွယ်တွေ မပြတ်ရနေ စားနေရပါတယ်)။ (ဒါပေမယ့် ကျွန်မ မကြောက် ပါဘူး။ အင်အားကြီးတဲ့ ရန်သူကို ဘယ်လိုတိုက်ရမယ်ဆိုတာ ကျွန်မမှာ နည်းနာရှိပါတယ်)။ အဲဒါ မင်းတို့၂ ယောက် ရိုက်ကြရင် မင်းမရှုံးရအောင် ရဲဘော်တွေက ဝိုင်းကူမယ်။ သူ့ကို လည်း သူ့ကိုထောက်ခံသူတွေက ဝင်ကူကြမယ်။ အဲဒါ နိုင်ငံရေးသမားတွေနဲ့ အရပ်သားတွေ ရန်ဖြစ်ကြတယ်ဆိုပြီး ရန်သူ့အကြိုက် ဖြစ်သွားဦးမယ်။

ကိုယ်ကရှုံးရှုံး နိုင်နိုင် နိုင်ငံရေးအရ ရှုံးပြီးသားပဲ။ အဲဒီလို ရိုက်ကြနက်ကြရင် ရန်သူက ‘ကွန်မြူနစ်တွေကို လူထုတွေက မုန်းလို့ ဝိုင်းရိုက်ပစ်ခြင်း’လို့ သတင်းစာမျက်နှာဖုံးမှာ စာလုံး မည်းကြီးတွေနဲ့တောင် ထည့်ပေးလိုက်ဦးမယ်သိလား။ စကတည်းက ထောင်မှူးက ‘ဒီ ယုန် မြင်လို့ ဒီချုံထွင်တာ’ ဒီလိုနည်းနာတွေက ရန်သူလုပ်နေကျ။ ဒါမျိုးရိုးနေပြီ။ ဘယ်အရာ ကိစ္စမဆို ‘ငါ’ ဆိုတာက အရင်မစဉ်းစားနဲ့။ စဉ်းစားရင် မှားမယ်။ ရေရှည်ကို ကြည့်ရမယ်။ ကိုယ့်ကိုယ်ကိုယ် ကွန်မြူနစ်ဆိုတာလည်း မမေ့နဲ့။ တို့ ကွန်မြူနစ်တွေကို ဩဇာကျ၊ ဂုဏ် သိက္ခာ မရှိအောင် ရန်သူက နည်းမျိုးစုံနဲ့ လုပ်လိမ့်မယ်။ ဒါကိုတို့က ကွန်မြူနစ်ပီပီ ဂုဏ်သိက္ခာ ရှိရှိ စဉ်းစားလုပ်ဆောင်နိုင်မှ။ ကိုယ့်

လုပ်ရှားလုပ်ဆောင်မှု မှန်သမျှဟာ 'ပြည်သူ့အကျိုး' အတွက် ဟုတ်မဟုတ် သေသေချာချာ စဉ်းစားပါ"

မမရီက စိတ်ရှည်လက်ရှည်ပြောပြကာ နောက်ဆုံး ကျွန်မကိုကြည့်၊ အခြေအနေ အကဲခတ်နေပါတယ်။

ကျွန်မက စိတ်လိုက်မာန်ပါ ဆုံးဖြတ်ပြီး လုပ်တတ်တဲ့ ကိုယ့်အမှားကိုယ်မြင်ပြီး ယူကျုံးမရ ဖြစ်မိပါတယ်။ ဒါကြောင့် ကိုယ့်အမှားကိုလည်း ဝန်ခံလိုက်ပါတယ်။

မမရီက "ဒီကိစ္စမှာ အဓိက တရားခံဟာ ထောင်မှူးပဲ။ ဒါကြောင့် ထောင်မှူးကို ပြန်ပြီး ဦးချိုးပစ်ရမယ်"

ကျွန်မက "မမရီ ဘယ်လိုလုပ် ချိုးပစ်ရမလဲ"လို့ မေးတော့–

"အင်း... အချိန်စောင့်ရမှာပေ့ါ။ အကွက်ဆိုက်လာတော့ မမရီပြောမယ်"

အချိန်ဟာ တဖြည်းဖြည်းနဲ့ ကုန်သွားပါပြီ။ ကျွန်မလည်း မေ့မေ့ပျောက်ပျောက် ပါပဲ။ နတ်ကတော်ကြီးကလည်း ကျွန်မတို့ကို ကြည့်ကွက်၊ ကြည့်ကွက်နဲ့ လုပ် လုပ်နေတတ် ပါတယ်။ ကျွန်မတို့ ကလည်း ဘာသိဘာသာ နေပါတယ်။ ဒီလိုနဲ့ တနေ့မှာ မမရီက ကျွန်မ ကို ပြောလာပါတယ်။

"အကွက်တော့ ဆိုက်လာပြီ တို့က ဒါကို စနစ်တကျ သုံးတတ်ရင် အကျိုး ရှိ မယ်"တဲ့။ အို... ကျွန်မဖြင့် ဝမ်းသာလိုက်တာ...

မမရီက ခုလိုရှင်းပြပါတယ်။ "ထောင်မှူးရဲ့ ဒီလုပ်ရပ်ဟာ သာမန်မဟုတ်ဘူး။ ထောင်အာဏာနဲ့ နတ်အာဏာ နှစ်မျိုးပေါင်းပြီး ကွန်မြူနစ်ကိုသာမက နိုင်ငံရေးအကျဉ်း သား အားလုံးကို ဦးချိုးပစ်နိုင်တဲ့ အစီအစဉ်၊ ရေရှည်မှာ နိုင်ငံရေးသမားများအပါအဝင် အကျဉ်းသား အားလုံးကို ခေါင်းမထောင်နိုင်အောင်လုပ်ဖို့ ခြေလှမ်းပြင်တာ။ သူတို့ရဲ့ စီမံကိန်းကို မဟန့်တားနိုင်ရင် ရေရှည်မှာ နတ်ကတော် ကြီးဟာ ထောင်မှူးရဲ့လက်ကိုင်တုတ် (ထောင်မင်းသမီး) ဖြစ်လာ နိုင်တယ်။ အကျဉ်းသူတွေရဲ့ အခြေအနေဟာ အများကြီး ဆိုးသွားနိုင်တယ်။ အဲဒီတော့ အခု ဆိုက်လာတဲ့အကွက်ကို စီမံကိန်းရှိရှိ ပိပိရိရိနဲ့ လုပ်နိုင်ရင် ပထမအဆင့်မှာပဲ ပြီးသွားရင် အောင်ပွဲရနိုင်တယ်။ ဒုတိယအဆင့် ရောက်သွားရင် တိုက်ပွဲ ဟာ ရေရှည်သွားနိုင်တယ်။ ခက်ခဲကြမ်းတမ်းသွားနိုင်တယ်။ အဲဒါ အားလုံးနဲ့လည်း ဆွေးနွေး ပြီးမှ သဘောတူညီချက် ယူပြီးမှ လုပ်ရမယ်"တဲ့။

နောက်ဆုံးမှာ အားလုံးသဘောတူညီချက်အရ ဒီအစီအစဉ်အတိုင်း စလုပ် ရ မယ့်သူ (ဖောက်ခွဲသူ) အဖြစ် ကျွန်မကို တာဝန် ပေးလိုက်တယ်။ မမရီက ကျွန်မလုပ်ရမယ့် အစီအစဉ်နဲ့ ထောင်မှူးနဲ့ ရင်ဆိုင်စဉ် ပြောရမယ့်စကားကအစ အသေးစိတ်ညွှန်ကြား ပါ တယ်။

အဲဒီနေ့မနက်ပိုင်း ထောင်မှူးရုံးတက်လာပြီး လုပ်ငန်းတွေအားလုံး ပြီးသွားတဲ့ အထိ ကျွန်မဟာ ရုံးခန်းပြင်ပမှာ မသိမသာ အကဲခတ် စောင့်ကြည့်နေပါတယ်။ အလုပ်တွေ အားလုံး ပြီးသွားတော့ ထောင်မှူးဟာ သီချင်းလေးတအေးအေးနဲ့ ထိုင်နေခိုက်၊ ကျွန်မလည်း ရုံးခန်းထဲကို ဝင်သွားလိုက်ပြီး–

"အန်တီ... အန်တီကို ပြောပြစရာ ကိစ္စတခု ရှိလို့လာခဲ့ပါတယ် အန်တီ"

"ဩော်... ဩော်... ဟုတ်လား လာပါ ကြည်လေး... ထိုင်ပါ၊ ဘာကိစ္စများ ရှိနေပါသလဲ"

"ဟုတ်ကဲ့ပါအန်တီ။ ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ ဒီလိုပါ။ ဟိုလွန်ခဲ့တဲ့ ၃ ရက်လောက်က ဒေါ် – – (နတ်က တော်) ရဲ့ ခင်ပွန်းဟာ ထောင်ဝင်စာ လာတွေ့ရင်း ငွေ ၅၀ ကျပ်ကျော်ကို သံဆူးကြိုးအပေါ်က မြှောက်ပစ်သွင်းပေးသွားတယ်။ အဲဒီအချိန် ဂျူတီက ဒေါ် – – ပါ။ သူဟာမြင်လျက်သားနဲ့ မမြင်ချင်ယောင် ဆောင်နေပါတယ်။ အခုအဲဒီဒေါ် – – (နတ်ကတော်) လည်း ဒီငွေနဲ့လိုချင်တာတွေ ထောင်ဝါဒါတွေကတဆင့် မှာယူပြီး သုံးနေ ပါတယ်။ ဒီကိစ္စကို ကျန်တဲ့အကျဉ်းသား တော်တော်များလည်း သိကြပါတယ်။ အဲဒါထောင် စည်းကမ်းအရ ကိုင်တွယ်တာဟာ အားလုံးတပြေးညီ ကိုင်သင့်ပါတယ် အန်တီ။ ကျန်တဲ့ လူတွေကျတော့ စည်းကမ်းအရ ချက်ချင်းသိမ်းပစ်တယ်။ အခု ဒေါ် – – (နတ်ကတော်) ကျ တော့ ငွေ ၅၀ ကျော်တောင် ပေးကိုင်ဖို့ ခွင့်ပြုထားတာတော့ မတရားပါဘူး အန်တီ။ စည်းကမ်းကို မျှော့ကြိုးလို ကိုယ်လိုရာဆွဲပြီး ကိုင်တာ မတရားသလို ကျွန်မတို့လည်း မကျေ နပ်ပါဘူး အန်တီ။ ဒါကြောင့် ဒီလုပ်ဟန်ကို ပြုပြင်ပေးဖို့ တောင်းဆိုပါတယ်။ ဒါကို အချိန်မီ မလုပ်ပေးဘူးဆိုရင်တော့ ထောင်ပိုင်ကြီးကို သွားတင်ပြမလို့ပါ။ ဒါပါပဲ အန်တီ"

ထောင်မှူးဟာ ခဏလောက် ငိုင်သွားပါတယ်။ နောက်မှ "ဒီကိစ္စကို အန်တီမသိ တာ အမှန်ပါ။ တမင်သက်သက် မတရားလုပ်တာ မဟုတ်ပါဘူး။ အခုလို သိရတာ ကြည် လေးတို့ကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး အန်တီ။ ကျွန်မတို့ လိုချင်တာက အန်တီသိရင် ဒီမတရားမှုကို အမြန်ဆုံးပြုပြင်ပေးပါ။ အဓိကလိုချင်တာက ဒါပါပဲ အန်တီ။ ဒါမရရင်တော့ ထောင်ပိုင်ကြီး ဆီပဲ သွားရမှာပါပဲအန်တီ" ကျွန်မဟာ အချိုသာဆုံး အပျော့ပျောင်းဆုံး အသံနဲ့ ပြောပြီး ရုံးခန်းထဲက ထွက်ကာ စီကလပ်စ်ဘက်က လှေကားကို မှန်မှန်တက်ခဲ့ပါတယ်။

"ကြည်လေး... ကြည်လေး... နေပါဦး။ အန်တီကို သနားပါ ကြည်လေးရယ်" ကျွန်မဟာ ဒီအသံကြောင့် လှေကားထိပ်မှာ ရပ်ကာ နောက်လှည့်ကြည့်လိုက်တယ်။

ထောင်  မှူးဟာ ကျွန်မနဲ့ မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး မျက်ရည်တွေ ဝဲနေတဲ့ မျက်လုံးနဲ့ ကျွန်မကို ကြည့်ပြီး–

"အန်တီ့ကို သနားပါဦး ကြည်လေးရယ်၊ အန်တီတို့ ထမင်းအိုးကိုတော့ ရိုက်မခွဲလိုက်ပါနဲ့။ ထောင်ပိုင်ကြီးသာ သိသွားရင် သူဟာ စည်းကမ်းကြီးသလောက် အလွန်ရက်စက် တဲ့လူကြီးပါ။ အန်တီ့ကို ချတော့မှာ သေချာပါတယ်"

"အန်တီ့ကို မထောက်ထားလို့ မဟုတ်ပါဘူး။ အခြေအနေက အလွန်ဆိုးလွန်းလို့ မတတ်သာတဲ့အဆုံးမှ လုပ်ရမှာပါ။ ဒီကိစ္စ မခက်ပါဘူးအန်တီ။ အန်တီ့အနေနဲ့ အချိန်မီ ပြုပြင်ပေးလိုက်ရင် ကောင်းသွားမှာပါ"

ထောင်မှူးက သူ့ရုံးခန်းကို ပြန်သွားပြီး မကြာခင်နတ်ကတော်ကြီးနဲ့ ထောင်ဝါဒါဒေါ် – – (ထောင်မှူးနား အမြဲတမ်း ဖားနေသူ) ကိုပါ ခေါ်ကာ ရုံးခန်းထဲမှာ တိုးတိုးတိတ်တိတ် ခေါင်းချင်းဆိုင်နေကြပါတယ်။

ထောင်မှူးက ကျွန်မနောက် လိုက်လာပြီး တောင်းပန်နေတာကို သိလိုက်တဲ့ အကျဉ်း သူများကလည်း ကျွန်မဆီလာပြီး အကျိုး အကြောင်း မေးနေကြလို့ ပြန်ရှင်းပြရနဲ့ ဟိုနားတစ ဒီနားတစ တိုးတိုး တိုးတိုးနဲ့ ဖြစ်နေပါတယ်။

"အို… ရှုပ်ပါတယ်။ ထောင်ပိုင်ကြီးဆီသာ သွားတင်လိုက်ပါ။ ဒါမှ ကျောင်းမှန်းကန်မှန်း သိသွားမှာ" ဒီအသံတွေက ဟိုကထွက်လာ ဒီကထွက်လာနဲ့ ဆူနေပါတယ်။ ကျွန်မ လည်း ဘာမှမပြောဘဲ တိတ်တိတ် နေလိုက်တယ်။

လက်တုံ့ပြန်တဲ့ တိုက်ပွဲ… ကတော့ အောင်မြင်သွားပါပြီ။ ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် 'ခဲတလုံးနဲ့ ငှက် ၃ ကောင် မှန်' ဆိုသလို ဖြစ်သွားတယ်။ ထောင်မှူးရော၊ ထောင်ဝါဒါရော၊ နတ်ကတော်ကြီးပါ ငြိမ်သွားပါတယ်။ ထူးခြားတာက ဒီဖြစ်ရပ်လည်း ပြီးရော အကျဉ်းသူတွေထဲမှာ ပြဿနာပေါ်လာရင် ကျွန်မတို့ပါတီခေါင်းဆောင် အမျိုးသမီးတွေ ဆီမှာ လာတိုင်ပြီး ဆုံးဖြတ်ပေးသမျှ ကျေကျေနပ် နပ်လက်ခံပါတယ်။ "ဘယ်အရာကိစ္စမဆို တရားသဖြင့် ဖြေရှင်းပေးတယ်"ဆိုတာ ယုံကြည်လက်ခံကြခြင်းပါပဲ။

ကျွန်မတို့လည်း လူထုလုပ်ငန်းကို ပိုဂရုစိုက် လုပ်ပါတယ်။ အကျဉ်းသူတွေ နေမကောင်းရင် ထောင်မှူးကို တင်ပြပေးတာ၊ ထောင်ဆရာဝန်(အမျိုးသမီးဆရာဝန်) လာရင် လူနာကို ခေါ်ပြပေးတာတွေ လုပ်ပါတယ်။ ဆရာဝန်က သဘောထား မကောင်းပါဘူး။ မမ သန်းတို့အိမ်က ပို့လာတဲ့ ဆေးများနဲ့ပဲ လူနာတွေကို ပေးပြီးသုံးနေရပါတယ်။ ဗိုက်ချွေ့ဆေး၊ အနောက်တိုင်း အစုံရှိပါတယ်။ ခေါင်းကိုက်၊ ဗိုက်နာ၊ ဝမ်းလျှော၊ အအေးမိ၊ နှာစေးချောင်းဆိုး သာမန်ကိစ္စလေးတွေတော့ ကုလို့ရပါတယ်။ ရောဂါကြီးရင် ပြင်းထန်ရင်တော့ မတတ်နိုင် ပါဘူး။ ကျွန်မတို့ ရဲဘော်တွေထဲမှာလည်း ဆရာဝန်ရှိပါတယ်။

ဒေါ်ခင်ရီအောင် (ရဲဘော် အောင်ရဲ့ ဇနီး) ဟာ ဆရာဝန်ပါ။ ဒါပေ မယ့် ဘာဆေးမှမရှိတော့ ရောဂါကြီးတွေကိုတော့ မတတ်နိုင်ပါ။ ဒီလိုနဲ့ အကျဉ်းသူများရဲ့ ကျန်းမာရေးကိုလည်း တတ်နိုင်သမျှ ဂရုစိုက်ပေး ပါတယ်။ ကျွန်မတို့ ပါတီထဲက ဘီကလပ်စ် ရတာ ၃ ယောက်ရှိပါတယ်။ ထမင်းဟင်းတွေ အများကြီးပိုနေတယ်။ မမရီနဲ့ ကျွန်မကို အတူ စားဖို့ သဘောထားပေးပေမယ့် ကျွန်မတို့ ၂ ယောက်လုံးက လက်မခံလို့ အကျဉ်းသားထဲမှ ကလေးငယ်များ၊ မကျန်းမာသူများနဲ့ အားနည်းသူများကို လိုအပ်သလို ဝေငှပေးပါတယ်။

ထောင်မှူးဟာ ကျွန်မတို့ ဘာလုပ်နေတယ်ဆိုတာကို သိပေမယ့် မသိယောင် ဆောင်နေတယ်။ ဒီလိုနဲ့ ကျွန်မတို့ နိုင်ငံရေးသမားတွေလက်ထဲ ထောင်အာဏာ ရောက်မှန်း မသိ ရောက်လာတယ်။ အသေးအဖွဲတွေကိုတော့ သူက ဂရုမစိုက်ပါ။ ကျွန်မတို့ နိုင်ငံရေး အကျဉ်းသမားတွေအပေါ်မှာ ဆက်ဆံရေး ပိုပျော့ပျောင်းလာတယ်။

တကယ်က ပထမအဆင့်မှာ မပြီးလို့ ထောင်ပိုင်ကြီးဆီကို ဒီပြဿနာ ရောက် ခဲ့ရင် စည်းကမ်းအရ ကိုင်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် နိုင်ငံရေးသမားတွေကို ဦးချိုးချင်တာနဲ့ တနည်းတဖုံ လှည့်ပြီး ကိုင်တာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ထောင်ပိုင်ကြီးက လူရည်ပိုလည်၊ အာဏာလည်း ပိုကြီးတော့ တချီတည်းနဲ့ ထောင်မှူးကိုရော နိုင်ငံရေးသမားတွေပါ ချလိုက်တာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။

အခုတော့ ပထမအဆင့်မှာပဲ ပြီးသွားတော့ အခြေအနေ ပိုကောင်းပါတယ်။

## စည်းလုံးညီညာ အောင်ကြောင်းသာ

တနေ့ဘီကလပ်စ် ထမင်းချိုင့်လာပို့ရင်း ဒေါ်သိန်းနုရဲ့ခင်ပွန်းဦးလှ(ပျဉ်းမနားခရိုင်၊ ခရိုင်ပါတီကော်မတီ) က စာရေးပေးလာတယ်။ အကြောင်းက **(၁) မကျန်းမာတဲ့ ရောဂါ သည် ထောင်သားတွေကို ကောင်းစွာ ဆေးကုမပေးခြင်း (၂) နိုင်ငံရေးသမား တွေကို စာဖတ်ခွင့် ရေဒီယို နားထောင်ခွင့်များ ပိတ်ခြင်း (၃) ထောင်သားတွေကို ပိုမိုဖိနှိပ် လာခြင်း** စတာတွေကြောင့် ဒီနေ့ညက စလို့ "ထောင်တွင်းတိုက်ပွဲ" ဝင်ပါမယ်။ အမျိုးသား ထောင်မှာ ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားများ (ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီ ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်) တို့က စုပေါင်းပြီး "သုံးပါတီ တိုက်ပွဲကော်မတီ" ဖွဲ့စည်း တိုက်ပွဲဆင်မှာ ဖြစ်ကြောင်း ရဲဘော်တို့ အမျိုးသမီးထောင်ကလည်း "ထောက်ခံသပိတ် တိုက်ပွဲ"ဖြင့် ပါဝင် ကူညီစေလိုကြောင်း အကြောင်းကြားစာဖြစ်ပါတယ်။

(ဒီအချိန်က အမျိုးသားထောင်မှာ အကျဉ်းသားတထောင်ကျော်ရှိပါတယ်။ နှစ်ကြီးသမားတွေ ထောင်ကလွတ်ခါနီး အကျဉ်းသားတွေကို မ်လ္လာအဖွဲ့၊ ထမင်းချက် ဖိုကြီးအဖွဲ့၊ တောင်ယာလုပ်ငန်းအဖွဲ့ စသဖြင့် ဘုတ်အဖွဲ့တွေ ဖွဲ့ထားပြီး အလုပ်ခိုင်းပါတယ်။

ပျော့ရက်လည်း များများပေးပါတယ်။ ဖိုကြီးဘုတ်အဖွဲ့နဲ့ မိလ္လာဘုတ်အဖွဲ့တို့ဟာ မနက်တကြိမ် ညနေတကြိမ် အမျိုးသမီးထောင်က ဘီကလပ်စ်အတွက် ထမင်းပို့၊ မိလ္လာသိမ်းလာရ ပါတယ်။)

ကျွန်မတို့လည်း စာရပြီးနောက် ကလာပ်စည်း အမြန်ထိုင်ပါတယ်။ ဒေါ်နှင်းမေ (မမေ – အလံနီပါတီ သခင်စိုးဇနီး) ကိုလည်း တင်ပြ ဆွေးနွေးပါတယ်။

ဒေါ်နှင်းမေကလည်း သဘောတူတာမို့ "နှစ်ပါတီ ပူးတွဲတိုက်ပွဲကော်မတီ" ဖွဲ့စည်းပြီး အဲဒီညဘက်မှာပဲ ထောက်ခံသပိတ် တိုက်ပွဲဆင်လိုက်ပါတယ်။

ထောင်ပိတ်ပြီး ညနေ ၆ နာရီမှာ လူအားလုံးစစ်ပြီး 'တန်းပိတ်' ပါတယ်။ (ထောင်တံခါးကြီး ပိတ်လိုက်တာကို တန်းပိတ်တယ်လို့ ခေါ်တယ်)။ တန်းပိတ်တာနဲ့ အမျိုးသားထောင်မှာ "သပိတ်တိုက်ပွဲ"ဆင်နေကြောင်း၊ သူတို့ ဘာကြောင့် တိုက်ပွဲဆင်ရတယ်ဆိုတာ အကျယ်တဝင့်ရှင်းပြပြီး ဒါကြောင့်ဘဝတူ အကျဉ်းသားများကို စာနာမှုနဲ့ အမျိုးသမီးထောင်မှာရှိတဲ့ (ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အလံနီပါတီ) တို့ဟာ "ပူးတွဲကော်မတီဖွဲ့စည်း" ပြီး ဒီညကစလို့ ထောက်ခံသပိတ်တိုက်ပွဲ စတင်ဆင်နွှဲလိုက်ပြီဆိုတာ အစည်းအဝေးမှာ ကြေညာ လိုက်တယ်။ အဲဒီနောက် ကြွေးကြော်သံများ တခဲနက်တိုင်လိုက်ပါတယ်။

| | |
|---|---|
| ***မတရားဖိနှိပ်တဲ့ထောင်ပိုင်** | **(အလို မရှိ)၂** |
| ***ကျန်းမာရေးမကောင်းတဲ့ အကျဉ်းသားများကို** | **(ဆေးကုပေး)၂** |
| ***မူလက ပေးထားတဲ့ အခွင့်အရေးတွေ** | **(အားလုံးပြန်ပေး)၂** |
| ***အမျိုးသားထောင်က သပိတ်တိုက်ပွဲကို** | **(တို့ထောက်ခံတယ်)၂** |
| ***တရားတဲ့သပိတ်တိုက်ပွဲကို** | **(တို့ထောက်ခံတယ်)၂** |
| *** အရေးတော်ပုံ** | **(အောင်ရမယ်)၂** |

ကြွေးကြော်သံတွေ တိုင်ပြီးနောက် လူထုကြီးဟာ အရှိန်ရလာပြီး အိပ်ခိုင်းလို့မရတော့ပါ။ သီချင်းတွေဆိုပြီး ပျော်ပျော်ပါးပါး ကနေကြပါတယ်။ (ကျွန်မတို့ပါတီက အမေဆင်ကို ပွဲတောင်းပါတယ်။ သူက ပျော်လည်းပျော်တတ်၊ ကလည်းကတတ်ပါတယ်။ ပြီးတော့ အမေပြန့်ကို ပွဲတောင်းကြပြန်ပါတယ်။ အမေပြန့်က အလံနီပါတီကပါ။ အမေပြန့်ကလည်း တော်တော်ကတတ်ပြီး သူ့က ယဉ်လည်းယဉ်လို့ အလွန်ကြည့်လို့ လှပါတယ်)။ ကျွန်မတို့ အငယ်တွေလည်း မနေရပါ။ ပွဲတောင်းရင် ထွက်ကရပါတယ်။ ထောင်ဝါဒါတွေက ခဏခဏ လာပြောနေပါပြီ။ မရတဲ့အဆုံး သူတို့က သူတို့အပေါ် အပြစ်ကျမှာ ကြောက်တဲ့ အကြောင်းပြောပြီး လာတောင်းပန်ပါတယ်။ ဒါနဲ့ ကျွန်မ တို့လည်း ကနေတာတွေ ရပ်လိုက်ပြီး မအိပ်ခင် နောက်ဆုံးတခေါက် ကြွေးကြော်သံကို တိုင်လိုက်ပါတယ်။ ထောင်အမိုးတွေ ပွင့်ထွက် သွား

မတတ် အော်ကြပါတယ်။ (အမျိုးသားထောင်နဲ့ ကျွန်မတို့က မီတာ ၁၀၀ ကျော်လောက် ဝေးပါတယ်။ ဒါကြောင့် ဟိုကရဲဘော်တွေ ကောင်းကောင်းကြားရအောင် သံကုန်ဟစ်အော်ပြီး အားပေးနေတာပါ)။

ကျွန်မတို့အော်ပြီး ငြိမ်အသွားမှာ အမျိုးသားထောင်ဘက်က ကြွေးကြော်သံတွေကို ကြားလိုက်ရပါတယ်။ ဒါကြောင့် ကျွန်မတို့လည်း မအိပ်သေးဘဲ ဟိုဘက်က အသံငြိမ် သွားတာနဲ့ ကျွန်မတို့က ဆက်ပြီး ကြွေးကြော်သံတွေ အော်လိုက်ပါတယ်။ ဒီလိုနဲ့ အပြန် အလှန် အတိုင်အဖောက် ညီညီကြွေးကြော်ရင်း ညရဲ့တိတ်ဆိတ်ငြိမ်သက်နေတဲ့ အမှောင်ထု ကို ဖောက် ထွင်းပြီး မတရား ဖိနှိပ်မှုကို ခေါင်းငုံ့မခံ တော်လှန်အန်တုပြီး စိန်ခေါ်လိုက်ပါတယ်။ ကြွေးကြော်သံတွေ တိုင်ရတာ နေ့ခင်းဘက်ထက် ညဘက်က ပိုအရာရောက်ပါတယ်။ ထောင်ဝန်းကျင် တခုလုံး မသိချင်လို့ မနေရပါ။

နောက်တနေ့ သပိတ်မှောက်သူတွေအားလုံး ထောင်အိပ်ခန်း အပြင်ဘက် မထွက်ရ တော့ပါ။ (ပုံမှန်ဆိုရင် မနက် ၆ နာရီ တန်းဖွင့်ပေးတယ်)။ သပိတ်မှောက် အင်အားက ၅၀ လောက်ရှိပါတယ်။

ကျွန်မတို့ နိုင်ငံရေးအကျဉ်းသမားတွေက နှစ်ပါတီပေါင်း ၂၅ ယောက်ပဲ ရှိပါတယ်။ ကျန်တာက ရိုးရိုးအရပ်သား အကျဉ်းသား တွေပါ။

ကျွန်မတို့ဟာ အုပ်စု ၂ စုခွဲပြီး ကြွေးကြော်သံတွေတိုင်လိုက်၊ ထောင်ဗူးဝ ရှေ့ရောက်လာသူတွေ၊ ကျွန်မတို့ကို လာကြည့်သူတွေ အားလုံးကို “ဘာကြောင့် သပိတ်မှောက် ရတယ်” ဆိုတာ အလုံးစုံ ရှင်းပြပါတယ်။ သူတို့ကလည်း စိတ်ပါဝင်စားစွာ နားထောင်ကြ တယ်။ ကျွန်မတို့အဖွဲ့ တာဝန်ပြီးသွားတဲ့အခါ အရေးပေါ်ကလာပ်စည်း အစည်းအဝေး ထိုင်လိုက်ပါတယ်။ သပိတ်တိုက်ပွဲကို ရေရှည်ဆင်နွှဲသွားနိုင်ရေးအတွက်ပါ။ တောင်းဆိုတာ မရရင် သပိတ်က အချိန်ကြာနိုင်ပါတယ်။ အချိန်မြန်မလား၊ ကြာမလား ဆိုတာ ရန်သူအပေါ်မှာ တည်ပါတယ်။ မိမိတို့ကတော့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်အရ အရှုံးပေးရေး မစဉ်းစား ပါဘူး။ ဒါပေမယ့် ရေရှည်တိုက်ပွဲဆင်နိုင်အောင် ဘက်စုံက ပြင်ထားရပါမယ်။ ထောင်အတွေ့ အကြုံရှိတဲ့ မမရီက ခုလို ရှင်းပြပါတယ်။

“ကျွန်မတို့ အခုတိုက်ပွဲမှာ မျှော်မှန်းထားတာထက် အင်အားက ပိုများနေပါတယ်။ အရန်အင်အားတွေက ကျွန်မတို့ ရဲဘော်တွေအင်အားလောက်ကို များနေတယ်။ အဲဒီအင်အား တွေဟာ စိတ်ဓာတ်တက်ကြွနေတဲ့ ပြည်သူတွေပါ။ ဒါနဲ့ ပတ်သက်လို့ ကျွန်မတို့ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ဖို့လိုတယ်။ ဒီအင်အားတွေဟာ တကယ်တန်ဖိုးရှိတဲ့ အင်အားတွေပါ။ ဒါပေမယ့် သူတို့ဟာ ရန်သူနဲ့ သူနိုင်ကိုယ်နိုင်တိုက်တဲ့ တိုက်ပွဲမှာတော့ ရဲဘော်တွေကို တွက်သလိုတွက်လို့ မရနိုင်ဘူး။ သူတို့ဟာ နိုင်ငံရေးအသိ မရင့်ကျက်သေး

ဘူး။ သူတို့မှာ လူမှုရေးကိစ္စအဝဝတွေ ရှိသေးတယ်။ ဆိုလိုတာက သားရေးသမီးရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးလုပ်ငန်းစတာတွေ ရှိသေးတယ်။ ဒါက သူတို့နဲ့ ရဲဘော်တွေ မတူတဲ့အချက်တွေပဲ။ ဒါကြောင့် သူတို့ကို ကျေးဇူးတင် ဂုဏ်ပြုတဲ့အကြောင်း မှတ်တမ်းတင်ရမယ်။ ဒါပေမယ့် အဓိကအင်အားအဖြစ် မသုံးသင့်ဘူး။ တိုက်ပွဲဟာ ရေရှည်ပြီး ကြမ်းတမ်းခက်ခဲလာရင် ရန်သူက ဒီအင်အားစုတွေကို နည်းမျိုးစုံ နဲ့ခွဲပစ်တဲ့အခါ ပျော့သွားရင် ဂယက်ရိုက်ခတ်မှုလည်း မကောင်းဘူး။ တိုက်ပွဲအရှိန်လည်း ပျက်သွားနိုင်တယ်။ ဒီအင်အားစုတွေကို အရန်အင်အားအဖြစ်ထားပြီး (သတင်းပေး၊ သတင်းယူ၊ ရိက္ခာထောက်ပံ့) စတဲ့ဘက်တွေမှာ သုံးသင့်ပါတယ်။ ဒါကို သူတို့ နားလည်အောင် ဖျောင်းဖျပြောဆိုပြီး အခုလို တိုက်ပွဲအစမှာပဲ ထွက်ခိုင်းလိုက်ပါ။ ရန်သူ ကို ပြောတော့ နားမလည်လို့ ဝင်ပါမိတယ်လို့ ပြောခိုင်းပါ" ဒီကိစ္စကို အမြန်ဆုံးလုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချပြီး အစည်းအဝေးကို အဆုံးသတ်လိုက်တယ်။

ကျွန်မတို့တိုက်ပွဲထဲမှာ ကလေး ၂ ယောက်ပါပါတယ်။ တယောက်က 'အလင်း' တဲ့၊ ၇ နှစ်သားလေး၊ မိခင်ဖြစ်သူ မခင်မြင့်နဲ့ အတူဖမ်းမိလို့ ထောင် ၂ နှစ်ကျခံနေရတယ်။ သူ့အဖေက တိုင်း ၃ ၊ ကသာခရိုင်က မြို့နယ်တပ်မှူး ဗိုလ်တင်မောင် (အာဇာနည် ရဲဘော်)ပါ။ နောက် တယောက်က 'ဘိုးထောင်' တဲ့၊ တနှစ်သားလေးပါ။ မိခင်မခင်ညွန့်ကို ဖမ်းမိပြီး ထောင်ထဲ ရောက် မှ မွေးလို့ 'ဘိုးထောင်' လို့ပဲ ခေါ်ကြပါတယ်။ သူ့အဖေက မန္တလေးခရိုင်က တပ်မှူး ဗိုလ်လှ မောင်... တဲ့။ ကျွန်မတို့ဟာ ဒီကလေး ၂ ယောက်ကို လည်း ထောက်ထားရ ပါတယ်။ မိခင် ၂ ဦးလုံးက စိတ်ဓာတ်ခိုင်မာကြပေမယ့် ရေရှည်ဆိုရင် ကလေးများအတွက် စဉ်းစားပြီး တိုက်ပွဲထဲမှ ထွက်ရန် မေတ္တာရပ်ခံရမှာပါ။

နေကပူပူနဲ့ ကျွန်မတို့တတွေဟာ ကြွေးကြော်သံတွေတိုင်လိုက် တရားဟော လိုက်နဲ့ တက်ကြွနေပါတယ်။ ထောင်ဝါဒါတွေကလည်း အပြင်ဘက်ကနေပြီး ကျွန်မတို့ မကြား ကြားအောင် "နန်းတွင်းက ဖိုးချင်းကို ခေါ်ထားပြီ မကြာဘူး လာလိမ့်မယ်"နဲ့ ခြိမ်းခြောက် ပြောနေပါတယ်။

နန်းတွင်းက ဖိုးချင်းဆိုတာ နန်းတော်ထဲမှာ တပ်စွဲထားတဲ့ အမှတ် ၄ ချင်း သေနတ်ကိုင်တပ်ရင်းကို ပြောနေတာပါ။ သပိတ်တိုက်ပွဲကို အကြမ်းဖက်ဖြိုခွဲဖို့ စီစဉ်နေပုံရ ပါတယ်။

အပြင်က တိုက်ပွဲထဲမပါသူများကိုတော့ မနက်စာ ကျွေးပြီးပါပြီ။ ကျွန်မတို့ တိုက်ပွဲထဲပါသူများကိုတော့ ဘာမှမကျွေးပါ။ အကျဉ်းသူအချို့ဟာ မျက်ရည်စက်လက်နဲ့ သူတို့ ရတဲ့ပုံစံထမင်းလေးကို ဝါဒါတွေ မသိအောင် ခိုးပြီးပေးနေပါတယ်။ ကျွန်မတို့က အတန်

တန်ငြင်းပေမယ့် မရတဲ့အဆုံး ကလေး ၂ ယောက်အတွက် သင့်တော်ရုံယူပြီး ကျန်တာတွေကို တောင်းပန်ကျေးဇူးတင်စကားပြောကာ ပြန်ငြင်းနေရပါတယ်။

**ငါးနဲ့ရေဟာ စဉ်မကွာ သီးနှံပျိုးပင်ပမာ**
**တော်လှန်တဲ့ပြည်သူ ကွန်မြူနစ်ပါတီ**
**စဉ်မြဲတွဲယှက်ကာ**

နေ့လည် ၁ နာရီလောက် ရှိပါပြီ။ ပူပြင်းလှတဲ့ နေရောင်အောက်မှာ အကာအကွယ်ဆိုလို့ သစ်ခက်တခက်တောင် မရှိတဲ့ သွပ်မိုးအိမ် ထောင်ကြီးထဲမှ ကျွန်မတို့တတွေဟာ ဒယ်အိုးကြီးထဲထည့်ပြီး လှော်တာခံနေရသလို ခံစားနေရပါတယ်။ ဒီအချိန်မှာပဲ ကားကြီး ၃ စီး ထောင်ဗူးဝရှေ့မှာ ထိုးဆိုက်လိုက်ပါတယ်။ ကားထဲမှာ စစ်သားတွေ အပြည့်ပါလာတယ်။ "ဟေ့ ဖိုးချင်းတော့ ရောက်လာပြီ ကြေးကြော်သံတွေ တိုင်ကြရအောင်ဟေ့" ဆိုပြီး ကြွေးကြော်သံတွေ တိုင်ကြပါတော့တယ်။ ပြီးတော့ ဘာကြောင့် သပိတ်မှောက်ရတယ် ဆိုတဲ့အကြောင်းကို ရှင်းလင်းပြောဆို တရားဟောပါတယ်။

ဒီအခိုက်မှာ မမျှော်လင့်တဲ့ ဖြစ်ရပ်တခုကို မြင်လိုက်ရပါတယ်။ 'အလင်း' ကလေး ဟာ ထောင်နံရံပျဉ်ပြားတွေကို တွယ်ကပ် တက်ပြီး တရားဟောနေခြင်းပါပဲ။ "ဦးဦးတို့ရေ သားသားကိုကြည့်ကြပါဦး။ သားသားအခုအချိန်ထိ ထမင်းမစားရသေးပါဘူး။ သားသား ဗိုက်ဆာလှပါပြီ။ ဟိုဘက်ထောင်က ဦးဦးတွေကို မတရားလုပ်လို့ သားတို့ရဲ့မေမေနဲ့ ဒေါ်ဒေါ်တို့က သပိတ်မှောက်ရတာပါ။ ဦးဦးတို့ရေ ဒီမှာကြည့်ပါဦး။ သားသားနာမည်က 'လင်းလင်း'ပါ။ အသက် ၇ နှစ်ရှိပါပြီ"တဲ့။ တရားဟောနေတဲ့ 'လင်းလင်း'ဟာ သူ့ လက်ကလေး ၂ ဖက် ကို အပြင်ထုတ်ပြီး သူ့အမေနဲ့ အဒေါ်တွေ ပြောတာဆိုတာတွေကို မှတ်ထားပြီး အခုလို ပြောနေတာနဲ့ တူပါတယ်။ ကျွန်မတို့က ကလေးကို သနားလည်းသနား၊ သူအခုလို ပြောတတ် ဆိုတတ်တာကိုကြည့်ပြီး အံ့လည်းအံ့သြ ဝမ်းလည်းဝမ်းသာနဲ့ ခံစားမှု မျိုးစုံ ဖြစ်နေရပါတယ်။

ကလေးစကားပြောနေတုန်းကို ကျွန်မတို့ လူကြီးတွေက ဘာမှမပြောဘဲ ငြိမ်နေလိုက်ပါတယ်။ ဒီလိုပြောဆိုနေတာကို ထောင်ဗူးဝရှေ့က ကောင်းကောင်းကြား နိုင်ပါတယ်။ ထောင်ဗူးဝနဲ့ ကျွန်မတို့ အမျိုးသမီးထောင်ကြီးက မီတာ ၂၀–၃၀ ကျော်လောက်ပဲဝေး တာပါ။ ထောင်က သပိတ်မှောက်တာကြားလို့ လာကြည့်နားထောင်တဲ့ လူတိုင်းဟာ ကလေးက တရား ဟောတော့ ဒီဘက်ကိုကြည့်ပြီး သံဆူးကြိုးတွေကာထားတဲ့ အနားထိ တိုးလာပြီး နားထောင် နေတာကို မြင်ရပါတယ်။

ကား ၃ စီးရောက်လာတာ မိနစ် ၂၀ လောက်ကြာတော့ အခြေအနေ ဘယ်လို ဖြစ်တယ်ဆိုတာတော့ မသိပါဘူး။ ကားပေါ်မှ ဆင်းပြီး ရပ်နေ စကားပြောနေကြတဲ့ စစ်သားတွေအားလုံး ကားပေါ် ပြန်တက်ပြီး ကား ၃ စင်းလုံး နောက်ရင်းကို ပြန်လှည့်မောင်း သွားပါ တယ်။ နောက်ဆုံးကားပေါ်က စစ်သားတချို့ဟာ ကျွန်မတို့ဘက်ကို လက်ပြနှုတ်ဆက် သွားပါသေးတယ်။

တနေ့တာအတွက်ကတော့ လုံးဝမပြီးသေးပေမယ့် ဟိုဘက်ထောင်က ရဲဘော်တွေအတွက် စိုးရိမ်ပူပန်နေရတဲ့စိတ်ဟာတော့ ယာယီအားဖြင့် ငြိမ်းအေးခဲ့ရပါတယ်။

ကျွန်မတို့အားလုံး ခဏနားနေကြပါတယ်။ ဒီအချိန်မှာ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ ရွှေမိ (ဘိန်းမှုနဲ့ ထောင်ကျနေတဲ့ ကလေးမလေး၊ သူ့နာမည်ရင်း မဟုတ်၊ ကျွန်မတို့ပေးထားတဲ့အမည်) က ခေါက်ဆွဲကြော် ၃ ထုပ်၊ ချောကလက် ၂ ထုပ်ကို ထောင်နံရံပျဉ်ကြားပေါက်ကနေ ခိုးသွင်းပေးလာပါတယ်။

ကျွန်မတို့ဟာ စားစရာတွေကို အသက်ကြီးသူများနဲ့ ကလေး ၂ ယောက် အတွက် အဓိက ဦးစားပေး ခွဲဝေပေးပြီး ကျန်တာကို လူငယ်များ ဝေငှစားစေပါတယ်။ စားသောက်ပြီးတော့ ကျွန်မတို့လုပ်ငန်းကို ပြန်ဆက်လိုက်ပါတယ်။ ကျွန်မတို့ တရားဟောနေခိုက်မှာ ဖိုကြီးသမား ၂ ယောက် သံပုံးကြီးတလုံးကို ထမ်းပြီး ကျွန်မတို့ထောင်ဘက်ကို လာနေပါတယ်။ အနားရောက်လို့ကြည့်လိုက်တော့ ကော်တွေကျိုပြီး ယူလာတာတွေ့ ရပါတယ်။ ကျွန်မတို့ကလည်း ကြွေးကြော်သံတိုင်နေရင်း 'ကော်ခွက် ကော်ခွက် ယူခဲ့ ယူခဲ့' လို့ အော်လိုက်ပါ တယ်။ တကယ်ပဲ ကျွန်မတို့အတွက် ယူလာတာပါ။ အမျိုးသမီးဝါဒါတွေက ခွက်နဲ့ခပ်ပြီးလာပေးပါတယ်။ မမသန်းအိမ်က ပို့ထားတဲ့ သကြားနဲ့ ကော်နဲ့ရောပြီး စားလိုက်ရတာ တော်တော် အရသာ ရှိပါတယ်။ (တခြားသူများ ဘယ်လိုနေတယ်တော့ မသိပါဘူး။ အဲဒီကာလက ကျွန်မမှာ အစာအိမ်ရောဂါ ပြန်ထနေတာ ပြင်းထန်နေတဲ့ ကာလမို့ ကော်ပျစ်ပျစ်နဲ့ သကြားနဲ့ ဆိုတော့ တော်တော်အဆင်ပြေပါတယ်)။ ညဘက်မှာဆိုရင်လည်း သပိတ်စခန်းမှာ 'စကားရည်လုပွဲ' ရှိတာမို့ အားလုံးပျော်ပျော်ပါးပါး ရှိကြတယ်။ ညဦးပိုင်း ၈ နာရီလောက်အထိ ကြွေးကြော်သံတိုင်ကြ၊ ပြီးရင် 'စကားရည်လုပွဲ' ဆက်လုပ် လိုက်နဲ့ ပွဲကစည်နေပါတယ်။

"ငြိမ်းချမ်းရေးကို ဘာကြောင့်လိုချင်ရတာလဲ"ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြောကြဆိုကြတော့ အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျွန်မတို့ ရဲဘော်တွေထဲမှာ အမေ ၂ ယောက်ရှိပါတယ်။ တယောက်က 'အမေဆင်'(ဒေါ်ဆင်) လို့ခေါ်ပြီး သူက ဆေးလုပ်သားပါ။ မမဖြူ (ဒေါ်ခင်ရီအောင်) နဲ့အတူ ဖမ်းမိပြီး ထောင်ကျနေတာပါ။ နောက်တ ယောက်က 'အမေပြန့်'(ဒေါ်ပြန့်)လို့ခေါ်ပြီး၊ သူက အလံနီပါတီကပါ။ နှစ်ယောက်စလုံး

ကသာခရိုင်အတွင်းက ကဒူးအမျိုးသမီးကြီးတွေပါ။ အလွန်ရိုးသားပြီး အင်မတန် သဘော ကောင်း ပါတယ်။ ဆက်ဆံရေးလည်း ကောင်းပါတယ်။ ရဲဘော်တွေကလည်း ဝိုင်းဝန်းခင်မင် လေး စားကြပါတယ်။ အမေဆင်က အသက်နည်းနည်း ငယ်ပါတယ်။ စကား ရည်လုပွဲမှာ အမေပြန့်ကို နိုင်အောင်ပြောနိုင်ဖို့ တော်တော်ခဲယဉ်းပါတယ်။ အမေပြန့် စကားပြောပြီ ဆိုရင် အသံနေ အသံထား ဟန်ပန်အမူအရာ စကားအချက်အလက် အထောက်အထား တွေ ပြည့်စုံလှပြီး ဝေါဟာရလည်း တော်တော်ကြွယ်ပါတယ်။ ပုံတိုပတ်စလေးတွေကို ကြားညှပ်ပြောတတ် ပါသေးတယ်။

ညဂျူတီကျ ထောင်ဝါဒါတွေလည်း ထောင်နံရံအပြင်ဘက်ကနေ ကျွန်မတို့ စကား ရည်လုပွဲကို နားထောင်လိုက် ကြည့်လိုက် ရယ်မောလိုက်နဲ့ အပျင်းပြေနေပါတယ်။ ည ၁၀ နာရီလောက်မှာ စကားရည်လုပွဲ ပြီးပါတယ်။ အမေပြန့်တို့အစုက ပထမရပါတယ်။

စကားရည်လုပွဲပြီးသွားတော့ ထုံးစံအတိုင်း အလံနီပါတီက အငယ်မလေးတွေ ထဲက လူနောက်လူပြောင်ကလေးမလေးတွေဟာ အမေပြန့်အနား ကပ်ပြီး ကပြ၊ မေးထိုးပြ၊ မျက်စပစ်ပြနဲ့ ပါးစပ်ကလည်း 'အမေ့–အမေ့' နဲ့ခေါ်ရင်း လုပ်ပြတော့ အမေပြန့်ကလည်း (ယောင်တတ်သူမို့) တခါတည်း ကတော့တာပါပဲ။ မေးတွေထိုးလိုက်၊ မျက်စတွေပစ်လိုက်နဲ့ ကျန်တဲ့လူတွေက ဝိုင်းပြီးသီချင်းတွေ ဆို၊ လက်ခုပ်တီးပေးကြနဲ့ အမေပြန့်က မမောနိုင် မပန်းနိုင် ပတ်ချာလှည့်ကနေပါတယ်။ လူကြီးတွေက "ဟဲ့–ဟဲ့ တော်ကြပါတော့၊ အမေပြန့် မောနေပြီ" လို့ဆိုမှ အဲဒီနောက်ကြ ပြောင်ကြတဲ့ ရဲမေလေးတွေက "အမေ့–အမေ့ဒီမှာ" ဆိုပြီး လက်ဝါးပေါ် လက်သီးဆုပ်နဲ့ ထုပြနေပါတယ်။ အမေပြန့်ကလည်း ဘာရမလဲ၊ သူ့အနားရှိတဲ့လူတွေရဲ့ ကျောပြင်တွေကို ဗြောတီးသလို လိုက်တီးတော့တာပါပဲ။ ဒီတော့မှ အကုန်လုံး ပြေးကြလွှားကြ ပုန်းကြနဲ့ လူစုကွဲသွားပြီး ငြိမ်သွားတော့တယ်။

နောက်တနေ့ နေ့လည်မှာ ချင်းသေနတ်ကိုင် တပ်ရင်း ၄ က စစ်ကား ၃ စီး လူအပြည့်နဲ့ ထပ်ရောက်လာပါတယ်။ ကျွန်မတို့လည်း ထုံးစံအတိုင်း ကြွေးကြော်သံတွေ ကြွေးကြော်ပြီး တရားဟောသူတွေက တရားဟောပါတယ်။ ခဏလောက်နေတော့ ထောင်ပုူးဝက တံခါးကြီးပွင့်လာပြီး စစ်သားတွေအားလုံး ထောင်ထဲဝင်သွားပါတယ်။ ကျွန်မတို့လည်း ကြွေးကြော်သံတွေ ဆက်တိုင် နေကြတယ်။ ညနေ ဘီကလပ်စ်ကို ထမင်းလာ ပို့တော့ စာပါလာလို့ အခြေအနေတွေ သိလိုက်ရပါပြီ။ ဖိုးချင်း ရောက်လာပြီး "သပိတ် မှောက်သူတွေကို အကြမ်းဖက်ရိုက်နှက် ဖြိုခွဲလုပ်တာ တော်တော်ပြင်းထန်တယ်။ ခေါင်း ဆောင်တွေကိုလည်း တယောက်စီခွဲပြီး တိုက်ပိတ်တယ်။ ဒါပေမယ့် ဒုတိယတန်း ခေါင်း ဆောင်တွေက ဆက်လက် ခေါင်းဆောင်သွားမယ်" လို့ ပါလာတယ်။ ညကျတော့

ကြွေးကြော်သံတွေ ဆက်တိုက်ပေါ် လာတယ်။ ကျွန်မတို့ကလည်း ပြန်ပြီး ဆက်တိုက် ကြွေးကြော်သံတွေ တိုင်ကြတယ်။ အိပ်ရာဝင်ခါနီးအထိပါပဲ။

တိုက်ပိတ်ထားတဲ့ သပိတ်ခေါင်းဆောင်တွေကိုလည်း ပြန်လွှတ်ပေးရမယ်ဆိုတဲ့ အချက်အပါ မူလတောင်းဆိုချက်တွေကို ဆက်လက်တောင်းဆို တိုက်ပွဲဝင်တာ တပတ် ရှိသွားတဲ့အခါ ထောင်ပိုင်ကြီးက ခေါင်းဆောင်ပိုင်းတွေကို ခေါ်ယူတွေ့ဆုံပြီး စေ့စပ်တယ်။ သပိတ် ခေါင်းဆောင်တွေဘက်ကလည်း ဘာတခုမှ အထူးပိုပြီး တောင်းဆို ထားတာမဟုတ်။

*** ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆို နေတာကို မတရားသက် သက် ရိုက်နှက်ဖြိုခွဲပြီး သပိတ်ခေါင်းဆောင်တွေကို ဖမ်းဆီးတိုက်ပိတ်ထားတာကို ချက်ချင်းလွှတ်ပေးရမယ်။**

*** ကျန်တဲ့အချက်တွေဟာ ထောင်စည်းကမ်းအရ သတ်မှတ် ထားတဲ့ မူလရှိပြီးသား အခွင့်အရေးတွေကို မတရား ပိတ်ပစ်တာမို့ မူလအတိုင်း ပြန်ပေးရမယ်။**

*** အကျဉ်းသားတွေကို အပြစ်မရှိ အပြစ်ရှာ ဖိနှိပ်တာ ရိုက် နှက်တာတွေ အမြန်ဆုံးပြုပြင် ပစ်ရမယ်။ ဒါတွေမရရင် ဆက်လက်တိုက်ပွဲ ဝင်သွားမယ်။**

နှစ်ဖက်လုံးက တင်းမာနေလို့ အခြေအနေကတော့ မကောင်းလှ။ ဒါပေမယ့် သပိတ်တိုက်ပွဲဝင် အင်အားကတော့ အမျိုးသား ထောင်ဖက်မှာ ကြာလေအင်အားကြီးလေ ဖြစ်နေပါတယ်။ တိုက်ပွဲကော်မတီကလည်း တောင်းဆိုချက်တွေ ရရင်ရ မရရင် အမြင့်ဆုံး တိုက် ပွဲအဆင့်ဖြစ်တဲ့ အစာတော်ခံတိုက်ပွဲကို ဆက်လုပ်ရန် ပြင်ဆင်နေပါတယ်။

ကျွန်မတို့ အမျိုးသမီးထောင်ကလည်း လိုအပ်တာတွေ စဉ်းစားပြီး အကုန်ပြင် ဆင်ပါတယ်။ ဒေါ်ခင်ရီ၊ ဒေါ်နှင်းမေတို့က ရန်သူက လုပ်တတ်တာတွေကို အကုန်ပြောပြပြီး စဉ်းစားကြပါတယ်။

***ရန်သူက အတွင်းပိုင်းဝင်ပြီး စည်းလုံးမှုကို ဖြိုခွဲတတ်ခြင်း**

*** အချို့ကို အချိုသတ် အခွင့်အရေးပေးခြင်း**

***ခေါင်းဆောင်ပိုင်းကို ဝင်ဖမ်းပြီး ထောင်ပြောင်းပစ်ခြင်း**

***ခေါင်းဆောင်ပိုင်းကို သီးခြားခွဲ တိုက်ပိတ်ပစ်ခြင်း** (ဒါပေမယ့် အမျိုးသမီးထောင်မှာ အိပ်ဆောင်ကြီးတခုကလွဲပြီး ဘာအဆောက်အဦးမှ မရှိပါ)။ ဒီ အချက်ကလွဲရင် ကျန်တာတွေ သူတို့လုပ်နိုင်တယ်။ ဒါကို အမြဲသတိရှိနေဖို့ပါပဲ။

ကျွန်မတို့ ထောက်ခံသပိတ်ကလည်း ပုံမှန်အားရှိရှိ တိုက်ပွဲဝင်လျက်ပါပဲ။ ကျွန်မ တို့ကိုတော့ ဝင်တိုက်တာ အကြမ်းဖက်တာ မလုပ်ဘဲ ကော်ကြိုပြီး နေ့တိုင်းတနပ် မှန်မှန် ကျွေး နေပါတယ်။ ကျွန်မတို့ကို ထောင်ကျ အမျိုးသမီးထုက ထောင်ဝင်စာမှ ရတာတွေကို

အမြဲပေးနေ လှူနေပါတယ်။ ဒါပေမယ့် ကျွန်မတို့က အမြဲတမ်းလည်းမယူ ပေးသမျှလည်း အကုန်မယူပါ။ ကလေး ၂ ယောက်နဲ့ အသက် ကြီးသူများအတွက် အဓိကထားယူပါတယ်။ အစားအစာ သိပ်များနေရင်သာ ကျွန်မတို့ အငယ်တွေပါ ဝေငှစားပါတယ်။ ရက်ကြာလာတဲ့အခါ တိုက်ပွဲအစက မေတ္တာရပ်ခံပြီး အပြင်ထုတ်ထားရတဲ့အဖွဲ့က "အားရှိအောင် သူတို့လည်းပြန်လည်ပါဝင်ပါရစေ" လို့ တောင်းဆို လာလို့ ကျွန်မတို့လည်း မနည်း တောင်းပန် တားထား ရတယ်။

တိုက်ပွဲ ရက် ၂၀ ကျော် ကြာလာတော့ တနေ့မှာ သပိတ်မှောက်ခေါင်းဆောင်တွေကို ဒုတိယအကြိမ် ခေါ်ဆွေးနွေးပြန်တယ်။ နှစ်ဖက်ဆွေးနွေးကြတာ နောက်ဆုံး ထောင်ပိုင်ကြီးဖက်က အလျှော့ပေးလို့ သပိတ်ပြန်လှန်၊ တိုက်ပိတ်ခံရတဲ့ သပိတ်ခေါင်းဆောင် တွေ ပြန်လွှတ်ပေး၊ ပြုစုဆေးဝါးကုသပေး စတဲ့ တောင်းဆိုထားတဲ့ အခွင့်အရေးတွေ အားလုံးပြန်ရခဲ့ပါပြီ။

## ထောင်ထဲ ရေဒီယိုတလုံး ရောက်ရှိလာခြင်း

တနေ့မှာ ထောင်ဗူးဝရှေ့ ကားငယ်လေးတစီး ရောက်လာပြီး ကားပေါ်က စစ်ဗိုလ်တယောက် ထောင်ဗူးဝထဲ ဝင်သွားတာ မြင်လိုက်ရတယ်။ တော်တော်လေးကြာတော့ မမဖြူကို ဝါဒါလေးတယောက်က လာခေါ်တယ်။ မမဖြူ (ဒေါ်ခင်ရီအောင်) ကလည်း ၃ နှစ် သမီးလေး (အငယ်ဆုံးကလေး ငြိမ်းငြိမ်းအောင်) ကို ချီပိုးပြီး လိုက်သွားတယ်။ ကျွန်မတို့လည်း ဘာသတင်းထူးများ ရမလဲလို့ မျှော်နေမိတယ်။ တနာရီလောက်ကြာတော့ မမဖြူ ပြန်လာတယ်။ စားစရာတွေ တပွေ့တပိုက်နဲ့ပေါ့။ မမဖြူက ပြန်ပြောပြတယ်။ ဒီလိုတဲ့။

"ဒီစစ်ဗိုလ်က မမဖြူရဲ့ မောင်ဝမ်းကွဲလေးတဲ့။ တဝမ်းကွဲဆိုပေမယ့် သူက မိဘနှစ်ပါးလုံး ဆုံးသွားလို့ ငယ်ငယ်လေးကတည်းက အိမ်မှာအတူ လာနေရတာ။ မမဖြူ တောခို သွားတော့ ငယ်ငယ်လေး ကျန်နေခဲ့တာ။ မောင်လေးက ဘွဲ့ရတော့ တပ်ထဲဝင်သွားတာ။ ဒါတွေကို မမဖြူက ဘာမှလည်း မသိတော့ပါဘူးတဲ့။ မမဖြူက အိမ်နဲ့လည်း အဆက်ပြတ် နေတာဆိုတော့ အခုလည်း မောင်လေးက လာတွေ့ပေမယ့် လူက သိပ်ထွားသွားတာမို့ လမ်းမှာတွေ့လည်း မမှတ်မိနိုင်ပါဘူး။ အခုတော့ သူက ဗိုလ်ကြီးတဲ့။ အံမယ် သူက လူကို နိုင်ငံရေး မလုပ်ဘို့ တရားဟောနေသေးတယ်။ မင်းငါ့ကို တရားဟောမနေနဲ့။ နိုင်ငံရေး လုပ်ရင် ပင်ပန်းမယ်။ ဆင်းရဲမယ်။ ထောင်လည်း ကျနိုင်တယ်ဆိုတာ သိသားပဲ။ ဒါပေမယ့် ပြည်သူ တရပ်လုံးရဲ့ အကျိုးစီးပွားအတွက်

အမှန်တရားကိုလုပ်တာ ကိုယ့်ယုံ ကြည်ချက်နဲ့ ကိုယ်လုပ်တာပဲလို့ ပြောလိုက်တော့မှ ငြိမ်သွားတယ်”တဲ့။

နောက်ဆုံး “လိုတာရှိရင်ပြောပါမမ။ ကျွန်တော် ကူညီပါရစေ”လို့ပြောလို့၊ “တခြား ဘာမှမလိုချင်ဘူး။ ရေဒီယိုတလုံးပဲ”လို့ ပြောလိုက်တယ်။ ရပါစေ့မယ်တဲ့။ အဲဒါ ပြောပြီး ပြန်လာ ခဲ့တာပဲ”တဲ့။ အားလုံးက “ရေဒီယိုဆိုတော့ ရလာရင်တော့ ဟန်ကျတာ ပဲ”လို့ မျှော်လင့် မိကြတယ်။

ဟော... အဲဒီနေ့ညနေမှာပဲ ဖိလစ်ရေဒီယိုတလုံး ရောက်လာပါတယ်။ အို... ပျော်လိုက်တာလေ... ဘာပြောကောင်းမလဲ။ (မမဖြူရဲ့ အဲဒီမောင်ကလည်း တည်မြဲတဲ့)။ ဒီအချိန်ကစပြီး ကျွန်မတို့ဟာ နိုင်ငံရေးအခြေအနေကို အကုန်သိလာရတော့တယ်။ ဖဆ ပလ အတွင်း တည်မြဲနဲ့ သန့်ရှင်း အကွဲအပြဲ ပဋိပက္ခတွေကလည်း တော်တော်ကြီးမား ပြင်းထန် လာပါတယ်။ တပြည်လုံးမှာလည်း ပျူစောထီးတွေက တော်တော်သောင်းကျန်း တာပဲ။ တည်မြဲက တန်ခိုးကြီးထွားနေချိန် ဖြစ်တာကိုလည်း သိနေရတယ်။

ဒီအချိန်မှာ ဖဆပလအတွင်း တည်မြဲ သန့်ရှင်း ဆိုတဲ့ အကွဲအပြဲ ပဋိပက္ခကလည်း ကြာလေ ပြင်းထန်လာလေပါပဲ။ တဖက်မှာလည်း ကျွန်မတို့ပါတီရဲ့ အခြေအနေကလည်း တော်တော်ဆိုးပါတယ်။ ကျွန်မတို့ ထောင်တွင်းနေစဉ်မှာပဲ ပြည်ဘက်မှာ ဗိုလ်မင်းဒင် ကျဆုံး သွားကြောင်း ကြားရတယ်။ ပြီးတော့ ရဲဘော်မူကာဂျီ(ကိုဖြူဝင်း)လည်း ကျဆုံးတယ်။ ဆရာ ရာဂျန်(ဆရာအောင်နိုင်)၊ ရဲဘော်ထွန်းစိန်(အလုပ်သမားခေါင်းဆောင်) တို့ကို ဖမ်းမိ သွားတယ်။ အို... စိတ်မချမ်းသာစရာတွေ ချည့်ပါပဲ။

ဒါပေမယ့် အဆိုးထဲက အကောင်းလို့ဆိုရမယ့် သတင်းတခုကြားလိုက်ရတယ်။ အလွန်စိတ်ချမ်းသာစရာလည်း ကောင်းပါတယ်။ အဲဒါကတော့ “ဗိုလ်မှူးချစ်ကောင်းကို ကြိုးမိန့်ပေးထားတာ (တချိန်က ရဲဘော်ရဲဘက်ဟောင်းဖြစ်ပြီး ဂျပန်တော်လှန်ရေး ကာလ အတွင်းက တိုက်ဖော်တိုက်ဖက် ဖြစ်ခဲ့တဲ့ သမ္မတကြီး ဦးဝင်းမောင်က) ဗီတိုအာဏာနဲ့ ကြိုး မိန့်ကို ပယ်ဖျက်ပြီး လွှတ်ပေးလိုက်တယ်။ ဒါဟာ ကျွန်မတို့အတွက်ရော ပြည်သူတွေအတွက် ပါ အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ပြန်ရလိုက်တယ်လို့ ခံစားမိလိုက်ပါတယ်။ ဒီလိုနဲ့ အချိန် တွေလည်း တဖြည်းဖြည်းနဲ့ ရွေ့လျောသွားခဲ့ပါပြီ။

## တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကို ပြန်လည်တွေ့ရှိခြင်း

နေ့တနေ့ နေ့လည်ခင်းမှာ မမသန်းက ကျွန်မကို အင်္ဂလိပ်စာ သင်ပေးနေချိန် လက်စသတ်ခါနီးမှာ (ကျွန်မဟာ ရန်သူက မတရား ဖမ်းထောင်ချထားတာ အချိန်တွေ အလဟဿ အဖြုန်းမခံနိုင်လို့ စာဖတ်မယ်၊ အင်္ဂလိပ်စာ ဆက်လေ့လာမယ်ဆိုတဲ့

ရည်ရွယ်ချက်နဲ့ သင်ယူ လေ့လာနေတာပါ) အမျိုးသမီးဝါဒါတယောက်က မမသန်းနဲ့ ကျွန်မကို ထောင်ဝင်စာ တွေ့ရမယ်လို့ လာခေါ်ပါတယ်။ ကျွန်မဖြင့် အံ့သြသွားတာပဲ။ ကျွန်မ ထောင်ကျတာ ဒီလောက် ကြာနေပြီ။ ထောင်ဝင်စာဆိုတာ တခါမှ မရှိဘူးလို့ပါပဲ။ ကျွန်မအိမ်က ကွန်မြူနစ်တပ်ထဲဝင်တာ သဘောမတူလို့ ဖေဖေက "အိမ်ရိပ်တောင် မနင်းရဘူး"လို့ ပြောထား တာမို့ တခါမှလည်း မသွားတော့၊ မဆက်တော့ပါဘူး။ ဒါကြောင့် ထောင်ဝင်စာလို့ခေါ်တော့ ဘယ်သူကများ ခေါ်ပါ လိမ့်လို့ အံ့သြမိတာပါပဲ။ ဒီလိုစဉ်းစားရင်းနဲ့ ထောင်ဗူးဝကို ရောက်သွားတယ်။ ဗူးဝထဲဝင်လိုက်တော့ ညာဘက်ဘေးက အခန်းထဲကို ခေါ်သွားကာရှိသေးတယ်၊ စားပွဲတလုံးမှာ ပြုံးပြုံး ကြီးထိုင်ကာ ကျွန်မတို့ နှစ်ယောက်ကို လှမ်းပြီး"နေကောင်း ကြရဲ့ လား"လို့ နှုတ်ဆက်လိုက်တဲ့ အဲဒီလူကြီးကို ကြည့်ပြီး၊ "ဟင်... အစ်ကိုကြီး"လို့ နှစ်ယောက်လုံး တပြိုင်တည်း ခေါ်လိုက် မိပါတယ်။

အို... ဝမ်းသာလိုက်တာ၊ အံ့လည်း အံ့သြပါရဲ့။ ကြည့်ပါဦး။ သေကံမရောက် သက် မပျောက် ရောက်လာလိုက်တာ။ တခြားသူ ဟုတ်ပါရိုးလား။ ကျွန်မတို့ရဲ့ ခေါင်းဆောင် 'ဗိုလ်မှူးချစ်ကောင်း'ရယ်လေ... ။ (ကျွန်မတို့ရဲ့ ခေါင်းဆောင်တွေဟာ ရဲဘော်တွေနဲ့ ဆက်ဆံရင် ရဲဘော်ရဲဘက်လိုလည်း ဆက်ဆံတယ်။ မိသားစုလိုလည်း ခင်မင်ရင်းနှီး တတ် တယ်။ ဗိုလ်မှူးချစ်ကောင်းဟာ တကယ်တော့ ဦးလေးအရွယ်ပါ။ ဒါပေမယ့် ကိုယ့်ထက် အကြီးတွေက ခေါ်သလို ကျွန်မကလည်း လိုက်ခေါ်နေတာပါ)။ "အစ်ကိုကြီး နေကောင်း ရဲ့လား။ မမညွန့်နဲ့ ကလေးတွေရော နေကောင်းရဲ့လား"အစ်ကိုကြီးက "အင်း... ကောင်းကြပါတယ်" မမသန်းက "အစ်ကိုကြီး တော်တော်ပိန် သွားတယ်နော်။ အခု ဘယ် မှာ နေကြသလဲ" "အင်း... ကိုယ်က ဒါတောင် တော်တော်ဝလာတာ။ ထောင်က ထွက်လာ ကတည်းက အနားယူနေတာ။ အညွန့်ကလည်း အစွမ်းကုန် ပြုစုရှာပါတယ်။ ကိုယ်တို့ မိသားစု အခု သင်္ကန်းကျွန်းမှာ နေကြတယ်။ အဲဒီမှာ အညွန့်ရဲ့ အစ်ကိုတယောက် ရှိတယ် လေ။ အဲ... သူပေးထားတဲ့ အိမ်မှာပဲ နေကြ တယ်။ မင်းတို့နဲ့ တွေ့ရတာ အလွန်ဝမ်းသာ တယ်။ ကျန်တဲ့ရဲဘော်တွေ အားလုံးကိုလည်း သတိရနှုတ်ဆက်လိုက်ပါတယ်လို့ တဆင့်ပြောပြပေးပါ။ အေး... ထောင်ထဲ နေတုန်းမှာ အနားယူတယ်လို့ ကိုယ့်ကိုယ်ကိုယ် သဘောထား။ အချိန်တွေ အလဟဿ မဖြစ်စေနဲ့။ လေ့လာစရာရှိတာတွေ လေ့လာကြပါ။ ဘာမှ အားငယ်စရာ မရှိ ပါဘူး။ စစ်ဆိုတာ ရှုံးတာ လည်းရှိတယ်၊ နိုင်တာလည်း ရှိတယ်။ ကိုယ်တို့အားလုံးဟာ ကွန်မြူနစ်ဘဝ ခံယူစဉ်ကတည်းက တနေ့မှာ ဒါတွေ တွေ့ရမယ်ဆိုတာ သိပြီးသားပါ။ မသိနားမလည်လို့မှ မဟုတ်ဘဲ။ ကိုယ်တို့ ကွန်မြူနစ်တွေဆိုတာ လူဆိုး

လူမိုက်တွေမဟုတ်ဘူး။ ကွန်မြူနစ်တွေကို သူပုန်လို့ ခေါ်နေတာတောင် မှားနေတာ။ တို့က ဆူပူသောင်းကျန်းချင်လို့ မဟုတ်ဘူး။ တဖက်က ကိုယ့်ကို သေနတ်နဲ့ ကိုင်ပြီး စတိုက်လာလို့ မိမိကိုယ်ကိုယ် ကာကွယ်တဲ့အနေနဲ့ ပြန်တိုက်နေရတာပဲ။ မတိုက်ရင်သေမှာမို့ မသေအောင် ပြန်တိုက်နေရတာပဲ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့။ ကျွန်မတို့လည်း ဒီလိုပဲ ခံယူထားပါတယ်။ ဒါကြောင့် အားငယ်စိတ် မရှိပါဘူး"

"အေး... ကောင်းတယ်။ မင်းတို့ ထောင်တွင်းတိုက်ပွဲဆင်ကြတယ်ဆိုတာလည်း ကြားရတယ်။ အဲဒါ ကောင်းပါတယ်။ ရဲဘော် အချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ မတရား မှုမှန်သမျှ ပြန်လည်တိုက်ခိုက်တာ မှန်တယ်။ တိုက်ပွဲဆင်တယ်ဆိုလို့ မယဉ်ကျေးတဲ့ အပြုအမူ ရိုင်းစိုင်းတဲ့လုပ်ဟန်တွေတော့ မရှိသင့်ဘူးနော်"

"ဟုတ်ကဲ့။ ကျွန်မတို့က ကိုယ့်အပေါ်မှာ မတရားရင် မတရားတာကိုပဲ ဆန့်ကျင် တယ်။ ရိုင်းပျတဲ့အပြုအမူနဲ့ မတုံ့ပြန်ပါဘူး"

"ကောင်းတယ်။ ကောင်းတယ်။ ကွန်မြူနစ်ဆိုတာ မကောင်းတာ ဘာတခုမှ မလုပ်ဘူး။ ကွန်မြူနစ်တိုင်းဟာ အရာရာကို စွန့်လွှတ်ပြီး ပြည်သူအကျိုးအတွက် လုပ်နေ တာ။ မင်းတို့ နဲ့တွေ့ရတာ ကိုယ်တော့ သိပ်ဝမ်းသာတာပဲ။ မင်းတို့ရဲ့ ခိုင်မာ ပြတ်သားတဲ့ အတွေး အခေါ်ကို သိရတာ ကိုယ့်အတွက်လည်း အားဖြစ်တယ်။ ကဲ အချိန်လည်း စေ့ သွားပြီနဲ့ တူတယ်။ ရဲဘော်တွေအားလုံးကို နှုတ်ဆက်လိုက်ပါတယ်ဆိုတာ ပြောပြဖို့ မမေ့နဲ့နော်။ ကိုယ်မင်း တို့ကို လာ တွေ့တာ ဘာပစ္စည်းမှ ဝယ်မလာနိုင်ခဲ့ဘူး။ ဒါအတွက် ကိုယ့်ကို ခွင့်လွှတ်ပါ။ စိတ်လည်း မကောင်းပါဘူးကွယ်"

"အို... အစ်ကိုကြီးကလည်း... မဟုတ်တာ။ အစ်ကိုကြီးနဲ့ တွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ။ အစ်ကိုကြီးက ခုလိုလာတွေ့တာကိုပဲ ကျေးဇူးတင်လှပါပြီ။ ကျွန်မတို့အတွက် ဘာမှ မလိုပါဘူး"

အဲဒီလိုပြောပြီးနောက် ထိုင်ရာကထကာ လက်ဆွဲနှုတ်ဆက်လိုက်ကြပါတယ်။ အစ်ကိုကြီးဟာ ကျွန်မတို့လက်တွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး နှုတ်ဆက်ခဲ့ပါတယ်။ နောင်မှ သိရတာက အစ်ကိုကြီးဟာ နောက်ပိုင်းမှာ တောကိုပြန်ရောက်သွားပြီး ပါတီ ခေါင်း ဆောင်တဲ့ ပြည်သူ့တပ်မတော်သားတယောက်အဖြစ် နှစ်အချို့လောက် အုပ်စိုးသူလူ တန်းစား ကို ဆက်လက်တိုက်ပွဲဝင်ရင်း ရှေ့တန်းစစ်မြေပြင်တနေရာဖြစ်တဲ့ ဟသ်ာတခရိုင်၊ လေးမျက်နှာမှာ သူရဲကောင်းပီသစွာ ကျဆုံးသွား ခဲ့ပါတယ်။ ဟိုတချိန် ထောင်ထဲမှာ ထောင်ဝင်စာ လာတွေ့စဉ်က ဒါဟာ နောက်ဆုံးတွေ့ရ ခြင်းပဲဆိုတာ ဘယ်သူမှ မသိခဲ့ မစဉ်းစားခဲ့မိပါဘူး။

အစ်ကိုကြီး ဗိုလ်မှူးချစ်ကောင်းဟာ ပြည်သူ့သားကောင်းတယောက်အနေနဲ့ ရန်သူနဲ့ယှဉ်ပြိုင်တိုက်ခိုက်ရင်း သူရဲကောင်းပီသစွာ အခုလိုကျဆုံးသွားခဲ့ရတာကို နှမြောတသ ဝမ်းနည်းလို့ မဆုံးဘူး။ သူရဲကောင်း ဗိုလ်မှူးချစ်ကောင်းကို အနူးအညွတ် ဦးညွတ် အလေးပြုလိုက်ပါတယ်။ ဗိုလ်မှူးချစ်ကောင်းရဲ့ သူရဲကောင်းစိတ်ဓာတ် ထာဝစဉ် ဥဒါန်း တွင်ပါစေ။

ဗိုလ်မှူးချစ်ကောင်းဟာ အလွန်အေးဆေးပြီး တည်ကြည်ပါတယ်။ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း ကိုယ်လုံးကိုယ်ထည်က ခပ်ပြားပြားနဲ့ သဘောအလွန် ကောင်းသူပါ။ သူ့မျက်နှာမြင်လိုက်ရရင်ပဲ အလွန်ရိုးသား ဖြောင့်မတ်တဲ့ သဘောပေါ်ပါတယ်။ သူ့ဇနီး မမညွန့် (ဒေါ်ခင်မျိုးညွန့်) ကတော့ သွက်လက်ပြီး ချက်ချာတဲ့ပုံ ပေါ်ပါတယ်။ သူတို့ နှစ်ဦးဟာ ပြည်သူ့အကျိုးအတွက် အရာရာ ကို စွန့်လွှတ်နိုင်တာ၊ ရဲဘော်တွေကို ခွင့်လွှတ် နိုင်တာ၊ ရဲဘော်တွေကို ချစ်ခင်ရင်းနှီးတတ်ပြီး အကန့်အသတ်မရှိ ကူညီလိုတဲ့ ဆန္ဒပြင်းပြတာ၊ ဒီလို အခြေခံ စိတ်ဓာတ်တွေကလွဲရင် ကျန်တာတွေ အသွင်မတူပါဘူး။ ကျွန်မဟာ အစ်ကို ကြီး ကိုချစ်ကောင်းတို့အကြောင်းကို ရဲဘော်တွေထံမှ တဆင့်ကြားဖူးတာကလွဲလို့ ရင်းရင်းနှီးနှီး ဆက်ဆံ အတူ လုပ်ကိုင်ခဲ့ဖူးတာ မရှိပါဘူး။

ဒါပေမယ့် တနေ့မှာတော့ ကျွန်မရဲ့ခင်ပွန်းက အဆုပ်ဖြစ်နေချိန်။ သူ့မှာ မိဘနှစ်ပါးလုံးကလည်း မရှိတော့ဘူး။ မြို့ပေါ်မှာ အစ်မကြီးတဦးပဲ ကျန်တော့တာမို့ သူ့ပဲ အမေ၊ သူ့ပဲအဖေလို ဖြစ်နေတယ်။ အစ်မကြီးဟာ အသက်ကလည်း ကြီးလာပြီ၊ ကိုယ်ကိုယ်တိုင်ကလည်း အဆုပ်ရောဂါနဲ့ သေချင်လည်း သေသွားနိုင်တယ်။ ဒါကြောင့် ခွင့်တောင်းပြီး အစ်မကြီးနဲ့ ပြန်တွေ့ချင်ကြောင်း ခဏခဏ တတမ်းတတ ပြောနေတာမို့ ကျွန်မလည်း သနား နေမိတယ်။ ဒီလိုနဲ့ သူ့ကို လူနာတယောက်အနေနဲ့ စဉ်းစားပေးပြီး သူခွင့်ပြန်ချင်တာကို သဘောတူပေးလိုက်ပါတယ်။ ဒိနောက် ခေါင်းဆောင်များကိုတင်ပြပြီး ခွင့်ယူရန် ပြင်ဆင် လိုက်ပါတယ်။

ဒီအချိန်မှာ အထက်ဗမာပြည်တိုင်း တာဝန်ခံ ရဲဘော်ဌေး(ဖ၇ ပဲခူးရိုးမဗဟိုက မှားယွင်းစွာ အရေးယူ ခံရသူ) ဟာ ခရီးထွက် နေချိန်မို့ ယာယီအားဖြင့် ဗိုလ်မှူးချစ်ကောင်း တာဝန်ယူနေချိန် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ၂ ယောက်လုံးဟာ ဗိုလ်မှူးချစ်ကောင်းနဲ့ တွေ့ခွင့်ရခဲ့ပါတယ်။ ကျွန်မရဲ့ ခင်ပွန်းက “သူဘာကြောင့် ပြန်ချင်တယ်”ဆိုတာကို တင်ပြတဲ့ အခါ ဆိတ်ငြိမ်စွာ နားထောင်နေပါတယ်။ ပြီးသွားတဲ့အခါ ချက်ချင်း ဘာမှ ပြန်မပြောသေးဘဲ ငြိမ်သက်နေပြီး မျက်နှာလည်း သိပ်မကောင်းလှပါ။ (သားသမီးချင်း စာနာပြီး စိတ်ထိ ခိုက်နေပုံ ပေါ်ပါတယ်)။ နောက်မှ ခွင့်ပြန်ရင် ဘယ်ကို သွားရမှာလဲလို့

မေးလာပါတယ်။ ကျွန်မတို့ သွားရမှာက ဗမာပြည်အလယ်ပိုင်းဆိုတော့ ရေလမ်းရော ကုန်းလမ်းပါ အဆင့်ဆင့် သွားရမှာမို့ ကုန်ကျမယ့် စရိတ်ကို သေသေချာချာ တွက်ချက်ပြီး ခရီးသွားရင်း ငွေမ လောက်မှာ စိုးလို့ ငွေအပိုဆောင်းပြီး ပေးပါတယ်။ "မင်းတို့ ၂ ယောက်လုံး သာမန် ပါတီဝင်တွေ မဟုတ်ကြဘူး။ ဒါကြောင့် ခွင့်စေ့ရင် မုချပြန်လာမယ်ဆိုတာ ယုံကြည်ပါတယ်။ ပြန်မယ်ဆိုရင် ရန်သူလှုပ်ရှားမှု ရှိမရှိ သေသေချာချာ စုံစမ်းပြီးမှ ပြန်ပါ။ အခြေအနေ ကောင်းတယ်ဆိုမှ ပြန်လာပါ။ ပါတီနဲ့ ပြည်သူအပေါ် သစ္စာရှိပါ"။ ဒါပဲ မှာလိုက်ပါတယ်။

× × × × × × × × × × × ×

ကျွန်မတို့ ခွင့်ပြန်လာတော့ နှစ်ဖက်သော မိဘဆွေမျိုးသားချင်းများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ သူ့ကို ရန်ကုန် လွှတ်ပြီး ဆေးကုသခဲ့တယ်။ သူ့ရဲ့ ကျန်းမာရေးဟာ ဆေးကုသပြီးနောက် လအချို့ နေပြီးတစုံတရာ ကောင်းမွန်လာပါတယ်။ သူရန်ကုန်က ဆေးကု ပြန်လာပြီးနောက် ရောဂါတခု တိုးလာပါတယ်။ အဲဒါကတော့ 'သူရုပ်ရှင် သရုပ်ဆောင် လုပ်ပြီး ကျွန်မကို ကျွေးမွေးပြုစုပါရစေ' ဆိုတာ ခဏခဏ ပြောလာခြင်းပါပဲ။ အခုလည်း ကုမ္ပဏီ တခုက ကမ်းလှမ်းထားတာရှိကြောင်း ကျွန်မကို ခွင့်မတောင်းရသေးလို့ လက်မခံခဲ့သေးကြောင်း ပြောပြီး ခွင့်တောင်းပါတယ်။ ကျွန်မက များများမပြောပါ။ သူ့အစ်မကြီးက အရပ်သားဆိုတော့ "သူ့မောင်လေး တောကို မပြန်စေချင်ပါ။ တောမှာနေရတာ ပင်ပန်းဆင်းရဲခက်ခဲတယ်။ အဓိကကတော့ ဒီတခါ သူ့မောင်လေးနဲ့ ခွဲရရင် ပြန်တွေ့နိုင်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့် သူနဲ့ မခွဲစေချင်ဘူး။ ကျွန်မလည်း ခွဲမသွားပါနဲ့။ မောင်နှစ်မ ၃ ယောက် အတူလုပ်ကိုင် စားသောက်ရအောင်ပါ"လို့ စည်းရုံးနေပါတယ်။

ကျွန်မက "အထူးဆွေးနွေးနေစရာ မလိုဘူး။ ပါတီဟာ ကိုယ်ကျန်းမာရေး မကောင်းတဲ့အခါ ဘယ်လောက်တာဝန်ယူသလဲ။ ဘယ်လောက်ဂရုစိုက်သလဲ။ အထူး အခွင့်အရေးတွေ ပေးထားပြီး ဂရုစိုက်ကုသခဲ့တယ်။ မိခင်ပါတီရဲ့ ကျေးဇူးတရားဟာ ကြီးမားလှ ပါတယ်။ ကျွန်မတို့ဟာ ပါတီအတွက် ပြည်သူအတွက် ပေးဆပ်စရာတွေ အများကြီးလိုပါသေးတယ်။ အရင်က တာဝန်ယူခဲ့တာတွေဟာ မလုံလောက်သေးပါဘူး။ အခု ခွင့်စေ့ပြီး ကျွန်မတို့ တောကို ပြန်မယ်" "သူကကျွန်မတို့ တောကိုပြန်တာ သဘော မတူဘူး။ ကျွန်မကိုလည်း မပြန်ရဘူး"တဲ့။ ကျွန်မကလည်း "သူတောကိုမပြန်ဘဲ ရုပ်ရှင် သရုပ်ဆောင် လုပ်မယ်ဆိုတာကို သဘော မတူဘူး" ကျွန်မလည်း လက်မထပ်ခင်က သူပေးခဲ့တဲ့ ကတိကို ဖျက်လို့ ဝမ်းလည်းနည်း၊ ဒေါသလည်း ဖြစ်တယ်။ ဒါလောက်ပဲ ပြောပြီး ကိုယ့်စိတ်ကို ကိုယ့်ဘာသာ ထိန်းထားလိုက် တယ်။ ဆက်ပြောနေရင် ဘာမှ အကျိုးမရှိဘူး။

ဘေးက ကြားသွားရင် ကိုယ့်မှာ အန္တရာယ် ရှိလာမယ်။ နောက်တရက် နှစ်ရက်လောက်ရှိ တော့ ဘယ်သူ့မှ အသိမပေးဘဲ ကျွန်မတဦးတည်း ပြန်လာခဲ့တယ်။ **ဒုတိယအကြိမ် ထောင်ပြန်ခိုခဲ့တာပါ**။ သူနဲ့လည်း အဲဒီအချိန်ကစပြီး နောက်ဆုံးလမ်းခွဲခဲ့တယ်။ အထက်ဗမာပြည်တိုင်း ပခုက္ကူခရိုင်ဘက် ရန်သူ့ထိုးစစ်ဝင်နေလို့ ပျဉ်းမနား ခရိုင်ဘက်ကိုပဲ ပြန်လာခဲ့ပါတယ်။

ဗိုလ်မှူးချစ်ကောင်းကို အဲဒီလို ခွင့်တောင်းစဉ်ကတကြိမ်နဲ့ အခု ထောင်ဝင်စာ လာတွေ့တော့တကြိမ် ပေါင်း ၂ ကြိမ်ပဲ စကား ပြောဖူးတွေ့ဖူးပါတယ်။

အစ်ကိုကြီး ကိုချစ်ကောင်းလည်း ပြန်သွား၊ ကျွန်မတို့ ၂ ယောက်လည်း ထောင်ကို ပြန်လာခဲ့တယ်။ ကျွန်မတို့ ပြန်ရောက်ပြီး မမရီအပါအဝင် ရဲဘော်အားလုံးကို အစ်ကိုကြီး ကိုချစ်ကောင်းက နှုတ်ဆက်ခဲ့ကြောင်းနဲ့ ကျွန်မတို့နဲ့ ပြောခဲ့တာတွေ အားလုံးကို ပြန်မိတ် ဆက်ပေးပါတယ်။ ရဲဘော်တွေလည်း တအားဖြစ်ပြီး အားလုံးဝမ်းသာအားရ ဖြစ်ကြပါတယ်။

## တတိယအကြိမ် ထောင်တွင်းတိုက်ပွဲ

လအချို့ ကြာသွားပါပြီ။ အပြင်မှာလည်း ဖဆပလအတွင်း အကွဲအပြဲက ကြီး သထက်ကြီးမား လာပါတယ်။ တည်မြဲ–သန့်ရှင်း ဆိုတဲ့အုပ်စု ၂ စုရဲ့ အကွဲအပြဲဟာ ပြင်းထန် သထက် ပြင်းထန်လာတယ်။ တည်မြဲဟာ နေရာတကာမှာ လက်ဖောင်းထက်နေတယ်။ ပျူစောထီးတပ်တွေကလည်း နေရာတကာမှာ ခိုးဆိုးတိုက်ခိုက် သတ်ဖြတ်တာတွေ များလှ တယ်။ သတင်းတွေ ရေဒီယိုတွေကို ကြည့်လိုက် နားထောင်လိုက်ရင် အနိဋ္ဌာရုံတွေချည်းပါပဲ။ ဒီလိုပါပဲ ထောင်တွင်းမှာလည်း အခြေအနေတွေဟာ ဆိုးလာပါတယ်။ ဝဏ္ဏကျော်ထင် ဦးဘထွန်းဆိုတဲ့ ထောင်ပိုင်ကြီးဟာလည်း နာမည်တလုံးနဲ့နေတဲ့ တည်မြဲကြီးဆိုတော့ သူကလည်း လက်စွမ်းပြ ပါတယ်။ အကျဉ်းသားတွေ ဖျားနာ ကျန်းမာရေးမကောင်းလည်း ဂရုတစိုက် ဆေးကုသခွင့် မပေး။ အလုပ်ကြမ်းတွေ ဆက်လုပ်ခိုင်းတယ်။ နိုင်ငံရေးအကျဉ်း သားတွေကိုလည်း ပြန်ပြီး ဖိနှိပ် လာတယ်။ နည်းမျိုးစုံနဲ့ ဖိနှိပ်မှုတွေ ကျင့်သုံးလာတယ်။

ကျွန်မတို့ အမျိုးသမီးထောင်မှာလည်း ဒီအတိုင်းပါပဲ။ ပိုပြီး ဖိနှိပ်လာပါတယ်။ ပင်ကိုယ်က ရှိထားတဲ့ အခွင့်အရေးတွေကို ဖြတ်တောက်ပစ်တယ်။ ဖျားနာရင်လည်း ဥပမာ ကျွန်မတို့ အစာအိမ်ရောဂါသမား ၃ ယောက် ရှိတယ်။ ရောဂါပြင်းလို့ အစာစားရင် ချက်ချင်းအန်တယ်။ ဒါကြောင့် ထောင်ဆရာဝန်နဲ့ပြတော့ ဆေးရုံကြီးကို သွားခိုင်းတယ်။ မန္တလေး ဆေးရုံကြီးမှာ ဓာတ်မှန်ရိုက် အစာအိမ် စစ်ဆေးပြီး ပြန်လာရတယ်။ ထောင်

ဆရာဝန်က ဆေးစစ်ချက်ကိုကြည့်ပြီး ဆေးဖွင့်ပေးပါတယ်။ အစားအစာလည်း အစာမာ မစားရ။ (တနေ့ ၃ ကြိမ်–နွားနို့၊ ပေါင်မုန့်ပဲ ကျွေးရမယ်။ တခါစား နွားနို့ပုလင်းကြီးတပုလင်း၊ ပေါင်မုန့်တလုံး ကျွေးပါလို့ လူနာမှတ်တမ်းမှာ အင်္ဂလိပ်လို ရေးပေးပါတယ်။ အဲဒါကို မမသန်း တို့က အမှတ် တမဲ့ ကြည့်ထားလိုက်ပါတယ်။ နောက်နေ့ကျတော့ လူနာတယောက် နွားနို့ (မတ်ခွက် တဝက်) ပေါင်မုန့် တပိုင်းစီ ပေးပါတယ်။ ကျန်တာကို သက်ဆိုင်ရာ အာဏာပိုင် များက လာဘ်စားထား တာပေါ့။ တနေ့ ၃ ကြိမ်တော့ ပေးတယ်။ ဒါပေမယ့် သတ်မှတ်ချက် အတိုင်း မပေးဘူး။ ပိုဆိုး တာက အဲဒီလူနာတွေကို အလုပ်ကြမ်းလုပ်ခိုင်းတာပါ။ (ကုလားပဲ ကြိတ်၊ စပါးကြိတ် စတာတွေ လာလုပ်ခိုင်းတယ်။ ကျွန်မတို့က "မလုပ်နိုင်ဘူး။ လူနာတွေ ဖြစ်တယ်"လို့ တုံ့ပြန် လွှတ်လိုက်တယ်။ ဒီမှာ ကျွန်မအတွက် တာဝန်ကျတာတွေကို ရဲမေ မတင်မြက သူကူညီ လုပ်ပါရစေလို့ တောင်းဆိုလာတယ်။ သူက ကြုံရင် ကြုံသလို ကျွန်မ အတွက် အမြဲကူညီ ပါတယ်။ ကျွန်မရဲ့ ကျောင်းသားများကလည်း အမြဲ ကူညီကြပါတယ်။ ကျွန်မကလည်း ထောင်ထဲမှာ ငှက်ဖျား ထလိုက် အစာအိမ်ရောဂါ ထလိုက်နဲ့ ကောင်း ကောင်းကို ကျန်းမာလှတယ် မရှိခဲ့ပါ)။ လူနာကို အလုပ်ကြမ်း လုပ်ခိုင်းတာ မတရား သက်သက် ဖိနှိပ်တာမို့ မလုပ်နိုင်ဖူးလို့ ပြန်ပြော လိုက် တာပါ။

နောက်တခုက 'အလင်း' ကလေး မူးပြီး လဲကျပါတယ်။ ရာသီဥတုကလည်း နွေရာသီဆိုတော့ မန္တလေးမှာ တော်တော်ပူပါတယ်။ ပြီးတော့ ထောင်အမိုးက သွပ်မိုး ဖြစ်ပြီး အောက်ခံမျက်နှာကျက် ဘာမှမရှိဘူး။ ကလေးဟာ ဆီးသွားရင် သွေးပါပြီး 'နာတယ်'လို့ အမြဲ ပြောနေတယ်။ ထောင်ဆရာဝန်ကို ပြတော့ ဆေးရုံကြီးမှာ သွားစစ်ဆေးဖို့ ပြော ပါတယ်။ အထက်ကို တင်ပြတော့ နေ့ရွှေ့ညရွှေ့ လုပ်နေတယ်။ သပိတ်မှောက်တုန်းက ပါတဲ့ တရားဟောခဲ့တဲ့ ကလေးမို့ အငြိုးထားပုံ ပေါက်ပါတယ်။ နောက်ဆုံးမှာ ကလေး အခြေ အနေကလည်း မသက်သာ။ ပြင်းထန်သထက် ပြင်းထန်လာလို့ ထောင်ဝင်စာလာတဲ့ ဆွေမျိုးတွေကို အကျိုးအကြောင်း ပြောပြပြီး အကူအညီ တောင်းရတယ်။ ဒီလိုနဲ့ ကလေးရဲ့ ရောဂါကို ဗိန္ဓောဆေးနဲ့ပဲ ကုသယူခဲ့ရတယ်။ ထောင်က တာဝန်မယူဘဲ ကိုယ့်ဘာသာကိုယ် ဖြေရှင်းကုသ ခဲ့ရတယ်။

အပြင်းအထန်ဖျားနာပြီး နာလန်ထလာတဲ့အခါ အိမ်ကပို့လာတဲ့ ရိက္ခာနဲ့ ကိုယ့်ဘာသာ ချက်စားခွင့်တောင်းလည်း မပေးဘူး။ ထောင်ထမင်းဟင်းပဲ စားခိုင်းတယ်။

ဒ့ါအပြင် မမရီ(ဒေါ်ခင်ရီ)ကို လိုက်ပြီး အမြဲတမ်း စောင့်ကြည့်နေတယ်။ အ ကြောင်းက ထောင်ပိုင်ကြီးက ဒီလိုပြောတယ်တဲ့။

"ဒီမိန်းမကြီးက အလကား မိန်းမကြီး။ ကွန်မြူနစ် ဘုရားမကြီး။ သိပ်ဆိုးတာ။ အရင်က ငါ့ထောင် (အမျိုးသမီးထောင်) မှာ တခါမှ ဒီလို သပိတ်မှောက်တာမျိုးတွေ မရှိခဲ့

ဖူးဘူး။ အခု သူရောက်လာမှ ထောင်ဆူတာ ခဏခဏပဲ။ ဒါကြောင့် ဒီမိန်းမကြီး ဘာလုပ်တယ်၊ ဘာပြောတယ်ဆိုတာ ငါ့ကို အစီရင်ခံရမယ်”လို့ အမိန့်ချထားတယ်တဲ့။

အပြင်မှာ နိုင်ငံရေးအရ တည်မြဲ–သန့်ရှင်းတို့ တိုက်ပွဲပြင်းထန်နေသလို ထောင်တွင်းမှာလည်း ထောင်ပိုင်ကြီး (တည်မြဲ) ရဲ့ ဖိနှိပ် မှုတွေဟာ တနေ့ထက်တနေ့ ပိုပြင်းထန် လာတယ်။ ဒါနဲ့ အမျိုးသားထောင်က ခေါင်းဆောင်များနဲ့ ညှိနှိုင်းပြီး တချိန်တည်း သပိတ် မှောက်ကြ ပါတယ်။

အမျိုးသမီးထောင်က ဒီအကြိမ်ဟာ တတိယအကြိမ် သပိတ်မှောက်ခြင်းပါပဲ။ တောင်းဆိုချက် အချက် ၅၀ ကျော်ပါတယ်။ အခြေအနေက တော်တော်တင်းမာပါတယ်။ အပြင်မှာလည်း တည်မြဲက တော်တော် လက်စွမ်းထက်နေပါတယ်။ ရွေးကောက်ပွဲနီးလေ အနိဋ္ဌာရုံတွေက ပိုများလေလေ ဖြစ်နေပါတယ်။ ငဇွန် ဖ လောင်းပြိုင်လူသတ်ပွဲ၊ မင်းလှ ၄ လောင်းပြိုင်လူသတ်ပွဲတို့ ဆိုတာတွေ သတင်းစာမှာ ပါနေတယ်။ ဒ့ါအပြင် မြိတ် ဘက်မှာ မပို–ဆိုတဲ့ အမျိုးသမီးလေးကို ရက်ရက်စက်စက် သတ်ပြီး ရေထဲ မျှောပစ်တာ စတဲ့ သတင်းမျိုးတွေကို သတင်းစာမှာ ဖတ်နေရတယ်။

အမျိုးသားထောင်ဘက်မှာ ချင်းသေနတ်ကိုင်တပ်ရင်း အမှတ် ၄ ကို ခေါ်ပြီး၊ အကြမ်းဖက် နှိမ်နင်းတာတွေ လုပ်ခဲ့တယ်။ ခေါင်း ဆောင်ပိုင်းကို ရိုက်နှက်ပြီး တိုက်ပိတ်ထားတယ်။ ဒုတိယတန်း ခေါင်းဆောင်တွေက ဆက်လက်ပြီး တိုက်ပွဲကို ဦးဆောင်နေတယ်။ ထောင် နှစ်ခုလုံးက နေ့စဉ် အဆက်မပြတ် ညှိနှိုင်းပြီး အလျှော့မပေး ဆက်လက် တိုက်ပွဲဝင်နေတယ်။ စည်းလုံးညီညွတ်မှု ကောင်းပါတယ်။ တိုက်ပွဲဝင်နေတာ တလ ရှိသွားပါပြီ။ အပြင်ဘက်က သတင်းများကို ရတဲ့နည်းနဲ့ယူပြီး ထောင်တွင်းတိုက်ပွဲကိုလည်း သတင်းစာမှာ ပါ အောင် ကျွန်မတို့ ထည့်လိုက်ပါတယ်။ အမျိုးသားထောင်မှာ ဖြိုခွဲမရတော့ ကျွန်မတို့ အမျိုး သမီးထောင်ဘက် လှည့်လာနိုင်တယ်လို့ တွက်ဆထားပြီး သတိနဲ့ လုပ်ကိုင်နေပါတယ်။ (အမျိုးသမီးထောင်တွေမှာ လုပ်လေ့ရှိတာက ထောင်ဝါဒါတွေ အလစ်ဝင်လာကာ ခေါင်း ဆောင်ပိုင်းကို အတင်း ဖမ်းပြီး ထောင်ပြောင်းပစ်ခြင်းပါပဲ)။ ဒီအခါမျိုးမှာ ကျန်တဲ့ လူတွေက ဝိုင်းလုရပါတယ်။ ဒါကိုလည်း အားလုံးကို အသိပေးထားပါတယ်။ လုတဲ့အခါ ထဘီကို တင်းနေအောင် ဝတ်ထားရေးကအစ ဘယ်လိုလုရမယ်ဆိုတာပါ အားလုံးကို သင်ပြ ထား ပေးပြီး အသင့်ပြင်ထား စေပါတယ်။

## လာစမ်းဟေ့ သကြားလုံး အမြောက်

ကျွန်မတို့ ထောင်တွင်းတိုက်ပွဲ ဝင်နေစဉ်အတွင်းမှာ ပြဿနာတခု ဝင်ရှုပ် လာပါတယ်။ အဲဒါကတော့ ကျွန်မနဲ့ ရင်းနှီးတဲ့ ရဲဘော်တယောက် (မြို့နယ်ကေဒါတဦး) ဟာ

လက်နက်ချပါတယ်။ နောက်မကြာခင်မှာ သစ်ကုန်သည်တဦး ဖြစ်လာတယ်။ အဲဒီလူက ကျွန်မ မန္တလေးထောင်မှာ ရှိနေကြောင်း သိပါတယ်။ သူက ကျွန်မဟာ သူ့ရဲ့ ညီမဝမ်းကွဲ ဖြစ်ကြောင်း၊ ကျွန်မရဲ့ မိဘများကလည်း သစ်ကုန်သည်များ ဖြစ်ကြောင်း၊ ဒါကြောင့် ကျွန်မကို ဘီကလပ်စ် ပေးသင့်ကြောင်း၊ ဘီကလပ်စ်ပေးရန် သူ့အနေနဲ့လည်း မေတ္တာရပ်ခံပါကြောင်း ထောင်ပိုင်ကြီးထံ စာတစောင် ပို့လာပါတယ်။ ဒါကို အကြောင်းပြုပြီး တနေ့မှာ ထောင်ပိုင်ကြီးက ခေါ်တယ်ဆိုလို့ အမျိုးသမီး ဝါဒါတယောက်နဲ့အတူ ထောင်ပိုင်ကြီးရဲ့ ရုံးခန်းကို သွားရပါတယ်။

ထောင်ပိုင်ကြီးဟာ စားပွဲတဘက်မှာရှိတဲ့ ကုလားထိုင်တလုံးမှာ ခန့်ခန့်ကြီး ထိုင်နေပါတယ်။ သူ့စားပွဲပေါ်မှာ ‘ဝဏ္ဏကျော်ထင် ဦးဘထွန်း’ဆိုတဲ့ ရွှေရောင်တဖိတ်ဖိတ် တောက်နေတဲ့ ဆိုင်းဘုတ်ကလေးကို တွေ့ရတယ်။ ထောင်ပိုင်ကြီးဟာ ကျွန်မကို သူနဲ့ မျက်စောင်းထိုးမှာ ရှိတဲ့ ကုလားထိုင်လွတ်တလုံးမှာ ထိုင်ခိုင်းပါတယ်။ အမျိုးသမီး ဝါဒါကိုတော့ မထိုင်ခိုင်းပါဘူး။ ကျွန်မ ကို စာတစောင် ပေးလာ တယ်။ “အဲဒါ ဖတ်ကြည့်ပါ”တဲ့။ ကျွန်မလည်း သူပေးလာတဲ့ စာကို ဖတ်ကြည့်လိုက်တယ်။ ဟုတ်ပါတယ်။ တချိန်က ကျွန်မနဲ့ တော်တော် ရင်းနှီးခဲ့တဲ့ မြို့နယ်ကေဒါတဦး (သူတို့အိမ်ထောင်စုတခုလုံး ကျွန်မနဲ့ ရင်းနှီးခင်မင်ပါတယ်) ရဲ့ စာပါ။ အခုသူလက်နက်ချတဦး ဖြစ်နေပါတယ်။ (အထက်မှာ ကျွန်မ ပြောထားတဲ့အတိုင်း ရေးထားတဲ့စာ ဖြစ်ပါတယ်)။ ကျွန်မဖတ်ပြီး ထောင်ပိုင်ကြီးကို ပြန်ပေးလိုက်ပါတယ်။ ကျွန်မ နောက်ကို ပြန် လှည့်ကြည့်လိုက်ပါတယ်။ ကျွန်မနဲ့ အတူပါလာတဲ့ အမျိုးသမီးဝါဒါဟာ ရောက်နေတာ နာရီဝက်လောက် ရှိနေပေမယ့် ခုအချိန်အထိ မထိုင်ရသေးပါဘူး။ ကျွန်မ လှည့်ကြည့်တာကို မြင်လိုက်တဲ့ ထောင်ပိုင်ကြီးဟာ ခုံတန်းလျားကို လက် ညှိုးညွှန်ပြီး ‘ထိုင်’လို့ တခွန်းတည်း ပြောလိုက်မှ အမျိုးသမီးဝါဒါဟာ ထိုင်ရရှာပါတယ်။

“ဘယ်လိုလဲ။ ဘယ်လိုစဉ်းစားမိသလဲ”

“ဘာကို ပြောတာလဲ အန်ကယ်”

“သြော်... မင်းအတွက် ဘီကလပ်စ်ရဖို့ လျှောက်လွှာတင်ဖို့ကိစ္စကို ပြောတာ။ မင်းရဲ့အစ်ကိုကလည်း မေတ္တာရပ်ခံထားတယ်”

“သြော်... ဒီကိစ္စလား။ ကျွန်မ မစဉ်းစားပါဘူး။ ဒီဘီကလပ်စ် ကိစ္စဟာ စကတည်း က မတရားသက်သက် ညစ်ပြီးတော့ နိုင်ငံရေးသမားတိုင်းကို ဘီကလပ်စ် ပေးရတဲ့ အစဉ်အလာ ရှိလျက်သားနဲ့ မပေးဘဲ၊ ဒီအချိန်ကျမှ ကျွန်မက လျှောက်လွှာတင် တောင်း ဆိုဖို့ဆိုတာလည်း မစဉ်းစားပါဘူး။ ပြီးတော့ ဟိုပုဂ္ဂိုလ်ဆိုတာလည်း ကျွန်မနဲ့ အမျိုး မ တော်ပါဘူး”

"မင်းဟာ ကျန်းမာရေးလည်း မကောင်းဘူး။ သေသေချာချာ စဉ်းစားပါ။ အချိန်တွေ ရှိပါသေးတယ်။ ဒီတော့ မင်းရဲ့ မိဘတွေလည်း စီးပွားရေးအခြေအနေ ကောင်းတာပဲ။ မင်းမှာ ရနိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်"

"ကျွန်မ မစဉ်းစားပါဘူး အန်ကယ်။ ကျွန်မ မိဘတွေ စီးပွားရေး ကောင်းတယ်ဆို တာလည်း ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး။ ဒီမိဘတွေဟာ ကျွန်မရဲ့ မိဘအရင်း မဟုတ်ပါဘူး။ ကျွန်မ မိဘအရင်းတွေအားလုံး ဆုံးပါးသွားပါပြီ။ ကျွန်မ ဘီကလပ်စ် မလိုချင်ပါဘူး အန် ကယ်။ ဒါပါပဲ"

(တကယ်တော့ ကျွန်မဟာ မိဘတွေကို ပစ်ပစ်ခါခါ မပြောချင်ပါဘူး။ ဒါပေမယ့် တည်မြဲတွေဟာ အင်မတန် လက်ဖှောင်းထက် နေပါတယ်။ ဒါကြောင့် မိဘတွေ အသက်အရွယ် ကြီးမှ ကျွန်မအတွက် ငြိစွန်းတာတွေ ဒုက္ခရောက်တာတွေ မဖြစ်စေချင်လို့ အခုလို ပြတ်ပြတ် ပြောလိုက်တာပါ)။

"ကောင်းပြီးလေ မင်းကို အခုလိုခေါ်ပြောတာ မင်းဟာ ကျန်းမာရေးလည်း မကောင်း တာမို့ သားသမီးချင်း စာနာတဲ့အတွက် အခုလို ခေါ်ပြောတာပဲ။ ဘီကလပ်စ် မလိုချင်ဘူး ဆိုလည်း ရပါတယ်။ မင်းသေသေချာချာတော့ စဉ်းစားနော်"

"ဟုတ်ကဲ့ အန်အယ်၊ ကျေးဇူးတင်ပါတယ်။ ကျွန်မ ဘီကလပ်စ် မလိုချင်ပါဘူး ဆိုတာ ကျွန်မကိုယ်တိုင် သေသေချာချာ စဉ်းစားထားပြီးသားမို့ ပြောတာပါ အန်ကယ်။ တခြားကိစ္စ မရှိတော့ရင် ပြန်ခွင့်ပြုပါ အန်ကယ်"

"ကောင်းပြီလေ"

ထောင်ပိုင်ကြီးဟာ ကျွန်မကို စေ့စေ့စပ်စပ်ကြည့်ပြီး မပြုံးချင်ပြုံးချင်နဲ့ မဲ့ပြုံး ပြုံးပြနေတာကို မြင်ရတော့ ကျွန်မစိတ်ထဲမှာ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးကြီးက အစွယ်တွေကို ပြနေသလို ခံစားမိပါတယ်။

အမျိုးသမီးထောင် အပြန်လမ်းမှာ အတူပါလာတဲ့ အမျိုးသမီးထောင်ဝါဒါက ကျွန်မကို "ကြည်လေး မင်းဟာ သိပ်အ တာပဲ။ ထောင်ပိုင်ကြီးက ဘီကလပ်စ် ပေးချင်လို့ လျှောက်လွှာ တင်ခိုင်းတာတောင် မလိုချင်ဘူးဆိုတော့ ရိုးရိုး အ ရုံတင်မကဘူး မိုက်လည်း မိုက်တယ်"တဲ့။

"အို… အဲဒါ သူက စေတနာထားတယ်ဆိုတာ ယုံမနေနဲ့။ ကျွန်မကို နိုင်ငံရေးအရ သတ်ချင်လို့ လုပ်နေတာ"

ခက်တာက သူက အရပ်သားဆိုတော့ ကျွန်မပြောတာကို သဘောပေါက်ဖို့ မလွယ် ပါ။ သူသဘောပေါက်အောင် ရှင်းပြချင်ပေမယ့် တော်တော်ကြာ ထောင်ပိုင်ကြီးကို

ပြန် အစီရင်ခံနေရင် ကျွန်မတို့ အစီအစဉ်ကို ထောင်ပိုင်ကြီး ကြိုသိနေရင် မခက်ပါလား။ ဒါကြောင့် ဘာမှ ပြန်မပြောတော့ပဲ အေးအေးပဲ နေလိုက်တယ်။

ကျွန်မ အပြန်ကို စောင့်နေတဲ့ အမေဆင်နဲ့ အမျိုးသမီးတသိုက်ကို တွေ့ရတယ်။ အမေဆင်က – "ကြည်လေး ဘယ်နှယ့်လဲ။ ထောင်ပိုင်ကြီးက ခေါ်တာ ဘာထူးသေးလဲ"တဲ့။

"ဘာမှ မထူးပါဘူး အမေဆင်။ ပြီးတော့မှ အမေ့ကို အပြည့်အစုံ ပြန်ပြောပြမယ်နော်။ မမရီတို့နဲ့ အရင်တွေ့လိုက်ဦးမယ်"

ကျွန်မလည်း ပြောပြောဆိုဆိုနဲ့ မမရီနဲ့ မမသန်းတို့ ထိုင်နေတဲ့နေရာကို သွားလိုက်ပါတယ်။

"ကြည်လေးရေ ဘယ်နှယ့်လဲဟေ့။ ဘာထူးသေးသလဲ" မမရီက ပြုံးပြုံးရွှင်ရွှင်နဲ့ ဆီးပြီးမေးလိုက်ပါတယ်။

"မထူးပါဘူး မမရီရယ် သကြားလုံးအမြောက် ပစ်တာပါ"ကျွန်မက အစအဆုံး အသေးစိတ် ပြန်ပြောပြလိုက်ပါတယ်။ သူတို့ အားလုံးက ဝိုင်းရယ်ကြပါတယ်။ မမရီ၊ မမသန်း၊ မမနု၊ အမေဆင်တို့ အားလုံးက ထောင်ပိုင်ကြီးရဲ့ လုပ်ဟန်ကို ရယ်ချင်နေကြတယ်။ သူ ထင်သလို မဖြစ်လို့ ဒေါကန်နေမယ့် ထောင်ပိုင်ကြီးရဲ့ ပုံကို မှန်းကြည့်မိကြတယ်။

"ကောင်းတယ်၊ ကောင်းတယ်။ ဒါမှ ကွန်မြူနစ်ဆိုတာ သူထင်သလို မဟုတ်ပါလားလို့ သူသိသွားမှာ"မမရီက ပြော လိုက်တယ်။

"အင်း ထောင်ပိုင်ကြီးလည်း အပွဲပွဲ နွှဲခဲ့တာ ဒီပွဲကျမှ နုပ်ပစ်ခံရတာပေါ့"တဲ့။ မမနု(ဒေါ်သိန်းနု) ကလည်း ဝင် ပြောလိုက်တယ်။

" ဟုတ်တယ် ဟုတ်တယ်။ ကွန်မြူနစ်ဆိုတာ ဒီလိုအခွင့်အရေးတွေကို မက်မောတယ်ဆိုရင် အစကတည်းက ကွန်မြူနစ်တောင် ဖြစ်မလာဘူး" မမသန်းကလည်း မှတ်ချက်ချလိုက်တယ်။

ထောင်ပိုင်ကြီးဟာ သပိတ်ကို ဖြိုခွဲဖို့ နောက်ထပ် ဘာတွေ လုပ်လာဦးမလဲလို့ ကျွန်မတို့လည်း အမြဲ သတိထားနေပါတယ်။ ကျွန်မတို့ သပိတ်ဟာ မတိုးသာ မဆုတ်သာ။ အခြေအနေက အတော်ကို တင်းမာနေတယ်။

ကျွန်မတို့ဟာ သပိတ်နောက်ဆုံးအဆင့်ကို တက်လှမ်းဖို့ ပြင်ဆင်လိုက်ပါတယ်။ သပိတ်နောက်ဆုံး အဆင့်ဆိုတာ အစာတော်ခံ တိုက်ပွဲဖြစ်ပါတယ်။ အစာတော်ခံ တိုက်ပွဲ ဆင်ဖို့ပြင်တော့ မမရီက "ပထမအသုတ်ထဲမှာ ပါမယ်"လို့ စာရင်းတင်ပါတယ်။ ကျွန်မတို့ အား လုံးက သဘောမတူပါ။ အကြောင်းက မမရီဟာ အစာတော်ခံတိုက်ပွဲထဲ မပါသေးဘဲ

တိုက်ပွဲ ကိုသာ ခေါင်းဆောင်သွားရေး ဖြစ်ပါတယ်။ မမရီက လက်မခံပါ။ "တိုက်ပွဲမဆင်ခင် အသေးစိတ် ပြင်ဆင်ထားပြီး တိုက်ပွဲဝင်နေချိန်မှာ အခြေအနေအရ ဆွေးနွေးလုပ်ဆောင် သွားရင် ရတယ်"ဆိုကာ စာရင်းကို မဖျက်ပါ။ ကျွန်မတို့ အားလုံး တချိန်တည်း တိုက်ပွဲ ဝင်သွားရန် မဟုတ်ဘဲ၊ တပတ်ပြီး တပတ် လူတိုးသွားရေး ဖြစ်ပါတယ်။ အဲဒီအစာတော်ခံတိုက်ပွဲ ပထမ အပတ်မှာ ကျွန်မပါဝင်ခွင့်ရပါတယ်။ ကျွန်မတို့ အစီအစဉ် သဘောထားကို အမျိုး သား ထောင်မှ ခေါင်းဆောင်အဖွဲ့နဲ့ လှမ်းညှိနှိုင်းပါတယ်။ သူတို့က "အချိန်နည်းနည်း စောင့် ပါ။ သူတို့လည်း ပြင်ဆင်ထားပါတယ်။ တိုက်ပွဲကို အတူတူ တချိန်တည်း ဝင်ရအောင်"လို့ အကြောင်းပြန်ပါတယ်။

အပြင်မှာလည်း နိုင်ငံရေး အခြေအနေဟာ တော်တော် ပြင်းထန်နေတယ်။ မကြာခင် သန့်ရှင်း–တည်မြဲ ရွေးကောက်ပွဲ ဝင်ရတော့မှာ ဖြစ်ပါတယ်။ တကယ်ရွေး ကောက်ပွဲကြီး ကျင်းပလိုက်တော့ တည်မြဲဟာ မရှုမလှ ရှုံးနိမ့်သွားပါတယ်။ ပြည်သူတွေရဲ့ ဒဏ်ခတ်ခြင်း ခံ လိုက်ရတာပါ။

ဒီလိုနဲ့ တရက်မှာ အမျိုးသမီးထောင်ရော အမျိုးသားထောင်ပါ သပိတ် ခေါင်း ဆောင်များကို ထောင်ပိုင်ကြီး ရုံးခန်းကို ခေါ်ပြီး၊ ထောင်ပိုင်ကြီးက ဆွေးနွေးပါတယ်။ ထောင် ပိုင်ကြီးက – "လူပုဂ္ဂိုလ်အရ မမုန်းစေလိုကြောင်း၊ မိမိအနေနဲ့ တာဝန်အရ လုပ်ဆောင် တာသာဖြစ် ကြောင်း" ပြောလာပါတယ်။ သပိတ်ခေါင်းဆောင်များကလည်း လူပုဂ္ဂိုလ်အရ မုန်းလို့ မဟုတ် ပါဘူး။ တာဝန်အရ လုပ်ဆောင်တာထက် ပိုပြီး လုပ်ဆောင်နေတယ်ထင်လို့ "ဝဏ္ဏကျော်ထင် ဦးဘထွန်း —— အလိုမရှိ""ရက်စက်တဲ့ ထောင်ပိုင် — အလိုမရှိ"လို့ နောက်ပိုင်းမှ ကြွေးကြော်သံတင်ပြီး တိုက်တာဖြစ်ပါတယ်လို့ ရှင်းလင်းပြောပြပါတယ်။

တောင်းဆိုထားတဲ့ အခွင့်အရေးများကို ပေးမယ် သပိတ်ကိုလျှော့ဖို့ ထောင်ပိုင်ကြီး က ပြောလာပါတယ်။ နှုတ်ကတိနဲ့ မလုပ်ဘဲ လက်မှတ်ရေးထိုးပေးဖို့ သပိတ်တိုက်ပွဲ ခေါင်း ဆောင်များက တောင်းဆိုပါတယ်။ ဒါကို သဘောတူ လက်မှတ်ရေးထိုးပေးလိုက်လို့ ဆွေးနွေး ပွဲပြီးသွားပြီး ကျွန်မတို့ သပိတ်တိုက်ပွဲများလည်း အဆုံးသတ်ခဲ့ရတယ်။

နောက်ဆုံးအဆင့်ဖြစ်တဲ့ အစာတော်ခံတိုက်ပွဲကို မဆက်လိုက်ရပါ။

ကျွန်မတို့ ထောင်တွင်းတိုက်ပွဲ ပြီးသွားတဲ့နောက် ရက်ပိုင်းအတွင်းမှာပဲ ထောင် ကော်မတီ ရောက်လာတယ်။ ထောင်ကော်မတီမှာ ၁၀ ဦးရှိပါတယ်။ အချိန်တွေလည်း ကြာသွားခဲ့ပြီမို့ ဒီကော်မတီမှာ ဦးလေးလှ(လူထုဦးလှ)နဲ့ ဦးဘအုပ်(မတ္တရာအမတ်)တို့ ၂ ဦး လောက်ရဲ့ အမည်တွေကိုသာ မှတ်မိတော့တယ်။ ကျန်သူတွေရဲ့အမည် မမှတ်မိတော့ပါ။ အရင်က ထောင် ကော်မတီဟာ တလတကြိမ် မှန်မှန်လာပါတယ်။ ဦးလေးလှက မမသန်းနဲ့ တော်တော် ရင်းနှီး ပါတယ်။ မမသန်းဟာ ကိုမောင်လေး

(လူထုဒေါ်အမာရဲ့မောင်) နဲ့ ကျောင်းနေဘက်ပါ။ ဦးလေးလှက ထောင်တွင်းတိုက်ပွဲ အခြေအနေတွေကို မေးပါတယ်။ ကျွန်မတို့ကလည်း ပြန် ပြောပြနဲ့ စကားလက်ဆုံ ကျနေပါတယ်။ ပျော်စရာလည်း ကောင်း ပါတယ်။

## ထောင်တွင်းမှာ အောင်ပွဲခံခြင်း

တိုက်ပိတ်ခံနေရတဲ့ သပိတ်ခေါင်းဆောင်တွေ အားလုံး လွတ်လာပါပြီ။ တိုက်ပွဲဝင် အကျဉ်းသားများ အားလုံးလည်း တိုက်ပိတ်ထားတာက လွတ်ပေးလိုက်ပြီမို့ အားလုံးဟာ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ရှိကြပါတယ်။

ဒီနေ့ဟာ ထောင်တွင်းတိုက်ပွဲ အောင်ပွဲခံတဲ့ အထိမ်းအမှတ် ပွဲကတဲ့နေ့ပါ။ သပိတ်တိုက်ပွဲကော်မတီက ဦးစီးကျင်းပပါတယ်။ နေရာက အမျိုးသားထောင်တွင်း အစည်း အဝေးခန်းမ မှာပါ။ နေ့လည် ၁၁ း ၀၀ မှ ၁၆ း ၀၀ နာရီအထိပါ။ အမျိုးသမီးထောင်ကိုလည်း ဖိတ်ကြားလို့ သွားကြည့်ပါတယ်။

ပွဲမကြည့်ရတာ ကြာတာက တကြောင်း၊ အမျိုးသားထောင်အတွင်းမှ အနုပညာ သမားတွေက (အဆိုအက၊ အတီးအမှုတ်၊ ပန်းချီပညာကအစ) လက်စွမ်းပြကြတာက တော်ကြ ထူးချွန်ကြတာကတကြောင်း ကျွန်မတို့ဟာ ကိုယ့်ကိုယ်ကိုယ် ထောင်ကျနေတယ် ဆိုတာ တောင် ယာယီအားဖြင့် မေ့သွားပါတယ်။ ပျော်ရွှင်ပွဲ အစီအစဉ်တွေကတော့ ရှေ့ပိုင်းမှာ "ငြိမ်း ချမ်းရေး အော်ပရာအက""နှစ်ပါး သွားအက" နောက်ပိုင်းမှာ "မေဓာဝီ ဇာတ်ထုပ်" ခင်းပါတယ်။ ရသေ့ကြီးနဲ့ သူတော်တို့ ၂ ယောက်ဟာ သရုပ်ဆောင်ကောင်းပြီး ဟာသ အလွန်မြောက်လွန်းလို့ ပရိသတ်ဟာ တဝါးဝါးတဟားဟားနဲ့ ပါးစပ်မပိတ်ရအောင် ရယ်နေရပါတယ်။ ယောကျ်ားမင်းသမီးက အကလည်းကောင်း၊ အလွမ်းလည်းကောင်းတာ မို့ ကျွန်မတို့တတွေ ငိုတောင် ငိုခဲ့ရပါသေးတယ်။

ထောင်တွင်းတိုက်ပွဲပြီးလို့ တပတ်အတွင်းမှာပဲ ဝဏ္ဏကျော်ထင် ဦးဘထွန်းဟာ တိတ်တဆိတ်နဲ့ ရန်ကုန်ထောင်ကို ပြောင်း သွားခဲ့ရပါပြီ။ သူ့နေရာကို ကုလားအမျိုးသား (နာမည်မမှတ်မိတော့ပါ) ထောင်ပိုင်ကြီးတဦး ရောက်လာပါတယ်။ ရောက်လာခါစမို့လား မပြောတတ်၊ တော်တော် သဘောကောင်းပါတယ်။

မမရီဟာ ထောင်က လွတ်တော့မှာမို့ ကျွန်မနဲ့ ရှေ့ရေးကို ဆွေးနွေးကြပါတယ်။ ကျွန်မသဘောထားကိုလည်း ပြောပြပါတယ်။ မမရီကလည်း သူ့သဘောထားကို ပြောပြ ပါတယ်။ မမရီဟာ သူ့ရဲ့ဆွေမျိုးသားချင်းများဆီ မပြန်တော့ဘဲ ထောင်ကထွက်ရင် ကိုယ့်စီးပွား ကိုယ်ရှာပြီး လွတ်လပ်စွာနေမယ်။ ပါတီနဲ့ အဆက်ရရင် တောကိုပြန်မယ်တဲ့။

ကျွန်မသဘောထားကလည်း ဒီအတိုင်းပါပဲ။ စီးပွားရေးလုပ်ရင် အစိုးရ အမှုထမ်း မလုပ်၊ ပုဂ္ဂလိက အလွတ်ပညာသင်ကျောင်းတွေမှာ ကျောင်းဆရာ ဝင်လုပ်မယ်။ (မမရီ ဟာ ပင်ကိုယ်ကတည်းက ကျောင်းဆရာပါ။ ဆရာဖြစ်သင်တန်းဆင်း ဖြစ်ပါတယ်)။ ကျွန်မ လည်း အနိမ့်ဆုံး မူလတန်းလောက်တော့ သင်နိုင်ပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည် ပါတယ်။ မမရီနဲ့ အတူနေမယ်၊ တောကိုလည်း အတူ ပြန်မယ်လို့ ဆွေးနွေးဖြစ်ကြတယ်။

မကြာခင် ရက်ပိုင်းအတွင်းမှာပဲ မမရီ ထောင်ကလွတ်သွားပါပြီ။ ကျွန်မတို့အားလုံး ဝမ်းသာဝမ်းနည်း ဖြစ်ကြရတယ်။ မမရီ ထောင်ကလွတ်သွားတာမို့ ဝမ်းသာရသလို လူချင်း ခွဲကြရတာမို့ ဝမ်းနည်းပါတယ်။ ကျွန်မက ပိုဆိုးပါတယ်။ မမရီနဲ့ ကျွန်မဟာ ထောင်တွင်း စီကလပ်စ်မှာ အတူအိပ်အတူစား နေ့တတိုးတိုး ညတတိုးတိုးနဲ့ နေခဲ့ရတာ အခုလို ခွဲလိုက် ရတော့ ကျွန်မရင်ထဲ တော်တော်ခံစားလိုက်ရတယ်။

မမရီ ထောင်ကလွတ်ပြီး တလလောက်အကြာမှာ ထောင်ဝင်စာ လာတွေ့ ပါတယ်။ ကျွန်မကို ခေါ်တွေ့တာပါ။ နောက်တလဆိုရင် ကျွန်မလွတ်တော့မှာမို့ ရက်အတိ အကျ လာမေး တာပါ။ ထောင်ကလွတ်ရင် အစိုးရက တာဝန်ယူ ပို့ပေးမယ်ဆိုရင် လက်မခံဖို့၊ မန္တလေးမှာ ဦးလေးရှိတယ်လို့ ပြောရမယ်။ (အဲဒီ ဦးလေးဟာ အရင်က ပါတီက ရဲဘော်ပါ။ မြို့ပေါ် ပြန် ရောက်ပြီး မြေအောက် တာဝန်ယူ နေတာပါ)။ ထောင်ထွက်တဲ့နေ့မှာ အဲဒီ ဦးလေး လာကြိုမယ်။ ရက်အချို့ နေပြီးရင် ကျောက်ဆည်ကို သွားရမယ်။ အဲဒီမှာ 'ပြည်လုံးနိုင် အလွတ်ပညာသင်ကျောင်း'မှာ အလုပ်ဝင်လုပ်ဖို့ စီစဉ်ပေးထားပါတယ်။ မမကြီး(ဆရာမ ဒေါ်ခင်မေ)နဲ့ အတူနေရေးကို စီစဉ်ထား ပါတယ်။ မမရီရဲ့ အလုပ်က စစ်ကိုင်းမှာမို့ လောလောဆယ်ဆယ် အလုပ်ကထွက်လို့ မရသေးပါ။ နောက်မှ ပြန်စီစဉ်ပြီး အတူနေမယ်လို့ လာပြော တာပါ။

၁၂–၄–၆၁ ရက်နေ့မှာ ကျွန်မ ထောင်မှ လွတ်ပါတယ်။ ကျွန်မတို့ဟာ လျော့ရက် တရက်မှ မရပါ။ ၂ နှစ်တင်းတင်းပြည့်မှ လွှတ်ပေးတာပါ။ ဒါကို ဝမ်းမနည်းပါဘူး။ ထောင်က လွတ်တာ လုံးဝမပျော်နိုင်ပါဘူး။ တဝက်တပျက်လောက်ပဲ ပျော်ပါတယ်။ အကြောင်းက မမသန်း(ဒေါ်သန်းသန်း–ကျောက်ဆည်) နဲ့ ရဲဘော်အများစုကို ထောင်ထဲမှာပဲ ဆက်လက် ခွဲထား ခဲ့ရလို့ပါ။

မမသန်း။ သူကတော့ ကျောက်ဆည်သူပါ။ တော်လှန်ရေးတာဝန်ကတော့ အထက် ဗမာပြည်တိုင်း အမျိုးသမီးသမဂ္ဂအဖွဲ့ ဒု–ဥက္ကဋ္ဌဖြစ်ပါတယ်။ အဲဒီတုန်းက ပထမ ဥက္ကဋ္ဌကတော့ မမအုန်း(ဒေါ်အုန်း–မြင်းခြံ၊ သခင်ဗဟန်ရဲ့ ညီမ) ဖြစ်တယ်။ မမသန်းရဲ့ ပါတီအဆင့်မှာ ခရိုင်ကော်မတီအဆင့် ပါ။ သူ့ခင်ပွန်းကတော့ ရဲဘော်ကျော်ဇော(၁၉၅၀ ခုနှစ်များက ပညာ တော်သင်အဖြစ် တော်လှန်ရေး အတွင်းမှ ခရီးထွက်သွားရသူ၊ နောင်မှာ

မော်စကိုမှာ ပညာသင်အဖြစ် ရောက်ရှိခဲ့သူ) ဖြစ်ပါတယ်။ မမသန်းဟာ စိတ်အေးချမ်းပြီး စိတ်သဘောထား အလွန်ကောင်းသူပါ။ သူ့မှာ ရဲဘော်ကျော်ဇောနဲ့ ရတဲ့ သမီးလေး တယောက်ရှိပါတယ်။

ကျွန်မတို့ တတိယအကြိမ် ထောင်တွင်းတိုက်ပွဲ အောင်ပွဲရလိုက်ပြီးနောက် မမရီ၊ မမနု၊ မမဖြူ၊ မမကြီး(ဒေါ်ခင်မေ–ဆရာဦးချစ် ခင်ရဲ့ဇနီး၊ ရေဦး)စတဲ့ အမျိုးသမီးခေါင်းဆောင် အများစု ထောင်က လွတ်ခဲ့ပါတယ်။ ခေါင်းဆောင်ထဲကဆိုလို့ မမသန်းပဲ ကျန်ပါတယ်။ အခု ကျွန်မ ထောင်ကထွက်လာတော့ မမသန်းနဲ့ မမမေ(ဒေါ်နှင်းမေ–အလံနီပါတီ)တို့နဲ့ နှစ်ပါတီလုံးက ရဲဘော်တွေ ကျန်နေပါသေးတယ်။

ကျွန်မဟာ ကျောက်ဆည်မှာ တနှစ်၊ တောင်ငူမှာ ၂ နှစ်၊ ကျောင်းဆရာ လုပ်ပြီး တောင်ငူမှာ မမရီနဲ့ အတူနေပါတယ်။ တောင်ငူမှာ မမရီက အလယ်တန်းကို စာပြပါတယ်။ အထက်တန်းမှာလည်း သင်္ချာဘာသာ သင်ပါတယ်။ ကျွန်မတို့ ၂ ယောက်ရတဲ့ လခနဲ့ ပါတီ လွတ်မြောက်ဒေသက ကျောင်းလာနေတဲ့ (ရဲဘော်တွေရဲ့) ကလေးတွေကို ကျောင်း စရိတ် ထောက်ပံ့ပေးတာ၊ ပါတီမှာ အခက်အခဲရှိလို့ မှာရင် ငွေလှူတာစတာမျိုးတွေကို လုပ်ပါ တယ်။ နောက်ပိုင်းမှာ မမရီရော ကျွန်မပါ စက်သင်တန်း တက်ပါတယ်။ ဒေါ် ခင်ကြီး (သခင် ဗဟိန်းရဲ့ ဇနီး)က တာမွေမှာ 'ခေတ်'ဆိုတဲ့ နာမည်နဲ့ စက်သင်တန်းကျောင်းဖွင့်ထားတာ ရန်ကုန်မှာ တော်တော်အောင်မြင်ပါတယ်။

၁၉၆၄ ခုနှစ်လောက်မှာ မမရီဟာ သူ့ဘာသာကိုယ်ပိုင် စက်သင်တန်းကျောင်း တခု ဖွင့်လိုက်တယ်။ 'ရွှေခေတ်တိုင်'စက်ကျောင်းဆိုပြီး လှည်းတန်းတံတားထိပ်မှာ အိမ်တလုံး ငှားပြီး စက်ကျောင်းတကျောင်း ဖွင့်လိုက်တာပါ။ အဲဒီအချိန်က အလုပ်လက်မဲ့ ပေါများပြီး ဆယ်တန်းအောင်လို့ တက္ကသိုလ် ဆက်တက်နိုင်ရင်တက် မတက်နိုင်ရင် အလုပ် လက်မဲ့ဖြစ်ပြီး လူငယ်တွေတော်တော် ဒုက္ခ ရောက်ကြတယ်။ တချို့လူငယ်လေးတွေ စီးပွား ရေးကလည်း ကျပ် တည်း၊ ပညာကလည်း တပိုင်းတစဆိုတော့ မပျက်စီးသင့်ဘဲ ပျက်စီးသွား ကြရတာတွေလည်း ရှိတယ်။ တိုင်းပြည်ကလည်း ငြိမ်းချမ်းရေးမရ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ဘက်ပေါင်းစုံမှာ အကျပ်အတည်း ဖြစ်နေချိန် ပြည်သူတရပ်လုံးဟာ ဒုက္ခ ပေါင်းစုံနဲ့ ရင်ဆိုင်နေရချိန် စစ်အုပ်စုက မိုးကောင်းနေချိန် ဆိုပါတော့။

လူတွေဟာ စီးပွားရေးကလည်းကျပ်တည်း၊ အလုပ်အကိုင်ကလည်း ရှားပါး။ ကောင်းရာ ကောင်းကြောင်း လုပ်ကိုင်စားလည်း မလွယ်ကူ။ ငွေကလည်းရှားနဲ့မို့ ဘဝပျက် ကြရတယ်။ ဘဝပျက်တော့ ကိုယ်ကျင့်တရားလည်း ပျက်လာပြီး လိမ်တာညာတာတွေ ပေါများ လာတယ်။ လူချင်း အလွန်မတန် ရင်းနှီးပြီး သားချင်းအရင်းလိုနေတဲ့ မိတ်ဆွေ

များကပါ မယုံနိုင်စရာ လိမ်ညာတာမျိုးတွေ ကြားလာ၊ တွေ့လာရတယ်။ ခိုးတာ၊ တိုက်တာ၊ အနုကြမ်းစီးတာ တွေလည်း ပေါများလာတယ်။

ရန်ကုန်မြို့မှာ စက်သင်တန်းကျောင်းတွေလည်း မှိုလိုပေါက်နေတယ်။ စက်လေး တလုံးနှစ်လုံးနဲ့ စက်ချုပ်ပညာကိုလည်း တတ်အောင် သင်မပေးနိုင်၊ ကြာတော့ ငွေယူပြီး ထွက်ပြေးသွားတယ်။ အဲဒီလို အခြေအနေမှာ စက်ကျောင်းဖွင့်ရတာဆိုတော့ ပထမနှစ်မှာ ကျောင်းသား သိပ်မရှိပါဘူး။ နောက်ပိုင်းကျမှ တဖြည်းဖြည်း နာမည်ရလာပြီး ကျောင်းသား ၃၀ နဲ့ ၄၀ ကြား အမြဲရှိနေတယ်။ အဝေးက ကျောင်းသား(မိန်းကလေး) တွေ ပေါများလာ တယ်။ တပ်ကုန်း၊ ခနောင်ဖြူ စတဲ့နေရာတွေကပါ မိဘတွေကိုယ်တိုင် လိုက်လာပြီး ကျောင်းအပ် ကြပါတယ်။ ကျောင်းမှာ ညအိပ်နေပြီး အုပ်ချုပ်ရေးစနစ်၊ ပညာသင်ကြားပုံစနစ်၊ ဆက်ဆံ ရေးကအစ ကိုယ်တိုင်လေ့လာကြည့်ပြီးမှ ယုံ ကြည်စိတ်ချစွာ သားသမီးများကို အပ်နှံပြီး ပြန်သွားကြတယ်။ ဒါကြောင့် မမရီက ကျွန်မကို ပြန်ခေါ်ပြီး ဘော်ဒါအုပ်တာဝန် ပေးပါတယ်။

ဒါမတိုင်ခင်က ကျွန်မဟာ တောင်ငူ 'လူငယ့်တက္ကသိုလ်'မှာ မမရီနဲ့အတူ ကျောင်းဆရာ လုပ်နေတာပါ။ ၁၉၆၃ ခုနှစ်နွေရာသီ ကျောင်းပိတ်ရက်မှာ ၂ ယောက်လုံး ကျောင်းက ထွက်ခဲ့ကြပါတယ်။ (အကြောင်းကြောင်းတွေကြောင့် ဆက်မလုပ်နိုင်တာပါ။ အဲဒီကျောင်းဟာ တော်တော်အောင်မြင်ပြီး နာမည်ကြီးပါတယ်။ ကျွန်မတို့လည်း နှမြော ပေမယ့် မတတ်သာလို့ စိတ်မကောင်းစွာ ခွဲခဲ့ပါတယ်)။

ကျောင်းကထွက်လာပြီး မမရီက ကျွန်မကို ကျောက်ဆည်မမသန်းတို့ဆီ ပို့ လိုက်ပြီး နောင်အခြေအနေကောင်းမှ ကျွန်မကို ပြန်ခေါ်မယ်ဆိုပြီး မမရီကတော့ ရန်ကုန် ထွက်သွား တာ ပါ။

ကျွန်မဟာ မမရီနဲ့ခွဲနေရပေမယ့် စိတ်ပျော်ရွှင်နေပါတယ်။ အကြောင်းကတော့ ဒီတုန်းက ပြည်သူတရပ်လုံးကလည်း ပြည်တွင်းငြိမ်းချမ်းရေးကို လိုလားတောင့်တနေတဲ့ အ ချိန်၊ ငြိမ်းချမ်းရေး ရရှိရေးအတွက် အပူတပြင်း ကြိုးစားနေကြတဲ့အချိန်မို့ မမသန်းနဲ့ ကျွန်မ ဟာ မိဘပြည်သူများနဲ့ လက်တွဲပြီး ငြိမ်းချမ်းရေးလုပ်ငန်းများကို လုပ်ကိုင်နေရလို့ပါပဲ။

## ပြည်တွင်းငြိမ်းချမ်းရေး

မန္တလေး ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှာ ဉက္ကဋ္ဌ ဗိုလ်မှူးလှဖေ (တောပြန်ရဲဘော် ဟောင်း၊ ဒေါ်တင်တင်ရဲ့ ခင်ပွန်း) က ဦးစီးလှုပ်ရှား လုပ်ဆောင် နေပါတယ်။ ဒီအဖွဲ့ထဲမှာ မမသန်းနဲ့ ကျွန်မတို့လည်း ပါဝင်ခဲ့ပါတယ်။ မန္တလေး ၇ ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲ ဆိုတာမှာ–မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်တို့မှ ပြည်သူလူထုတွေဟာ ကားကြီးကားငယ်

အိုးစည်ပုံမောင်းသံတညံ့ညံ့နဲ့ မန္တလေးအထိ ချီတက်လာပြီး မန္တလေး အိမ်တော်ရာ ၁၄ ခန်းစရပ်မှာ လူထုတရားပွဲကို ကျင်းပခဲ့တဲ့ ငြိမ်းချမ်း ရေးဆန္ဒပြပွဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး ဆန္ဒပြပွဲ အကြိုကာလမှာ မမသန်းနဲ့ကျွန်မဟာ တာဝန်အရ မြင်းခြံ၊ မိတ္ထီလာ စတဲ့မြို့တွေကို သွားပြီး လှုံ့ဆော် ရေးတရားပွဲများ ပြုလုပ်ခဲ့ပါတယ်။

၁၉၆၃ နိုဝင်ဘာ ၁၅ ရက်နေ့ ရောက်ပါပြီ။ မမသန်းနဲ့ ကျွန်မလည်း မန္တလေးမြို့ တောင်ဘက် စစ်မျက်နှာက ချီတက်လာတဲ့ လူထုကြီးနဲ့အတူ ပါဝင် ချီတက်ခဲ့ပါတယ်။ အင်အား ကြီးမားလှတဲ့ လူထုကြီးဟာ ရောမလှိုင်းလုံးကြီးပမာ မြို့တွင်းကို စီးမျောဝင်ရောက် ခဲ့တယ်။ ၁၁ နာရီအချိန်လောက်မှာ ဧည့်ခံကြိုဆိုရေးအဖွဲ့က လူထုကြီးကို ဆီးကြိုပြီး မန္တလေးမြို့အဝင် ဒေါ်ခင်စောမူ ဆီစက်ဝင်းကြီးထဲမှာ နံနက်စာကို ထမင်းထုပ်တွေနဲ့ ကျွေးမွေး ဧည့်ခံပါတယ်။ ထမင်းကလည်း စားလို့ကောင်း ပျော်စရာလည်း ကောင်းပါတယ်။ ကျွန်မဟာ မိဘပြည်သူတွေနဲ့ ရင်းနှီးခင်မင်စွာ အခုလို ဆက်ဆံနေရတော့ တော်လှန်ရေးဒေသ လွတ် မြောက်တဲ့ အခြေခံဒေသတွေမှာ ရှိနေတဲ့ မိဘ ပြည်သူတွေကို ပြန်လည် လွမ်းဆွတ်သတိရ မိပါတယ်။ တဆက်တည်း ကျွန်မစိတ်အာရုံမှာ အဲဒီတုန်းက အထက်ဗမာပြည်တိုင်း အခြေခံဒေသအတွင်း ခေတ်စားခဲ့တဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ “ငြိမ်းချမ်းရေး ချိုးဖြူ” ဆိုတဲ့ သီချင်းလေးကို ပြန်လည် သတိရနေမိတယ်။

## ငြိမ်းချမ်းရေး ချိုးဖြူ

***(စစ်ကိုလိုလားလို့ အစဉ် × စစ်ဖြစ်အောင် ဖန်တီးလို့ပင် × နယ်ချဲ့ စစ်ဘီလူး × ကမ္ဘာကြီးကိုလည်း × မီးလောင်စေချင်)၂***

***အဘိုးအို × အမယ်အို × မိခင်များနဲ့ ကလေးသူငယ် × လူငယ်လူရွယ် × သွေးနဲ့မျက်ရည် × × ပင်လယ်ပြင်နဲ့ × နစ်မောကာပင် × ခြေစုံ မျောလို့ × ဒုက္ခအပေါင်းတို့ ဝန်းရံကာပင် × ကမ္ဘာတခွင် × ငြိမ်းချမ်း × စေဖို့ × ဩော် × × ချိုးဖြူလေးရယ် × ထံတျာတေးကို × အမြောက်တွေ ဗုံးတွေ× ပစ်ခါခွင်းလို့ × × ဖုံးလွှမ်းစေချင် × ချိုးဖြူရုပ်သွင် × × ဖြူဖြူလွှကို × တကာယ်ပင် × အမှန်ပင် × ပျက်စီးစေချင် × သို့ပေမယ့်ကွယ် × ထာဝစဉ် ဖျက်လို့မရနိုင်ပင် × ×***

*(သံပြိုင်)*–***(ပြာလဲ့လဲ့ ဝဋ္ဋာတခွင် × ငြိမ်းချမ်းရေး တေးကဗျာရှင် × ဖြူစင်လှပ × ယဉ်စစနဲ့ × ချစ်စရာပင် × ထာဝစဉ် ငြိမ်းချမ်း စေချင် × သံချိုချို အေးမြကြည်လင် × စပါးနှံကို × ×ကိုက်ချီလို့သာပင် × )၂ ချိုး × × ဖြူ × ငြိမ်းချမ်းရေး × ထံတျာတေးနဲ့ × သွဲ့သွဲ့နွဲ့နွဲ့ × × လှစ်ကြူမယ်အစဉ် × ချိုး × × ဖြူ × ကမ္ဘာတဝှမ်းလုံးကို တကာယ် ငြိမ်းချမ်းဖို့ × ကူသံချို့နဲ့ × ဝဲ × × လို့ × ×သာ × ×ပင်***

***(စစ်ကိုလိုလားလို့ အစဉ် × စစ်ဖြစ်အောင် ဖန်တီးလို့ပင် × × – – – – – – –***
***– သို့ပေမယ့်ကွယ် × ထာဝစဉ် × ဖျက်လို့ မရနိုင်ပင် × ×)***

**မှတ်ချက် –** (ဒီသီချင်းဟာ အထက်ဗမာပြည်တိုင်း တိုင်းဝါဒဖြန့်ချိရေးက မင်းသမီး အောင်သောင်းရင် အငြိမ့်ကတဲ့ သီချင်း ဖြစ်ပါတယ်)။

ကျွန်မတို့ ချီတက်ဆန္ဒပြနေတဲ့အချိန် ကြွေးကြော်သံတွေ တိုင်နေတဲ့ ကျွန်မတို့ ဘေးနားမှာ သတင်းစာရောင်းတဲ့ လူငယ်တယောက်ဟာ "ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားပြီ။ ရန်ကုန်မှာ မနေ့က ကတည်းက ပျက်တယ်"လို့ အော်ဟစ်ရင်း သတင်းစာ ရောင်းနေပါတယ်။ ကျွန်မတို့ကလည်း ဘာတွေအော်နေနေ ဂရုမစိုက်ဘဲ ကြွေးကြော်သံတွေ ကိုသာ အစွမ်းကုန်အော်ရင်း ချီတက်ခဲ့ပါတယ်။ နောက်ဆုံးမှာ အိမ်တော်ရာဘုရား ၁၄ ခန်းဇရပ်မှာ လူထုတရားပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါတယ်။

## ငြိမ်းချမ်းရေးမလိုလားတဲ့ စစ်အစိုးရက ဖမ်းပြီ

ဗိုလ်နေဝင်း စစ်အစိုးရဟာ ပြည်သူတရပ်လုံးက လိုလားတောင့်တနေတဲ့ "ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး"ကို လိုလားနေဟန်ဆောင်ပြီး ပရိယာယ် သုံးကာ အချို့ သတ်လို့ တောတွင်းရှိ လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ ဗမာပြည်ကွန်မြူနစ် ပါတီ အပါအဝင် တော်လှန်ရေးအင်အားစုများကို တွေ့ဆုံဆွေးနွေးရန် ခေါ်လိုက်တယ်။ တောတွင်းရှိ ကျွန်မတို့ ပါတီကလည်း ရဲဘော်ဌေး ဦးစီးတဲ့ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို စေလွှတ်ခဲ့တယ်။

တကယ်လက်တွေ့ တွေ့ဆုံဆွေးနွေးတော့ ဆွေးနွေးပွဲကို တဖက်သတ် ရပ်စဲ ဖျက် သိမ်းပစ်တယ်။ ငြိမ်းချမ်းရေး ဆန္ဒပြပွဲတွေကို တခဲနက် စည်းရုံးလုပ်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေး ခေါင်းဆောင်တွေကို ယုတ်မာကောက်ကျစ်စွာ နေရာတိုင်းမှာ မတရား လိုက်လံဖမ်းဆီးနေ ပါတယ်။

လူထု တရားပွဲ ပြီးတော့ ကျွန်မတို့ဟာ ကျောက်ဆည်အိမ်ကို မပြန်သေးဘဲ မန္တလေးမှာ ညအိပ်နေပြီး လုပ်စရာရှိတဲ့ လုပ်ငန်းများ ပြီးအောင် လုပ်နေပါတယ်။ နောက်တနေ့ မနက်မှာ ကျောက်ဆည်အိမ်က သတင်းပို့လာပါတယ်။ "မနေ့ညက အိမ်ကို စစ်တပ်နဲ့ လာဝိုင်းပြီး မမသန်းနဲ့ ကျွန်မကို လာရှာပါတယ်။ ဖမ်းဝရမ်းထုတ်ထားတယ်။ ဒါကြောင့် အိမ်ကို ပြန်မလာပါနဲ့ဦး။ ရှောင်နေပါဦး"တဲ့။

ဒါနဲ့ ကျွန်မတို့လည်း မန္တလေးမှာ ၁၀ ရက်လောက် ရှောင်နေလိုက်ပါတယ်။

အခြေအနေ အေးသွားပြီဆိုမှ ကျောက်ဆည်ကို ပြန်ခဲ့ပါတယ်။ ကျွန်မတို့ အိမ်ပြန် ရောက်ပြီး စစ်တပ်က ခေါ်လို့ ကျွန်မတို့ နှစ်ယောက် သွားပြီး ဖြေရှင်းရပါတယ်။ စစ်တပ်က ဗိုလ်မှူးလုပ်သူက "ဘယ်သွားနေသလဲ။ ဘာသွားလုပ်သလဲ။ တောတွင်းနဲ့

အဆက်အသွယ် ရှိ မရှိ မေးပြီး နောင်ကို ကောင်းမွန်စွာ နေထိုင်ပါ”တဲ့။ ဒါတွေကို ပြောတော့ ကျွန်မတို့ကလည်း “ကျွန်မတို့ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်နေတာ ဖြစ်ကြောင်း၊ မမသန်းရဲ့ ငှက်ပျောခြံမှာ နေ့စဉ် သွားအလုပ်လုပ်နေကြောင်း(မမသန်းမှာ သရက်ခြံလည်း ရှိပါတယ်)၊ တောတွင်းနဲ့ အဆက်အသွယ် မရှိကြောင်း၊ တောတွင်း အဆက်အသွယ် မရှိလည်း ငြိမ်းချမ်းရေးဆိုတာ ပြည်သူတွေရဲ့ ဆန္ဒဖြစ်ကြောင်း၊ ဒါကြောင့် ကျွန်မတို့ဟာ လည်း ပြည်သူထဲက ပြည်သူ တယောက်မို့ ငြိမ်းချမ်းရေးကို အင်မတန် လိုလားပါကြောင်း” စတာတွေကို ပြောပြီး အိမ်ပြန် လာပါတယ်။

ဒီလိုနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လူထုလှုပ်ရှားမှုများအတွင်း တက်တက်ကြွကြွ ပါ ဝင်ခဲ့ပေမယ့် အဖမ်းအဆီးခံရမယ့်ဘေးက လွတ်ကင်းခဲ့ရတယ်။

× × × ×  × × × ×  × × × ×

ကျွန်မ စက်ကျောင်းမှာ မမရီနဲ့ နေထိုင်တဲ့ဘဝကို ပြန်ဆက်ပါရစေ။ ကျွန်မ မမရီက ခေါ်လို့ ကျောက်ဆည်မမသန်းဆီမှ ရန်ကုန်ကို ပြောင်းလာပြီး စက်ကျောင်းမှာ ဘော်ဒါအုပ် တာဝန်ယူပါတယ်။ တဖက်ကလည်း အကြောင်းကြောင်းတွေကြောင့် အများနဲ့ အမီမလိုက်နိုင်တဲ့ ကျောင်းသူကျောင်းသားများကို သီးသန့်အချိန်ယူပြီး သူတို့ တတ်မြောက် အောင် တာဝန်ယူသင်ကြားပေးရပါတယ်။

ကျွန်မတို့ကျောင်းမှာ စက် ၁၀ လုံးရှိပါတယ်။ ဘာသာစုံကို ၃လ နဲ့ တတ်အောင် သင်ပေးပါတယ်။ သင်တန်းကြေးက ဘာသာစုံ ၂၅၀ ကျပ် ဖြစ်ပါတယ်။ သင်တန်းကျောင်း ပြီးလို့ ကျောင်းဆင်းတာနဲ့ တကယ်တော်တဲ့ ကျောင်းသားတွေကို အလုပ်ပါ တခါတည်း ရှာပေး နိုင်ပါတယ်။ ဒီလိုအာမခံချက် ရှိတာမို့ ကျောင်းဟာ နာမည်ကြီးလာပြီး ကျောင်းသား သစ်များ မပြတ်တိုးနေပါတယ်။

မမကြီး(ဒေါ်ခင်ကြီး)ကလည်း ကျောင်းနားရက်ဆိုရင် ကျွန်မတို့ဆီလာပြီး မမရီနဲ့ ဆွေးနွေးညှိနှိုင်းတာ အမြဲလုပ်တတ်ပါတယ်။

ကျွန်မနဲ့ မမရီဟာ ရန်ကုန်မှာ စက်ကျောင်းဖွင့်တာ စီးပွားရေးအရ တော်တော် အဆင်ပြေပါတယ်။ ဝင်ငွေအားလုံးကို မမရီပဲ ကြီးကြပ်ပါတယ်။ မမရီပဲ ကျွန်မတို့ရဲ့ စားဝတ် နေရေးအားလုံးကို စီမံခန့်ခွဲပါတယ်။ လုပ်ငန်းတခုလုံးကို ဦးစီးသူတယောက်အနေနဲ့ လိုလေ သေးမရှိ တာဝန်ယူပါတယ်။

ကျွန်မတို့ တိုင်းရင်းသား မှတ်ပုံတင်ကိုလည်း လုပ်ထားပါတယ်။ မမရီက အစ်မ အကြီးဆုံး၊ ကျွန်မက ညီမ အငယ်ဆုံးလို့ လုပ်ထားပါတယ်။ မမရီဟာ ကျွန်မကို လိုလေး သေးမရှိ အဝတ်အစားသာမက(ရွှေထည်ပစ္စည်း) လက်ဝတ်လက်စားများပါ ဝယ်ဆင်ပါ တယ်။ ကျွန်မက အသက် ၃၀ ဝန်းကျင်၊ မမရီက အသက် ၅၀ ကျော်ဆိုတော့

ညီမဆိုပေမယ့် သမီး အရွယ်ဖြစ်နေလို့ မသိသူများက သားအမိလားလို့ ခဏခဏ မေးကြပါတယ်။

ဒီကာလတွေအတွင်း ရဲဘော်ဟောင်းများရဲ့ သာရေးနာရေးကိုလည်း ကျွန်မတို့ဟာ နှစ်ဦးသား စိတ်တူသဘောတူ လိုအပ်ရင် လိုအပ်သလို ကူညီပေးခဲ့တယ်။ မြေအောက်လုပ်ငန်း လုပ်နေတဲ့ ရဲဘော်များလာရင်လည်း စားသောက်နေထိုင်ရေးအားလုံး လိုအပ်တာတွေ ကူညီ၊ အဖွဲ့အစည်းအတွက်လည်း လိုအပ်တာတွေ ကိုယ့်အသိနဲ့ကိုယ် အကူအညီပေး နဲ့မို့ နေရတာ တော်တော် စိတ်ပျော်ပါတယ်။

ဒီလိုနေရင်း ကျွန်မကိုယ်တိုင် ဆက်သားအဖြစ် တာဝန်ယူ လုပ်ကိုင်ဖို့ ကိစ္စ တရပ်ပေါ်လာပါတယ်။ ဒီလိုပါ။ ပီးကင်းပြန် ကေဒါဟောင်းတဦး သူ့တာဝန်ကျရာဒေသ (ရေနံချောင်း) ဘက်မှာ ဖမ်းမိသွားပြီး၊ လက်နက်ချသွားတယ်။ စစ်အစိုးရက လုပ်ရိုးလုပ်စဉ်အတိုင်း မလုပ်ဘဲ သတင်းကို မှောင်ချထားတယ်။ ဒါကို ပဲခိုးရိုးမ ဗဟိုက အချိန်မီသိထားဖို့ လိုပါတယ်။

ဒါကိုသတင်းပို့ဖို့ ဒီဒေသမှာ တာဝန်ယူနေတဲ့ ရဲဘော်ကြီးဟာ ထောင်ကထွက်ခါစမို့ ရန်သူထောက်လှမ်းရေးက မျက်ခြေမပြတ် အလိုက်ခံနေရပါတယ်။ ဒါကြောင့် မမရီက သ ဘောတူ စီစဉ်ပေးပြီး ကျွန်မပဲ ဆက်သားတာဝန် ယူခွင့်ကြုံပါတယ်။ ကျွန်မရဲ့ ခရီးစဉ်ဟာ ရှမ်းပြည်အင်းလေးဘက်ကိုသွား။ အဲဒီအချိန်က သခင်တင်ထွန်းဦးစီးတဲ့ ဗဟိုဌာနခွဲဟာ အင်း လေးဘက်မှာ ရှိနေပါတယ်။ ဗဟိုဌာနခွဲကို သတင်းပို့နိုင်ရင် ဗဟိုဌာနချုပ်ကို သတင်း အချိန်မီ ရောက်ပါတယ်။ ဒီတုန်းက ဗဟိုဌာနချုပ်(ပဲခူးရိုးမ)ဘက်မှာ ရန်သူ စစ်ရေးလှုပ်ရှားမှု ပြင်း ထန်နေတာမို့ သွားဖို့သိပ်မလွယ်လှပါ။ ဒါနဲ့ ကျွန်မ ရှမ်းပြည်ဘက်ကို ဆက်သား အဖြစ် သွားခဲ့ရတာပါ။ ဒီတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ဝန်းကျင်က အဖြစ်အပျက်များမို့ ၁၉၆၅ လောက်ကပဲလို ထင်မိပါတယ်။

## ပါတီခေါင်းဆောင်များနဲ့ ပြန်လည် ဆုံဆည်းရခြင်း

ကျွန်မဆက်သားတာဝန် ထမ်းဆောင်ရင်း ကံအားလျော်စွာ တချက်ခုတ် နှစ်ချက် ပြတ် ဆိုတာလို အခြေအနေက ဖြစ်ခဲ့ရတယ်။ ကျွန်မ ဆက်သားတာဝန်နဲ့ ဗဟိုဌာနခွဲကို ရောက်တော့ ခေါင်းဆောင် တော်တော်များများနဲ့ တွေ့ခွင့်ကြုံရပါတယ်။ အဲဒီမှာ ရဲဘော် သခင်ဖေတင့်နဲ့လည်း တွေ့ခွင့်ရပါတယ်။ (ကျွန်မဟာ ၁၀ နှစ် နီးပါး ကွဲကွာခဲ့ရတဲ့ ခေါင်း ဆောင်ကို မမျှော်လင့်ဘဲ ပြန်လည်တွေ့ရှိ ရတဲ့အခါ ဝမ်းနည်းဝမ်းသာ ဆိုသလို ခံစား မိခဲ့ရ တာကို အခုထိ ပြန်လည် သတိရနေမိတယ်)။ ပါတီအနေနဲ့ ကျွန်မကို ဆွေးနွေး ပါတယ်။

"မမရီနဲ့ ကျွန်မတို့ရဲ့ အခြေအနေတွေ သိရလို့ ဝမ်းသာတယ်။ နှစ်ဦးလုံးရဲ့ ရပ်တည်မှုကို သိရလို့ ဂုဏ်ယူတယ်။ အသိအမှတ် ပြုတယ်။ ပါတီက လိုအပ်တဲ့အချိန် ပြန်ခေါ်ရင် လာနိုင်မလား"လို့ ဗိုလ်မှူးကြီးပုနဲ့ ရဲဘော်ညိုတို့က မေးပါတယ်။

"ကျွန်မတို့ အခုလို စီးပွားရေး လုပ်နေတာဟာ ချမ်းသာချင်လို့ မဟုတ်ပါဘူး။ ရပ်ဘဝ လိုအပ်ချက်အရ လုပ်နေတာပါ။ ဒီလို လုပ်ရင်း မြေအောက်လုပ်ငန်းလုပ်တော့ ပိုမိုလွယ်ကူ ချောမောပါတယ်။ အဆင်ပြေပါတယ်။ ပါတီကခေါ်ရင် ဘယ်အချိန်ခေါ်ခေါ် ပြန်လာပါမယ်။ ဖ၃ နွေရာသီမှာ မမရီရော ကျွန်မပါ ပါတီခေါင်းဆောင်များနဲ့ ပြန်လည် အဆက်အသွယ်ရဖို့ တောင် ကြီး၊ အင်းလေး အနှံ့ ရောက်ပါတယ်။ ကျွန်မတို့က ဆရာမ တွေဆိုတော့ လူတွေက လန့်ပြီး သတင်းမပေးပါဘူး။ အခုမှ ပြန်လည်ဆုံစည်းရတာ ဝမ်းသာ လို့ မဆုံးပါဘူး။ ပါတီက ခေါ်ရင် ခေါ်တဲ့အချိန် ပြန်လာပါမယ်"

"ပါတီကို ပြန်မလာခင် ဒီကြားထဲမှာ မြန်မာလက်နှိပ်စက်ကို ကျွမ်းကျင်အောင် လေ့လာခဲ့ပါ။ သင်တန်းအတွက်ငွေပါ တခါတည်း ယူသွားပါ"ဆိုပြီး ငွေကို ပေးပါတယ်။

"သင်တန်းခငွေကို မပေးပါနဲ့ ကျွန်မတို့ဘာသာ ပေးနိုင်ပါတယ်။ မယူပါရစေနဲ့" ဒီလိုပြောပေမယ့် ငွေ ၁၀၀ အတင်း ပေးလို့ ယူခဲ့ရပါတယ်။ (ဒီအချိန်က ဗမာငွေဟာ ငါးပြား၊ ဆယ်ပြားကအစ တန်ဖိုးရှိပြီး သုံးနေတဲ့ကာလပါ)။

## လုပ်ငန်းအတွက် စတင်ပြင်ဆင်ပြီ

ကျွန်မ ဆက်သားတာဝန်ကို ထမ်းဆောင်ရင်း ချောချောမောမော အိမ်ပြန် ရောက်ပါတယ်။ အခြေအနေအားလုံး မမရီကို ပြန်ပြောပြတော့ မမရီဟာ ဝမ်းသာမဆုံး ပါဘူး။

ရက်ပိုင်းအတွင်း မမရီဟာ ကျွန်မကို "ဖွဲ့အုံးချိန် လက်နှိပ်စက်သင်တန်း"ကို လိုက် အပ်ပေးပါတယ်။ တဘာသာတည်းမို့ သင်တန်းကြေး ၁၀၀ ကျပ် ယူပါတယ်။ ကျွန်မဟာ ငှက်ဖျားထလို့ မသွားနိုင်ဘဲ နားရတဲ့ရက်ကလွဲလို့ နေ့စဉ်ပုံမှန် ကျောင်းတက်ပါတယ်။ ဒါနဲ့ တလကျော်အတွင်းမှာ လက်နှိပ်စက်သင်တန်းကို ချောမောစွာ အောင်မြင်ပြီးဆုံးခဲ့တယ်။

ကျွန်မ လက်နှိပ်စက် သင်တန်းတက်တာနဲ့ ရန်သူဟာ အနံ့ရသွားတယ်နဲ့ တူပါတယ်။ ကျွန်မတို့ကို တော်တော် သတိထား လာတယ်။ ကျွန်မတို့ အိမ်ဘေးက ကွမ်းယာ ဆိုင်က လူက မမရီကို ခုလို ပြောလာတယ်။

"အန်တီ လူတယောက်ဟာ ကျွန်တော့်ဆိုင်မှာ မိုးလင်းက မိုးချုပ်အထိ လာထိုင် ပြီး အန်တီ့အိမ် လူဝင်လူထွက်ကို ကြည့်ပြီး မှတ်နေတယ်။ တခါတလေ ညဘက်မှာတောင်

လာပြီး ကျွန်တော် ဆိုင်သိမ်းမှ ပြန်သွားတတ်တယ်။ ဘယ်ကလူလဲ မသိဘူး။ ကျွန်တော် ထင်တာကတော့ ထောက်လှမ်းရေးဘက်ကလို့ ထင်တာပါပဲ အန်တီရေ''တဲ့။

ဒါနဲ့ ကျွန်မတို့လည်း အစစအရာရာ အရင်ကထက် ပိုပြီး သတိထားလုပ်ကိုင် နေရပါတယ်။

## ပါတီက ပြန်ခေါ်ခြင်း

၁၉၆၅ ခု အောက်တိုဘာလထဲမှာ ပါတီက ကျွန်မကို ပြန်ခေါ်တဲ့စာ ရောက်လာပါတယ်။ ရှမ်းပြည်တောင်ပိုင်းခရိုင် ပါတီကော်မတီ အတွင်းရေးမှူး ရဲဘော်ညိုက ခေါ်ယူခဲ့တာပါ။

မမရီနဲ့ ကျွန်မ ဆွေးနွေးကြပါတယ်။ မမရီဟာ ပြန်လိုက်ချင်ပေမယ့် သူ့ကျန်းမာရေးက မကောင်းပါ။ တခုက အစာအိမ်ရောဂါ ထရင် ဘာမှ မစားနိုင်၊ မသောက်နိုင် တော်တော် ပြင်းထန်ပါတယ်။ နောက်တခုက ဘယ်ဘက်ခြေထောက်က ဒူးဆစ်လည်နေခြင်း ဖြစ်တယ်။ မြို့ပေါ်မှာကိုပဲ သွားရလာရတာ အခက်အခဲ ရှိပါတယ်။ ကား၊ ရထား စတာတွေပေါ်ကဆင်းရင် တခါတရံ သွားလို့မရပါ။ လူတွဲ သွားလည်း ခြေထောက်က ထောက်မရပါ။ ပြဿနာက ခြေထောက်က အဆိုးဆုံးလို့ ဆိုနိုင်ပါတယ်။ တော်လှန်ရေးသမား ဆိုတာကလည်း ခြေထောက် မကောင်းလို့ မဖြစ်ပါ။ ပြေးစရာရှိပြေး၊ သွားစရာရှိသွား၊ တခါတရံ တနေ့လုံး တတောင်တက် တတောင်ဆင်း သွား နေရတာ၊ တနေ့လုံး ရွာတရွာမှ တွေ့ချင်မှ တွေ့တတ်တာမျိုးပါ။ အဲဒီတော့ ဒါတွေတွေးမိပြီး မမရီကို အတင်းလည်း မခေါ်ရက်ပါ။

မမရီကလည်း အသက်က ၅၀ ကျော်၊ လုပ်ငန်းဆို ကောင်းကောင်း မလုပ်နိုင်ဘဲ သူ့အတွက် ကျန်ရဲဘော်များကို ဝန်ထုပ်ဝန်ပိုးဖြစ်မှာ စိုးရိမ်ရှာပါတယ်။ ဒါကြောင့် မမရီကတော့ မလိုက်နိုင်တော့ဘဲ ဒီမှာပဲ နေပြီးတတ်နိုင်သမျှ တာဝန်ကို ထမ်းဆောင်ပါမယ်လို့ ပြန်ပြီး အစီရင်ခံပါတယ်။ ဒီကိစ္စအတွက် သူလည်း စိတ်မကောင်းရှာပါဘူး။ ကျွန်မတို့ နှစ်ယောက်လုံး ဝမ်းနည်းပက်လက် ဖြစ်ကြရ တယ်။

ဒီအချိန်မှာပဲ ကျွန်မ သူငယ်ချင်းတယောက်က ကျွန်မကို ဒီလို သတိပေး လာပါတယ်။ ''ကြည်ရေ မင်း တော်လှန်ရေး စိတ်ဓာတ် ထက်သန်တာကတော့ ကောင်းပါတယ်။ ဒါပေမယ့် ကြည့်လည်းလုပ်ပါ။ မင်းတောကို တခေါက်ပြန်ဖို့တော့ မစဉ်းစားပါနဲ့ကွာ။ မင်းအိမ် က ပျောက်သွားတာနဲ့ မမရီလည်း ရေကြည်အိုင် ရောက်ရမှာ သေချာပါတယ်။ မမရီက အိုကြီးအိုမနဲ့ ဒုက္ခရောက်တာတော့ ကိုယ်တို့တော့ မကြားရက်ဘူး။ ကယ်လည်း မကယ် နိုင်ဘူး။ အဲဒါ မင်းသိထားဖို့ စဉ်းစားနိုင်ဖို့ ပါပဲ''တဲ့။

"အို – စိတ်ချ။ ကြည်က မမရီနဲ့ တသက်မခွဲဘူး။ မမရီကလည်း ပြောနေတယ်။ ကြည် အိမ်ထောင်ကျရင်လည်း မမရီပါ တပါတည်း အတူလိုက်နေမယ်တဲ့။ အိမ်ထောင်တခုဆိုတာ လူကြီးမရှိရင် မကောင်းဘူးတဲ့။ ဒါကြောင့် မမရီက လိုက်နေမှာတဲ့"

ခက်ပြီ။ သူငယ်ချင်းပြောတာလည်း မှန်တယ်။ ကျွန်မ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။ အဓိက ရည်မှန်းချက်ကို အောင်မြင်ဖို့ ကျွန်မစိတ်ဆန္ဒနဲ့ ဆန့်ကျင်စွာ မလုပ်ချင်တဲ့ အလုပ်ကို ဆုံးဖြတ်ချက်ချ လုပ်လိုက်ရပါတယ်။

## မုန်းဟန်ဖွဲ့ရခြင်း

ကျွန်မသွားဖို့ ဆုံးဖြတ်ချက်ကျပြီးနောက် မမရီဟာ အရင်ကနဲ့ မတူတော့ပါ။ ငေးငေးငိုင်ငိုင် ဖြစ်နေတတ်ပါတယ်။ တဖက်ကလည်း သူအင်မတန် ချစ်ခင်လေးစားခဲ့တဲ့ မိခင်ပါတီ ရှိရာကို ကျွန်မ ပြန်သွားမှာဆိုတော့ အလွန်မတန် ဝမ်းသာကြည်နူး ဖြစ်နေမိပါတယ်။ တဖက်မှာ လည်း သူ့မှာ သူ့ချစ်ခင်ပွန်းသည်လည်း မရှိတော့။ သူ့မှာ သားကလေးကလည်း လူ့ဘဝ ရောက်တယ်ဆိုရုံလေးပဲ ရောက်ခဲ့တယ်။ ဆွေမျိုးသားချင်းလည်း အနီးမှာ မရှိ။ ရှိတဲ့ ကျွန်မကလည်း မကြာခင်ခွဲတော့မယ်ဆိုတော့ သူ့ရဲ့ အနာဂတ်မှာ အထီးကျန်ဘဝနဲ့ ရင်ဆိုင်ရတော့ မယ်ဆိုတဲ့ အသိက လွှမ်းနေပုံရပါတယ်။

ဒါပေမယ့် မတတ်နိုင်ဘူး။ တနေ့မှာတော့ အသေးအဖွဲ့ ကိစ္စလေးတခုကြောင့် ကျွန်မတို့ စကားများရပါတယ်။ (အရင်က ကျွန်မတို့ တခါမှ စကား မများဖူးပါဘူး။ မမရီက ကျွန်မကို အသံမာမာတောင် မပြောပါဘူး။ ကျွန်မကလည်း မမရီကို ပြန်ပြောတာမျိုး၊ မနာ ခံတာမျိုး မရှိခဲ့ဖူးပါ)။ ဒီတခါတော့ ကျွန်မက စကားပြောရင်းက တော်တော် ပြင်းထန်လာတယ်။ အသံတွေလည်း ကျယ်၊ ဆူညံပြီး နှစ်ယောက်လုံး ငိုကြပါတယ်။

မမရီက ငိုရင်းနဲ့ ပါးစပ်ကလည်း ပြောနေပါတယ်။ "ဘယ်တုန်းကမှ ငါ့ကို ပြန်မအော်ဘူး။ အခုတော့ ငါ့ကိုပြန်အော်တယ်။ ငါကတော့ ညီမလေးဆိုပေမယ့် သမီးလေးလို ချစ်ခဲ့ရတယ်။ အခုတော့ ငါ့ကို… …"

မမရီက ငိုရင်း ပြောနေတော့ ရှိုက်ကြီးတငင် ဝမ်းနည်းပန်းနည်း ပြောနေတာ နောက်ပိုင်းမှာ စကားလုံးတွေတောင် မပီမသ ဖြစ်နေရှာပါပြီ။ အိမ်နီးနားချင်းတွေလည်း တအံ့တသြနဲ့ ဝိုင်းလာကြပါတယ်။

"တော်ပါတော့ အန်တီရယ်။ ဆရာမလေးကလည်း တော်ပါတော့။ တခါမှ ဒီလိုဖြစ်တာ မကြားဖူး မတွေ့ဖူးပါဘူး။ လူတိုင်းက ပြောနေတာ ဒီညီအစ်မဟာ သိပ်ချစ်ကြတာပဲလို့ ပြောနေကြတာ။ အခု ဖြစ်မယ့်ဖြစ်တော့လည်း အံ့သြပါရဲ့။ တော်ကြပါတော့။ သူများတွေ ကြားလို့ မကောင်းပါဘူး"တဲ့။ (ကျွန်မဖြင့် စဉ်းစားကြည့်ပြီး ရှက်လိုက်တာ။ အခု အချိန် မှာတော့ ကိုယ်ကိုယ်တိုင်ကလည်း အသက်အရွယ်ကလေး ရလာသူမို့

ဟိုတုန်းက ငယ်ရွယ်စိတ်နဲ့ ကိုယ်လုပ်ချင်တာလုပ်ဖို့ မမရီကို ကျွန်မထွက်သွားတဲ့အချိန် ရန်ဖြစ်ပြီး ထွက်သွားတာ ကျွန်မ မသိလိုက်ပါဘူးဆိုပြီး ပြောနိုင်အောင်၊ မမရီ အန္တရာယ်ကင်းအောင် ဆိုတဲ့ စိတ်နဲ့ လူကြီးကို ပြန်ပြော၊ စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတာကို တွေးပြီး နောင်တ အရကြီး ရနေမိတယ်။ ခွင့်လွှတ်ပါ မမရီ။ အကြည် မမရီကို လက်အုပ်ချီ ကန်တော့ လိုက်ပါ တယ်)။

ဒီအချိန်မှာပဲ မမနုတို့ သားအမိကလည်း ကျွန်မတို့ဆီ အလည်လာခိုက်နဲ့ ကြုံနေ ပါတယ်။ (မမနုဆိုတာ ရဲဘော်မြမင်းရဲ့ ဇနီးပါ။ ညနေထမင်းစားပြီးချိန်တိုင်း လမ်းလျှောက်ရင်း အလည်လာနေကျပါ။ အိမ်ချင်းကလည်း နီးပါတယ်။ လှည်းတန်းတံတား တောင်ဘက်ထိပ်၊ မြောက်ဘက်ထိပ် ဖြစ်ပါတယ်။ သူ့သမီး အကြီးမလေး နီနီလည်း ပါ ပါတယ်)။

ကျွန်မက "ကျွန်မ ဒီမှာ မနေချင်တော့ဘူး။ သွားတော့မယ်"လို့ပြောရင်း ပိုရင်း ပစ္စည်းတွေ ပြင်နေပါတယ်။ မမရီကလည်း–

"အေး... အေး... မင်းစိတ်ကြိုက်လုပ်ပါ။ ကြိုက်သလိုလုပ်ပါ"လို့ ငိုရင်းက ပြောနေရှာတယ်။

ကျွန်မဟာ အခန်းထဲမှာ ကျွန်မ အဝတ်အစားတချို့နဲ့ ကျွန်မဓာတ်ပုံတွေကို အဓိကထား ယူပါတယ်။ ငွေကတော့ လမ်းစရိတ် အပြင် အပိုသုံး နည်းနည်းပဲ ယူပြီး ကျန်တဲ့ ငွေနဲ့လက်ဝတ်လက်စားတွေ ဘာမျှ မယူပါ။ လက်မှာ နာရီတလုံးပါရင် ရပြီမို့ နာရီကိုတော့ ကျွန်မ ချန်မထားဘဲ ပတ်မြဲပတ်ထားပါတယ်။

အပြင်ခန်း(ဧည့်ခန်း)မှာတော့ မမနုက မမရီကို အေးအေးဆေးဆေးနဲ့ နှစ်သိမ့် အားပေးစကား ပြောနေပါတယ်။

"မမရီ ကြည့်ကို ခွင့်လွှတ်လိုက်ပါ။ သူလည်း ခုတလော စိတ်ချမ်းသာပုံမပေါ်ဘူး။ သူစိတ်ပြေလက်ပျောက်ဖြစ်အောင် ကျွန်မ အိမ်ကို ခေါ်သွားပါ့မယ်။ အဝေးကို မသွားစေရ ပါဘူး။ မမရီ စိတ်ချပါ။ သူ့ကို တရက်နှစ်ရက် ခွင့်ပြုလိုက်ပါ။ သူစိတ်ပြေတော့ ကျွန်မကိုယ်တိုင် လာပို့ပါမယ်"

မမရီဟာ သူ့စိတ်ကို ထိန်းနိုင်အောင် ထိန်းနေတယ်နဲ့ တူပါတယ်။ စောစောကလို အော်ကြီးဟစ်ကျယ် ငိုမနေပါဘူး။ ဒါပေမယ့် ငိုရှိုက်သံကတော့ မစဲသေးပါဘူး။

ကျွန်မ မမရီလို့ ရေးနေတဲ့ ဒေါ်ခင်ရီဆိုတာ ရှမ်းပြည်မြောက်ပိုင်းခရိုင်၊ ပြည်နယ် ကော်မတီ ဗိုလ်မှူးတင်ရီရဲ့ ဇနီးပါ။ ဗိုလ်မှူးတင်ရီဆိုတာ 'သခင်တင်ဖေ'ဖြစ်ပါတယ်။ မမရီဟာ ကျောင်းဆရာမလေးဘဝကတည်းက မျိုးချစ်စိတ်ထက်သန်၊ တော်လှန်ရေး

စိတ်ဓာတ် ထက် သန်ခိုင်မာလှပြီး ဂျပန်တော်လှန်ရေးမှာ ဗိုလ်မှူးချုပ်ကျော်ဇောဦးစီးတဲ့ တိုင်း ၄ မှာ ဒေါ်နှင်းဆီ (ကိုဌေးမြိုင်ဇနီး)၊ ရှမ်းပြည်မြောက်ပိုင်းခရိုင်က ဗိုလ်မှူးကျင်မောင်(ယခု ဗမာပြည် ကွန်မြူနစ် ပါတီ အထွေထွေအတွင်းရေးမှူး)ရဲ့ ဇနီး ဒေါ်ကျင်ကျင်(ကျဆုံး – သူ့ရဲကောင်း) တို့နဲ့ အတူ တိုက်ပွဲ ဝင်ခဲ့သူ တဦးဖြစ်ပါတယ်။ နောက် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးအတွင်းမှာလည်း ဒေါ်ကျင်ကျင်တို့နဲ့အတူ ရှမ်းပြည် မြောက်ပိုင်း မှာ အတူ တိုက်ပွဲဝင်ခဲ့သူ အမျိုးသမီးတဦးလည်း ဖြစ်ပါတယ်။ ပါတီအဆင့်အနေနဲ့ ခရိုင် ကော်မတီ အဆင့်ဖြစ် တယ်။

သူ့ရဲ့ ရုပ်ရည်က မော်လမြိုင်သူလို့ အပြောရလွတ်အောင် ဖြူဖြူဖွေးဖွေး တည် ကြည်ခန့်ညားပါတယ်။ သဘောထား ကောင်းမွန်ပြီး တော်လှန်ရေး စိတ်ဓာတ်ခိုင်မာသူ၊ စကားပြော ကောင်းသူ တယောက်လို့ ဆိုရပါမယ်။

၁၉၅၈ မှာ ခင်ပွန်းသည် ဗိုလ်မှူးတင်ရီလည်းကျဆုံး သူလည်း ရန်သူ အဖမ်းခံ ရပါ တယ်။ ပထမ သီပေါထောင်မှာ ၁၇(၁) ပုဒ်မ နဲ့ ထောင် ၂ နှစ်ကျခံနေရစဉ် မန္တလေး ထောင်မှာ ပါတီက အမျိုးသမီးတွေ အများကြီး ရှိတယ်လို့ ကြားရလို့ မန္တလေးထောင်ကို ပြောင်းပေးဖို့ တောင်းဆိုတာ မရလို့ အစာတော်ခံတိုက်ပွဲ ဆင်နွှဲမှ သီပေါထောင်မှ မန္တလေး ထောင်ကို ပြောင်းပေး လိုက်တာပါ။ မန္တလေးထောင်မှာ ကျွန်မ အတူနေရပြီး ရင်းနှီးခဲ့တဲ့ တော်လှန်ရေး အစ်မကြီး ဖြစ်ပါတယ်။ ကျွန်မ မန္တလေးထောင်က လွတ်လာပြီး တတိယ အကြိမ် တောပြန် မခိုမီ အချိန် အများပိုင်းကို သူနဲ့ အတူ နေခဲ့ရတာပါ။

နောင် ၁၉၈၀ ခုနှစ်များ နှောင်းပိုင်း ဗဟိုမြေအောက်လုပ်ငန်းဌာနတာဝန်ခံ ခေါင်း ဆောင်က လုပ်ငန်းလိုအပ်မှုအရ စာအဆက်အသွယ် လုပ်ပေးဖို့ တောင်းဆိုလို့ စာအဆက် အသွယ်ပြုခဲ့ရဖူးတယ်။ ပါတီရဲ့ လုပ်ငန်းများကို တက်တက်ကြွကြွ အကူအညီပေးခဲ့တယ် လို့ ပြန်သိခွင့်ရပါတယ်။ ၁၉၉၀ ခုနှစ်များအတွင်း ဒေါ်အောင်ဆန်းစုကြည်က ဖိတ်ကြားတဲ့ နိုင်ငံရေးသမားဟောင်းကြီးများစာရင်းမှာလည်းတွေ့လိုက်ရလို့ မမရီဟာ မသေမီအထိ နိုင်ငံရေးနဲ့ မကင်းကွာခဲ့သူလို့ ဆိုနိုင်တဲ့ အမျိုးသမီးကြီးတဦးဖြစ်ပါတယ်။ ။

(တတိယပိုင်းမှာ ဆက်လက်ဖတ်ရှုပါရန်)